
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**မဥ္ဇူ ဂုဏ်ံ အဖတ်ံ ဝန္နာမိ**

မင်းအိန္ဒာ–သေရွာပြန်

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁ ၁၆၉ ၁၀၁၀ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၉၀၉ ၀၉၁၀ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဖြူစင်ပုံနှိပ်တိုက်<br>ဦးငွေးအောင် (၀၈၃၂၅)<br>အမှတ် (၂၀၄)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြိတ်စာပေ)<br>အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊<br>ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချီရေး | - | မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)<br>၂၂၁၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်။ |
| စီစဉ်သူ | - | ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် | - | နဂါးစာပေ (မန္တလေး) |
| ဖြန့်ချီရေး | - | ထွန်းဦးစာပေ (မန္တလေး) |

၈၉၅. ၈၃

မင်းအိန္ဒာ

သေရွာပြန်/မင်းအိန္ဒာ။ ရန်ကုန်၊

မြိတ်စာပေ၊ ၂၀၁၀။

၁၀၂-စာ၊ ၁၃ x ၂၀. ၅ စင်တီ။


(၁) သေရွာပြန်


## မာတိကာ


| | |
|---|---|
| ၁။ သေရွာပြန် | ၇ |
| ၂။ သရက်သုံးပင်မြို့မြေခွင် | ၁၄ |
| ၃။ ပုလဲကျွန်းနှင့်ရွှေပိုးကောင် | ၂၉ |
| ၄။တောင်ထိပ်ပေါ်ကမြွေသူတော် | ၄၆ |
| ၅။လူနှစ်ယောက်ရဟန်းနှစ်ပါး | ၆၅ |
| ၆။မြွေးတိုးငါးတစ်ကောင်ရဲ့ဂန္ဓာရီကြာနီပွင့် | ၈၀ |
| ၇။ရေမှုဆိုးအာဆေးထည့်ခြင်း | ၉၇ |
| ၈။ဂမ္ဘီရမြွေ | ၁၁၈ |
| ၉။ လူတစ်ယောက်နှင့်ကျီ(ချေ)တစ်ကောင် | ၁၄၉ |
| ၁၀။အကြောင်းတူရင်ဖောင်းတူမှာဆုံမယ် | ၁၆၆ |


www.burmeseclassic.com

www.burmeseclassic.com



# သေမျှာပြန်

www.burmeseclassic.com

www.burmeseclassic.com



# "သေရွာပြန်"

ကိုသောင်းထိုက်သည် နှလုံးရောဂါဖြင့် ဆေးရုံကြီးသို့ ရောက်ရှိလာသည်။ နှလုံးအထူးကုဆရာဝန်ကြီးများက ကိုသောင်းထိုက်၏ရောဂါအားကြည့်ရှုစစ်ဆေးပြီးသောအခါ ခွဲစိတ်ကုသရန် ဆုံးဖြတ်လိုက်ကြသည်။

ခွဲစိတ်ကုဆရာဝန်ကြီးများ၏ ခွဲစိတ်ကုသချိန်မှာ နာရီပေါင်း ၁၀နာရီကျော်အထိ ကြာမြင့်ခဲ့သည်။

ခွဲစိတ်ကုသနေစဉ်အတွင်း ကိုသောင်းထိုက်၏ နှလုံးမှာ မိနစ်အတော်ကြာကြီး ရပ်သွားခဲ့ရာ ဆရာဝန်များက ကိုသောင်းထိုက်တစ်ယောက် သေဆုံးသွားပြီဟု ဆုံးဖြတ်လိုက်ကြသည်။

သို့သော် ဆရာဝန်တစ်ယောက်က လက်လျှော့သေးလိုပုံမရဘဲ ကိုသောင်းထိုက်၏နှလုံးကို ပြန်လည်ခုန်လာအောင် နှိုးဆွပေးသည်။

သို့တစေ နှလုံးမှာ ပြန်လည်ခုန်လာခြင်းမရှိဘဲ ငြိမ်သက်နေသည်။

ခွဲစိတ်ကု ဆရာဝန်ကြီးက စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။ ထိုအချိန်မှာပင် ကိုသောင်းထိုက်၏ နှလုံးကရုတ်တရက် ပြန်လည်ခုန်လာသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ကြရသည်။

ထို့နောက် ဆရာဝန်များက ခွဲစိပ်မှုကို ဆက်လက်ဆောင်ရွက်ကြရာ ကိုသောင်းထိုက်မှာ သေကံမရောက် သက်မပျောက်ပဲ နှလုံးခွဲစိတ်မှုမှာ အောင်မြင်စွာပြီးဆုံးသွားခဲ့သည်။

ကျန်းမာရွှင်လန်းလာသော ကိုသောင်းထိုက်က သူ၏နှလုံးခုန်ရပ်သွားချိန်မှာ သေရွာပြန်အတွေ့အကြုံများကို အောက်ပါအတိုင်း ပြောပြခဲ့ပေသည်။

ကျွန်တော့်မှာ နှလုံးရောဂါရှိတယ်၊ မကြာခဏနှလုံးနေရာက အောင့်တတ်တယ်၊ အဲဒီနေ့ကတော့ အရမ်းအောင့်လာတာ မခံနိုင်တော့ဘူး အဲဒါနဲ့ဆေးရုံကို ရောက်ခဲ့တယ်. . .

ဆရာဝန်တစ်ယောက်က ခွဲစိတ်ကုတင်ပေါ်မှာ ငြိမ်သက်နေပြီဖြစ်တဲ့ ကျွန်တော့်ကိုကြည့်ပြီး. . .

"မရတော့ဘူး နှလုံးအခုန်လုံးဝရပ်သွားပြီ" လို့ ပြောလိုက်ပါတယ်. . .

အဲဒီအခါမှာ နောက်ဆရာဝန်တစ်ယောက်က. .

"သူ သေသွားပြီ သေသွားပြီ"လို့ ညည်းတွားလိုက်ပါတယ်. . ဆရာဝန်မျက်နှာဟာ အတော်ညှိုးလျှိုနေပါတယ်၊ ပြီးတော့ သူတို့အားလုံးဟာ ကိရိယာတန်ဆာပလာတွေသိမ်းဖို့ပြင်ဆင်နေကြပါတယ်. .

အဲဒီနောက်တော့ ကျွန်တော့် နားထဲမှာ တဝီဝီမြည်နေတဲ့အသံတွေကို ကြားလာရပါတယ်၊ ပိတုန်းအကောင်ပေါင်း တစ်ထောင်ကျော်လောက် ပျံဝဲမြည်ဟီးနေတဲ့ အသံမျိုးပါ. . .

ကျွန်တော့်နားထဲမှာ မခံနိုင်အောင်ကို မြည်ဟီးနေကြတယ်၊ အဲဒီနောက် ရုတ်တရက် တဝီဝီအသံတွေ ပျောက်ကွယ်သွားတယ်၊

အသံတွေ ပျောက်ကွယ်သွားပြီးတဲ့နောက်မှာ ကျွန်တော့်ခန္ဓာကိုယ်ဟာ လေဟာနယ်ထဲ ရောက်သွားရသလို ပေါ့ပါးနေတာကိုတွေ့ရပါတယ်၊

ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြနေမိတယ်. . .

အဲဒီအချိန်မှာလဲ ကျွန်တော့်အနားကို သူတို့ရောက်လာကြပါတယ်၊ သူတို့ဆိုတာက ကျွန်တော့်အဘွား ကျွန်တော့်ညီငယ်နှစ်ယောက်နဲ့ ကျွန်တော့်ရဲ့ အသိမိတ်ဆွေတစ်ချို့ပါပဲ သူတို့







www.burmeseclassic.com

www.burmeseclassic.com

ဟာကျွန်တော့်ပတ်ပတ်လည်ကို ရောက်လာကြတယ်. . .

သူတို့ကို မမျှော်လင့်ပဲ မြင်လိုက်ရတော့ ကျွန်တော့်စိတ်ထဲ ဖော်မပြနိုင်လောက် အောင် ဝမ်းသာသွားမိတယ်၊ သူတို့နဲ့ ကျွန်တော် ကွဲကွာနေခဲ့တာဟာ နှစ်ပေါင်း အတော်ကြာခဲ့ရပြီလေ.

တကယ်တော့ သူတို့ဟာ ကာလအဟန်ကြကြာကတည်းက သေဆုံးကွယ်လွန်ခဲ့ကြပြီးတဲ့ သူတွေပါ. . .

သူတို့ဟာ ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကျွန်တော့်ကို ကြိုဆိုနေကြတယ်၊ ကျွန်တော်လည်း သူတို့လိုပဲ ဝမ်းသာနေမိတယ်. .

သူတို့ရဲ့ နွေးထွေးတဲ့အပြုံးတွေကြောင့် ကျွန်တော်ရဲ့ အားငယ်စိတ်တွေ ချက်ချင်းလွင့်ပျောက်သွားတယ်. . .

ကျွန်တော်တွေ့ရတဲ့ သူတွေထဲမှာ ကျွန်တော့်ကိုမုန်းတဲ့သူ ကျွန်တော့်ကို မုန်းနေတဲ့သူတွေကို မတွေ့ရပါဘူး. .

ကျွန်တော်က ချစ်ခင်ရတဲ့ သူနဲ့ ကျွန်တော့်ကိုချစ်ခင်နေတဲ့ သူတွေကိုပဲ တွေ့ရတယ်. .

ကျွန်တော်သူတို့ကိုကြည့်ပြီးအံ့ဩနေမိသလို စိတ်ထဲမှာလည်း ပျော်ရွှင်နေမိတယ်. .

သူတို့အားလုံးက. . .

ကျွန်တော့်ကိုပြုံးပြီးကြည့်နေကြတယ်၊ ကျွန်တော်က ကျွန်တော့်အဘွားကိုကြည့်လိုက်ပြီး

"အဘွားရယ်. . ကျွန်တော်က အဘွားကို ဒီတစ်သက် ပြန်မတွေ့ရတော့ဘူး ထင်နေတာ အခုလို ပြန်တွေ့ရတော့ ဝမ်းသာလိုက်တာ အဘွားရယ်. . ."

ကျွန်တော် ပြောရင်း မျက်ရည်တွေ လည်နေမိသလို အသံတွေလည်း တုန်နေမိတယ်. .

ပြီးတော့ ကျွန်တော့်ညီငယ်နှစ်ယောက်ကိုကြည့်လိုက်ပြီး. .

"ညီလေးတို့နဲ့ ပြန်လည်ဆုံတွေ့ရတာ အစ်ကိုဖြင့် ဝမ်းသာလို့မဆုံးတော့ပါဘူးကွယ်. . ညီလေးတို့သေတုန်းက အစ်ကိုမှာ တိတ်တိတ်ကြိတ်ပြီး ငိုကြွေးခဲ့ရတယ်၊ ညီလေးတို့ဟာ အစ်ကိုထက်ငယ်ကြပါသေးတယ်၊ အသက်အရွယ်အရ သေချင်းသေရင် အစ်ကိုက အရင်သေရမှာ မဟုတ်လား"

အခုတော့ ညီလေးတို့က သေသွားကြတယ်၊ အစ်ကိုဖြင့် ဝမ်းနည်းလို့ကို မဆုံးပါဘူး လေ့လျှော်တုန်း တက်ကျိုးဆိုသလို ညီလေးတို့ ဘဝဖြစ်ခဲ့ရတာ. ."လို့ ပြောလိုက်မိတယ်. . .

အဲဒီအခါ ကျွန်တော့်ညီငယ် နှစ်ယောက်စလုံးက. .

"ကျွန်တော်တို့တွေ သေတော့ ကိုကြီးငိုနေကာ ကျွန်တော်တို့တွေ့တယ်၊ အိမ်အပေါ်ထပ်က ကိုကြီးရဲ့အခန်းလေးထဲမှာ ကိုကြီးကြိတ်ငိုနေတာ ကျွန်တော်တို့တွေ့တယ်. . ."

ညဘက်ကျတော့ ပြတင်းပေါက်ကိုဖွင့်ပြီး ကိုကြီးအပြင်ဘက်ကိုအကြာကြီး ငေးကြည့်နေတယ်လေ. . အဲဒီလိုငေးကြည့်နေရင်း ကိုကြီးမျက်လုံးအိမ်ထဲကနေ မျက်ရည်တွေ ဒလဟောစီးကျလာတာကျွန်တော်တွေ့တယ်. .

ကျွန်တော်က ကိုကြီးရဲ့ ပခုံးကို တစ်ချက်ပုတ်လိုက်တော့ ကိုကြီးကြက်သီးတစ်ချက်ထသွားတယ်၊ ပြီးတော့ အခန်းထဲကို ဟိုဟို ဒီဒီလိုက်ကြည့်တယ်. .

ဒါပေမယ့် ကိုကြီး ကျွန်တော့်ကို မတွေ့ပါဘူး" လို့ ပြောကြတယ်. .

သူတို့ပြောတာကိုနားထောင်ပြီး ကျွန်တော်အံ့ဩမိတယ်. . သူတို့ ပြောတဲ့အတိုင်းလည်း မှန်နေတယ်။

အဲဒီနောက်. . .

အဘွားက ကျွန်တော့်ကို ကြည့်ပြီး. . .

"လူလေးရယ် မင်းဒီလောကမှာ နေထိုင်ဖို့ အဘွားတို့ကူညီပါမယ် ဘာမှမစိုးရိမ်ပါနဲ့" လို့ ပြောတယ်၊ ကျွန်တော်ရဲ့ ညီငယ်နှစ်ယောက်ကလည်း. .

"ကိုကြီးအတွက် ကျွန်တော်တို့ ဒီမှာရှိပါတယ်၊ နောက်တော့ ကိုကြီးဒီမှာ နေသားတကျဖြစ်သွားမှာပါ" လို့ပြောတယ်. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သူတို့ကို ကြည့်ပြီး အံ့သြနေမိတယ်. .

ကျွန်တော်သူတို့အသံကို မကြားရပဲ သူတို့က ဘာပြောချင်နေတယ်ဆိုတာ ကျွန်တော့် စိတ်ထဲက အလိုအလျောက် သိနေပါတယ်။ သူတို့အသံကို မကြားရပါဘူး. . ဒါပေမယ့် သူတို့စိတ်ထဲက ကျွန်တော့်ကို ပြောချင်တာတွေကို ကျွန်တော်က သိနေတယ်၊ အဲဒီလိုပဲ ကျွန်တော်က ပြောချင်တာကို သူတို့က သိနေတယ်. .

ကျွန်တော်က အဘွားနဲ့ ညီငယ်နှစ်ယောက်ကို ပြန်ပြောလိုက်မိတယ်။

“အဘွားတို့ ဒီမှာ အသက်ရှင်နေသေးတယ် ဟုတ်လား. . ကျွန်တော်တော့ ယုံတောင် မယုံချင်တော့ဘူး အဘွားနဲ့ညီလေးတို့သေဆုံးခဲ့တာ နှစ်တွေတောင် အတော်ကြာခဲ့ပြီပဲ”

အဲဒီနောက်တော့ အလင်းရောင်ရှင်ဟာ ကျွန်တော့်အနားက ဖယ်ခွာသွားပါတယ်၊ ကျွန်တော့် စိတ်ထဲမှာ ဟာပြီးကျန်ခဲ့တယ်. .

နောက်တော့ ကျွန်တော် ဟာမည်းမှောင်လွန်းတဲ့ ဥမင်လိုဏ်ခေါင်းလိုလို တစ်ခုထဲကို ရောက်သွားတယ်. . ဂူထဲမှာ အေးစိမ့်နေတယ်၊ ပြီးတော့ခေါင်းလောင်းထိုးသံလိုလို အသံတွေကို အဆက်မပြတ်ကြားလာရတယ်. .

ကျွန်တော်သေသေချာချာ နားစွင့်ကြည့်လိုက်မိတယ်၊ အဲဒီအသံဟာ ဘုရားရင်ပြင်ပေါ်မှာရှိတဲ့ ခေါင်းလောင်းကြီးတွေကိုထိုးတဲ့ အသံမျိုးနဲ့တူတယ်. . .

ကျွန်တော်ဟာ လိုဏ်ခေါင်းရှည်အတိုင်း လွင့်မျောနေတယ်၊ လိုဏ်ခေါင်းဆုံးသွားတော့ အပြင်ဘက်ကိုရောက်သွားတယ်။

အပြင်ရောက်တော့ ခွဲစိတ်ကုတင်ကို မြင်လိုက်ရတယ်၊ ပြီးတော့ အဲဒီကုတင်ပေါ်မှာ လဲလျောင်းနေတဲ့ ကျွန်တော့်ခန္ဓာကိုယ်ကို ပြန်ပြီးမြင်လိုက်ရတယ်။

ဆရာဝန်တစ်ယောက်က ရပ်နေပြီဖြစ်တဲ့ ကျွန်တော့်နှလုံးကို ပြန်လည်ခုန်လာအောင် အသည်းအသန်လုပ်နေတာကို တွေ့ရတယ်၊

ကျွန်တော့်ရင်ဘတ်ကြီးဟာငြိမ်သက်နေရာကနေ ဖြန်းကနဲ လှုပ်တုန်လာတယ်၊ ဆရာဝန်ရဲ့ မျက်နှာကြီး ဝင်းပသွားတယ်. .

အဲဒီနောက်တော့ ကျွန်တော်ပြန်ပြီး သတိရလာတယ်

ဆရာဝန်တွေ အားလုံးက ကျွန်တော့်ကို လက်လျှော့ထားလိုက်ကြပါပြီ. .

ကျွန်တော်သေပြီပေါ့. . ဒါပေမယ့် ကျွန်တော်မသေပါဘူး ပြန်ပြီး ရှင်သန်လာခဲ့တယ်၊

တကယ်တော့ ကျွန်တော်ဟာ သေရွာကိုရောက်ရှိသွားခဲ့ပြီး သေပြီးတဲ့သူတွေကို တွေ့ခဲ့တဲ့သူပါ ဒါပေမယ့် သူတို့အားလုံးဟာ လူလောကထဲကနေသာ သေဆုံးသွားခဲ့တာ ဖြစ်ပြီး ဟိုမှာတော့ မသေကြသေးပဲ ဆက်လက်အသက်ရှင်နေကြတာကို တွေ့ခဲ့ရပါတယ်. . .

အမှန်တော့ သေခြင်းဆိုတာဟာ အသွင်ပြောင်းလဲသွားခြင်းတစ်ရပ်သာ ဖြစ်ပါတယ်. .

ကျွန်တော့်အဘွားဟာ ၁၉၉၂ခုနှစ်မှာ ကွယ်လွန်ခဲ့ပြီး ကျွန်တော့်ညီငယ်ကတော့ ၁၉၉၆ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်. .

ညီငယ်အငယ်ကတော့ ၁၉၉၇ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်၊

ဒါပေမယ့် သူတို့ကို ကျွန်တော် တွေ့ခဲ့ရတာကတော့ အမှန်တကယ်ပါ. .

သူတို့တွေ ဒီကနေ သေသွားခဲ့ကြပေမယ့် ဟိုမှာတော့ ရှိနေကြပါသေးတယ်. .

ကျွန်တော်သေရင် သူတို့တွေ့ရလိမ့်မယ်လို့ ယုံကြည်မျှော်လင့်နေမိတယ်. . . .





www.burmeseclassic.com

www.burmeseclassic.com






## "သရက်သုံးပင် ခြံမြေခွင်"

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့်လွန်စွာမှ ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်သူဦးတင်အေး ရောက်ရှိလာ၏။ ဦးတင်အေးသည် ဆိုင်းမဆင့် ဘုံမဆင့် ရောက်ရှိလာခြင်းဖြစ်ရာ ကျွန်ုပ်က -

"လာဗျို့. . ဦးတင်အေး ကတော်ပဲ ခပ်စောစောကလေးက မှာင် ကျုပ်တပည့်တစ်ယောက်က တိုပ်တက်မင်္ဂလာပွဲ ဆင်နွှဲလို့ဆိုပြီး ကြာဆံချက်တွေ ချိုင့်ကြီးနဲ့ လာပို့ သွားတာ အများကြီးပဲ ကြိုက် တလောက်သာ ခင်ဗျားကိုယ်တိုင် ထည့်စားပေတော့ဗျို့." ဟုပြောလိုက်ရာ ဦးတင်အေးက. .

"ဟာ. . ဒါဆိုရင်လည်း အတော်ပဲ စားရက်ကြုံလို့ မုတ်ဆိတ် ပျားစွဲတာထင်တယ် ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . "

ဟုဆိုကာ သူ့ထုံးစံအတိုင်း ခပ်ပြုံးပြုံးဖြင့် စားပွဲပေါ်တွင် အသင့်ရှိနေသော ငရုတ်၊ ပန်းကန်၊ တို့ကိုယူ၍ ကြာဆံချက်ကို ထည့်ပြီး အားပါးတရစားသောက် လျက် ရှိနေလေတော့၏။

သူစားသောက်လျက်ရှိနေစဉ် ကျွန်ုပ်က -

"ခင်ဗျား စားသောက်နေတုန်းမေးရဦးမယ်၊ ဒီနေ့ ကြာသပတေးနံ ကြီးစိုးနေတဲ့ အတွက် ခင်ဗျားရောက်လာခြင်းက အိမ်မြေယာကိစ္စတွေနဲ့များ တစ်နည်းတစ်ဖုံပတ်သက်နေရော့ သလား ဦးတင်အေးရာ. . "

ဦးတင်အေးမှာ သောက် မည့်ဆဲဆဲ ဟင်းချိုဇွန်းပင် လွတ်ကျသွားမတတ် ထိတ်လန့်သွားရှာသည်။ ဤတွင် ကျွန်ုပ်က -

www.burmeseclassic.com



"ကျုပ်ပြောခဲ့ပြီးပြီကော ဒီနေ့ဟာ ကြာသပတေးနံကြီးစိုး နေသလို အခုခင်ဗျား သုံးဆောင် နေတဲ့ ကြာဆံချက်ဟာ အိမ်မြေ အသစ်ပေါ်တက်ရောက်ခြင်း မင်္ဂလာဆွမ်းဆိုရင်လည်း မမှားပေ ဘူးဗျ. . ဒါကြောင့် အိမ်ကိစ္စလာ တာလို့ ကျုပ်ကတထစ်ချမေးလိုက် မိတာပါဗျ. . "

"ဩော်. . ဒီလိုကိုး. . "

ဦးတင်အေးက ထိုမျှသာ ပြော၍ ကြာဆံချက်ကို ဆက်လက် သောက်နေစဉ် ကျွန်ုပ်သည် ဆေးလိပ်ကို ရှိုက်ဖွာနေရင်း ဘုရား ဂုဏ်တော်များကို ပွားများနေမိ၏။

စားသောက်ပြီးသည်နှင့် ဦးတင်အေးက ကျွန်ုပ်အနီးတွင် လာထိုင်ကာ ရေနွေးကြမ်းငှဲ့ သောက်ရင်း ပြောရာ. .

"ဆရာ ဒီလို ဆရာရယ် ကျွန်တော်တို့ မိသားစုနေထိုင်ကြတဲ့ မြို့သစ်ရပ်ကွက်က နေအိမ်ကို ဆရာရောက်ဖူးတယ်နော်. . . "

"အေး. . ရောက်ဖူးပါ တယ်. . . "

"အိမ်ရှင်က သူတို့သား သမီးအိမ်ထောင်သည်တွေ များ လာလို့ ဖယ်ပေးပါဆိုတာနဲ့ ကျွန်တော်လည်း မိတ်ဆွေအသိ တစ်ယောက်ဆီမှာ ငွေချေးငှားပြီး တော့ မြို့သစ်အစွန်က ခြံတစ်ခြံ ကို ငွေကြေးသက်သက်သာသာနဲ့ ဝယ်လိုက်မိတယ်. . . "

"ဩော်. . ဝယ်တော် ဝယ်လိုက်ပြီလား. . "

"ဒါပေမယ့် ဆရာရယ်. .

ဦးတင်အေးစကားကို တစ်ဝက်တစ်ပျက် ရပ်နားသွားရာ ကျွန်ုပ်က မျက်မှောင်ကျုံ့၍ အာရုံ စိုက်နားထောင်နေလိုက်မိသည်။

"ဒါပေမယ့် ထူးဆန်းတာ က မြေဝယ်ဖို့ ကျွန်တော်ကို ကူညီ တဲ့မိတ်ဆွေဦးခင်မြင့်ကို အိပ်မက် ပေးတာပါပဲဆရာ. . . "

အိပ်မက်ပေးတယ် ဟုတ်လား. . ဘယ်သူက အိပ်မက် ပေးတာလဲ ရှင်းရှင်းပြောစမ်းပါ ဦးတင်အေးရာ. .

ကျွန်ုပ်က အားမလို အားမရ ပြောလိုက်သောအခါ





ဦးတင်အေးက အောက်ပါအတိုင်း ရှင်းပြရှာလေသည်။

အိမ်မြေရရင် ဆရာရယ် ကျွန်တော်ဝယ်လိုက်တဲ့ မြေကွက် ရဲ့ အလယ်တည့်တည့်မှာ သရက် ပင်ကြီးသုံးပင်က ဖိုခနွောင့်ဆိုင် ပေါက်နေတယ်လေ. . . "

"ဒီတော့ ဆက်ပြောဗျာ"

"ရပ်သူရွာသားတွေနဲ့ အိမ်နီးနားချင်းတွေကပြောတော့ အဲဒီသရက်သုံးပင်ကို သရက် မောင်နှမလို့ ခေါ်ကြတယ်ဆိုပဲ. . သရက်သီး သီးချိန်၊ မှည့်ချိန်၊ ရောက်လို့ကတော့ အသီးတွေ ကြိုင်လှိုင်၊ ကြိုင်မွှေးဝေဆာနေ တယ်ဆိုပဲ"

"တယ်ဟုတ်ပါလား. . ဒါဆို သရက်သီး ခူးရောင်းတာနဲ့ ခင်ဗျားတို့ မိသားစု စီးပွားရေး အထောက်အကူဖြစ်မယ် ဆိုရ မှာပေါ့. . . "

သို့သော် ဦးတင်အေးက စိတ်ပျက်လက်ပျက်ဖြင့် ဦးခေါင်းကို ခါယမ်းလိုက်သည်။ ပြီးမှ သူက -

"နောက်ပြီး ဒီသရက်ပင် မောင်နှမမြေကွက်မှာ လပြည့် လကွယ် ညအခါများဆိုရင် အစိမ်း ရောင်လက်နေတဲ့ လူရိပ်လိုလို သဏ္ဌာန်တစ်ချို့က သန်းခေါင်ယံ အချိန်ကျမှ လှုပ်လှုပ်ရှားရှား သွား လာနေတတ်တာတဲ့. . . "

"အင်း. . အင်း. . "

"ကျွန်တော်ကဒါတွေကို လုံးဝအယုံကြည်မရှိတာ ဆရာသိတဲ့ အတိုင်းပဲ အရေးကြီးတာက မိသားစု အရေးတကြီးနေထိုင်နိုင်ဖို့ အိမ်ကို အမြန်ဆုံးဆောက်ရမယ်၊ အိမ်ဆောက်ဖို့ အတွက် မြေ ကွက်လပ်အလယ်မှာရှိနေတဲ့ သရက်ပင်သုံးပင်ကို မဖြစ်မနေခုတ် ရမယ်၊ ဒါပဲ ကျွန်တော့်စိတ်ထဲမှာ ရှိတယ်၊ ဒါကြောင့် ကျွန်တော့် မိတ်ဆွေဦးခင်မြင့်ရဲ့ အိပ်မက်ကို အသာထားပြီး ကျွမ်းကျင်တဲ့လူ နှစ်ယောက်ကို မနက်ဖြန်လာခဲ့ဖို့ သွားရှာတာ၊ အခုဆရာ့ဆီကို ကျွန်တော်ဝင်လာခဲ့တာဗျ. . . "

ဤတွင် ကျွန်ုပ်က. .

"နေစမ်းပါဦး. . ခင်ဗျား မိတ်ဆွေ ဦးခင်မြင့်ဆိုသူရဲ့ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

ကို ပြောစမ်းပါဦး. . ဦးတင်အေး”

ဟုမေးလိုက်၏။ ထိုအခါ ဦးတင်အေးက ခေါင်းညိတ်ရင်း. .

“မြေကွက် ဝယ် ဖို့ ကျွန်တော့်ကို ငွေချေးပြီးတဲ့ညမှာ ဦးခင်မြင့်ဟာ မှုးမှုးတန်းတန်း အိပ်မက်တစ်ခုကို မက်တယ်တဲ့. .”

“အင်း. .”

“အိပ်မက်ထဲမှာ နဂါးလိုလို အချွန်အမောက် အုပ်ဆောင်း ဆောင်းထားတဲ့ အစိမ်းရောင်ဝတ်စုံ ဝတ် အမျိုးသမီးချော သုံးယောက်က သူ့ကိုပြောတယ်တဲ့. . ဒီနေရာဟာ ဖော်ပြခြင်းငှာ မစွမ်းသာတဲ့ ကိစ္စရပ်တစ်ခုအတွက် စောင့်ရှောက်နေကြရတယ်တဲ့။

ဒါကြောင့် ယခုခြံကို ဝယ်ယူလိုက်တဲ့ စနေသား ဦးတင်အေးဟာ အိမ်ဆောက်ဖို့အတွက် သရက်ပင်ကြီးသုံးပင်ကို ခုတ်ထွင်ခြင်း မပြုဖို့ အထူးမေတ္တာရပ်ခံပေးစေလိုကြောင်း ဆိုပါတော့ ဆရာ. . .”

“ဪ. . တော်တော် ထူးဆန်းပေတာပဲ အေးလေ. . ကျုပ်ကြားဖူးသမျှဆိုရင် သစ်ပင် ဝါးပင်၊ သစ်ကြီး. . ဝါးကြီးတွေမှာ နှစ်ပရိစ္ဆေဒ ကြာလာတာနဲ့အမျှ နာမ်လောက ပရလောကဆိုတဲ့ အစောင့်အရှောက်တွေက အလိုလို ရောက်ရှိစောင့်ရှောက်လာတော့ တယ်ဆိုပဲဗျ. . .”

ကျွန်တော်လည်း ကြားဖူး ပါတယ်၊ ဒါပေမယ့် မယုံကြည်ဘူး ဆိုပါတော့လေ. . .”

ကျွန်ုပ်က ဦးတင်အေးကို စိတ်မကောင်းသည့် အကြည်ဖြင့် ကြည့်ရင်း. .

“ယုံပါတော့လို့ မပြောချင်ဘူး ဦးတင်အေး၊ ဒါပေမယ့် ကျုပ် အကြံပေးလိုတာကတော့ ခင်ဗျား ပိုင်ဆိုင်တဲ့ မြေကွက်ပေါ်က သရက် ပင်ကြီးသုံးပင်မှာ ပရလောကသား အစောင့်အရှောက်တွေ ရှိနေပြီ ထင်တယ်၊ အဲဒီတော့ သူတို့ကို မေတ္တာပို့တဲ့ အနေနဲ့ ဟောဒီဂါထာ ကို ရွတ်စေချင်တယ်ဗျာ. .”

ဟုဆိုကာ အနီးရှိ စာအုပ် တစ်အုပ်ကို ဆွဲယူပြီး ခေါက်ထားသည့် စာမျက်နှာအား လှန်ပြလိုက် သည်။

“ပဋ္ဌိမဲသို ဒိသာဘာဝေ
သန္တိနာဂါ မဟိဒ္ဓိကာ
တေပိ တုမှေအနုရက္ခန္တုရ
အရောဂေန သုခေနစ. .”

၎င်းတွင် ဦးတင်အေးက ဖတ်ကြည့်ပြီးနောက်. .

“အဓိပ္ပါယ်က ဘာတဲ့လဲ ဆရာ. .”ဟု မေးလေသည်။ ထိုအခါ ကျွန်ုပ်က. . .

“အရပ်ဒေသက အသီးသီးတို့၌ တန်ခိုးကြီးလာကြကုန်သော ရေနဂါး၊ မြေနဂါး၊ နတ်နဂါးတို့သည် ကျွန်ုပ်တို့အား ကျန်းမာချမ်းသာခြင်းကို ပေးသနားလျက် အစဉ်ထာဝရ စောင့်ရှောက်တော်မူကြပါစေကုန်သတည်းတဲ့ဗျ”

“ဟာ. . ဒါတွေ ကျွန်တော် မရွတ်နိုင်ပါဘူးဗျာ ဆရာ့ကိုတော့ ဒီလိုရှင်းရှင်းပြောရတာ အားနာလှပါတယ်၊ ကျွန်တော့်မှာ အိမ်ဆောက်ဖို့ သိပ်အရေးကြီးနေတယ် ဆရာ ဒါကြောင့် မြေကွက်ပေါ်က သရက်ပင်ကြီးသုံးပင်ကို အမြန်ဆုံးခုတ်ထွင် ရှင်းလင်းပစ်ရမှာပဲ ကဲ. . ကျွန်တော်သွားတော့မယ်ဆရာ. .”

ဦးတင်အေးက ပြောပြော ဆိုဆို ကျွန်ုပ်အား နှုတ်ဆက်ကာ ထွက်ခွာသွားလေရာ ကျွန်ုပ်မှာ ၎င်းကျောပြင်ကိုသာ ခပ်လေးလေး ချရင်း ကျန်ရစ်ခဲ့ပေတော့၏။

ဦးတင်အေးတစ်ယောက် ကျွန်ုပ်ဆီသို့ ရောက်ရှိလာပြီး ရက်သတ္တပတ်သုံးပါတ်ခန့် အကြာတွင် အသက်နှစ်ဆယ်ခန့် အရွယ် လူရွယ်တစ်ဦးသည် အိမ်ပေါ်သို့ အရေးတကြီးတက်လာကာ အမောတကောနှင့် ပြောလေတော့သည်။

“ဒါ. . ဆရာ ဦးအိန္ဒာတို့ အိမ်ပါလား. . ခင်ဗျာ”

“အေး. . ဟုတ်တယ် မင်းက ဘယ်သူလဲ. . .”

“ကျွန်တော်က မြို့သစ်ရပ် ကဦးတင်အေးရဲ့ သားပါ. .”

“ဪ. . ဦးတင်အေး သားကိုး. .”

“ဖေဖေ. . မေမေ




www.burmeseclassic.com

www.burmeseclassic.com

ဘယ်လို ဖြစ်မှန်းမသိဘူး ဆရာ လုံးဝအစားမစားနိုင်ဘဲ ဖြစ်နေရှာက အခုဆေးရုံတင်လိုက်ရပြီ အဲဒါ ဆရာ့ကိုလာပြီး အကြောင်းကြားတာပါ. . ”

“ဟေ. . ဖြစ်မှ ဖြစ်ရလေကွယ်”

ဤသို့ဖြင့် ကျွန်ုပ်မှာ ဦးတင်အေး၏ သားနှင့်အတူ ဆေးရုံသို့ အရေးတကြီးလိုက်ပါလာခဲ့ရတော့သည်။

“အလို. . . ”

ကျွန်ုပ်မှာဆေးရုံပေါ်၌ ဦးတင်အေး၏ သွင်ပြင်ကို လွန်စွာအံ့အားသင့်သွားမိ၏။

အစဉ်လိုလို ကျန်းမာဝဖြိုးစိုပြေနေသော ဦးတင်အေး၏ ခန္ဓာကိုယ်မှာ ယခုအခါ ဆေးရုံကုတင်ပေါ်တွင် နံရိုးအပြိုင်းပြိုင်းနှင့် ကြုံလှီစွာ ရှိနေသဖြင့် ကျွန်ုပ်မှာ အလွန်မင်းစွာ အံ့သြလျက် မယုံနိုင်အောင် ဖြစ်သွားရလေသည်။

ဦးတင်အေး၏ ဇနီးက မျက်နှာညှိုးငယ်စွာနှင့် ကျွန်ုပ်အား ရှင်းပြလေသည်။

“ဆရာရယ် ကျွန်မတို့က လည်း အိပ်မက် အမက်မကောင်းလို့ အတန်တန်တားပါသေးတယ်၊ ဒါပေမယ့် ဆရာ့မိတ်ဆွေက သိတဲ့အတိုင်း တဇွတ်ထိုးသမားဆိုတော့ သိတဲ့အတိုင်း မြေကွက်လပ်ပေါ်က သရက်ပင်သုံးပင်ကို ခုတ်လှဲပစ်လိုက်တယ်လေ. . ”

“အင်း. . ဆက်ပြောပါဦးဗျာ. . ”

“အဲဒီလို ခုတ်လှဲပြီးတဲ့ နောက်နေ့ကစပြီး ကိုတင်အေးဟာ ဘာမှမစားမသောက်နဲ့ အိပ်ယာထဲလဲရာကစပြီး ပိန်လာတာ ဆရာမြင်တဲ့အတိုင်းပါပဲ။ ကျွန်မတို့လည်း နာမည်ကြီး ဆေးခန်း၊ နာမည်ကြီး ဆေးတိုက်တွေဆိုတာ စုံနေပြီ။ ကြာတော့ စိုးရိမ်စရာ ဖြစ်လာလို့ အခုလို ဆေးရုံတင်လိုက်ရတာပါရှင်”

ကျွန်ုပ်တို့ ပြောဆိုနေသည်ကို မျက်လုံးအပြူးသားနှင့် ဦးတင်အေးက ပက်လက်လှန်ရင်း နားထောင်နေသည်။ သို့သော် မည်သည့်စကားမျှ ဆိုနိုင်ခြင်းမရှိပေ။



ဦးတင်အေးဇနီးက ဆက်၍ ပြောပြန်သည်။

“ဒါတင်ဘယ်ကမလဲ ဆရာ. . သစ်ပင်လာခုတ်တဲ့ သူ့မိတ်ဆွေ နှစ်ယောက်လည်း တိုက်ဖိုက်လိုလို အူရောင်ငန်းဖျားလိုလိုဖြစ်ပြီး မရှုနိုင်မကယ်နိုင် ခံစားနေကြရတယ်တဲ့. . ”

“အို. . သူတို့အခြေအနေရော အခုဘယ်လိုနေသေးလဲ. . ”

“သူတို့လေးငါးရက်လောက် ခံလိုက်ကြရပြီး အခုတော့ ပြန်ကောင်းသွားကြပါပြီ. . ”

ထို့နောက် ကျွန်ုပ်က ဦးတင်အေး၏ ဇနီးအား လေသံတိုးတိုးဖြင့် ပြောပြလိုက်သည်။

“ခက်တယ်ဗျာ လောကကြီးမှာ ယုံနိုင်ဖွယ်မရှိတဲ့ အကြောင်းတွေက အများကြီး ရှိတာကလား. . ကျုပ်ကြားဖူးသမျှတော့ တောထဲ တောင်ထဲ ကြီးမားလှတဲ့ သစ်ပင်ကြီးကြီးတွေကို ခုတ်ရင် တောင်အုန်းပွဲ၊ ငှက်ပျောပွဲတို့ လက်ဖက်ကွမ်းယာတို့ တင်မြှောက်ပြီးမှ တောင်းပန်တိုးလျှိုးပြီး ခုတ်ကြရတယ်တဲ့. . ”

“မှန်ပါတယ်. . ဆရာ”

“မိမိနေအိမ်ဝင်း အတွင်းမှာရှိတဲ့ သစ်ပင်ကိုခုတ်ချင်ရင်တောင် ရှေးလူကြီးသူမတွေက အကုန် မခုတ်ဘဲ နတ်နေကိုင်းဆိုပြီး တစ်ကိုင်းချန်ထားခဲ့ရိုး ရှိပေတယ်”

“မှန်ပါတယ်ရှင်. . ”

“အေးလေ. . အခုကိစ္စက ရိုးရိုးသာမန်ရောဂါဖြစ်တာလား၊ ဒါမှမဟုတ် သစ်ပင်ခုတ်တာကြောင့်”

ကျွန်ုပ်တာ စကားကို ဤနေရာတွင် ရပ်ထားလိုက်ကာ မိတ်ဆွေဝတ္တရားအတိုင်း စကားမပြောနိုင်ရှာသည့် ဦးတင်အေးကို အားပေးစကားပြောကာ နှုတ်ဆက် ပြန်ခဲ့လေ၏။

“လမ်းဘစ်လျှောက်လုံးတွင် ကျွန်ုပ်တစ်ဦးတည်း တောင်စဉ်ရေမရ တွေးလာခဲ့သည်။


နောက်တစ်နေ့မှာပင် ဦးတင်အေး၏ သားရောက်လာကာ ဦးတင်အေးတစ်ယောက် ဆုံးသွားရှာပြီဖြစ်ကြောင်း သတင်းပေးလာသဖြင့် ကျွန်ုပ်မှာ လွန်စွာစိတ်

www.burmeseclassic.com

www.burmeseclassic.com

မကောင်း ဖြစ်မိရသည်။ စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ အတွေးတို့သည် ကျွန်ုပ်တို့ မနောအိမ်၌ ပျံ့လွင့်နေမိ၏။ မေးခွန်းများလည်း မိမိကိုယ်ကို မေးနေမိလေတော့သည်။

"ဘာကြောင့် ဒီလိုအဖြစ်မျိုးဖြစ်ပွားရတာလဲ ဦးတင်အေးရယ်. . . . ။"




www.burmeseclassic.com

www.burmeseclassic.com

## "ပုလဲကျွန်းနှင့် ရွှေပိုးကောင်"

ပုလဲကျွန်းကလေးမှာ တနင်္သာရီကမ်းရိုးတန်းအလွန် ပင်လယ်ပြင်ထဲတွင် တည်ရှိနေသော ကျွန်းကလေးတစ်ကျွန်းဖြစ်ပြီး မြိတ်ကျွန်းစုများထဲတွင် ပါဝင်လေသည်။

ကျွန်းကလေးမှာ ကြီးမားလှသော ကျွန်းတစ်ကျွန်းတော့ မဟုတ်ပေ။

ကျွန်ုပ်သည် ထိုကျွန်းပေါ်ရှိချုံပုတ်များကို ရှောင်ရှားလျှက် ခပ်လှမ်းလှမ်းရှိ တဲကလေးတစ်လုံး ရှိရာသို့ ရှေးရှုလျှောက်လာခဲ့လေသည်။

ထိုတဲကလေးပိုင်ရှင်မှာ ကျွန်ုပ်နှင့်လွန်စွာ ခင်မင်ရင်းနှီးသည့် ဦးနော်ဖုံပင်ဖြစ်သည်။ ဦးနော်ဖုံ ပြောခဲ့ဖူးသော စကားများကို ကျွန်ုပ်နားထဲမှာ ကြားယောင်လာမိသည်။

"ကျွန်ုပ်တို့ မိသားစုက မော်လမြိုင်မြို့မှာတော့ တော်တော်ထင်ရှားတဲ့ မိသားစုပေါ့ဗျ. . ချမ်းသာတဲ့ မိသားစုဆိုရင်လည်း မမှားပါဘူး ဒါပေမယ့် ကျွန်တော်ကတော့ ချမ်းသာတဲ့ဇာတာ မပါဘူး ထင်ပါရဲ့. .

ကြိုးစားသမျှအကြောင်းမလှတဲ့အဆုံး ဟောဒီပုလဲကျွန်းကလေးပေါ် ရောက်လာခဲ့ရတာပေါ့ဗျာ. ."

မှန်ပေသည်။ သူသည် ပုလဲကျွန်းကလေးပေါ်တွင် ဇာတ်မြုပ်နေထိုင်သူဖြစ်ပြီး သူနှင့် ကျွန်ုပ်ခင်မင်ရင်းနှီးသွားသောအခါ သူသည် စိတ်ရင်းစားဖွယ်ကောင်းသူ တစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်သိလာရပေသည်။

အကြောင်းသော်ကား သူ့တွင်ဗွာသာဒဗေဒဆိုင်ရာ စာအုပ် ပေါင်းများစွာတို့ ရှိရာ စာကြည့်ခန်းကလေး ... ဖြစ်သည့် ကျွန်ုပ်အဖို့ အလွန်အဆင်ပြေလှပေတော့သည်။

သူကပြောဖူးသည်။

ခင်ဗျားကြိုက်တဲ့စာအုပ်တွေယူဖတ်ဗျာ ကျုပ်ကတော့ ဒီကျွန်းပေါ်ရောက်လာကတည်းက ငါးဖမ်းမယ်၊ သဲသောင်ပြင်တစ်လျှောက်မှာ ခရုကောက်မယ်၊ ပြီးတော့နွံတွေကြားမှာ ပိုးကောင်အမျိုးမျိုးတို့ကို ရှာဖွေစုဆောင်းမယ်"

ထို့ကြောင့် ဦးနော်ဖုံ၏ တဲအတွင်း ဘူမိဗေဒပညာရှင်များ ပင်အံ့ဩလောက်သည့် ပိုးကောင်အမျိုးအစားပေါင်းများစွာ ရှိနေသည်ကို ကျွန်ုပ်တွေ့ရသည်။

ကျွန်ုပ်သည် အတွေးများနှင့်အတူ တဲကလေးရှေ့သို့ ရောက်လာသည်။ စေ့ထားသောတံခါးကို ခေါက်လိုက်သည်။

"ခေါက်. . ခေါက်. . ခေါက်. . ."

"ခေါက်. . ခေါက်. . ခေါက်. . ."

အတွင်းဘက်မှ မည်သည့်လှုပ်ရှားသံမှ မကြားရပေ။

"ခြော်. သော့ခတ်ထားတာကိုး ငါ့နှယ်နမော်နမဲ့နိုင်လိုက်တာ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဦးနော်ဖုံက သော့ဝှက်ထားတဲ့နေရာ ငါ့ကိုပြောထားသားပဲ. ."

ကျွန်ုပ်က တစ်ကိုယ်တည်း ရေရွတ်ပြီး သော့ဝှက်ထားသည့်နေရာကို သွားကာသော့ယူလိုက်သည်။ ထို့နောက်သော့ဖွင့်ပြီးသည်နှင့် တဲတံခါးကိုဖွင့်လိုက်ပေတော့သည်။

"အလို. . မီးလင်းဖို့မှာ မီးလင်းနေပါကလား၊ ကုလားထိုင်မှာထိုင်ပြီး သူတို့ကိုစောင့်မှပဲ. ."

ကျွန်ုပ်ဆိုလိုက်သည့် သူတို့ဆိုသည်မှာ ဦးနော်ဖုံနှင့် သူ၏သစ္စာရှိသော တပည့်ဖြစ်သူ ရှမ်းလူမျိုးအဘိုးအိုကြီး ဦးစိုင်းလှတို့ပင် ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

မှောင်စပျိုးချိန်လောက်တွင် ဦးနော်ဖုံနှင့် ဦးစိုင်းလျှံတို့ ရောက်လာကြသည်။

"ဟာ.. ခင်ဗျား ရောက်နေတာကိုး.. အတော်ပဲကွာ.. ရေကြက်ရခဲ့တယ်၊ ကဲဗျာ ဦးစိုင်းလျှံ ရေကြက်ချက်ဖို့ ပြင်ပေတော့ဗျာ"

"ဟုတ်ကဲ့ဆရာ.."

ကျွန်ုပ်ဦးနော်ဖုံ၏ မျက်နှာကို အကဲခတ်ကြည့်ရှုလိုက်ရာ ထူးခြားသည်ထင်သောကြောင့် မေးလိုက်သည်။

"ဘယ်လိုလဲဗျ.. ဦးနော်ဖုံ ခင်ဗျားမျက်နှာကြည့်ရတာ အဖိုးတန်ပစ္စည်းတစ်ခုခု ကောက်ရလာသလိုပဲ ထက်ကြွလန်းဆန်းနေတဲ့ပုံပါလား.."

ထိုအခါ ဦးနော်ဖုံက..

"စိတ်ဓါတ်တက်ကြွဆို ဒီနေ့ ပိုးကောင်အသစ်တစ်မျိုး တွေ့ရတယ်လေ.. ဒီပိုးကောင်မျိုးဟာ ကမ္ဘာပေါ်မှာ ဘယ်အရပ်ဒေသမှာမှ တွေ့နိုင်လိမ့်မယ် မဟုတ်ဘူး ရှားပါးပိုးကောင်လို့ သတ်မှတ်ရမှာပဲ.."

"ဒီလောက်တောင်ပဲလားဗျ..."

"ကျုပ်ပြောတာထက်တောင် ပိုသေးတယ်.."

သူ့အပြောကြောင့် ကျွန်ုပ်ပါးစပ်ပိတ်ထားလိုက်ရလေ၏။

ရေကြက်သားနံ့က တဲအိမ်အတွင်း မွှေးပျံ့ကြိုင်သင်းလျက်ရှိသည်။

ဦးနော်ဖုံက မီးအိမ်အလင်းရောင်ကို ပိုမိုမြှင့်တင်လိုက်သည်။ ပြီးမှသူက...

"ကျုပ်က ခင်ဗျားယုံအောင် ပြလိုက်ချင်တာ အိမ်အပြန်မှာ ကျုပ်မိတ်ဆွေ ဦးလုံဖနဲ့ လမ်းမှာတွေ့တော့ ဒီပိုးကောင်ကလေးကို ခဏငှားလိုက်မိတယ်၊ ဒါကြောင့် အခုပြချင်ပေမယ့် မပြနိုင်တော့ဘူးဗျာ ခက်တာပဲ..."

"အဲဒီပိုးကောင်က ဘယ်လိုပိုးကောင်မျိုးလဲ ဦးနော်ဖုံ"

"သစ်ကြားသီးလောက်ရှိတယ်၊ အလွန်တောက်ပတဲ့





ရွှေရောင်အခွံနဲ့ နောက်ကျောဘက် ဒေါင်လိုင်းနားမှာ ပိတုန်းရောင်အစက်နှစ်စက်ရှိတယ်၊ ရှည်မျောမျော အနက်စက်တစ်စက်ကတော့ အမြီးဘက်မှာ..."

ဦးစိုင်းလျှံက ရေကြက်ချက်နေရာမှ လှမ်းပြောသည်။

"ကျွန်ုပ်ပြောမယ် ဦးနော်ဖုံ ဒီပိုးကောင်ဟာ ရွှေပိုးကောင်ပဲ သူ့ကိုယ်လုံးဟာ ရွှေအတိဆိုတော့ ဒီလောက်သေးတဲ့ ရွှေပိုးကောင်မျိုးကို ကျုပ်တစ်သက် မကိုင်ခဲ့ဖူးတာ အမှန်ပဲ..."

ဦးစိုင်းလျှံက ပြောရာ ဦးနော်ဖုံက..

"ဦးစိုင်းလျှံပြောတာ အမှန်ပဲဗျ.. ဒီလောက်တောက်ပတဲ့ ရွှေရောင်မျိုးလဲ မတွေ့ဖူးဘူး ဘယ့်နှယ့်ဗျာ တယ်လှပါကလား မနက်ကျတော့ ခင်ဗျားမျက်မြင်တွေ့ရပါလိမ့်မယ်လေ.."

ထိုအချိန်၌ ဦးနော်ဖုံမှာ ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင် စားပွဲငယ်တစ်လုံး၏ နောက်ဖက်ကုလားထိုင်၌ ထိုင်လျက်ရှိသည့်ဦးနော်ဖုံ ကစားပွဲပေါ်မှ မင်အိုးနှင့် ကလောင်တံကို လှမ်းကြည့်ရင်း..

"တောက်.."

စာရွက်မရှိတာခက်တယ် ဟုညည်းညူကာ အံဆွဲကို ဖွင့်၍ ရှာကြည့်သေးသည်။ သို့သော် စာရွက်ကိုကား မတွေ့ရချေ။ ပြီးမှ တစ်စုံတစ်ခုကိုသတိရဟန်ဖြင့်..

"ဟာ.. ဟုတ်ပြီ... ဟုတ်ပြီ.. ကိစ္စမရှိဘူး.."

ဟုဆိုလျက် သူ့အင်္ကျီအိတ်အတွင်းမှ ညစ်ပေပေစာရွက် တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

"ကဲလေ.. ဒီမှာပဲ ဆွဲပြရတော့မှာပဲ"

ပြောပြောဆိုဆို ဦးနော်ဖုံက ပုံဆွဲနေရာ ကျွန်ုပ်သည် မီးလင်းဖိုအနီးတွင် မီးလှုံရင်း သူ့လှုပ်ရှားမှုကို ကြည့်နေလိုက်သည်။

"ရော့.. ဒီပုံပေါ့"

ပုံဆွဲပြီးသောအခါ စာရွက်ကိုထိုင်ရာမှ လှမ်းပေးလိုက်သဖြင့် ကျွန်ုပ်လှမ်းယူကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ဦးစိုင်လျှံက တံခါး ဖွင့်ပေးလိုက်သောကြောင့် ဦးနော်ဖုံ၏ ခွေးလိမ္မာကြီးက တဲအတွင်းသို့ ဝင်ရောက်လာသည်။

"ဝုတ်. . ဝုတ်. . ဝုတ်. . "

ခွေးကြီးက ကျွန်ုပ်ပခုံးပေါ် ရှေ့လက်တင်ကာ ကျွန်ုပ်လက်များကိုလျှာဖြင့်ရက်နေသည်။ ယင်းသို့ ရက်ရင်း ပုံဆွဲထားသည့် စက္ကူကို ပင်ရက်မိသွားသည် ထင်၏။

ပြီးမှကျွန်ုပ်က ပုံကိုပြန်ယူ ပေးရင်း. . .

"ဟုတ်ပါတယ်. . . တော် တော်ထူးဆန်းတဲ့ ပိုးကောင်ဖြစ် တယ်ဆိုတာ ကျွန်ုပ်ဝန်ခံပါတယ်၊ ဒီကောင်ဟာ လူခေါင်းခွံနဲ့ တော် တော်တူသားဗျနော်. . "

ဟုပြောလိုက်သည်။

"ဟုတ်တယ် ရှည်မျော မျောအနက်စက်က ပါးစပ်နဲ့တူပြီး ပိတုန်းရောင်အနက်စက်နှစ်စက်က ဘဲဥပုံဖြစ်ပြီး ဦးမှင်တွေက. . "

"ဗျာ. . ဦးမှင်တွေဟုတ် လား. . ခင်ဗျားဆွဲတဲ့ပုံထဲမှာ ဦးမှင်တွေမတွေ့ပါလား. . "

"ကျွန်တော် သေသေချာ ချာဆွဲထည့်လိုက်တာဗျ. . "

ဦးနော်ဖုံက စာရွက်ကို အလျင်အမြန်ဆွဲယူကြည့်လိုက်သည်။ သို့သော် ဦးမှင်တွေကို သူတွေ့ပုံ မပေါ်. .

"ကျွန်တော်သေသေချာ ချာ ရေးလိုက်ရဲ့သားနဲ့ ဒီဦးမှင် တွေက. . "

သူကအလွန်မကျေမနပ် ဖြစ်သွားဟန်ဖြင့် စာရွက်ကို လုံးခွေကာ မီးခဲ့ပစ်ချရန်ပြင်လိုက် သည် သို့ရာတွင် မပစ်မိချမီ စက္ကူ ကို တစ်ချက်စိုက်ကြည့်လိုက်သည်။

ထို့နောက်စာရွက်ကိုလှန် လှောကြည့်ကာ ဘက်စုံထောင့်စုံ စစ်ဆေးကြည့်ရှုနေပြန်၏။ ၎င်း၏ ထူးဆန်းသော လုပ်ရပ်ကြောင့် ကျွန်ုပ်အကြီးအကျယ် အံ့ဩမိ လေသည်။

ဦးနော်ဖုံက မျက်နှာအမူ အရာတစ်မျိုးနှင့် စာရွက်ကိုပိုက်ဆံ အိတ်ထဲထည့်ကာ အံဆွဲအတွင်း





သော့ခတ်ပိတ်လိုက်သည်။

ဦးနော်ဖုံက ဣန္ဒြေဆည် ထားသည်။ သို့သော် သူ့အမူအရာ များမှာ တက်ကြွမှုနှင့် မကျေနပ်မှု တို့က ရောပြွန်းလျက်၊ မျက်နှာကြီး နီမြန်းလျက်ရှိရာ ၎င်း၏ ထူးခြား သည့် အပြုအမူများကြောင့် ညအိပ် ရန် မသင့်တော်သဖြင့် ကျွန်ုပ်အနေ ဖြင့် ပြန်ရန်ဆုံးဖြတ်လိုက်သည်။

"ကဲ. . ကျုပ်ပြန်မယ်ဗျာ"

"ဟာ. . ညဘက်ကြီး ပြန်မယ်ဟုတ်လား. . ခင်ဗျား သဘောပါဗျာ ဒါပေမယ့်မကြာ မကြာကျုပ်တို့ဆီကို လာခဲ့ပါ မိတ်ဆွေကြီးရယ်. . "

"စိတ်ချပါဗျာ ဂွတ်ဒ်နိုက်"

"ဂွတ်ဒ်နိုက်. . ဦးမင်းအောင်"

ထို့နောက်ကျွန်ုပ်တဲအတွင်း မှ ခပ်သွက်သွက်ထွက်ခွာလာခဲ့ တော့သည်။

တစ်လသောအချိန်မှာ လျှင်မြန်စွာ ကုန်ဆုံးသွားသည်။ ယိုတစ်လအတွင်း ကျွန်ုပ်သည် ဦးနော်ဖုံဆီသို့ မရောက်နိုင်အောင်

အိမ်အလုပ်များနှင့် ရှုပ်ထွေးနေ လေ၏။

"ဒေါက်. . ဒေါက်. . "

"ဒေါက်. . ဒေါက်. . "

နေသာသောနေ့တစ်နေ့ တွင် တံခါးခေါက်သံနှင့်အတူ ဦးစိုင်းလျှံ၏ မျက်နှာကြီးကို ရုတ်တရက် တွေ့လိုက်ရသည်။

"အလို ဦးစိုင်းလျှံပါလား ခင်ဗျားရဲ့ဆရာဦးနော်ဖုံရော နေကောင်းရဲ့လား. . "

ဦးစိုင်းလျှံကိုကြည့်ရသည် မှာ အိုစာသွားသည်ထင်မိ၏။

"ဦးနော်ဖုံနေမကောင်း ဘူး. . ကျုပ်သူ့အတွက် စိတ်ပူတယ် သူဟာ အရူးတစ်ယောက်လိုပဲ တစ်နေ့တစ်နေ့ ခေါင်းကြီးစိုက်ပြီး ငန်းတစ်ကောင်လို ဖြူရော်ရော် ဖြစ်နေတယ်၊ နေ့တိုင်းအရုဏ်တက် မှာ အိပ်ယာထသွားတာချည်းပဲ တစ်နေကုန်ဘယ်မှာမှ ရှာမတွေ့ ဘူး. . "

"သူဘာကြောင့် ဒီလိုဖြစ် ရတာလဲ ခင်ဗျား မသိဘူးလား


www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းလျှံ. . "

"ဟာ. . ဟိုရွှေပိုးကောင်ကြောင့်ပေါ့ ဒီပိုးကောင်က သူ့နားလာကပ်သမျှ အကုန်ကိုက်တာပဲ"

"အင် . . ဦးနော်ဖုံ တစ်ယောက်တော့ ရွှေပိုးကောင်ကြောင့်ခက်နေပြီ၊ သူ့ကိုတစ်ခုခုတော့လုပ်ကြမှ အခုခင်ဗျားကို ဘာကိစ္စလွှတ်လိုက်တာလဲ"

"စာပေးခိုင်းလိုက်လို့. . "

ပြောပြောဆိုဆို ဦးစိုင်းလျှံက စာတစ်စောင်လှမ်းပေးသည်။

"မိတ်ဆွေကြီး. . .

ဦးမင်းအောင်

သိပ်အရေးကြီးတဲ့ အကြောင်းအရာတစ်ခု ခင်ဗျားကို ပြောပြဖို့ရှိနေတယ်၊ ခင်ဗျားကျုပ်ဆီကို အခုချက်ချင်းလိုက်ခဲ့စေချင်ပါတယ်. .

သင့်မိတ်ဆွေ
ဦးနော်ဖုံ"

ကျွန်ုပ်သည် စာဖတ်ပြီးသည်နှင့် တုံ့ဆိုင်းမနေတော့ပဲ. . .

"ကဲ. . ဒါဆိုရင်လည်း သွားကြစို့ ဦးစိုင်းလျှံ" ဟုပြောလိုက်သည်။

လှေဆိပ်သို့ ရောက်သည်နှင့်လှေကလေးပေါ်၌ ဝေါ်ပြားသုံးလက် လက်ကိုင်နှင့်မြက်ခုတ်ဓါးတစ်ချောင်းကို တွေ့လိုက်ရ၏။

ဦးစိုင်းလျှံသည် လှေနှင့် ကျွန်ုပ်တို့ဆီသို့ ရောက်လာခြင်းဖြစ်၏။

"အဲဒါတွေက ဘာအတွက်လဲဦးစိုင်းလျှံ. . "

"မသိဘူးဦးနော်ဖုံဝယ်ခိုင်းတဲ့ ပစ္စည်းတွေလေ. . . "

"အို း. . ဒါတွေ က ဘာလုပ်ဖို့လဲ ကျွန်ုပ်စိတ်ထင်တော့ ရွှေပိုးကောင်နဲ့ ပတ်သတ်တဲ့ ကိစ္စအတွက်ထင်တယ်"

"အင်း. . ဒီလူ တော့ တော်တော်သွက်တဲ့လူပဲ. . "

ကျွန်ုပ်လည်း ဆက်မမေးတော့ဘဲ လှေပေါ်တက်ကာ ထွက်ခွာလာခဲ့ကြလေ၏။ မကြာမီ ပုလဲကျွန်းသို့ ရောက်ရှိသွားကြလေသည်။ ကမ်းစပ်တစ်နေရာတွင် လှေကိုဆိုက်ကပ်ကာ ဦးနော်ဖုံ၏ တဲကလေးဆီသို့ လျှောက်သွားကြသည်။

ဦးနော်ဖုံက တဲအိမ်အတွင်းမှ ကျွန်ုပ်တို့ကိုစောင့်မျှော်နေ၏။

"ခင်ဗျား. . ရောက်လာတာ ဝမ်းသာတယ်ဗျာ ဦးမင်းအောင်"

ဦးနော်ဖုံက ကျွန်ုပ်၏ လက်များကို ဆုပ်ကိုင်ကာ ဝမ်းသာအားရနှုတ်ဆက်သည်။ ကျွန်ုပ်က သူ့မျက်နှာကို အကဲခတ်ကြည့်ရာ သွေ့အားဖျော့တော့လျက် မျက်တွင်းဟောက်ပက်ဖြစ်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်က-

"ဘယ်လိုလဲဗျ ဦးနော်ဖုံ ခင်ဗျားမိတ်ဆွေ ဦးလုံဖဆီက ရွှေပိုးကောင်ကလေးကို ပြန်ရပြီလား. . "

"ပြန်ရပြီလေ. . ခင်ဗျား ပြန်သွားပြီးတော့ နောက်တစ်နေ့မှာ ပြန်ရတာပဲ ဒါနဲ့ခင်ဗျားကို ပြောရမယ်၊ ဦးစိုင်းလျှံပြောတဲ့ စကားက သိပ်မှန်တာပဲဗျို. . "

"ဘာကို ပြောတာလဲ ဦးနော်ဖုံ. . "

"ဒီပိုးကောင်ဟာ ရွှေအစစ်လို့ သူပြောတယ်မဟုတ်လား၊ တကယ်တော့ ဒီပိုးကောင်ဟာ ကျုပ်အတွက် စည်းစိမ်ချမ်းသာကို ဖန်တီးပေးမယ့် သတ္တဝါလေးပဲ ဒီပိုးကောင်လေးက ရွှေတွေရှိတဲ့ နေရာကို လမ်းညွှန်ပေးလိမ့်မယ်ဗျ ကဲ. . ကဲ. . အဖိုးတန်ရွှေပိုးကောင်လေးကို ယူလာခဲ့ပါ ဦးစိုင်းလျှံ. . "

ဦးစိုင်းလျှံက ခေါင်းခါရမ်းရင်း. . .

"ကျုပ်မယူရဲဘူး ခင်ဗျား ဘာသာယူပါဦးနော်ဖုံ. . "

ဟုဗလုံးဗထွေးပြောသည်။

"ကောင်းပြီလေ. . . "

ဦးနော်ဖုံက ဖန်ပေါင်းချောင်နှင့် ထည့်ထားသော ရွှေပိုးကောင်ကို ကျွန်ုပ်ရှိရာသို့ ယူလာသည်။ ကျွန်ုပ်က ရွှေပိုးကောင်ကလေးကို သေသေချာချာ ကြည့်မိရာ၊ ဝင်းဖန့်လျက်ရှိသည့် ရှားပါး



www.burmeseclassic.com

www.burmeseclassic.com

ပိုးကောင်ကလေးပါပေ။

"ဒီမှာ ဦးမင်းအောင်.. ဒီရွှေပိုးကောင်ကလေးပေါ်မှာ ခင်ဗျားရဲ့ ယူဆချက်ဘယ်လို ရှိသလဲ ပြီးတော့ ခင်ဗျားရဲ့ အကူအညီကိုလည်း ကျုပ်ယူချင်တယ်။"

ထိုအခါ ကျွန်ုပ်က မျက်မှောင်ကျုံ့လိုက်ကာ...

"ဒီမှာ ဦးနော်ဖုံ ခင်ဗျား နေမကောင်းဖြစ်နေတာ သေချာတယ်၊ ဒါကြောင့် စိတ်ကိုလျှော့ပြီး စောစောအိပ်ယာဝင်လိုက်တာလား.."

ဦးနော်ဖုံက လျှို့ဝှက်သောအပြုံးတစ်ခုကို ပြုံးလိုက်သည်။ ပြီးမှ...

"ခင်ဗျားက ကျုပ်ပြောတာကိုမယုံဘူးထင်တယ်၊ ဒီတော့ ခင်ဗျားယုံတာ မယုံတာနောက်မှာထား ကျုပ်ကတော့ မိတ်ဆွေတစ်ယောက်အနေနဲ့ အကူအညီပေးစေချင်တယ်.."

ကျွန်ုပ်မှာ ဦးနော်ဖုံ၏ ဟောက်ပက်ဖြစ်နေသော မျက်နှာကိုကြည့်ကာ ကရုဏာသက်သွားမိပြီး..

"ကဲ..ပြောဗျာ ဘယ်လို အကူအညီမျိုးလဲ.."

"ဒီလိုပါ ကျုပ်နဲ့ ဦးစိုင်းလျှံတို့ခရီးထွက်ကြမယ်၊ ကျွန်းရဲ့အတွင်းပိုင်းထဲကိုပေါ့..အဲဒီမှာတောင်ကြားတွေထဲကို သွားကြမယ်၊ ဒီလိုခရီးထွက်ရာမှာ ကျုပ်တို့ဆရာတပည့် နှစ်ယောက်နဲ့အတူ ခင်ဗျားကိုပါ လိုက်စေချင်တယ်၊ ခင်ဗျားက ကျုပ်ရဲ့အထူးယုံကြည်စိတ်အချဆုံး မိတ်ဆွေတစ်ယောက်ပဲ မဟုတ်လား.."

"ဘာလဲ..ရွှေပိုးကောင်အတွက်လား.."

"ဘာကိစ္စပဲဖြစ်ဖြစ် အောင်မြင်သည်ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ ကျုပ်ရဲ့ စိတ်ဝေဒနာတော့ သက်သာသွားမှာပဲ ဦးမင်းအောင်..."

"အင်း..ကဲပါလေ ခင်ဗျားက ဒီလောက်ဖြစ်နေမှတော့ ကျုပ်လည်း လိုက်ခဲ့ရတော့မှာပေါ့ ကျုပ်လည်း ကူညီရတာပေါ့ ဒါပေ





မယ့် ရွှေပိုးကောင်ကတော့ ရွှေတွေရှိတဲ့နေရာကို ညွှန်ပြနိုင်တယ်ဆိုတာကတော့ ခင်ဗျားစိတ်ကူးယဉ်နေတာလို့ ကျုပ်ထင်တယ်.."

"ကဲပါ..ခင်ဗျား လိုက်မယ် ဆိုရင်လည်း အခုပဲခရီးစထွက်တော့မယ်၊ အချိန်မရှိဘူး"

"ကောင်းပြီလေ.."

ကျွန်ုပ်တို့ အတန်အသင့် ခရီးပေါက်ခဲ့လေပြီ။ ကျွန်ုပ်၊ ဦးနော်ဖုံ၊ ဦးစိုင်းလျှံနှင့် ခွေးလိမ္မာကြီးလည်းပါသည်။

ဦးစိုင်းလျှံက ဂေါ်ပြားနှင့် လက်ကိုင်ရှည်သောဓါးကို သယ်ယူလာသည်။ ကျွန်ုပ်ကလက်ဆွဲမီးအိမ်နှစ်လုံးကိုဆွဲလာခဲ့သည်။

ဦးနော်ဖုံက တုတ်တစ်ချောင်းကို ထိုတုတ်၏ အဖျား၌ကား ရွှေပိုးကောင်ကလေးကို ကြိုးနှင့် တန်းလန်းချည်နှောင်ထားသည်။ မကြာမီ ကျွန်ုပ်တို့သည် ရေလက်ကြားကို ဖြတ်၍ကူးကြသည်။ တောထူထပ်ရာနေရာသို့ ရောက်လာခဲ့ကြသည်။

တောထူထပ်ရာသို့ ရောက်လျှင် ဦးနော်ဖုံသည် သစ်ပင်အချို့မှ ထစ်ရာများနှင့်မြေပြင်မှ ငုတ်အချို့တို့ကို ကြည့်ကာခေတ္တရပ်ပြီးတွေဝေနေတတ်သည်။

ဤသို့ဖြင့် နှစ်နာရီနီးပါးမျှ လာမိကြသည်တွင် နေဝင်ပျိုးပျအချိန်ဖြစ်လာခဲ့ပေပြီ၊ ထိုအချိန်တွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့ လွှမ်းစွာထူထပ်သော နေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

တောထူထပ်ရာသို့ ရောက်လျှင် ဦးနော်ဖုံသည် သစ်ပင်အချို့မှ ထစ်ရာများနှင့် မြေပြင်မှ ငုတ်အချို့တို့ကိုကြည့်ကာ ခေတ္တရပ်ပြီး တွေဝေနေတတ်သည်။

ဤသို့ဖြင့် နှစ်နာရီနီးပါးမျှ လာမိကြသည်တွင် နေဝင်ပျိုးပျအချိန်ဖြစ်လာခဲ့ပေပြီ။ ထိုအချိန်တွင် လွှမ်းစွာထူထပ်သော နေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုနေရာသည် ကျွန်းအတွင်းပိုင်းသို့ တောင်ထိပ်နှင့် အနီးဆုံးနေရာဖြစ်ကြောင်း ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

တို့တွေးဆလိုက်၏။

"ကဲ. . ပါလာတဲ့ ဓါးနဲ့ ဟော့ဟိုသစ်ပင်မြင့်မြင့်ကြီးရှိရာဆီကို ဟောဒီလမ်းကြောင်းအတိုင်း မြက်တွေကို ရှင်းလိုက်ပါ ဦးစိုင်းလှံ"

"ဟုတ်ကဲ့. . ဦးနော်ဖုံ. ."

ပြောပြောဆိုဆို သန်မာဖျတ်လတ်သွက်လက်သော ဦးစိုင်းလှံက အရှယ်နှင့်မလိုက်အောင် ချုံနွယ်ပိတ်ပေါင်းများကို ဓါးဖြင့် ခုတ်ထွင်ရှင်းလင်းသည်။

သို့ဖြင့် မကြာမီ ဦးနော်ဖုံညွှန်ကြားချက်အတိုင်း မြင့်မားလှသည့် သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းသို့ ရောက်ရှိလာကြသည်။ သစ်ပင်ကြီးမှာ လွန်စွာမြင့်မားလှသည်နှင့်အမျှ အောက်ခြေတွင် ရှင်းလျက် အပေါ်ဘက်တွင် အကိုင်းအခက်နှင့် အရွက်များဝေဆာလျက်ရှိသည်။

"ကဲ. . အလုပ်စမယ် ဒီမှာ ဦးစိုင်းလှံခင်ဗျား သစ်ပင်ပေါ်တက်ရမယ်. ."

"ဗျာ. ."

"မရှည်နဲ့ တက်ကိုတက်ရမယ်. . ."

ကျွန်ုပ်က ငြိမ်သက်စွာကြည့်နေသည်။

ထို့နောက် ဦးစိုင်းလှံက သစ်ပင်ကြီး၏ ပင်စည်ကိုသေသေချာချာကြည့်ကာ. . .

"တက်ကိုတက်ရပါလိမ့်မယ်. . ."

ဟုပြောလိုက်သည်။ ထိုအခါ ဦးနော်ဖုံက. .

"ကောင်းပြီ ဒါဖြင့် မြန်မြန်တက် သိပ်မှောင်လာရင် ထိုင်လို့မရဖြစ်လာလိမ့်မယ်၊ အပေါ်ရောက်အောင်သာတက်ပါ လိုအပ်သမျှအောက်ကနေအော်ပြီး ကျုပ်ညွှန်ကြားမယ်. . ဩော်. . ဒါနဲ့ ဟောဒီရွှေပိုးကောင်ကိုပါ ခင်ဗျားယူသွားရလိမ့်မယ်. ."

"ဗျာ. . ဒီပိုးကောင်ဟုတ်လား. . မလုပ်ပါနဲ့ဦးနော်ဖုံကျွန်တော်ကြောက်လို့ပါ မယူပါရစေနဲ့. ."

"ဟာ. . ဒီလောက်သေးငယ်တဲ့ သတ္တဝါလေးကို ဘာကြောင့်ကြောက်နေရတာလဲ ကြောက်ရင် ဒီကြိုးကဆွဲကိုင်သွား ကျုပ်စကားနားမထောင်ရင်တော့ ဟောဒီဂေါ်ပြားနဲ့ ခင်ဗျားလည်ပင်းကိုရိုက်ချိုးရလိမ့်မယ်. ."

ပြင်းထန်လှသည့် စကားလုံးများနှင့် ခန္ဓာကိုယ်တစ်ခုလုံးယိမ်းထိုးနေသည့် ဦးနော်ဖုံကိုကြည့်ရင်း ကျွန်ုပ်မှာ လွန်စွာစိတ်ပျက်နေမိသည်

ထိုအခါကျမှပင် ဦးစိုင်းလှံမှာရွှေပိုးကောင်ချည်ထားသောကြိုးစကို ဆက်ကနဲဆွဲယူကာ သစ်ပင်ပေါ်သို့ စတင်တက်လေတော့သည်။

နှစ်ကြိမ်မျှ ခြေချော်ထွက်သွားပြီးနောက် ဦးစိုင်းလှံမှာ ပေခုနှစ်ဆယ်နီးပါးအမြင့် ထိရောက်ရှိသွားလေသည်။

"ဘယ်ဘက်ကို တက်ရမလဲ ဦးနော်ဖုံ. ."

ဦးစိုင်းလှံက သစ်ပင်ပေါ်မှလှမ်း၍အော်မေးသည်။

"ဒီဘက်က အကြီးဆုံးကိုင်းဘက်ကို ဆက်တက်ဗျို့. ."

ဦးစိုင်းလှံကိုကား သစ်ခင်သစ်ရွက်များကြားတွင် ကွယ်နေသဖြင့် အောက်ဘက်မှတွေ့မြင်ရခြင်းမရှိပေ။ သို့သောအသံကိုတော့ကြားနေရသည်။

"ဘယ်ဘက်ကို ဆက်တက်ရဦးမှာလဲ ဦးနော်ဖုံ. ."

"ကျုပ်ပြောတာ သေသေချာချာ နားထောင်ပါ ခင်ဗျားတက်ခဲ့တဲ့ အကိုင်းတွေကိုရေတွက်ကြည့်စမ်းပါ. . ဘယ်နှစ်ကိုင်းလဲ. . ."

"ငါးကိုင်းရှိပြီ ဦးနော်ဖုံ"

"ဟုတ်ပြီ ဒါဖြင့်နောက်ထပ်နှစ်ကိုင်းဆက်တက်လိုက်ပါဦး"

ခေတ္တမျှအကြာ၌ အပေါ်ဘက်မှ အသံထွက်လာပြန်သည်။

"ခုနစ်ကိုင်းရောက်ပြီ ဦးနော်ဖုံ. ."

ထိုအခါ ဦးနော်ဖုံက လွန်စွာစိတ်လှုပ်ရှားနေသောလည်ချောင်းသံကြီးဖြင့်. . .

"ကောင်းပြီ အဲဒီအကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ကိုတိုးနိုင်သမျှ တိုးသွားစမ်းပါ” ဟုဆိုလိုက်သည်။

တျွန်ုပ်ကမူ ဦးနော်ဖုံ တစ်ယောက်လုံးလုံးရူးသွပ်သွားလေပြီဟု ထင်လိုက်မိသည်။

အပေါ်မှအသံကြားရပြန်၏။

“ရှေ့မတိုးရဲတော့ဘူး အကိုင်းရဲ့ရှေ့ဖျားမှာ ခြောက်နေတယ်ဦးနော်ဖုံ. .”

“ဘာ. . ဒီလိုဆိုရင် ဘာဆက်လုပ်ရမှန်းတောင်မသိတော့ပါဘူး. .”

စိတ်ပျက်လက်ပျက်ဖြစ်သွားပုံရသော် ဦးနော်ဖုံကိုကြည့်ကာ အခွင့်အရေးရလိုက်သောကြောင့် ကျွန်ုပ်ဝင်ပြောလိုက်သည်။

“ဘာလုပ်ရမလဲဆိုတော့ အိမ်ပြန်ပြီး စောင်ခြုံကွေးကြရုံပေါ့ဗျာ. . .”

ဦးနော်ဖုံက ကျွန်ုပ်စကားကိုပင် အရေးမလုပ်ဘဲ အပေါ်သို့ မော့၍ပြောလိုက်သည်။

“ဒီမှာ ဦးစိုင်းလျှံ. . . အကိုင်းကို ဓါးနဲ့ခြစ်ကြည့်စမ်း ခွေးနေသလားဆိုတာ သိရအောင်”

“ဟုတ်ကဲ့. . ဦးနော်ဖုံ”

ခေတ္တမျှအကြာတွင် အပေါ်မှအသံထွက်ပေါ်လာသည်။

“ခွေးတော့ ခွေးနေပါပြီ ဒါပေမယ့် လူတစ်ကိုယ်စာတော့ ကောင်းကောင်းခံနိုင်ပါသေးတယ်”

“ဟုတ်ပြီ. . ဟုတ်ပြီ ဒါဆိုရင်ကိုင်းဖျားနားရောက်သထက် ရောက်အောင် တိုးသွားပေတော့”

“ကြားတယ်. . ကြားတယ်”

“အကိုင်းဖျားအနား ရောက်ပြီလား. . ဘာတွေ့သလဲ ဦးစိုင်းလျှံ. .”

“ရောက်တော့မယ် အလို. . ဘုရား. . ဘုရား ကယ်တော်မူပါ ဒီဥစ္စာကြီးက သစ်ပင်ပေါ် ဘယ်လိုရောက်နေတာပါလိမ့်. . တကယ့်ကြောက်စရာပါလား ဟရို. .”

“ဦးစိုင်းလျှံ ဘာကိုတွေ့လို့လဲ. . .”

“အရိုးခေါင်းကြီးဗျ. .”

“ဘယ်လိုလုပ်ထားသလဲ ဦးစိုင်းလျှံ. . .”

“သံချောင်းကြီးတစ်ချောင်းနဲ့စိုက်ထားတယ်”

“ကောင်းပြီ ကျုပ်ပြောတဲ့အတိုင်းတစ်သွေမတိမ်းလုပ်ပေတော့ဗျို့. .”

“ဟုတ်ကဲ့. .”

“ခင်ဗျား သေချာမိတယ် နော်. . .”

“မိပါတယ်”

“ဒါဆိုရင် ဦးခေါင်းခွံရဲ့ ဘယ်ဘက်မျက်လုံးကို ထိသလား”

“ထိပါတယ်”

“ထိရင် အဲဒီဦးခေါင်းခွံကြီးရဲ့ ဘယ်ဘက်မျက်လုံးထဲကနေ ရွှေပိုးကောင်ကို ထည့်လိုက်ပေတော့ဗျို့. . .”

“ထည့်လိုက်ပြီ ဦးနော်ဖုံ”

“ဒါပေမယ့် ကြိုးကိုမလွှတ်နဲ့ဦးနော်. . ချနိုင်သမျှချ. .”

ကျွန်ုပ်မှာ ဦးနော်ဖုံ၏ လုပ်ရပ်ကို စဉ်းစားတွေးခေါ်နိုင်စွမ်းမရှိတော့သဖြင့် ဦးနော်ဖုံးအား ဟရူးတစ်ယောက်သဖွယ် ကြည့်နေမိတော့သည်။

ထိုအချိန်၌ ရွှေပိုးကောင်ကလေးမှာ သစ်ပင်ပေါ်မှ ကြိုးဖြင့် တွဲလောင်းကျလျက်ရှိနေသည်ကို တွေ့မြင်ရပေသည်။

ဝင်လုဆဲဆဲ နေရောင်ဖြင့် ရွှေပိုးကောင်ကလေး တဝင်းဝင်း တောက်ပလျက်နေတော့သည်။

“ပိုးကောင်ကလေးရဲ့ ကြိုးကို လွှတ်ချလိုက်တော့ ဦးစိုင်းလျှံ. . .”

“လွှတ်ချလိုက်ပြီ. .”

ရွှေပိုးကောင်ကလေးက သစ်ပင်ပေါ်မှ တစ်ဆင့်သစ်ပင် အောက်ခြေမြေပြင်သို့ ကျရောက်လာတော့သည်။

“ဟုတ်ပြီဗျို့. .”

ဦးနော်ဖုံက တစ်ခွန်းသာ အော်ပြီး ရွှေပိုးကောင်ကျရာ တည့်တည့်တွင် သစ်တစ်ချောင်းကို အသေအချာ ရိုက်သွင်းလိုက်သည်။

ထို့နောက် အိတ်ထဲမှ ပေကြိုးတစ်ချောင်းကို ထုတ်ယူကာ ပေကြိုးအစကို သစ်ပင်ကြီးပင်စည်





www.burmeseclassic.com

www.burmeseclassic.com



နှင့် စောစောကသစ်သားချောင်း ရိုက်သွင်းထားရာနေရာသို့ သွယ်တန်းသည်။

ပြီးလျှင် သစ်ပင်မှလည်းကောင်း သစ်သားချောင်းမှလည်းကောင်း၊ တည့်တည့်တန်းတန်း ပေငါးဆယ်ဆက်ဆွဲပြန်၏။

“ကျုပ် ဘာဆက်လုပ်ရဦးမလဲ ဦးနော်ဖုံ. .”

“ဩော်. . ဟုတ်သားပဲ ဘာမှဆက်လုပ်စရာမရှိတော့ပါဘူး. . အမြန်ဆုံးသာ အောက်ကိုဆင်းခဲ့ပေတော့ဗျို. . .”

ကျွန်ုပ်ကြည့်နေစဉ် ဦးနော်ဖုံက ပေ ၅၀ပြည့်သည့်နေရာတွင် ဒုတိယသစ်သားချောင်းတစ်ချောင်းကို ထပ်ရိုက်သွင်းပြန်၏။

ထို့နောက် ထိုသစ်သားချောင်းကိုဗဟိုပြု၍ အချင်းလေးပေခန့်ရှိ စက်ဝိုင်းတစ်ဝိုင်းကိုဆွဲလိုက်လေ၏။

ပြီးလျှင် ဦးနော်ဖုံက သစ်ပင်ပေါ်မှ ဆင်းလာသော ဦးစိုင်းလျှံနှင့် ကျွန်ုပ်အား ဂေါ်ပြားတစ်လက်စီပေးကာ. .

“ကဲ. . တူးပေတော့ဗျို့. .”

ဟုဆိုလျှက် ၎င်းကိုယ်တိုင်လည်း ဂေါ်ပြားတစ်လက်ဖြင့် တူးလေရာ ကျွန်ုပ်တို့လည်း ဘုမသိဘမသိဖြင့် တူးရလေတော့၏။

အမှန်အတိုင်းဆိုရလျှင် ကျွန်ုပ်အနေဖြင့် တူးချင်စိတ်မရှိပေ။

မီးအိမ်များကို ထွန်းညှိလျက် နှစ်နာရီခန့် တူးဆွကြရာ မြေတွင်းမှာ အနက်ငါးပေတိုင် ရောက်ခဲ့လေပြီ၊ သို့သော် မည်သည့်အရာကိုမှ တွေ့ရှိရခြင်းမရှိပေ။

“ကဲဗျာ. . စက်ဝိုင်းအပြင်ဘက်ရောက်တဲ့အထိ တူးကြပါဦး”

ဦးနော်ဖုံပြောသည့် အတိုင်းဆက်တူးကြပြန်သည်။ သို့ရာတွင် အချည်းနှီးသာ. .

“တော်ပြီ. . တော်ပြီ ကျုပ်လက်လျှော့လိုက်ပြီ၊ ဦးစိုင်းလျှံ ပစ္စည်းတွေကို သိမ်းသွားကြစို့. .”

ဆိုးရွားဆုံးသော စိတ်ပျက်မှုက ဦးနော်ဖုံမျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။





ဦးစိုင်းလျှံက ပစ္စည်းများကို သိမ်းယူနေရာ ကျွန်ုပ်က မီးအိမ်နှစ်လုံးကိုဆွဲယူကာ ထွက်ခွာခဲ့ကြ၏။

သို့သော် ခြေလှမ်းနှစ်ဆယ်ခန့်လျှောက်ပြီးသောအခါ ဦးနော်ဖုံက ခြေလှမ်းကို ရုတ်တရက်ရပ်တန့်လိုက်ကာ ဦးစိုင်းလျှံဘက်လှည့်ကာ. .

“ဒီမှာ ဦးစိုင်းလျှံ. . ခင်ဗျားမှန်မှန်ပြောစမ်း၊ ခင်ဗျားရဲ့ဘယ်ဘက်မျက်လုံးဟာ ဘယ်ဟာလဲ. .”

“ဒီဟာ ဘယ်ဘက်မျက်လုံးမဟုတ်လား. . ဦးနော်ဖုံ. .”

ဦးစိုင်းလျှံက ၎င်း၏ လက်တစ်ဖက်ဖြင့် ၎င်း၏ညာဘက်မျက်လုံးကို ညွှန်ပြ၏။

“ဟား. . ဟား. . ဟား ငါထင်တဲ့အတိုင်းပါပဲလား၊ ဟား. . ဟား. . ဟား. .”

ကျွန်ုပ်မှာ အားပါးတရရယ်နေသော ဦးနော်ဖုံကို ကြည့်ကာ. . မည်သို့ဆိုးဖြတ်ရမှန်းမသိ အောင်ပင်ဖြစ်နေမိသည်။ ထို့နောက် ဦးနော်ဖုံက ကျွန်ုပ်အား ကြည့်ကာ ပီတိဖြစ်နေသော မျက်နှာဖြင့်. .

“လာဗျို့. . ဦးမင်းအောင် အလုပ်ကမပြီးသေးဘူး. . ဆက်ကြဦးစို့. .”

ဟုဆိုကာ သစ်ပင်ကြီးဆီသို့ ဦးတည်သွားပြန်လေသည်။ သစ်ပင်ကြီးခြေရင်းသို့ ရောက်လျှင် ဦးနော်ဖုံက. .

“ဦးစိုင်းလျှံ အရိုးခေါင်းခွံရဲ့ မျက်နှာက သစ်ပင်ဘက်လှည့်ထားသလား. . အပြင်ဘက်လှည့်ထားသလား. .”

“အပြင်ဘက် လှည့်ထားပါတယ်. .”

“ဒါဖြင့်. . ခင်ဗျားပိုကောင်ကို ကြိုးနဲ့တွဲလောင်းချလိုက်တာ ဒီဘက်မျက်လုံးလား. . ဟိုဘက်မျက်လုံးလား. .”

“ဒီမျက်လုံး”

ဦးစိုင်းလျှံက သူ့ညာဘက်မျက်လုံးကို ထိကိုင်ရင်းပြောသည်။

“ဟား. . ဟား. . ဟား



www.burmeseclassic.com

www.burmeseclassic.com

တော်ပြီ . . ရပြီ၊ ကျုပ်သဘော ပေါက်သွားပြီ . . ”

ဦးနော်ဖုံက ထိုသို့ပြောရင်း မြေပေါ်တွင် စိုက်ထားသော ပထမ သစ်သားချောင်းသပ်ကို နှုတ်ကာ မူလနေရာ၏ အနောက်ဘက် သုံးလက်မခန့်အကွာတွင် ရွှေ့စိုက်လိုက်သည်။

ထို့နောက် ပေကြိုးကို ထုတ်၍ ထိုသစ်သားချောင်းသပ်နှင့် အနီးဆုံးသစ်ပင်ကြီး၏ ပင်စည်တွင် ကြိုးစကို ချည်နှောင်က မူလလုပ်သည့်အတိုင်း သပ်ဆီသို့ ကြိုးစကို ဆွဲလာသည်။

ပြီးလျှင် ပေငါးဆယ် ဆက်ဆွဲကာ ဒုတိယသစ်သားချောင်းသပ်ကို စိုက်လျှင် ယင်းကို ဗဟိုပြုပြီးနောက် ယခင်စက်ဝိုင်းထက် ကြီးသော စက်ဝိုင်းတစ်ဝိုင်းကို ဆွဲပြန်လေ၏။

ထို့အတွက် ပထမစက်ဝိုင်းနှင့် လွန်စွာဝေးကွာသွားလေ၏။

“ကဲ . . တူးကြပေတော့ဗျို့”

ထို့ကြောင့် ကျွန်ုပ်နှင့် ဦးစိုင်းလျှံတို့လည်း ဘာမှမပြောကြ တော့ဘဲ ပင်ပန်းနွမ်းနယ်နေသည့် ကြားမှ ဆက်လက်၍ တူးဆွကြရပြန် လေသည်။

သို့ရာတွင် ယခုအခါ၌ ကျွန်ုပ်အနေဖြင့် ဦးနော်ဖုံအပေါ်တွင် အထင်သေးခြင်း စိတ်ပျက်ခြင်းများ ပြေပျောက်ကာ တူးဆွခြင်းကိုလည်း အတန်အသင့် စိတ်ဝင်စားလာ လေသည်။

“အူး . .”

တစ်နာရီခန့် တူးမိသည် တွင် မည်သည့်အကြောင်းအကြော မသိ ဦးနော်ဖုံ၏ ခွေးလိမ္မာကြီးမှာ ဆွဲဆွဲငင်ငင် အူလိုက်ရာ ကျွန်ုပ်မှာ ကြက်သီးမွေးညှင်းများပင် ထသွား မိသည်။

“ဘာဖြစ်တာလဲဟေ့ . . ဒီလောက်ဖြစ်လှတဲ့ကောင်”

ဦးစိုင်းလျှံက ခွေးကြီး၏ ပါးစပ်ကို ကြိုးဖြင့်ချည်နှောင်ရ ကြိုးစားလိုက်သောအခါ ခွေးကြီးက မချိမဆန့် ရုန်းကန်ကာ ကျွန်ုပ်





တူးထားသော မြေတွင်းထဲသို့ ခုန်ချ လိုက်လေသည်။

တွင်းထဲ ရောက်လျှင် မြေကြီးကို သူ၏ လက်များဖြင့် အပြင်း အထန်ယက်ထုတ်နေတော့သည်။

စက္ကန့်အနည်းငယ်အကြာ တွင် ထူးဆန်းသော အရာများကို တွေ့လိုက်ကြရလေသည်။

“ဟာ . . . လူ့အရိုးတွေ ပါလား၊ အရိုးစုက နှစ်ခုဗျ ကြည့်စမ်း ဆွေးမြေ့နေတဲ့အဝတ်အစားတွေ နဲ့ သတ္တုကြယ်သီးတွေလည်း တွေ့ ရတယ်”

ဦးနော်ဖုံက အားပါးတရ ပြောလိုက်၏။

ဦးစိုင်းလျှံက ဆက်လက်တူး သောအခါ ဂျပန်ကင်ဒိုဓါးကြီး တစ်ချောင်းပေါ်လာသည်။

“ဟုတ်ပြီ ဟုတ်ပြီ . . . ဆက်ပြီးတူးစမ်း ဦးစိုင်းလျှံရေ”

ဆက်ပြီးတူးသောအခါ ငွေဒင်္ဂါးသုံးလေးပြားကို အံ့သြ ဖွယ်ရာတွေ့ရှိရပြန်သည်။

ထို့နောက် ကျွန်ုပ်တို့ အားလုံး စိတ်ပါလက်ပါ ဆက်တူး ကြရာ မကြာမီ သစ်သားသေတ္တာ ကြီးတစ်လုံးပေါ်လာလေ၏။

“ကျုပ်ရဲ့အတွေ့အကြုံ အရ မာကျူးဒိုင်ကလိုရိဒ် အသား ဟာမှာကြောနေတာဗျ”

သေတ္တာကြီးမှာ သုံးပေပတ် လည်ခန့်ရှိပြီး နှစ်ပေခွဲခန့်မြင့်ပြီး လျှင် သံပြားများကို ရေဗစ်ရိုက်၍ ခိုင်မြဲစွာ ပိတ်ထားသည်ကို တွေ့ရ ၏။

သေတ္တာကြီး၏ ဘေးတစ် ဘက်တစ်ချက်တွင် သံကွင်း သုံးကွင်း စီတပ်ထားရာ လူခြောက်ယောက် သယ်ဆောင်နိုင်ရန် စီစဉ်ထားခြင်း ဖြစ်သည်ဟု နားလည်မိ၏။

“ကျွန်ုပ်တို့ သုံးယောက်နဲ့ ဒီသေတ္တာကြီးကို ဘယ်လိုမှ မလို့ မရနိုင်ဘူးဗျ . . ဒါပေမယ့် အဆင် ပြေအောင်တော့ လုပ်ကြတာပေါ့ ဗျာ . . . ”

ဦးနော်ဖုံက စိတ်လှုပ်ရှား သည့်အသံနှင့်ပြော၏။ ပြီးနောက် “ဦးစိုင်းလျှံ သေတ္တာဖုံးကို


www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လိုက်စမ်းပါဗျာ"

"ဟုတ်ကဲ့"

ပြောပြောဆိုဆို ဦးစိုင်းလှုံ့က သေတ္တာဖုံးကို ဆွဲဖွင့်လိုက်လေရာ အဖုံးမှာ လွယ်လွယ်ကူကူ ပွင့်သွားလေသည်။

"ကျွီ. . ကျလီ. . "

"ဟာ. . . "

"ဟင်. . "

"အို"

ကျွန်ုပ်တို့ အားလုံးပင် အတိုင်းမသိ အံ့သြခြင်းဖြစ်လျှက် ပါးစပ်များဟသွားကြလေ၏။

အကြောင်းမှာ မီးရောက်အောက်တွင် ရွှေငွေရတနာများကို တွေ့လိုက်ရသောကြောင့်ပေတည်း။

"ချလွင်. . ချလွမ်"

ဦးနော်ဖုံက ရွှေငွေရတနာများထဲသို့ တံထောင်ဆစ်မြုပ်သည်အထိ လက်များကို ထိုးသွင်းလိုက်သည်။

ကျွန်ုပ်မှာ မကြုံစဖူး မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အံ့သြသင့်နေမိသည်။ ထို့နောက်မှ ကျွန်ုပ်က

"ကဲ . . . ဦးနော်ဖုံ ဆောင်ရွက်စရာရှိတာတွေ ဆောက်ရွက်ကြမှတော့မယ်"

ဟု သတိပေးလိုက်၏။

"ဟုတ်တယ်ဗျ. . အရက်မတက်မီ ရတနာတွေ အိမ်ရောက်မှဖြစ်မယ်"

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် ရတနာများအား ဦးနော်ဖုံ၏ တဲအတွင်းသို့ သယ်ဆောင်ခဲ့ကြသည်။

"ကဲ . . ဒီရတနာတွေရဲ့အောင် ဘယ်လိုစိတ်ကူး စိတ်သန်းတွေ ပေါ်ပေါက်ခဲ့တယ်ဆိုတာ ပြောပြစမ်းပါဦး ဦးနော်ဖုံ. . . "

ကျွန်ုပ်က စိတ်ဝင်တစားမေးလိုက်မိရာ ဦးနော်ဖုံက

"ခင်ဗျား မှတ်မိပါလိမ့်မယ် . . ရွှေပိုးကောင်ပုံ ဆွဲပြီး လှမ်းပေးခဲ့တဲ့ညလေ"

"ဗျာ. . "

"ခင်ဗျားက ကျုပ်ဆွဲတဲ့ပိုးကောင်ရဲ့ပုံဟာ လူခေါင်းခွံနဲ့တူတယ်လို့ပြောတဲ့အခါ ကျုပ်အမူအရာပြောင်းသွားတာ ခင်ဗျားမှတ်မိမှာပေါ့နော်. . . "

"ကျုပ်သတိပြုမိပါတယ်"

"ဦးမှင်ပုံဆွဲရက်နဲ့ ဦးမှင်ပျောက်နေတာကို ကျုပ်မကျေနပ်ဘူး၊ ဒါကြောင့် စက္ကူကို လုံးချေထွေးပြီး မီးဖိုထဲပစ်ချမလို့ လုပ်သေးတယ်"

"ဟုတ်တယ်လေဗျာ"

"နောက်တော့မှ ကျုပ်တွေးမိတယ်. . ခင်ဗျား ကိုင်ကြည့်တဲ့အခိုက် စက္ကူကိုခွေးကလျက်လိုက်တာဗျ. . "

"ဗျာ. . စက္ကူကိုခွေးက ဟုတ်လား. . "

"အမှန်က စက္ကူမဟုတ်ဘူးဗျ. . အဲဒါဟာ ကျုပ်ကောက်ရခဲ့တဲ့ သားရေပြားတစ်ချပ်ပေါ့. . "

"အို. . ဒီလိုကိုး. . "

"ရွှေပိုးကောင်လေးကို ကုန်းမြေကမ်းဦးပေါ်က ကောက်ရခဲ့တာ သူကကျုပ်ကို ကိုက်လို့ လွှတ်ကျသွားချိန်မှာ ပြန်ဖမ်းတော့သူနဲ့မလှမ်းမကမ်းသဲပြင်မှာ အဲဒီသားရေပြားကို မြုပ်လျက်သားတွေ့ရတာပါပဲ ပထမတော့ စက္ကူလို့ ထင်မိတယ်၊ သဲထဲမှာမြုပ်ပြီး ထောင့်စွန်းလေးပဲပေါ်နေတာဗျ. . "

"သြော်. . "

"ကျုပ်က ဘာမှန်းမသိဘဲ အမှတ်မထင့်အိတ်ထဲထည့် ခင်ဗျားကိုတွေ့တော့ ရွှေပိုးကောင်ပုံ ဆွဲပြဖို့ စက္ကူမရှိတာနဲ့ အဲဒီသားရေပြားပေါ်မှာ ရေးပြတဲ့အခါ ခင်ဗျားက ကြည့်နေခိုက် ခွေးလျက်လို့ ပိုးကောင်ရဲ့ ဦးမှင်တွေပျက် အဲ. . ခင်ဗျားရဲ့ လက်က အမှတ်မထင် မီးပုံနားရောက်သွားခဲ့တယ်၊ အဲဒါ မှတ်မိလား. . . "

"အင်း . . မှတ်မိပါတယ် လေ. . . "

"ကျုပ်စက္ကူကို လှမ်းယူပြီးလို့ ခြေလိုက်တဲ့အချိန်မှာ ရွှေပိုးကောင်ရဲ့ ပုံအပြင် လူဦးခွံကိုပါ တစ်ပြိုင်နက်တွေ့လိုက်ရတာပဲ ဒီလိုဗျာ ဓာတုဗေဒဆေးရည်နဲ့ ရေးထားတဲ့ လျှို့ဝှက်မင်တစ်မျိုး

www.burmeseclassic.com



ဟာ အပူပေးမှ သူ့အရိုလိုပေါ်လာတာပဲလေ. . ”

“မှန်ပါတယ်. . ”

“ခင်ဗျားပြန်သွားတော့ သားရေချပ်ကို မီးကင်ပြီး ကျုပ် သေသေချာချာ စစ်ဆေးကြည့်တော့ အရိုးခေါင်းစုံအောက်မှာ ဝှက်စာတွေကို တွေ့ရတော့တာပေါ့. . ”

“ဘယ်လိုဝှက်စာလဲဗျ. . ”

“ဝှက်စာရဲ့ မူရင်းကို ကြည့်ရင် ခင်ဗျားနားလည်မှာ မဟုတ်ဘူး၊ နောက်ဆုံးကျတော့ စာအုပ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ချရေးကြည့်တဲ့အခါ ဟောဒီလို ထွက်လာတာဗျ. . ”

ပြောပြောဆိုဆို ဦးနော်ဖုံက မီးသွေးခဲတစ်ခဲဆွဲ၍အောက်ပါအတိုင်း ရေးပြလေ၏။

“ကျောင်းထိုင်ဘုန်းကြီးတောင်က တစ္ဆေထိုင်ခုံမှာရှိတဲ့ မှန်ပေါင်းတစ်ချပ် ၄၁ ဒီကရီနဲ့ ၁၃မိနစ် အရှေ့မြောက်ဘက်ကိုင်းမကြီး ခုနှစ်ခု၊ ကိုင်းဖျား ဦးခေါင်းခွံဘယ်မျက်လုံးမှချလမ်းကြောင်း အပြင်ဘက် ပေ ၁၅၀တိတိ. . ”

“တယ်ဟုတ်ပါလားဗျ. . ခင်ဗျားရဲ့ စကားဝှက်ကို ရှင်းပြပေးစမ်းပါဦး. . နောက်ခင်ဗျား ဘယ်လိုလုပ်သလဲ. . ”

“ကျောင်းထိုင်ဘုန်းကြီးတောင်ဆိုတာ ကျောက်ဆောင်မြင့်ကြီးပဲဗျ. . အဲဒါဟာ ထိုင်ခုံလို ဖြစ်နေတယ်၊ ကျုပ်ခင်ဗျားကို လိုက်ပြပါဦးမယ်. . . ”

“တယ်လည်း စိတ်ဝင်စားစရာကောင်းလှပါကလား. . ”

“မှန်ပေါင်းတစ်ချပ်ဆိုတာကတော့ မှန်ပြောင်းကိုဆိုလို မှန်း ကျုပ်ရိပ်မိတာမို့ အဲဒီကျောက်ထိုင်ခုံကြီးကနေပြီး မှန်ပြောင်းနဲ့ အရှေ့မြောက်နဲ့ မြောက်ဘက်ကို လှမ်းကြည့်အခါ သစ်ပင်မြင့်ကြီးတစ်ပင်ပေါ်မှာ လူဦးခေါင်းခွံ တစ်ခုကို တွေ့ရတော့တာပါပဲ”

“တော်ပါပေ့ဗျာ. . ”

“အဲဒီခေါင်းခွံရဲ့ ဘယ်ဘက်မျက်လုံးပေါက်ထဲကနေပြီး ရွှေပိုးကောင်တလေးကို ပစ်ချလိုက်ရတာပဲ ကျန်တာတွေကတော့ ခင်ဗျား သိပြီးမြင်ပြီးတဲ့အတိုင်းပါပဲ. . ”

“ဒါနဲ့ ဒီရတနာတွေက ဘယ်ကနေဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်နေတာလဲဗျာ. . ”

“ဂျပန်တွေ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်က ဆုတ်ခွာအပြေးမှာ တပ်ပျက်ပြီး လူစုကွဲ ထွက်ပြေးလာတဲ့ ဂျပန်စစ်သားတစ်စုဟာ မြိတ်မြို့က တစ်ဆင့် ဒီကျွန်းပေါ်ကို ရောက်လာခဲ့ပါလိမ့်မယ်၊ ဒီရတနာတွေကတော့ သူတို့နဲ့အတူပါလာတဲ့ ဥစ္စာတွေပေါ့ဗျာ. . ”

“ကျုပ်တို့ တူးဆွကြတော့ မြေကြီးထဲက ပေါ်လာတဲ့ ဂျပန်ဓါးတစ်ချောင်းကို ခင်ဗျားတွေ့တယ်မဟုတ်လား. . ”

“တွေ့တယ်လေ. . ”

“ဒီရတနာတွေဟာ ဂျပန်တွေ မြှုပ်နှံခဲ့တဲ့ ရတနာတွေပေါ့ ပါပမယ့် ဒီလိုစကားဝှက်နဲ့ သားရေပြားပေါ် ရေးခဲ့တာယ်တော့ အံ့ဩစရာကောင်းတယ်၊ ပြီးတော့ ဒီသားရေပြားဟာ ဘယ်လိုလုပ်ပြီး သောင်ပြင်ပေါ် ရောက်နေတာလဲ ဒါကပိုပြီးတော့ အံ့ဩစရာကောင်းတယ်. . . ”

“အေးပေါ့ဗျာ. . ခင်ဗျားနဲ့ထိုက်လို့ ခင်ဗျားရတာပေါ့ ထိုက်သူ့စံပေါ့ဗျာ. . ဦးနော်ဖုံ. . ”

“ဒီအထဲမှာ ခင်ဗျားနဲ့ ဦးစိုင်းလှုံတို့လည်း ပါ,ပါတယ်ဗျာ ဟုတ်တယ်မဟုတ်လား. . ဟား. . ဟား. . ဟား. . ” ဦးနော်ဖုံက သဘောကျစွာ ရယ်မောလိုက်လေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com






## "တောင်ထိပ်ပေါ်က မြွေသူတော်"

ဝါးဖြူတောင်ခြေရှိ ဇရပ်ကြီးကျေးရွာတွင် ကိုညိုနှင့်မမြိုင်တို့ဇနီးမောင်နှံနေထိုင်ကြ၏။

တစ်နေ့မမြိုင်သည် ခင်ပွန်းဖြစ်သူကိုကိုညိုအား ယူဆန်းသောစကားတစ်ခွန်းကို ပြောဆိုလေ၏။

"ကိုညိုရယ် ကျွန်မစိတ်ထဲမှာအခုတလော ဘယ်လိုဖြစ်နေမှန်းမပြောတတ်ပါဘူး ဝါးဖြူတောင်ပေါ်က စေတီကလေးကို သွားရောက်ဖူးမြော်ချင်တဲ့ စိတ်တွေဖွားဖွားပေါ်ပေါက်နေတယ်ရှင်"

ထိုအခါကိုညိုက. .

"ဝါးဖြူတောင်ပေါ်က ဘုရားဖူးချင်တယ် ဟုတ်လားမမြိုင် ကောင်းတာပေါ့ကွ ဘုရားဖူးချင်တယ်ဆိုတာ ကုသိုလ်ရတဲ့အလုပ်ပဲ မနက်ဖြန် ဝါးဖြူတောင်ပေါ်ကို တက်ပြီးဘုရားဖူးကြတာပေါ့ကွာ" ဟုပြောလိုက်လေ၏။

သူတို့ဇနီးမောင်နှံနှစ်ဦး မှာ ဝါးဖြူတောင်ပေါ်သို့ မရောက်ဖြစ်ခဲ့သည်မှာ အတော်ကြာခဲ့လေပြီ။ယခင်က ဝါးဖြူတောင်ထိပ်ပေါ်ကစေတီကလေး၌ နှစ်ဦးသားသစ္စာတိုင်ရတုတွေ ဆိုခဲ့ကြသည်မှာအမောသား. . .

ယခုတော့ တစ်နေ့တစ်နေ့အလုပ်ထဲတွင်သာ နစ်မြုပ်နေရသဖြင့် တောင်ပေါ်သို့ မရောက်နိုင်တော့ သစ္စာတိုင်ရတုတွေလည်းမဆိုနိုင်တော့။

တကယ်တော့ ယခင်က သူတို့နှစ်ဦးဘဝသည် သမီးရည်းစားဘဝယခုရောက်ရှိနေပြီဖြစ်သောဘဝသည်အိမ်ထောင်သည်ဘဝ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှ မတူနိုင်တော့ပြီ။

ကိုညိုသည် အတိတ်အကြောင်းများကို တွေးမိရင်းမှ ကြည်နူးသလိုလို ဝမ်းနည်းသလိုလို ခံစားမိလေ၏။ ထို့ကြောင့်ကိုညိုက ဇနီးသည်ဖြစ်သူ မမြိုင်အား . . .

"မမြိုင်ရယ် မင်းပြောမှ ငါလည်းသတိရမိတယ်၊ စေတီက ဆည်းလည်းသံလေးတွေကို အခုတောင် ငါ့နားထဲမှာ ကြားလာသလိုပဲ"ဟုပြောလိုက်လေ၏။

နောက်တစ်နေ့ မနက်စောစောတွင်ကိုညိုတို့ဇနီးမောင်နှံသည် ဝါးဖြူတောင်ပေါ်သို့ တက်ခဲ့ကြလေသည်။ ဝါးဖြူတောင်သည် ပေါင်းလောင်းတောင်တန်းကြီး၏ တောင်စွယ်တစ်ခုဖြစ်ပြီး ပေပေါင်း ၂၀၀၀ကျော်ခန့်မြင့်၏။

သူတို့နှစ်ယောက်သည် စကားတပြောပြောဖြင့် တက်လာခဲ့ကြသည်။ အတော်ကြာကြာ တက်လာပြီးသောအခါ ဝါးဖြူတောင် တောင်ထိပ်သို့ ရောက်ရှိကြလေ၏။

တောင်ထိပ်ပေါ်တွင် ထုံး စေတီဖြူကလေးတစ်ဆူကို ဖူးတွေ့ရလေ၏။ စေတီကလေးနှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင် ဝါးကျောင်းကလေး တစ်ကျောင်းရှိ၏။

သူတို့ဇနီးမောင်နှံလည်း စေတီကလေး၏ ရင်ပြင်၌ထိုင်ကာ ဘုရားကိုရှိခိုး ကန်တော့ကြလေ၏။ ထိုအချိန်တွင် တောင်ပေါ်လေက တဖြူးဖြူးတိုက်ခတ်၍ ဆည်းလည်းသံကလေးများက တချွင်ချွင်ပျံ့လွင့်၍လာလေ၏။ ဘုရားကိုဦးချ ကန်တော့ပြီးသောအခါ မမြိုင်က. .

"ကိုညိုရယ်. . ကျွန်မဖြင့် ရင်ထဲ အေးမြသွားတာပဲ ရှင် တကယ်ကိုစိတ်နှလုံး ဘယ်လို အေးချမ်းနေမှန်းတောင် မပြောတတ်တော့ပါဘူး. . "

ဟုဆိုလေ၏။ ကိုညိုသည် ဇနီးသည်ကိုပြုံး၍ ကြည့်လိုက်ပြီး နောက်ပတ်ဝန်းကျင်အဝေးဆီသို့





လှမ်းမျှော်၍ ကြည့်လိုက်လေ၏။ အဝေးဆီတွင် တောင်တန်းညိုညိုကြီးကိုမြင်ရလေသည်။

ထို့နောက်ဇနီးသည်ဘက်သို့လှည့်ကာ. . .

"ငါတို့စေတီတော်ကို တစ်ပတ်ပတ်ပြီး ဖူးကြရအောင်"

ဟုဆိုလိုက်ပြီး ရှေ့မှစတင်ထွက်ခွာသွားလေရာ မမြိုင်လည်း နောက်မှလိုက်ပါသွားလေ၏။

သူတို့သည် စေတီကလေးအားတစ်ပတ်ပတ်မိကြ၏။ ထိုအချိန်မှာပင် စေတီကလေးနှင့် ခပ်လှမ်းလှမ်းရှိ ဝါးကျောင်းကလေး နဘေးဝါးရုံတောကြားမှ ရှူးကနဲမြည်သံတစ်ခုနှင့်အတူ ကြီးမားလှသော မြွေကြီးတစ်ကောင် ထွက်ပေါ်လာသည်ကို နှစ်ဦးသား တွေ့လိုက်ရလေ၏။

"အို"

"ဟာ"

ဇနီးမောင်နှံ နှစ်ဦးမှာ ရုတ်တရက် ထိတ်လန့် တုန်လှုပ်သွားကြသည်။

"မြွေ. . မြွေ. . မြွေကြီး ကိုညိုလုပ်ပါဦး"

မမြိုင်က အလန့်တကြား အော်လိုက်ရာ ကိုညိုမှာမမြိုင်လက်ကိုဆွဲကာ မြွေကြီးနှင့် ဝေးရာဆီသို့ ခပ်သုတ်သုတ် ပြေးထွက်ခဲ့လေ၏။ အတော်ဝေးဝေးဆီသို့ ရောက်သောအခါတွင်မှ ကိုညိုရောမမြိုင်ပါ ဖျက်ကနဲ ပြိုင်တူနောက်သို့ လှည့်ကြည့်လိုက်မိ၏။

"ဟာ"

"အို"

ထိုအခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် နှစ်ဦးစလုံး အံ့အားသင့်မိကြ၏။ မြွေကြီးသည် ထုံးစေတီဖြူဖြူကလေးရှေ့သို့ ရောက်နေပြီ စေတီကလေးကို ဦးခိုက်နေကြောင့်ပေတည်း။

"ကြည့်ပါဦးကိုညိုရယ် မြွေကြီးက ဘုရားကိုရှိခိုးနေလိုက်တာ. . "

မမြိုင်က တအံ့တသြဆိုလိုက်ရာ ကိုညိုက. . .

"ဟုတ်တယ် မမြိုင်ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာကွာ . . ဧကန္တတော့ ဘုရားကို စောင့်နေတဲ့ သူတော်ကောင်းမြွေကြီးပဲဖြစ်မယ် ထင်တယ်"

ဟုပြောလိုက်ရာ ထိုအခါ မမြိုင်က . .

"ဟုတ်တယ် ကိုညို၊ သူတော်ကောင်းမြွေကြီးထင်တယ်၊ ကျွန်မတို့ ရည်းစားဘဝက ဒီတောင်ပေါ်လာပြီး ခဏခဏဘုရားဖူးကြတာပဲ ဒီမြွေကြီးကိုမတွေ့မိပါဘူး ကိုညိုရောတွေ့မိလား . ."

ဟုမေးလိုက်လေရာ ကိုညိုကလည်း "ငါလည်းမတွေ့မိပါဘူး မမြိုင်ရာ ဒီနေ့မှ ထူးထူးခြားခြား ဘယ်ကဘယ်လို ဒီမြွေကြီးထွက်လာမှန်း မပြောတတ်ပါဘူး . ."

ဟုဖြေလေရာ . .

သူတို့သည် တော်တော်ဝေးနေရာမှ မြွေကြီးကိုလှမ်း၍ ကြည့်နေမိကြ၏။ မြွေကြီးသည် ဘုရားကိုဦးခိုက်ပြီးနောက် စေတီတော်လေးကို သူများကဲ့သို့ ပတ်ကာပူဇော်နေပြန်သည်။

ကိုညိုတို့ဇနီးမောင်နှံသည် မြွေကြီး၏လှုပ်ရှားပုံများကို စူးစူးစိုက်စိုက် ကြည့်နေကြ၍ မြွေကြီးသည်စေတီတော်အား သုံးပတ်တိတိ ပတ်ပြီးရှိခိုးကန်တော့ပြန်လေသည်။

ထို့နောက်မခါင်းစောင်းကာ ကိုညိုတို့ ဇနီးမောင်နှံဘက်သို့ လှည့်၍ကြည့်၏။

"ကိုညို၊ ကိုညိုမြွေကြီး ကျွန်မတို့ဘက် ကြည့်နေပြီ လုပ်ပါဦး . ."

မမြိုင်က မိန်းမသားပီပီ ကြောက်လန့်တကြား ပြောသည်။ သို့သော် မြွေကြီးမှာသူတို့ နှစ်ဦးကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ပြီး စေတီကလေးရှေ့မှ လျောကနဲ ထွက်ခွာသွားရာ ခပ်လှမ်းလှမ်းရှိ ဝါးကျောင်းကလေး၌ဘေးရှိ ဝါးရုံတောများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

သူတို့ဇနီးမောင်နှံမှာ ထူးဆန်းလှသော အဖြစ်အပျက်ကြောင့် ရုတ်တရက်ငေးငိုင်သွားမိကြသည်။





ပြီးမှ ကိုညိုက . .

"အင်း ဒီမြွေကြီးက တို့လိုပဲ ဘုရားဖူးလာတာဖြစ်လိမ့်မယ် ထင်တယ်၊ ဘုရားဖူးလာသူ အချင်းချင်းအန္တရာယ်တော့ ပြုလိမ့်မယ်၊ မထင်ပါဘူးကွာ လာလာဟို ဝါးကျောင်းလေးပေါ်က ဆရာတော်ကိုသွားပြီး ကန်တော့ရင်း ဒီကြောင်းကို လျှောက်ထားကြည်ဦးမှပဲ . ."

တအောင့်အကြာတွင် ဝါးကျောင်းကလေးပေါ်သို့ ရောက်ရှိသွားကြသည်။

"ဆရာတော် ဘုရား တပည့်တော်တို့ကို ဝင်ခွင့်ပြုပါဘုရား . ."

ကိုညိုက လျှောက်ထားလိုက်လျှင် ဝါးကျောင်းတွင်းမှ ဆရာတော်၏အသံထွက်ပေါ်လာသည်။

"ဟဲ့ . . ဘယ်သူတွေတုန်း ဝင်ခဲ့ကြလေကွယ် . ."

ဆရာတော်၏ခွင့်ပြုချက်ရလျှင် ကိုညိုတို့ဇနီးမောင်နှံ ဝါးကျောင်းကလေးအတွင်းသို့ ဝင်ခဲ့ကြ၏။ ဆရာတော်အား ဝတ်ပြုကန်တော့ကြပြီး ကိုညိုမှ . .

"ဆရာတော် ဘုရား တပည့်တော်တို့ဟာ တောင်ထိပ်ပေါ်က စေတီကလေးကို လာရောက် ဖူးမြော်ကြတာပါ တပည့်တော်က မောင်ညိုပါဘုရား"

ဟုလျှောက်တင်လေရာ မမြိုင်ကလည်း . .

"တပည့်တော်မက မမြိုင်ပါဘုရား"ဟုလျှောက်တင်လေ၏။

ထိုအခါ ကိုညိုက . .

"အရှင်ဘုရား တပည့်တော်တို့လိုပဲ ဘုရားဖူးလာတဲ့ သူတစ်ဦးကို ထူးထူးဆန်းဆန်း တွေ့လိုက်ရလို့ အရှင်ဘုရားကိုလျှောက်ထားချင်လို့ပါ . . ဘုရား . ."

ဟုလျှောက်တင်လိုက်လေရာ ဆရာတော်က . . .

"အင်း . . လက်စသတ်တော့မောင်ညိုတို့ ဇနီးမောင်နှံက မြွေသူတော်ကြီးကို တွေ့ခဲ့ကြပြီကိုး"

ဟုမိန့်လိုက်လေသည်။

ကိုညိုက . .


www.burmeseclassic.com

www.burmeseclassic.com



"မြွေသူတော်ကြီး ဟုတ်လားဘုရား. . ."

"ဟုတ်တယ်ကွဲ့. . မြွေသူတော်ကြီးပဲ မြွေသူတော်ကြီးဟာ ဘုန်းဘုန်းဝါးကျောင်းကလေးရဲ့ အနောက်ဘက်က ဝါးရုံတောကလေးထဲမှာနေတယ်၊ တစ်ခါတစ်လေ သူက ဝါးရုံတောထဲက ထွက်ပြီး စေတီကလေးကို ဖူးမြော်တတ်တယ်၊ အခုဒကာမောင်ညီတို့ မြွေသူတော်ကြီးနဲ့ တွေ့လာပြီထင်တယ်. . ."

"တင်ပါ့ဘုရား. . မြွေကြီးနဲ့ တွေ့လာခဲ့ပါတယ် ဘုရား. ."

"အိမ်း ဒီမြွေကြီးကိုလွန်ခဲ့တဲ့ခြောက်လ လောက်ကတည်းက ဘုန်းကြီးတွေ့ခဲ့တာ၊ ဒါပေမယ့် သူကလူတွေကိုတော့ အန္တရာယ်မပြုဘူး။ ဝါးရုံတောထဲက ထွက်လာမယ်၊ စေတီတော်ကို ဦးခိုက်မယ်၊ သုံးပတ်ပတ်မယ်၊ ပြီးရင်ထပ်ဦးခိုက်မယ်၊ နောက်ဆုံး သူနေတဲ့ဝါးရုံတောထဲကို ပြန်ဝင်သွားတော့တာပဲ"

"မနက်စောစော တစ်ကြိမ် ညတစ်ကြိမ် စေတီတော်ကလေးကို လာပြီး ဦးခိုက်တတ်တယ်၊ ဒါကြောင့် ဘုန်းကြီးက အဲဒီမြွေကြီးကို မြွေသူတော်ကောင်းကြီးလို့ နာမည်ပေးထားတာကွယ့်. . ."

"တော်တော် တော့ ထူးဆန်းတာပဲ ဘုရား. ."

"အင်း. . တကယ်တမ်း ပြောရရင် သံသရာမှာ ထူးဆန်းတာ တိုကို ဘာမှမရှိပါဘူး ဒကာလေး ခန္ဓာက ဘဝပေါင်းများစွာမှာ တစ်ဘဝပြီး တစ်ဘဝ ကျင်လည်နေကြရတယ်၊ ဒါကိုသံသရာလို့ခေါ်တယ်၊ ဒီတော့ ရှေးဘဝနဲ့ နောက်ဘဝဆိုတာ မဝေးလှပါဘူး ရှေးက ပြုခဲ့တဲ့ အပြုအမူတွေ လက္ခဏာတွေဟာ ဒီဘဝအထိ မပျောက်ပျက်အောင် ပါတတ်ကြတယ်. ."

"ပြီးတော့ မဝေးသော ကာလက ကိုယ့်အမူအရာ စိတ် အမူအရာတွေကိုလည်း သတ္တဝါတွေဟာ ဘဝသစ်မှာလည်း ပါတတ်ကြတယ်. ."





"ဒါကြောင့် မြွေသူတော်ကြီးရဲ့ မဝေးသောအတိတ်ဘဝက ပြုခဲ့ဖူးတဲ့ အပြုအမူစရိုက်လက္ခဏာတွေကလည်း အခုမြွေကြီးဘဝကို ရောက်လာရတဲ့အထိ မပျောက်ပျက်နိုင်အောင် ပါလာကြတယ်လို့ ဘုန်းကြီးထင်တယ်၊ တကယ်တော့ ဒီမြွေကြီးဟာ အရင်ဘဝတုန်းက သေခါနီးအချိန်မှာ မကောင်းတဲ့ အာရုံတစ်ခုခုကို စွဲလမ်းခဲ့မိလို့ ဒါမှမဟုတ်ရင် အကုသိုလ်တစ်ခုခုကြောင့် ဒီလိုအဟိတ်တိရစ္ဆာန်ဘဝကိုရောက်ခဲ့ရတာပဲကွယ့်၊ ဒီကိုရောက်ခဲ့ရပေမယ့်လည်း အရင်ဘဝကသူရဲ့ကောင်းတဲ့ အပြုအမူ စရိုက်လက္ခဏာတွေဟာ အခု မြွေကြီးဖြစ်ရတဲ့ ဘဝအထိပါလာတာကတော့ တော်တော်ချီးမွမ်းစရာကောင်းလှပါတယ်. ."

"တင်ပါ့ဘုရား ဒီလိုဆိုရင် ဒီမြွေကြီးရဲ့ အရင်ဘဝဟာ ဘုရားတရားနဲ့ နီးစပ်တဲ့ ဘဝမျိုးပေါ့ ဘုရား. ."

"မှန်ပါတယ် ဒကာလေး"

"ဆရာတော် ဘုရား ဆရာတော်ဆီက ကြားနာခဲ့ရတဲ့ စကားတွေက တပည့်တော်တို့ အတွက်လွန်စွာ တန်ဖိုးရှိလှပါတယ် ဘုရား တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦး. ."

"အိမ်း. . အိမ်း ပြန်ကြပေတော့ကွယ်. . ."

ထို့နောက် ကိုညီဇနီး မောင်နှံတို့ ဝါးကျောင်းဆရာတော်အား ဦးချကန်တော့ကာ ကျောင်းပေါ်မှ ဆင်းလာခဲ့ကြတော့သည်။

ထိုကဲ့သို့တောင်ထိပ်ပေါ်မှ စေတီတော်ကလေးကို ဖူးမြော်ပြီးနောက် မမြိုင်စိတ်ထဲတွင် ထပ်ခါထပ်ခါ ဖူးမြင်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာမိပြန်၏။

ထို့ကြောင့် အလုပ်အားလျှင် အားသလို မကြာမကြာ ခင်ပွန်းဖြစ်သူကိုညီကိုခေါ်ပြီး တောင်ပေါ်သို့တက်ပြီး စေတီတော်အား



www.burmeseclassic.com

www.burmeseclassic.com

ဖူးမြော်ကြလေ၏။

သို့ဖြင့် မကြာမကြာ ဆုံမိကြသောအခါ သူတို့ဇနီးမောင်နှံနှင့် မြွေသူတော်ကြီးနှင့် မိတ်ဆွေများဖြစ်လာကြပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်လာလေသည်။

သူတို့ဇနီးမောင်နှံလည်း မြွေကြီးကိုမကြောက်ရွံ့တော့သလို မြွေကြီးကလည်း သူတို့ဇနီးမောင်နှံကို လက်ပွန်းတတီး ဆက်ဆံလေ၏။ မြွေသူတော်ကြီးသည် သူတို့မောင်နှံနှင့်အတူ စေတီတော်ကို ဦးခိုက်ပူဇော်လေ၏။

တစ်ခါတစ်ရံ သူတို့ဇနီးမောင်နှံသည် စေတီကလေးသို့ ရောက်ရှိမလာသေးသည်နှင့်မြွေကြီးက စေတီကလေးရှေ့တွင် သူတို့ဇနီးမောင်နှံအလာကို စောင့်ကြိုနေတတ်လေသည်။ သူတို့ဇနီးမောင်နှံ မလာမချင်း မြွေကြီးလည်း စေတီကလေး ရှေ့မှထွက်ခွာခြင်းမရှိပေ။

သူတို့ဇနီးမောင်နှံ ရောက်ရှိလာပြီး သူတို့နှင့်အတူတူ ဘုရားကို ဝတ်ပြုပြီးမှသာ သူနေထိုင်ရာဝါးရုံတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတတ်လေ့ရှိ၏။

စင်စစ် မြွေကြီးမှာ ကံမကောင်းလှသဖြင့် အတိတ်တိရစ္ဆာန်ဘဝကို ရောက်ခဲ့ရသော်လည်း ဘုရားကို ကိုးကွယ်မည်မှန်း သိသည့် မြွေသူတော်ကြီးပေတည်း။

ထိုသို့နေလာခဲ့ရာမှ တစ်ညတွင် မမြိုင်သည်တောင်ပေါ်မှ မြွေသူတော်ကြီးကို အိပ်မက်မြင်မက်လေ၏။

အိပ်မက်ထဲ၌ မြွေသူတော်ကြီးသည် တောင်ပေါ်မှ တရွေ့ရွေ့ဆင်းသက်လာကာ သူတို့ခြံဝင်းထဲသို့ဝင်ရောက်လာလေ၏။ ထို့နောက် ခြံထဲသို့အရောက်တွင် ရပ်တန့်သွားကာ ခေါင်းထောင်ကြည့်လျက်. . .

"မမြိုင်. . မမြိုင် မမြိုင်တို့အိမ်မှာ ကျွန်တော်လာနေပါရစေ"

ဟုဆို၏။ မမြိုင်သည်မြွေကြီးကိုအိမ်ပေါက်ဝမှ ရပ်ကာအတန်ကြာ ငေးကြည့်နေမိ၏။ ပြီးမှ ရုတ်တရက် အသက်ဝင်လာသလို ဝမ်းသာအားရဖြင့်. . .





"အို. . မြွေသူတော်ကြီးလာ တို့အိမ်ကို နင်လိုက်လာတယ်၊ ဟုတ်လားလာလေ အိမ်ပေါ်ကိုတက်ပါဦးလာ. . လာ"

ဟုဖိတ်ခေါ်လိုက်ပြီးလျှင် အိမ်အတွင်းဘက်သို့ လှည့်ကာ. .

"ကိုညိုရေ ကျွန်မတို့ရဲ့ မိတ်ဆွေကြီး ဒီမှာရောက်နေတယ်လေ. . လာကြည့်ပါဦး. . သူကျွန်မတို့ကို သိပ်ပြီးခင်ရှာတယ်၊ ဒါကြောင့် အိမ်အထိ လိုက်လည်ရှာတာပေါ့"

ဟု အော်ပြောလိုက်လေ၏။ ထိုအခါမြွေကြီးက. .

"မမြိုင်. . မမြိုင်. . မမြိုင်ကလာဆိုလို့ ကျွန်တော်လာပြီနော်"

ဟုဆိုကာ အိမ်ပေါ်သို့ တက်လာလေ၏။ ထိုနေရာအရောက်တွင်မမြိုင်သည် အိပ်ပျော်နေရာမှ လန့်နိုးသွားလေသည်။

မမြိုင်သည် ထိုအိပ်မက်ကို ခင်ပွန်းဖြစ်သူ ကိုညိုအားပြောပြမိသောအခါ ကိုညိုမှာအံ့သြနေလေ၏။

အိပ်မက်မက်ပြီးနောက် မကြာမီတွင် ကိုညိုအတွက် အံ့သြစရာအကြောင်းတစ်ခုက ဖြစ်ပေါ်လာခဲ့လေ၏။

မမြိုင်၌ ကိုယ်ဝန်ရှိလာခြင်းပေတည်း။ ကိုညိုသည် ဇနီးဖြစ်သူ မမြိုင်၏ အိပ်မက်နှင့် တိုက်ဆိုက်ကြည့်ကာ တောင်ထိပ်ပေါ်မှ မြွေသူတော်ကြီးသည် မမြိုင်၌ ဝင်စားခြင်းပေတည်းဟု တွေးတောကြည့်မိလေသည်။

ထို့နောက်တွင် သူတို့သည် တောင်ထိပ်ပေါ်မှ စေတီကလေးဆီသို့မကြာမကြာ သွားရောက်ဖူးမိကြပြန်လေ၏။ သို့သော်အခါတိုင်း သူတို့နှင့်ဘုရားဖူးနေကျဖြစ်သော မြွေကြီးကိုမူကား လုံးဝမတွေ့ရတော့ချေ။

မြွေကြီးကား ထူးထူးခြားခြားပျောက်၍ သွားခဲ့လေပြီ။

သို့ဖြင့် သူတို့မောင်နှံသည် ဝါးကျောင်းကလေးမှ ဆရာတော်

www.burmeseclassic.com

အား မြွေသူတော်အကြောင်းကို မေးမြန်းစုံစမ်းမိကြ၏။

"အရှင်ဘုရား မြွေသူတော်ကြီးကိုတွေ့မိပါသေးသလား. ."

"ဘာကြောင့်လဲ ဒကာလေးရဲ့"

"တပည့်တော်တို့ မြွေသူတော်ကြီးကို မတွေ့ရတော့တာ တာင်အတော်ကြာနေပါပြီ ဒကာလေး နေရာပြောင်းသွားသလား။ သေပဲသေပြီလား၊ ဘုန်းကြီးမပြောတတ်ပါဘူး. . သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွယ် သူ့စိတ်နဲ့ သူ့ကိုယ်ဘယ်နေရာ ဘယ်ဌာနပြောင်း သွားရှိသလဲ မသိပါနိုင်သလို သူ့ကံနဲ့ သူ့ကုသိုလ် ဘယ်ဘဝဘယ်ဘုံ ပြောင်းရွှေ့သွားသလဲဆိုတာ ဘုန်းကြီးတို့ ဘယ်လိုမှ မသိနိုင်ပါဘူး ဒကာလေး. ."

"တင်ပါ့ဘုရား တပည့်တော်တစ်ခုလျှောက်ထားပါရစေ"

ဟုဆိုကာ ကိုညိုသည် မမြိုင်၏ အိပ်မက်အကြောင်းကို လျှောက်တင်ထားလိုက်လေ၏။

ကိုညို၏ စကားဆုံးသော အခါ ဆရာတော်က ညက်ကြည်လေးနက်သောအသံဖြင့်. . .

"အိမ်း. . ဖြစ်ခွင့်ကြုံရင် ဖြစ်ကြရတယ်၊ ပျက်ခွင့်ကြုံရင် ပျက်ကြရတယ်၊ ဖြစ်ချင်းပျက်ခြင်း ကဘာမှမဆန်းဘူး ဒီခရီးပဲ သေခွင့်ကြုံရင်သေကြရတယ်၊ ရှင်ခွင့်ကြုံရင်ဇည်းရှင်ကြရတယ်၊ သေခြင်း ရှင်ခြင်းဟာ ဘယ်မှဆန်းကြယ်တဲ့ တရားမဟုတ်ဘူကွယ့်"

"သတ္တဝါတွေဟာ ကုသိုလ် အကုသိုလ် ကံတွေက နောက်ဘဝတွေမှာ အဖန်ဖန်တလဲလဲ ဖြစ်ကြရတယ်။ အဲဒီလိုဖြစ်ရာမှာလည်း ရုတ်ခန္ဓာတွေကြောင့် ဖြစ်ပေါ်သွားရပေမယ့် စိတ်အစဉ်တန်းကတော့ တစ်ခုတည်းပဲကွယ်. . ."

ဟုမိန့်ဆိုပြီးနောက် ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ကိုညိုတို့ဇနီးမောင်နှံလည်း ဆရာတော်အားဝတ်ပြုကန်တော့ကာ ပြန်ခဲ့ကြလေတော့သည်။

* * *





ရက်လများ တဖြည်းဖြည်း ကြာလာသည်နှင့်အမျှ မမြိုင်၏ ကိုယ်ဝန်မှ တဖြည်းဖြည်းရင့်မာ၍ လာလေ၏။

နောက်ဆုံးတွင် သားယောကျာ်းလေးတစ်ဦးကို ကောင်းမွန်စွာ ဖွားမြင်လေတော့၏။

"အူဝဲ. . အူဝဲ. . အူဝဲ"

သည်ကလေးလေးမှာ သူတို့ ဇနီးမောင်နှံ၏ ပထမဆုံး ... သားဦးကလေးဖြစ်၏။

ကိုညိုမှာ အပျော်ကြီးပျော် ...နေမိလေသည်။ သို့သော်သားကလေးကို အသေအချာကြည့်လိုက် ...သောအခါ သူ့ရင်ထဲက အပျော် ...တို့ ရုတ်တရက်ရပ်တန့်သွား၏။

သားကလေး၏ခန္ဓာကိုယ် ...ပေါ်ရှိ ခရေအပြားကွာ၍ မြွေရေခွံ ...တို့ကို ပြောင်ချောချောကလေး ...ဖြစ်ပေါ် ၍နေ၏။ သူတို့ဇနီးမောင်နှံ ...နှစ်ဦး၏ စိတ်ထဲတွင်လည်း တို့သား ...ကလေး ကို တောင်ထိပ်ပေါ်က ...မြွေသူ တော်ဝင်စားတာလားဟု ...တွေးမိ ၍နေမိကြ၏။

ထိုသို့တွေးတော ထင်မှတ်မိကြသောအခါ နှစ်ဦးစလုံးစိတ်ထဲ တွင်ကြည်နူးဝမ်းသာသွားကြပြန်၏။ သူ တို့ သား က လေး အား "ထွန်းတောက်" ဟုအမည်မှည့် လိုက်ကြလေသည်။

ထွန်းတောက်ကလေး သုံးနှစ်အရွယ်သို့ရောက်သောအခါ ကလေး၏အရေပြား၏ အပေါ်၌ အနာဖေးလိုအဖက်ဖက်များဖြစ်ပေါ် လာသည်။

ကလေး၏တစ်ကိုယ်လုံး၌ ဖြစ်ပေါ်လာခြင်းဖြစ်၏။ ထိုအဖြစ် အပျက်ကြောင့် ကိုညိုတို့ဇနီးမောင်နှံမှာ ကလေးအတွက် စိုးရိမ်သွားကြ၏။ ရွာတွင်းရှိလူကြီးများကမူ ကလေးအားမြို့ပေါ်တက်ပြီး ဆေးကုသရန်ပြောဆိုကြ၏။

သို့သော်မကြာမီတွင် ကလေး၏ကိုယ်၏ အရေခွံများ ပွထနေရာမှ ဖြစ်ပေါ်လာသော အဖက်ဖက်များမှာ ကွာကျကုန်အော စင်းလုံးချောဖြစ်သွားလေတော့၏။

သို့သော်ကလေး၏အရေ

www.burmeseclassic.com

ပြားမှုမှု မြွေအရေပြားသဏ္ဌာန် အေးစပ်ပြောင်ချော ကျန်ရစ်ခဲ့လေ၏။

ကိုညိုစိတ်ထဲတွင်ကား သူ၏သားကလေးသည် မြွေအရေ ခွံလဲသကဲ့သို့ လဲခြင်းဖြစ်သည်ဟု ထင်နေမိ၏။

ထွန်းတောက်ကလေး သည် သားဟင်းငါးဟင်းကို မစား သောက်ပဲ သက်သက်လွတ် ထမင်း ဟင်းကိုသာ စားသောက်၏။ ခြောက်နှစ်သားအရွယ်ရောက်လျှင် ဝါးဖြူတောင်ပေါ်သို့ လက်ညှိုးထိုး ပြပြီး. . .

"ဖေဖေ ဟိုတောင်ပေါ်က ဘုရားကိုသွားချင်တယ် လိုက်ပို့ပါ"

ဟုပူဆာလေသည်။

ထိုအခါ ကိုညိုတို့ဇနီး မောင်နှံက ထွန်းတောက်ကလေးကို ခေါ်ကာ ဝါးဖြူတောင်ပေါ်သို့ တက်ခဲ့ကြလေ၏။

တောင်ထိပ်ပေါ်ရောက်လျှင် စေတီကလေး၌ ကျုံ့ကျုံ့ကလေး ထိုင်ကာ ဦးချကန်တော့၏။ ပြီးလျှင် စေတီတော်အား သုံးပတ်တိတိပတ်

လေသည်။ ထို့နောက်စေတီတော် အားဦးချကန်တော့ပြန်၏။ ကိုညိုတို့ ဇနီးမောင်နှံသည် သားကလေး၏ အပြုအမူကို ကြည့်ကာအံ့ဩနေ ကြ၏။

စင်စစ်သားကလေး၏ အပြုအမူများသည် တောင်ပေါ်မှ ရုတ်တရက်ပျောက်ဆုံးသွားသော မြွေသူတော်ကြီး၏ အပြုအမူနှင့် လုံးဝတူညီနေသောကြောင့်ပင်တည်း

စေတီတော်ကလေးကို စိတ်ကျေနပ်အောင် ဝတ်ပြုပြီးသော အခါ ထွန်းတောက်ကလေးက ခပ်လှမ်းလှမ်းရှိ ဝါးတောကလေး လက်ညှိုးထိုးပြကာ. .

"ဖေဖေ ဟိုဝါးကျော ကလေးက ဆရာတော်ကို သား တွေ့ချင်လိုက်တာ"

ဟုဆိုပြန်လေ၏။

ထို့ကြောင့် ကိုညိုတို့ဇ မောင်နှံမှာ သားကလေးအား ဝါးကျောင်းကလေးမှ ဆရာတေ ထံသို့ လိုက်လံပို့ဆောင်ရပြန်လေ

ဆရာတော်ကို မြင်သည်





တစ်ပြိုင်နက် ထွန်းတောက်ကလေး သည်ချက်ချင်းပင် ဒူးတုပ်ထိုင်ကာ ဆရာတော်အား ဦးချကန်တော့ လေတော့၏။

တစ်ချိန်တည်းမှာပင် ထွန်းတောက်ကလေး၏ မျက်လုံး အိမ်မှ မျက်ရည်များသည် ပါးပြင် သို့ လိမ့်ဆင်းကျလာလေ၏။

ထိုအခါ ဆရာတော်က ထွန်းတော်ကလေးကို စေ့စေ့ကြည့် ရင်း အဖြစ်အပျက်များကို ကြိုတင် သိနေသည့်အလား မိန့်တော်မူ ၏။

"မငိုနဲ့ကလေး မငိုနဲ့ သံသရာတစ်ကြောမှာ ဒကာလေး ခဲ့ရပေါင်းများလှပါပြီ၊ အခုဘဝ ည်း ဒကာလေးထပ်ပြီး ငိုနေဦး မယ်ဆိုရင် ဒကာလေးဟာ ဒီအငို ဟာကြီးထဲက ဘယ်တော့မှ ကျွတ် ွတ်နိုင်တော့မှာ မဟုတ်ဘူး. . ."

"ပြီးတော့ ဒကာလေး က်မိုက်တဲ့သူဟာလည်း ရှိမှာ ဟုတ်တော့ပါဘူး. ."

"ဒီတော့မငိုပါနဲ့ ဒကာ လေး ငိုခြင်းရယ်ခြင်းဟာ သံသရာ ကို ရှည်စေပါတယ်၊ ဒုက္ခမီးကို ရှည်စေပါတယ်၊ ငိုခြင်းမတိတ်သရွေ့ ဒုက္ခမီးတွေလည်း ဘယ်တော့မှ တိတ်မှာမဟုတ်ဘူး. . ဒကာလေး ဒီတော့ငိုခြင်းရယ်ခြင်း သံသရာကို ဒီဘဝမှာနှင့်ပဲ ရပ်တန့်ပစ်လိုက်ပါ တော့ ဒကာလေး ငိုတာတွေ တိတ် ချိန်တန်ပါပြီ. . ."

ဝါးကျောင်းဆရာတော်၏ စကားသံဆုံးလျှင် ထွန်းတောက် ကလေး၏မျက်လုံးအိမ်ထဲမှ လိမ့်ဆင်းနေသော မျက်ရည်စက် များသည် ရုတ်ချည်းပင်ရပ်တန့် သွားကြလေသည်။

ပြီးမှထွန်းတောက် ကလေး သည် ဆရာတော်အား လျှောက် ထားလိုက်လေ၏။ ထူးခြားလှသည့် မှာ ကလေးအရွယ်မျှသာ ရှိသေး သော်လည်း သူ၏ဟန်အမူအရာတို့ မှာ လူကြီးတစ်ယောက်သဏ္ဌာန် အလား ထင်မှတ်ရခြင်းဖြစ်ပေ၏။

"အရှင်ဘုရားတပည့်တော် ကမြွေဘဝကလာခဲ့ရသူပါ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုမြွေဘဝကို ရောက်ခဲ့ရတဲ့အတွက် တပည့်တော်မှာ ဝမ်းနည်းလို့အဆုံးနိုင်အောင် ဖြစ်ခဲ့ရပါတယ်ဘုရား"

"ဒါပေမယ့် တပည့်တော်ဟာမြွေဘဝမှာ ဆရာတော်ရဲ့ မေတ္တာရိပ်အောက်မှာ ခိုနေခဲ့ရပါတယ်၊ ဆရာတော်ရဲ့ ကျောင်းနောက်ကဝါးရုံတောမှ တပည့်တော်နေခဲ့ရပါတယ် ဘုရား. . ပြီးတော့ဘုရားကိုကြည်ညိုကန်တော့တဲ့ကောင်းမှုကုသိုလ်ကြောင့် ယခုဘဝကိုရောက်ခဲ့ရပါပြီဘုရား. . ."

ထိုအခါ ဆရာတော်က တည်ကြည်သောအသံဖြင့်. . .

"ဒကာလေး သတ္တဝါဟူသရွေ့တို့ကာ မိမိစိုက်သောအပင်တို့ကို မိမိရိတ်သိမ်းကြရမြဲဖြစ်ပေတယ် ဒီလိုပါပဲ ဒကာလေးကလည်း ရိတ်ချိန်တန်တဲ့အပင်ကို ကိုယ်ကိုယ်တိုင် ရိတ်သိမ်းရခြင်းဖြစ်ပေတယ်. ."

ဟုမိန့်ကြားသောအခါ ထွန်းတောက်ကလေးက ဝါးကျောင်း ဆရာတော်၏ မျက်နှာကိုစေ့စေ့ ကြည့် ဖူးမြော်ရင်း လူကြီး တစ်ယောက်အလား လျှောက်တင် လိုက်လေ၏။

"တင်ပါ့ဘုရား. အရှင် ဘုရားရဲ့စကားဟာ အဖိုးတန်လှပါ တယ်၊ တပည့်တော်ဟာ မြွေဘဝကို မရောက်ခင် လူသားဘဝမှာ အင်မတန်မှ ဒေါသကြီးလှတဲ့ လူတစ်ယောက် ဖြစ်ခဲ့ပါတယ်. ."

"အဲဒီ လူသားဘဝတ တပည့်တော်ဟာ တောထဲမှာမျောက် လိုလို အကောင်ကြီးတစ်ကောင် ကို သတ်ဖြတ်ခဲ့ပါတယ်၊ အဲဒီအကုသိုလ် ကံကြောင့် တပည့်တော်ဟာ နာမကျန်းဖြစ်ပြီး သေတဲ့အခါမှ မြွေကြီးဘဝကို ရောက်ခဲ့ရပါတယ်"

"ဒါပေမယ့် တပည့်တော် ဟာအဲဒီလူဘဝက ဒေါသကြီးခဲ့ပေ မယ့် အစ်ကိုဖြစ်သူရဲ့ ဆုံးမသွန်သ မှုကြောင့် ဘုရားတရားကို ရိုသေ ကိုင်းရှိုင်းခဲ့ပါတယ်ဘုရား. အဲ ကုသိုလ်ကံတွေကြောင့် မြွေဘ ကိုရောက်ခဲ့ရပေမယ့် ဘုရားတရ



ကို ရိုသေကိုင်းရှိုင်းတဲ့ မြွေဘဝမျိုးကိုသာ ဖြစ်ခဲ့ရပါတယ်၊ ပြီးတော့ တပည့်တော်ကို သံဃာတော်ရဲ့ မေတ္တာရိပ်အောက်မှာ နေထိုင်ခဲ့ရပါတယ်ဘုရား. ."

ဟုစကားကိုခေတ္တရပ်ကာ ဆရာတော်၏ မျက်နှာအားစေ့စေ့ ကြည့်နေလိုက်၏။ ထိုအခါ ဆရာတော်က. . .

"အိမ်း. . ဒကာလေး လျှောက်စရာရှိရင် ရဲရဲဝံ့ဝံ့သာ လျှောက်ပါ. . ."

ဟုမိန့်ကြားလိုက်ရာ ထွန်းတောက်ကလေးက. .

"အရှင်ဘုရားမြွေဘဝကို ကပည့်တော်မရောက်ခင်က လူဘဝက တော်စပ်ခဲ့တဲ့ တပည့်တော်ရဲ့ အစ်ကိုကြီးက အရှင်ဘုရား ပါပဲဘုရား. ."

ဟုလျှောက်ထားလိုက်လေသည်။

"အို. ."

"ဟင်. ."

ကိုညိုနှင့်မမြိုင်မှာ သူတို့သားကလေး၏ စကားကြောင့် လွန်စွာအံ့အားသင့်သွားကြ၏။ ထိုအခါဆရာတော်က ကိုညိုတို့ဇနီးမောင်နှံကိုကြည့်ကာ. .

"အံ့သြခြင်းမဖြစ်ပါနဲ့ ဒကာကြီး ဒကာကြီးတို့ရဲ့ သားကလေးမောင်ထွန်းတောက်ဟာ မွေးရာပါဇာတိဿရဉာဏ်ကိုရှိလာသူကလေးဖြစ်တယ်၊ ဒါပေမယ့် သူရဲ့ဇာတိဿရဉာဏ်ရခဲ့တဲ့ နှစ်ဘဝအထိထူးထူးခြားခြားမှတ်သိနေတယ်၊ ဒီလိုဇာတိဿရဉာဏ်အတွက် ရရှိတဲ့သူတွေဟာ သူတို့ရဲ့ ဘုန်းတော်ကြီးရဲ့ တစ်ဘဝနှစ်ဘဝ သုံးဘဝစသည်ဖြင့် မှတ်မိတတ်ကြတယ်. . ."

"သူတို့ကို တချို့တွေက တော့လူဝင်စားလို့ခေါ်ကြတယ်၊ ဒါကြောင့် မောင်ထွန်းတောက်ကလေးဟာ သူရဲ့အရင်ဘဝတွေကို ပြန်ပြီး ပြောနိုင်တာဖြစ်မယ်. ."

ထိုအခါ ကိုညိုက. .

"အရှင်ဘုရားတပည့် တော် လျှောက်ထားရပါရစေ ဘုရား. ."

www.burmeseclassic.com

www.burmeseclassic.com

ဟုလျှောက်ထားလေရာ ဆရာတော်က. . .

"လျှောက်ထားနိုင်ပါတယ် ဒကာကြီး. ."

ဟုမိန့်ကြားလေ၏။ ကိုညိုက. . .

"အရှင်ဘုရား မောင်ထွန်းတောက်ကလေးဟာ မြွေကြီးဘဝမရောက်ခင် လူ့ဘဝက အရှင်ဘုရားရဲ့ ညီတော်စပ်ခဲ့ဖူးတယ်ဆိုတာ မှန်ပါသလား။ တပည့်တော်ကို ရှင်းပြပေးပါဦးဘုရား. ."

ဟုလျှောက်ထားလိုက်၏။ ထိုအခါဆရာတော်က တည်ကြည်သောအသွင်ဖြင့်. . .

"ဖြစ်ကောင်းဖြစ်လိမ့် မယ် ဒကာကြီး သံသရာ တစ်လျှောက်မှာ သတ္တဝါတိုင်းဟာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့ တစ်ယောက် ဆွေမျိုးမတော်စပ်ခဲ့ဖူးတဲ့ သူဆိုတာ မရှိသလောက် ရှားပေလိမ့်မယ်။ သံသရာ ရှည်ကျဉ်းပြီး ဘဝတွေမှာရှည်လို့သာ မမှတ်မိဘဲနေတာက ပြီးတော့ မှတ်မိတယ်ဆိုဦးတော့ မောင်ထွန်းတောက်တို့လို တစ်ဘဝ နှစ်ဘဝ သာသာပေါ့၊ သာမာန်လူတွေကနေ၌ ဒီထက်ပို၍ မှတ်မိနိုင်စရာ အကြောင်း မရှိဘူး"

ဟု မိန့်ကာ လေးလေးနက်နက် စဉ်းစားနေဟန် ဖြင့် အတန်ကြာ ငြိမ်သက်၍နေသည်။

ထိုစဉ် တောင်ပေါ်လေးက တဟူးဟူးတိုက်ခတ်လာရာ ထိုစေတီဖြူလေးဆီမှ ဆည်းလည်းသံကလေးများက တချွင်ချွင်မြည်လာကြလေ၏။

"အိမ် လေပြည်တိုက်ခတ်မှ ဆည်းလည်းကလေးတွေ လှုပ်ခတ်ရပေသည်၊ ဘဝဆိုတဲ့ဆည်းလည်းကလေးတွေကတော့ ကုသိုလ် အကုသိုလ်ဆိုတဲ့ လေတွေကြောင့် အမြဲတမ်းလှုပ်ခတ်နေကြရတယ်"

"ကုသိုလ်ကံလေပြည်ကလေးတွေ တိုက်ခတ်လာရင် ဘဝဆိုတဲ့ ဆည်းလည်းကလေးတွေက သာသာယာယာချိုချိုသာသာနဲ့ တချွင်ချွင်မြည်နိုင်ကြပေမယ့် အကုသိုလ်ဆိုတဲ့ လေပြင်းကြီးတွေကရောက်လာရင်တော့ ဘဝဆိုတဲ့





ဆည်းလည်းကလေးတွေဟာ သာသာယာယာမမြည်နိုင်တော့ဘဲ မြေပြင်ပေါ်ကို ဖြုတ်ကျကြရှာတယ်. ."

"ဘုန်းကြီးအခု ဖွင့်ပြောပြပါတော့မယ်၊ တစ်ညမှာ ဘုန်းကြီးအိပ်မက်မက်ပါတယ်၊ ဘယ်လိုမက်သလဲဆိုတော့ မြွေသူတော်ကြီးဟာ ကျောင်းနောက်က ဝါးရုံတောထဲက ထွက်လာပြီး တောင်အောက်ကိုဆင်းသွားတယ်၊ ပြီးတော့ ဒကာကြီးတို့အိမ်ကို တန်းတန်းမတ်မတ် ဝင်သွားတယ်"

"အဲဒီလို ဝင်သွားပြီးတဲ့နောက် ပြန်မထွက်လာတော့ပါဘူး ဘုန်းကြီးအဲဒီအိပ်မက်မက်ပြီးတဲ့နောက်မှာ မြွေသူတော်ကြီးလည်း ကျောင်းပေါ်က ပျောက်သွားတော့တာပါပဲ ဒကာကြီး"

ဆရာတော် မိန့်ကြားသံဆုံးတော့အခါ ထွန်းတောက်ကလေးက. . .

"အရှင်ဘုရား တပည့်တော် အရှင်ဘုရား ကျောင်းမှာပဲ နေပါရစေဘုရား"

ဟုလျှောက်လေ၏။ ထိုအခါဆရာတော်က. .

"ဒကာလေးရဲ့ မိဘတွေ ခွင့်ပြုရင်နေပါ"

ဟုမိန့်လေ၏။ ထိုအခါ ကိုညိုတို့ဇနီးမောင်နှံက. .

"တပည့်တော်တို့ ခွင့်ပြုပါတယ်ဘုရား. ."

ဟုလျှောက်လေ၏။ ဆရာတော်က. .

"အိမ့် ကိုရင်ဝတ်နဲ့ နေပေါ့ကွယ်"

ဟုမိန့်ကာ ထွန်းတောက်ကလေးက. .

"ဝတ်ပါ့မယ်ဘုရား"

"အိမ်း. . လူ့ဘဝဟာ ရခဲသလိုမွန်မြတ်လှတဲ့ ရဟန်းဘဝဆိုတာလည်း အင်မတန်မှ ရခဲလှပါတယ်၊ ဒကာလေးရခဲ့တဲ့ လူ့ဘဝကိုလည်း ရလာခြင်းဟာ ဒကာလေးရဲ့ ထူးကဲလှတဲ့ ကုသိုလ်ကံ အကြောင်းတရားကြောင့်ပေါ့ကွယ်။ သာဓု. . သာဓု"

ဟုမိန့်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ဝါးဖြူတောင်ပေါ်ရှိ ဝါးကျောင်းကလေးသို့ ကိုရင်တစ်ပါးရောက်ရှိလာလေ၏။

ထိုကိုရင်ကလေးကို တောင်ခြေရှိ ရွာမှ ရွာသူရွာသားများက မြွေဝင်စား ကိုရင်ကလေးဟု ခေါ်ကြလေ၏။

ထို ကို ရင် က လေး က မူ တောင်ပေါ်၌ မြွေဘုရားတစ်ဆူကို တည်ရန်ကြိုးစားနေတော့၏။

ကိုရင်ကလေး၏ ရည်ရွယ်ချက်မှာ သူတည်ထားသော မြွေဘုရားကို မြင်တိုင်း မြွေဘဝသို့ ထပ်လဲမကျရောက်ရအောင် တရားကို ကြိုးစားအားထုတ်မိမည်ကာသော ရည်ရွယ်ချက်ပင် ဖြစ်ပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

## "လူနှစ်ယောက် ရဟန်းနှစ်ပါး"

နေမင်းကြီးအနောက် ဂေါယာကျွန်းဆီသို့ တလိမ့်လိမ့် ဆင်းသက်သွားနေ၏။ ကျိုက်ထီးရိုး ရင်ပြင်တော်ပေါ်မှ ရဟန်းတော် နှစ်ပါးသည် နေမင်းကြီးကို အာရုံ စူးစိုက်စွာ မမှိတ်မသုန် ကြည့်နေကြ၏။

အနောက်ဘက် ကောင်းကင်တွင် ပုစွန်ဆီရောင် တောင်ပ၍ နေပြီးဝင်တော့မည့် နေမင်းကြီးသည် ကောင်းကင်မှ တိမ်တို့ကို ဆေးသားအရောင်တို့ ခြယ်သပေးလျက်ရှိ၏။

အိပ်တန်းပြန်ငှက်တို့သည် ပုစွန်ဆီရောင် တိမ်တန်းများအောက် ၌လေးလေးတွဲ့တွဲ့ ဖြည်းဖြည်းနှေးနှေး ပျံသန်းနေကြသည်။ အဝေးဆီမှ တောတန်းညိုညို တောင်တန်းညိုညို တို့က ပုစွန်ဆီရောင် တိမ်တန်းများ အောက်တွင် ငြိမ်သက်တိတ်ဆိတ် နေကြသည်။

ရဟန်းတော်နှစ်ပါး တို့၏ အကြည့်များသည် သာမာန်လူတို့ ၏ အကြည့်ကဲ့သို့ အလှအပတရား ကိုခံစားနေဟန်မတူ။

ဖြစ်ခြင်းပျက်ခြင်း တရား နှစ်ပါး၏ မတည်မြဲခြင်းဖြစ်သော အနတ္တတရားကို နှလုံးသွင်းနေဟန် တူ၏။

မကြာမီ နေလုံးကြီးကွယ် ပျောက်သွားလေပြီ။ အမှောင်ရိပ် တို့သည် တစ်တောလုံးတစ်တောင် လုံးကို ဖုံးလွှမ်းဖြန့်ကျက်လာ၏။ တောင်ပေါ်တွင် လျှပ်စစ်မီးရောင် များ လင်းပွင့်လာကြသည်။

ကျိုက်ထီးရိုး ဆံတော်ရှင် သည် ပူဇော်ထားသော လျှပ်စစ်





မီးရောင်များဖြင့် ရွှေမငြိုးအောင် ကြည်ညိုဖွယ်ရာအသွင်ကို ဆောင် လျက်ရှိနေတော့၏။

ထိုရဟန်းနှစ်ပါးသည် နေရာတစ်နေရာဆီမှ လာကြသော ဘုရားဖူးရဟန်းနှစ်ပါးဖြစ်သည်။ ကျိုက် ထီးရိုးဆံတော်ရှင်သို့ ရောက်မှစတင်သိကျွမ်းကြခြင်း ဖြစ်လေသည်။ ကျိုက်တီးရိုးရင်ပြင် တော်ဆီသို့ညနေ၃ချက်ထိုးအချိန်ခန့် တွင်တစ်ပါးနှင့်တစ်ပါး မရှေး မနှောင်း ရောက်ရှိလာကြသည်။

ထို့နောက် ရင်ပြင်တော် ပေါ်ရှိ ဘုရားဖူး၊ ရဟန်းသံဃာ တော်များ သီတင်းသုံးရာ ကျောင်း ဆောင်သို့ရောက်ရှိခဲ့ကြသည်။ မကြာမီ ရဟန်းနှစ်ပါးတို့သည် ဟစ်စုံတစ်ခုအကြောင်း ညီညွတ် သဖြင့် ရင်းနှီးသွားကြသည်။

ထို့ကြောင့် ရဟန်းနှစ်ပါး အတူရင်ပြင်ပေါ်၌ ဘုရားဝတ်ပြုပြီး မတိုင်ပင်ဘဲ ဝင်တော့မည့်နေမင်း ကြီးကို ပြိုင်တူကြည့်နေမိခြင်း ဖြစ်လေသည်။

"နေမင်းကြီးလည်း ဝင်သွားခဲ့ပြန်ပြီ တစ်နေ့တာလည်း ပြီးဆုံးလွန်မြောက်သွားခဲ့ပြန်ပြီ အဲဒီအချိန်မှာ ငါတော့ဖြင့် မသေ သေးပါလား. . ဒီကနေ့ တစ်နေ့တာ ဖြင့် ငါအသက်ရှင်နေထိုင်ခဲ့ရပြီး ပြီ အဲဒီလိုနေထိုင်ခဲ့ရတဲ့ တစ်နေ့တာ မှာ ငါရဲ့ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကောင်းအောင် ငါဘယ်လိုပြုပြင် ခဲ့ပြီးပြီလဲဆိုတဲ့အသိကတပည့်တော် ကိုအမြဲတမ်းသတိပေးနေပါတယ် အရှင်ဘုရား. .

အသိနဲ့သတိက ဘဝမှာ အင်မတန်အရေးကြီးတယ်လို့ ထင်ပါတယ်ဘုရား. . ."

တစ်ပါးသော ရဟန်းက စတင်ပြီး တိုးသက်စွာ မိန့်သည်။ ထိုအခါ ကျန်သောရဟန်းတစ်ပါးက

"မှန်ပါတယ်ဘုရား လူ့ဘဝ မှာ အသိနဲ့သတိဟာ အင်မတန် အရေးကြီးပါတယ်၊ လူတစ်ယောက် ဟာ "အသိ" ရှိမှ "သတိ"ရဲ့ တန်ဖိုး ကို နားလည်နိုင်ပါလိမ့်မယ်. ."

"အသိတရား" မရှိပဲ "သတိတရား" ရဲ့တန်ဖိုးကို နားမ လည်နိုင်ပါဘူး. . .



www.burmeseclassic.com

www.burmeseclassic.com

"အသိ"မရှိရင် "သတိ" လက်လွှတ်ပြီး ဒုက္ခရောက်တတ်ပါတယ် အရှင်ဘုရား. . တပည့်တော် "သတိ" လက်လွှတ်ခဲ့လို့ ဒုက္ခရောက်ခဲ့ဖူးပါတယ်. . အဲဒီအကြောင်းကို အရှင်ဘုရားကို ပြောပြချင်ပါသေးတယ်. . ."

"ပြောပြပါအရှင်ဘုရား ပြောပြပါ ဒါ့ထက်အရှင်ဘုရားက ဘုရားဖူးသက်သက်ပဲလား. ."

"အမိဋ္ဌာန်တစ်ခုအရပါ အရှင်ဘုရား ဒါနဲ့အရှင်ဘုရားကကောဘုရား. ."

"တပည့်တော်ကတော့ ဘုရားဖူးချင်တဲ့ဆန္ဒ ပေါ်လာလို့ တစ်ပါးတည်းကြွလာခဲ့တာပါ. ."

"ခရီးအတော်ပန်းလာတယ်ထင်ပါရဲ့ ဘုရား. ."

"တပည့်တော် လာခဲ့ရတဲ့ နေရာနဲ့ဆို အတော်ဝေးတော့ ခရီးတော့ပန်းပါရဲ့ ဒါပေမယ့် ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် မောပန်းမှုအမူအရာအားလုံး ကင်းစင်လွင့်ပျောက်ကုန်ပါပြီ. . ."

"သာဓုပါဘုရား. . တပည့်တော်ကတော့ သိပ်မဝေးတဲ့ နေရာကမို့ ကားလမ်းလည်း မပေါက်လို့ လှည်းကြုံနဲ့ လိုက်လာပြီး တောင်ခြေက ခြေလျင်ကြွခဲ့ရတယ်. . ."

ရဟန်းတော်နှစ်ပါး အပြန်အလှန် ပြောဆိုမိန့်ကြားနေကြရင်း. .

"အရှင်ဘုရား ဝါတော် ဘယ်လောက်ရှိပါပြီလဲဘုရား. . ဘုရားတပည့်တော် မေးရခြင်းဟာ ဆင်၊ မျောက်၊ ခါ၊ သတ္တဝါသုံးဦးလိုကြီးသူကို ရိုသေမှုပြုချင်လို့ပါဘုရား. ."

ထိုကဲ့သို့ ရဟန်းတော်မှ မေးလိုက်ခြင်းသည် အမှန်ပင်ဖြစ်သည်။ တစ်ပါးသော ရဟန်းတော် ထိုသို့မေးရခြင်းသည် မိမိတို့နှစ်ပါး၏ အသက်အရွယ်မတိမ်းမယိမ်းဖြစ်နေမှု တစ်ခုခုကြောင့်လည်း ဖြစ်ပေသည်။

ထိုအခါ အမေးခံရသော တစ်ပါးက. . .

"တစ်ဆယ့်ခြောက်ဝါ ရပါပြီ ဘုရား. ."

"တပည့်တော်လဲ တစ်ဆယ့်ခြောက်ဝါ ဆိုခဲ့ပါပြီ ဒါ့ထက် အရှင်ဘုရားက ပျို့ရွယ်စဉ်ကပဲရဟန်းဘဝကို ခံယူခဲ့ခြင်းပါလားဘုရား. . ."

ထိုအခါအမေးခံရသော တစ်ပါးက-

"တစ်ဆယ့်ခြောက်ဝါ ရပါပြီဘုရား"

"တပည့်တော်လဲ တစ်ဆယ့်ခြောက်ဝါဆိုခဲ့ပါပြီ. . ဒါ့ထက် အရှင်ဘုရားက ပျို့ရွယ်စဉ်ကပဲ ရဟန်းဘဝကို ခံယူခဲ့ခြင်းပါလားဘုရား"

ထိုအခါအမေးခံရသော ရဟန်းတော်က ခေတ္တနှုတ်ဆွံ့အသွားသည်။ ထို့နောက် တွေးတွေးဆဆဖြင့် ရဟန်းဘဝနဲ့ ဒါတွေပြောလို့သင့်တော်ပါ့မလားဟုလည်း ဆင်ခြင်လိုက်သည်။

ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး. . .

"အရှင်ဘုရား စိတ်ဝင်စားတယ်ဆိုရင် ပြောပြနိုင်ပါတယ်. ."

"ပြောနိုင်ပါတယ်၊ အရှင်ဘုရား တပည့်တော်လည်း နားထောင်ချင်ပါတယ်. ."

အရှင်တစ်ပါးက လမ်းဖွင့်ပေးလိုက်သောအခါ. . .။

"ကို. . ဒီတစ်ခေါက်ပြန်လာတာ အသားတွေမည်းလာတယ်နော်. ."

"ဟုတ်တယ် နန္ဒာ ကိုယ်တို့ Field ကနွားထိုးကြီးဘက်ကျတယ်. . နေကတအားပူတယ်လေ ဒါကြောင့်ကို့ အသားတွေမည်းလာတာပေါ့. ."

"ဒါပေမယ့် ကိုဝလည်းလာတယ်. . ."

"အဲဒါတော့ နန္ဒာပိုပြီ ဒီကချစ်သူကို အမြဲသတိရနေလို့ ဝမယ်တော့မထင်ဘူး. ."

"အဟုတ်ပြောတာကိုရဲ့ မည်းပြီး ပိုဝလာတယ်၊ ကိုတို့နောက်နှစ်ဆိုရင်ကော Field ဆင်းရဦးမှာလား. . ."

"နောက်နှစ်ဆိုရင် ပိုပြီး အရေးကြီးတယ်နန္ဒာ Field က


www.burmeseclassic.com

www.burmeseclassic.com



တော့ဆင်းရမှာပေါ့ ရှမ်းပြည်နယ်ဘက်ကျမယ် ပြောတာပဲ အထူးသဖြင့် ပင်းတယဘက်ပေါ့. ."

"ဟင်. . ကိုတို့ဥစ္စာကလည်းစိတ်ရှုပ်စရာကြီး သူများတွေဆိုရင် စာမေးပွဲပြီးတာနဲ့ အေးအေးဆေးဆေးပဲ ကိုယ့်မြို့ရွာကို ချက်ချင်း ပြန်လာလို့ရတယ်၊ ကိုကတော့ စာမေးပွဲပြီးလည်း ချက်ချင်းပြန်လာလို့မရဘူး Field ဆင်းရသေးတယ်၊ ပြန်လာတော့လည်း ကိုယ့်မြို့ရွာမှာ ဖင်ပူအောင်မထိုင်ရဘူး စိတ်ပျက်စရာပဲ. ."

"ဒီတစ်နှစ်ပြီးရင် ပြီးပါပြီနန္ဒာရယ် တစ်နှစ်တော့ အောင့်ပါဦးနော်. . ."

"မိန်းကလေးဘက်ကတော့ ဘယ်သူက သူတို့ကို ယူပါယူပါလို့ အတင်းပူဆာမှာလဲ စဉ်းစားပါဦး လူလည်ကြီးရဲ့. . ."

ထိုအခါ တင်မောင်ထွန်းကပြုံးလိုက်၏။ ဟုတ်တန်သလောက်ဟုတ်ပါသည်။ နန္ဒာအပြစ်မြင်လည်း မတတ်နိုင်ပြီ။ သူရရှိသောဘာသာရပ်သည် Geology ဘာသာရပ်မို့ တက္ကသိုလ်တွင်သည့်ပြင်ဘာသာရပ်များ စာမေးပွဲပြီး၍ အားလပ်ချိန်ရကြသော်လည်း ထိုအချိန်တွင် Geology ကျောင်းသားများမှာ ကွင်းဆင်းဖို့ တာစူကြရလေပြီ။ ဒါမျိုးမှာ နှစ်စဉ်နှစ်တိုင်းဖြစ်၍ သူ့အဖို့ အဆန်းတော့ပေ။

"တို့ နောင်နှစ်စာမေးပွဲပြီးလို့ Field ဆင်းပြီးပြန်လာတာနဲ့ နန္ဒာနဲ့တို့ လက်ထပ်ကြမယ်. ."

"စဉ်းစဉ်းစားစား လုပ်ပါ ကိုယ်ရယ် ကျောင်းပြီးပြီးချင်း အိမ်ထောင်ပြုလို့ အိမ်ကငြူစူနေပါဦးမယ်. ."

"အမေတို့ကလည်း နန္ဒာကိုချစ်ပါတယ်ကွာ. . ဘာမှ ပြောမှာမဟုတ်ဘူးလို့ ပြောပြီးပြီပဲ အိုကေတဲ့ မီးစိမ်းပြတယ်. ."

"ဒါဆိုလည်း တို့သဘောပဲ"

တင်မောင်ထွန်း စာမေးပွဲပြီးပြီမို့ ခေတ္တခဏ အချိန်ရခိုက်ကလေး၌ ပြန်လာခဲ့သည်။ ထိုစဉ်အချိန်ရခိုက်ကလေး၌ သူတို့ချစ်သူနှစ်ဦး နီးစပ်ဖို့အရေး ချစ်သူနန္ဒာကို ဖွင့်ဟတိုင်ပင်ခဲ့ခြင်းဖြစ်သည်။

ရက်သတ္တပတ် တစ်ပတ်မပြည့်မီမှာပင် ကျောင်းဖွင့်တော့မည်မို့ သူကျောင်းသို့ပြန်လာခဲ့ရပေသည်။

"ပျော်ရဲ့လားနန္ဒာ"

"ပျော်တာပေါ့ ကိုရယ်ကိုရောဟင်. . ."

"မေးစရာလိုသေးသလားနန္ဒာရယ်. . ဒီနေ့ဟာ တို့အတွက်အပျော်ဆုံးနေ့ပေါ့"

"ဒါပေမယ့် ဒီနေ့တော့ အိမ်ပြန်ကြဦးမယ်နော်. . . မင်္ဂလာဆောင်ပြီးမှ အတူနေကြရမှာ"

"ဒါပေါ့ နန္ဒာရယ် ရက်ပိုင်းလောက်တော့ သည်းခံရင်းပွမ်းနေမယ်. . ."

"သွား. . ကိုပို"

"မပိုပါဘူးဗျာ. . အမှန်ပြောတာပါ. ."

တင်မောင်ထွန်းသည် နောက်ဆုံးနှစ်စာမေးပွဲပြီးဆုံးခဲ့ပြီ။ Field လည်းဆင်းသွားပြီမို့ သူမြို့ကိုပြန်လာခဲ့သည်။ မြို့တွင် တစ်လနီးပါးခန့်နေထိုင်ပြီး သူတို့နှစ်ဦးလက်ထပ်ဖို့ အရေးကို တိုင်ပင်ခဲ့ကြသည်။

မိဘများ၏ သဘောတူညီချက်အရမကြာခင် မင်္ဂလာဆောင်ပွဲကျင်းပမည်။ ထို့ကြောင့် သည်ကနေ့တွင် နှစ်ဦးအတူ တရားရုံးသို့သွားရောက်လက်ထပ်ခဲ့ကြပြီးဖြစ်သည်။

လက်မှတ်ရေးထိုးပြီးသွားပြီမို့ ဥပဒေအရ အကြင်လင်မယားဖြစ်ကြပြီး ဖြစ်သော်လည်း လူမှုရေးအရ မင်္ဂလာပွဲပြီးမှ အတူနေမည်ဟု ပြောဆိုကြခြင်းဖြစ်သည်။

"ကို. . ဒါနဲ့ သက်ကြီးတို့အုပ်စုရောဟင်. ."

သက်ကြီးတို့အုပ်စုသည် အသိသက်သေများအဖြစ် လိုက်ပါခဲ့ခြင်းဖြစ်သည်။

တင်မောင်ထွန်းမှာ နန္ဒာတို့နှင့်ပါ သူငယ်ချင်းများဖြစ်ကြသည်။

"ဒီကောင်တွေဖို့ကိုညှင်း






www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘီယာဆိုင်သွားကြပြီလေ. . ”

“သူတို့လည်း နန္ဒာတို့ ကိုယ်စားပျော်ပေးကြတာ နေမှာပေါ့နော်. . ”

“ဒါပေါ့နန္ဒာရဲ့ သူတို့လည်း ကိုယ်တို့ အပျော်တွေကူးစက်ကုန်ကြပြီပေါ့. . . ”

“ကိုရယ်. . ဘာလိုလိုနဲ့ ကိုနဲ့နန္ဒာနဲ့ ရည်စားဘဝကနေပြီး အိမ်ထောင်သည်ဘဝတောင် ရောက်တော့မယ်နော်. . . ”

“အနောက်တိုင်းက ဒဿနဆရာကြီးတစ်ယောက်က ပြောဖူးတယ်. . ချစ်သူတွေရဲ့ နောက်ဆုံးမျှော်လင့်ချက်ပန်းတိုင်ဟာ အိမ်ထောင်သည်ဘဝပါတဲ့ အခုကိုယ်တို့ပန်းတိုင်ကို ရောက်ပြီပေါ့. . . ”

“ကျွိ. . ကျွိ. . ဗရော. . ”

ထိုအချိန်တွင် နှစ်ဦးသား စကားတပြောပြောနှင့် ဖြတ်အကူး တင်မောင်ထွန်းနှင့် လက်တွဲလာသော နန္ဒာ၏ လက်တစ်ဖက်မှာ ရုတ်တရက် ပြုတ်ထွက်သွားခဲ့သည်။

တင်မောင်ထွန်း လှည့်အကြည့်တွင်နန္ဒာသည် ထိုကားနှင့် အတူ ပွတ်တိုက်ငြိပါသွားရင်း တင်မောင်ထွန်းနှင့် ကိုက် ၂၀ခန့် အကွာသို့ပင် ရောက်ရှိသွားခဲ့သည်။

တင်မောင်ထွန်းသည် ထိုကားနှင့်ငြိပါသွားသော နန္ဒာ နောက်သို့ အပြေးလိုက်ခဲ့သည်။

“လုပ်ကြပါဦးဗျာ. . လုပ်ကြပါဦးဗျာ. . . ”

တင်မောင်ထွန်း သွေးရူးသွေးတန်းနှင့်အော်ရင်းပြေးသည်။

ထိုစဉ်တွင် ကားမှာလည်း စက်ရပ်သွားခဲ့ပြီဖြစ်သည်။ စောစောကပင် သူတို့နှစ်ဦး ဘဝတစ်ခုကို အတူလျှောက်လှမ်းကြရန် စကားတွေဖောင်ဖွဲ့ခဲ့ကြသည်။ ကြင်စဦးကာလ ဖြစ်တော့မည်မို့ ပျော်မဆုံးမော်မဆုံးဖြစ်ခဲ့သည်။

မိုးမမြင် လေမမြင်ဖြစ်ခဲ့ကြသည်။ ယခုအချိန်တွင် တင်မောင်ထွန်း၏ လက်ထဲတွင် နန္ဒာ၏ တစ်ကိုယ်လုံးသွေးရောင်များဖြင့် လွှမ်းနေပြီ။

မကြာခင်က မိတ်ကပ်ရောင်များဖြင့် လှပနေထွတ်နေခဲ့သော နန္ဒာ၏ အလှအပများသည် ယခုတော့ အရုပ်ဆိုးအကျည်းတန်ကာ သွေးတို့ဖြင့်လွှမ်းခြုံသွားခဲ့ပေပြီ။

နှုတ်ခမ်းတို့မှ သွေးတို့ယိုစီးနေ၏၊ ဦးခေါင်းနောက်ပိုင်း ကြေမွသွားပြီး ဦးနှောက်ဖြူဖြူတစ်ချို့ ကတ္တရာလမ်းပေါ် ပြန့်ကြဲကျလျက်ရှိသည်။

တင်မောင်ထွန်းသည် နန္ဒာ၏ အသက်မဲ့ရုပ်အလောင်းကို ပွေ့ပိုက်ထား၏။ သူသည် ငိုလည်း မငိုနိုင်တော့။ နန္ဒာကိုပွေ့ဖက်ထားရင်းမှ နန္ဒာ၏မျက်နှာကို သာ ဒိမ်းစိမ်းကြီးကြည့်နေတော့၏။ မည်သူကိုမှ မကြည့်တော့။ မည်သူ့ကိုမျှ မမြင်တော့။

သူ့မျက်လုံးထဲတွင် နန္ဒာ့ကိုသာ မြင်နေသည်။ နန္ဒာသည် သူတို့ မြို့တွင် အချောဆုံး၊ အလှဆုံး စာရင်းတွင်ပါဝင်သူဖြစ်သည်။

သူမ၏ ထူးခြားချက်မှာ မြို့ရှိကျန်သော မိန်းမလှများထက် ဆံပင်တောင်းခြင်း အင်္ဂါရပ်တစ်ခုဖြစ်သည်။ နက်မှောင်ဖြောင့်စင်းသော ဆံကေသာသည် ဖြန့်ချလိုက်လျှင် ခြေဖဝါးနားအထိ ကျဆင်းနေပြီး မြေပြင်နှင့်ထိခါနီးတွင် ထိုဆံပင်က မြေကြီးသည် သူမနှင့် မတန်သလို အထက်သို့ ကော့ညွတ်တက်သွားသည်။

ထိုထူးခြားသောဆံပင်ကပင် သူမ၏အသက်ကို ထူးခြားစွာနုတ်ယူခဲ့ပေပြီ။ သူမ၏ ဆံပင်နှင့်ဂျစ်ကား၏ ဘောဒီကိုင်း ငြိပါသွားပြီး ယခုပင် အသက်တစ်ခု စွန့်လွှတ်လိုက်ရပေပြီ။

“အဲဒီအချိန်ကစပြီး တပည့်တော်လုံးဝ သတိကင်းလွတ်ခဲ့ပါတယ်၊ စားခြင်း၊ အိပ်ခြင်း၊ နေထိုင်ရခြင်း အသိဉာဏ်တွေ လုံးဝ ပျောက်ကွယ်ခဲ့ရပါတယ်၊ ဂျစ်ကားနဲ့ တိုက်သွားတဲ့သူကိုလည်း ဘယ်သူမှန်းတောင် မသိတော့ပါဘူး. .

ဘာကိုမှ တပည့်တော် မသိတော့ပါဘူး ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာတွေက များလွန်း





www.burmeseclassic.com

www.burmeseclassic.com



လှတဲ့အတွက် ဘာကိုမှအမှတ်သညာမရှိနိုင်တော့ပါဘူး. .

တပည့်တော်ရဲ့ မိဘများနဲ့ မိတ်ဆွေများကဆိုရင် တပည့်တော်ကို ရူးသွားပြီလို့တောင် ထင်ခဲ့ကြပါတယ်. .

တပည့်တော် ပြန်လည်အအမှတ်သညာရရှိချိန်မှာ အိမ်ကပြန်ပြောလို့သိရတာ ဒီအမှုကိစ္စတွေပြီးခဲ့တာ ခုနှစ်လတောင် ကျော်ခဲ့ပါပြီဘုရား. .

သေသူကိုလည်း မြှပ်နှံသင်္ဂြိုလ်ခဲ့ပြီးပါပြီ ကားမောင်းတဲ့သူကလည်း ထောင်ကျသွားတယ်လို့သိရတယ်၊ တပည့်တော်အဲဒီအချိန်မှာ အသက်နှစ်ဆယ့်ငါးနှစ်ရှိခဲ့ပါတယ် တပည့်တော်အဲဒီအချိန်ကစပြီးရဟန်းဘောင်ကို ဝင်ရောက်ကိုဝင်ရောက်ခဲ့တာ အခုအချိန်ထိပါပဲဘုရား. .

အမှန်တကယ်ဆိုရင် လောကကြီးမှာ ဘာတစ်ခုမှ မမြဲပါဘူး. . အဲဒီလိုမမြဲတာတွေကို ထင်မှတ်နှလုံးသွင်းနေကြတဲ့အတွက် လူတွေဒုက္ခရောက်နေကြရတာပါ. . ပူဆွေးသောက ဖြစ်နေကြရတာပါ

မြဲတဲ့အရာဆိုတာ ဘာတစ်ခုမှ မရှိကြောင်းတပည့်တော်ကောင်းကောင်းသိပါပြီ. . .

အစိုင်အခဲအဖြစ် ဖွဲ့တည်နေတဲ့ အရာတွေ အားလုံးဟာတစ်ချိန်ချိန်မှာ အခိုးအငွေ့အဖြစ်ပျောက်လွင့်ပြယ် သွားနိုင်တယ်ဆိုတာ တပည့်တော်နားလည်ပါပြီ”

“အင်း. . အရှင်ဘုရားရဲ့ လူ့ဘဝတုန်းက အဖြစ်ဟာအင်မတန် ထိတ်လန့်အံ့ဩဖွယ်သံဝေဂယူဖွယ်ပါလား. . ”

“မှန်ပါ့ဘုရား. . ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်နေတယ်လို့ပဲ သဘောထားရတော့မှာပေါ့. . အားလုံးသူ့အကျိုးနဲ့သူ့အကြောင်းနဲ့ ဖြစ်ပျက်နေကြတာပဲ. .

အဲဒါကို မိမိက ဒါတော့ဖြစ်ပါစေ ဟိုဟာတော့ မဖြစ်ပါစေနဲ့လို့ ဆိုပြီးတားဆီးလို့ မရနိုင်ပါဘူး အားလုံးဟာ သူ့သဘော သူ့ဆောင်နေကြတာချည်းပါပဲဘုရား အခုတော့ တပည့်တော် ဒါတွေကိုတော်တော် သဘောပေါက်နေပါပြီ”

“အင်း. . တပည့်တော်ရဲ့အဖြစ်ကလည်း အရှင်ဘုရားရဲ့အဖြစ်နဲ့ သိပ်ပြီးမကွာလှပါဘူးလေ တပည့်တော် စောစောက ပြောခဲ့သလိုပဲ အဲဒီတုန်းက တပည့်တော်မှာ ‘အသိ’ မရှိလို့ ‘သတိ’ပါကင်းလွတ်ခဲ့ရပါတယ်. . သတိတစ်ချက် ကင်းလွတ်သွားတဲ့အတွက် အဲဒီလိုကြေကွဲဖွယ်ရာတွေဖြစ်လာခဲ့ရတာပါပဲ. . တပည့်တော်ရဲ့ အဖြစ်ကတော့ဒီလိုပါဘုရား. . ”

✻ ✻

“မျိုးကြီး. . မင်းတကယ်ပြောတာလား. . ”

“စိုးအောင်ရာ ငါကမင်းကို နောက်ရမှာလား. . မင်းဒီလောက်ပိုးပန်းနေပြီဆိုကတည်းကငါလည်းသိ တစ်ရွာလုံးသိတယ်၊ မင်းတစ်ကယ် သူ့အပေါ် ချစ်နေကယ်ဆိုတာ ဘာတဲ့ ငါ့ရဲ့နေထိုင်ပုံပုံစံကို သူကပြင်ခိုင်းတယ်ဟုတ်လား. . . ”

“အေး. . ဟုတ်တယ် မင်းဟာကလည်းကွာ ဟုတ်ပါတယ်ကွာ. . မိဘက မြေပိုင်၊ ယာပိုင်၊ စက်ပိုင်ရှင် သူဌေးမို့မင်းက မိုးလင်းမိုးချုပ် ကားတစ်စီးနဲ့အချိန်ဖြုန်းပြီးအပျော်အပါးမက်နေတယ်၊ တစ်ကယ့်မိကောင်းဖခင်သားသမီးတစ်ဦးက မင်းလိုအချိုးမျိုးနဲ့လူကို ငွေမက်ပြီး ကြိုက်မှာတဲ့လားကွ. . မင်းစဉ်းစားကြည့်လေ. . အေးအေးနွယ်တို့ မိဘအခြေအနေကလည်း မင်းသိတဲ့အတိုင်းမရှိမရှားထဲကပဲမဟုတ်လား”

“အေး. . ဒါတော့ဒါပေါ့ကွာဒီလိုမျိုးကို သူကငါ့ကိုတိုက်ရိုက်ပြောပြီး ပြင်ခိုင်းဖို့ကောင်းတယ်၊ တကယ်ဆိုရင် ငါသူ့ကို တကယ်ချစ်လို့ ပိုးခဲ့တာ နှစ်,နှစ်တောင် ကျော်ခဲ့ပြီပဲ သူပြောဖို့သင့်တယ်. . ”

“ဟား. . ဟား. . ရယ်စရာကောင်းလိုက်တာကွာ မင်းကအချစ်ရူး ပြောပြန်ရင်လည်း

www.burmeseclassic.com

စိတ်ဆိုးမယ်၊ မင်းကိုအေးအေးနွယ်ကလာပြီးတော့ ကိုကိုစိုးအောင်ရဲ့ ဒီအချိုးလေးတော့ ဒီလိုပြင်လိုက်ပါ ကျွန်မရဲ့အချစ်တွေကို ရှင့်အပေါ် စုပြုံပြီးပေးပါ့မယ်လို့ အေး.. မင်းစောင့်တော့ စိုးအောင် ကမ္ဘာလဆန်းတစ်ရက်နေ့မှာ မင်းသိရမယ်.."

"ဟာ.. မင်းကလည်း မနောက်ပါနဲ့ကွာ.. ဒါအိမ်ထောင်ရေးကွ.. နောက်စရာမဟုတ်ဘူး.."

"အေး.. မနောက်ချင်လို့ အတည်ပြောနေတာကွ.. ဒီသတင်း မင်းငါ့ဆီကရတာ မင်းငါ့ကိုဘာနဲ့ ညှိခံမလဲ ဒါတောင် ငါအစ်ထုတ်လို့ရတာကွ.."

"အေးပါ ကျေးဇူးရှင်ရာ သူကြိုက်အောင်ရုံတင် မဟုတ်ပါဘူး ငါတစ်ကယ်ပြုပြင်ပါ့မယ်ကွာ ငါလည်း ဒီလိုနေရတာ ငြီးငွေ့လာပြီ ဆယ်တန်းလည်း အောင်မှာမဟုတ်တော့ဘူး စီးပွားရေးကိုပဲ သေသေချာချာ လုပ်တော့မယ်၊ မင်းမျက်နှာမပျက်စေရပါဘူး မျိုးကြီးရာ.."

သူငယ်ချင်းဖြစ်သူ မျိုးကြီးကိုစိုးအောင် ကတိပေးလိုက်သည်။ အေးအေးနွယ်ကို သူပိုးပန်းခဲ့သည်မှာ နှစ်နှင့်ပင်ချီလာပေပြီ။

"ဟင့်အင်း"ဆိုသော စကားနှင့် ခေါင်းခါပြမှုသာ ရရှိခဲ့သည်။ ယနေ့တွင် မျိုးကြီးထံမှ ဒီလိုစကားမျိုးထွက်လာခဲ့သောကြောင့် သူအတိုင်းမသိ ဝမ်းသာနေမိသည်။

ယခုတော့ မျိုးကြီးသည် သူတို့နှစ်ဦး၏ အောင်သွယ်တော် ဖြစ်လာခဲ့ပေပြီ။

"ကဲ.. ကိုယ့်လူသွားမယ်၊ မင်းကဘာလုပ်ချင်လဲ မျိုးကြီး"

"ငါမင်းကို မညှင်းဆဲရက်ပါဘူး စိုးအောင်ရာ အချိုရည်တစ်ဘူးနဲ့ထမင်းပဲစားမယ်၊ ဆိုင်မှာလိုက်ကျွေး..."

"ဒါများကွာ အဆန်းမှတ်လို့ ဒီလောက်တော့ ငါနေ့တိုင်း စားနေကျပဲ ပြောနေကြာတယ်၊ လာ.. သွားမယ်..."

နှစ်လခန့်အကြာတွင် မျိုးကြီး၏ စီစဉ်ပေးမှုကြောင့် အေးအေးနွယ်နှင့် သူမြို့ဦးဘုရားတွင် တွေ့ဆုံခဲ့ကြသည်။

"ရှင့်ဆီက ဒီလိုစကားမျိုးကိုမျိုးကြီးဆီက တစ်ဆင့်ကြားရတာ ကျွန်မဝမ်းသာပါတယ်.."

အေးအေးနွယ်က တွေ့တွေ့ချင်း စတင်ပြောလိုက်လေသည်။

"ကိုယ် တစ်ကယ်ကတိ ပေးပါတယ်.."

"ရှင်ကတိတည်ရင် ကျွန်မ အချစ်လည်းတည်ပါတယ်"

စိုးအောင်ရင်ထဲတွင် အပျော်တောင်ကြီးတစ်လုံး ပေါက်ကွဲသွားသည်။

"ကဲ.. ဒီလောက်ဆိုရင် ယာဉ်တိုက်မှုဖြစ်စဉ်မှာ ကားနဲ့ ...ိုက်ခဲ့တဲ့ သူဟာ စိုးအောင်ဆိုတဲ့ ...ပည့်တော်ပဲဆိုတာ မပြောလည်း ...ရှင်ဘုရားသိနှင့်ရောပေါ့ အရှင်ဘုရားတပည့်တော်လည်း အဲဒီနေ့က အပျော်ကျူးပြီးမောင်းလာတဲ့ ကားဟာမြေနဲ့တောင် မထိဘူး ထင်တယ်..

တပည့်တော် လူ့ဘဝက အနှစ်,နှစ်အလလ သိပ်ပြီးလိုချင်တဲ့ အရာတစ်ခုကို အဲဒီနေ့မှာ ရရှိခဲ့သူမို့ တပည့်တော်လည်း ဝဲအားရို တရကြမ်းမောင်းပြီး ပြန်လာခဲ့ချိန်မှာ ယာဉ်တိုက်မှုတစ်ခုဖြစ်ခဲ့ပါတယ်..

အဲဒီယာဉ်တိုက်မှုမှာလည်း ကြင်စဦးဇနီးမောင်နှံ နှစ်ဦးဖြစ်တဲ့ မိန်းကလေးကို မတော်တဆ ဝင်တိုက်မိခဲ့တာပါ.. အဲဒါကလည်း တပည့်တော်ရဲ့ပေါ့ဆမှုကြောင့်ပါပဲ ဘုရား..

သာမာန်အချိန်ဆိုရင် ဒီလိုမဖြစ်နိုင်ပါဘူး အမျိုးသမီးလေးရဲ့ ခင်ပွန်းလင်ယောကျာ်း ဖြစ်သူက ရူးကြောင်ကြောင် ဖြစ်သွားခဲ့တယ်လို့ သိရတယ်၊ မိန်းကလေးကတော့ ပွဲချင်းပြီး သေသွားရှာတယ်..

အဲဒီအချိန်ကစပြီး




www.burmeseclassic.com

www.burmeseclassic.com


တပည့်တော်ဟာ အဲဒီယာဉ်တိုက်မှုမြင်ကွင်းကိုပဲ စိတ်ထဲမှာ မြင်ယောင်နေခဲ့တယ်၊ မိန်းကလေးဟာ အေးအေးနွယ်နဲ့ ရှယ်တူလောက်ပါပဲ. .

ပြီးတော့ တစ်ဖက်မှာ တပည့်တော်ဟာ အသိုက်အမြုံတစ်ခုကို ထူထောင်ဖို့ ကြိုးစားနေစဉ်မှာ အခြားတစ်ဖက်မှာတော့ အခြားအသိုက်အမြုံတစ်ခုကို ဖျက်ဆီးပြီးနှင့်နေခဲ့ပါပြီ. .

တပည့်တော် အကျဉ်းထောင်မှ ပြစ်ဒဏ်ကင်းလွတ်ခဲ့ချိန်မှာ သံဝေဂတရားများစွာ ရရှိခဲ့ပါတယ် အဲဒီနောက် ရှုပ်ထွေးလှတဲ့ လောကီကိုစွန့်ပြီး လောကုတ္တရာနယ်ထဲကို အပြီးဝင်ရောက်ခဲ့တော့ ပါပဲဘုရား. ."

ရဟန်းနှစ်ပါးစလုံး၏ အသွင်သဏ္ဌာန်မှာ ပကတိတည်ငြိမ်နေသည်။ တည်ကြည်သော မျက်နှာပေါ်မှာ တစ်စုံတစ်ရာ လှုပ်ရှားမှုမရှိ။ ခံစားချက်မရှိ။ ဝေဒနာမရှိ။

~ ~

ကျိုက်ထီးရိုး ရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ထွက်ပြူနေသော နေမင်းကြီးသည် အရှေ့ဘက်ဆီမှ တရွေ့ရွေ့ တက်လာပေပြီ။

တစ်ညတာ ကုန်ဆုံးလွန်မြောက်ခဲ့ပေပြီ။ တစ်မိုးသောက်ခဲ့လေပြီ။ အမှောင်ကို လွန်မြောက်၍ အလင်းရောက်ခဲ့ချေပြီ။

လှုပ်ရှားမှုတို့သည်လည်းကောင်း၊ ခံစားချက်ဝေဒနာတို့သည်လည်းကောင်း၊ တွယ်တာကပ်ငြိမှုတို့သည်လည်းကောင်း၊ ပျော်ရွှင်ကြည်နူးမှုတို့သည်လည်းကောင်း၊ ဝမ်းနည်းပူဆွေးသောကဖြစ်မှုအပေါင်းတို့သည်လည်းကောင်း. . .

သူနှင့်အတူ အမှောင်နှင့်အတူနောက်ဖက်တွင် ကျန်ရစ်ခဲ့ပေပြီ။

တစ်ချိန်တစ်ခါက လူ့ဘဝ၊ လူ့နယ်ပယ်၌ ကျင်လည်လှုပ်ရှားခဲ့ကြဖူးသော လူနှစ်ဦးတို့သည် ယခုအခါမြင့်မြတ်သော ရဟန်းဘဝ၊ ရဟန်းအသွင်ဖြင့် ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ကြီး၏ ခြေတော်ရင်းဆီမှ ပြန်လည်သက်ဆင်းခဲ့ကြပေပြီ။

တစ်ပါးသော ရဟန်းတော်သည်ကင်ပွန်းစခန်းဆီသို့ သွားရာလမ်းဖြစ်သော လူအများနှင့် သည်လမ်းမှကွဲသွားပြီး တစ်ပါးသော ရဟန်းမှာ ကျိုက်ထီးရိုးရင်ပြင်မှ အနောက်မြောက်အရပ်ဆီသို့ တောလမ်းအတိုင်း ကွဲသွားလေသည်။

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးဆီမှ ဆည်းလည်းကလေးများ၏ တချွင်ချွင်မြည်သံက ညင်းဖွဲ့ကာ လေပြည်ထဲ ဝီးမျောပျံ့လွင့်၍နေပေသည်။

~ ~



www.burmeseclassic.com

www.burmeseclassic.com






## မြုံးတိုးငါးတစ်ကောင်ရဲ့ ဂန္ဓာရီကြာနီပွင့်

ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာသခင် ဩဘမဟာသိဒ္ဓိအား ပြောကြားခဲ့မိသော စကားများကို ပြန်လည်အမှတ်ရနေမိသည်။

"ဆရာသခင် ကျွန်ုပ်အနေနဲ့ ကာမဂုဏ်အာရုံတွေကို ကြောက်ရွံ့နေမိပါပြီ၊ ကျွန်ုပ်ဟာ မြုံးထဲမှာ အမိခံထားရတဲ့ ငါးတစ်ကောင်လိုပါပဲ၊ ကာမဂုဏ်ဆိုတဲ့ မြုံးကြီးထဲမှာ အမိခံခဲ့ရတဲ့လူတစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။

ငါးတွေဟာ မြုံးထဲမှာ အမိခံထားရပေမယ့် အဲ့ဒီမြုံးကြီးဟာ သူတို့ကို သတ်မယ့် မြုံးကြီးမှန်း မသိကြပါဘူး။

အဲဒီလိုပဲ လူတွေအနေနဲ့ ကာမဂုဏ်မြုံးကြီးဟာ သူတို့ကို သတ်မယ့်မြုံးကြီးမှန်း မသိကြပါဘူး၊ ငါးတွေရဲ့ သချိုင်းဟာ အဲ့ဒီမြုံးကြီးဖြစ်သလို လူတွေရဲ့ သချိုင်းဟာလည်း အဲဒီကာမဂုဏ်အာရုံမြုံးကြီးပါပဲ။

ဒါပေမယ့် လူတွေဟာ အဲ့ဒီမြုံးကြီးထဲကို ပျော်ပျော်ကြီး ဝင်တိုးနေကြတယ်။

တစ်ချိန်တုန်းကဆိုရင် ကျွန်ုပ်ဟာ အဲ့ဒီလိုမြုံးတိုးငါးတစ်ကောင်ဖြစ်ခဲ့ရဖူးတယ်။

ဒီကနေ့ကတော့ ကျွန်ုပ်ဟာ.. အဲဒီလို မြုံးတိုးငါးတစ်ကောင် ဘဝကို အလွန်တရာ ကြောက်ရွံ့နေမိပါပြီ ဆရာသခင်။

လူတွေဟာ ငါးတွေလို တိုးရင်းသေကုန်ကြတယ်။ ပြီးတော့ အဲဒီလို တိုးနေရတာကိုပဲ ဘဝရဲ့ အဓိပ္ပာယ်လို့ ထင်နေကြတယ်။

အမှန်တော့ သူ့ဘဝရဲ့



www.burmeseclassic.com

www.burmeseclassic.com

အဓိပ္ပာယ်ဟာ ဒီထက်ပိုပြီး လေးနက်တယ်။ ဘဝရဲ့တန်ဖိုးဟာ ဒီ့ထက်ပိုပြီး ကြီးမားတယ်။ ဒါပေမဲ့ လူတွေရဲ့ ဘဝအဓိပ္ပာယ် လူတွေရဲ့ ဘဝတန်ဖိုးကတော့ ကာမဂုဏ်အာရုံတွေမှာတင် ရပ်တန့်နေကြတယ်. . ”

ဆရာသခင်က ကျွန်ုပ်အား ပြုံးပြီးကြည့်နေသည်။ ပြီးမှ. .

“အဲ့ဒါဟာ ဂန္ဓာရီလမ်းစပဲ၊ ဂန္ဓာရီလမ်းကြောင်းပေါ် လျှောက်လှမ်းဖို့အတွက် သင့်ရဲ့အတွေးအမြင်တွေ၊ သင့်ရဲ့ခံစားချက်တွေ စတင်ပြောင်းလဲလာခြင်းပဲလို့ ယူဆရမယ်. . ”

“ဟုတ်ပါတယ် ဆရာသခင် ကျွန်ုပ် ဂန္ဓာရီလမ်းကြောင်းပေါ် လျှောက်လှမ်းချင်ပါတယ်၊ ကာမဂုဏ်အာရုံလမ်းဟာ ကျွန်ုပ်ရဲ့ လမ်းမဟုတ်ပါဘူး၊ ဆရာသခင်ထံမှာ တပည့်ခံခွင့်ပြုပါ ဆရာသခင်. . ”

ဆရာသခင်က သူ၏ဦးခေါင်းကို ဖြည်းဖြည်းချင်း ညိတ်သည်။

ကျွန်ုပ်သည် ထိုအချိန်မှ
စ၍ ဂန္ဓာရီလမ်းပေါ်သို့ ဆရာ
သခင်ဩာမဟာသိဒ္ဓိ၏ လမ်းညွှန်မှု
ဖြင့် ရောက်ရှိလာခဲ့ရသည်။

ယခုလည်း ကျွန်ုပ်သည်
ဆရာသခင်ဖြစ်သူဩာမဟာသိဒ္ဓိ၏
ညွှန်ကြားချက်အရ ဘဇာယ
တောင်သို့ ရောက်ရှိခဲ့ရလေပြီ
ဘဇာယနတောင်ကား ပုပ္ပါးတောင်
ကြီး၏အနောက်ဖက် စူးစူးတွင်
တည်ရှိပြီး ပုပ္ပါးတောင်ကြီး၏
ဝန်းကျင်ရှိ အောင်မြေ(၉)ဌာ
အတွင်းမှ အောင်မြေဌာနတစ်
ဖြစ်လေသည်။

ထိုဘဇာယနတောင်က
ယခင်က တောင်ပုလုတောင်
ခေါ်ပြီး ယခုအခါ သီလတောင်
လည်း ခေါ်တွင်လျက်ရှိကြသည်။

ဩာမဟာသိဒ္ဓိ၏ မှာကြ
ချက်များကို ကျွန်ုပ် ကြားယော
နေမိလေသည်။

“ပုပ္ပါးတောင်ဝန်းကျင်မှ
အောင်မြေကိုးဌာနရှိပေတယ
ရသေ့ကြီး အဲ့ဒီအောင်မြေကိုးဌာ





ကို ရသေ့ကြီးသိအောင် ပြောပြမယ်၊ အဲ့ဒီအောင်မြေတွေမှာ ရသေ့ကြီးအဓိဋ္ဌာန်ဝင်ရလိမ့်မယ်၊ ဂန္ဓာရီလမ်းလျှောက်လှမ်းနေရတဲ့ ပုဂ္ဂိုလ်တွေအတွက် အဲ့ဒီအောင်မြေကိုးနေရာဟာ မဝင်မဖြစ် ဝင်ရလိမ့်မယ့်နေရာတွေပဲ ရသေ့ကြီး။

ဂန္ဓာရီအတွင်းစခန်းဆီကို ရောက်အောင်ဝင်လိုသူ ပုဂ္ဂိုလ်တွေအတွက် အဲ့ဒီအောင်မြေကိုးနေရာဌာနဟာ အဝင်တံခါးပေါက်တွေဆိုရင်လည်း မမှားပေဘူး။ အဲ့ဒီအောင်မြေကိုးနေရာမှာ အဓိဋ္ဌာန်ဝင်ရောက်ကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ အစစ်အဆေးခံကြရတယ်။

သီလ သမာဓိ သမထ စရဏတရားတွေ ပြည့်ဝခြင်းရှိမရှိ စစ်ဆေးခြင်းခံကြရတယ်၊ စစ်ဆေးလို့ပြည့်မီပြည့်ဝမှ ဂန္ဓာရီအတွင်းစခန်းဆီကို ဝင်ရောက်ခွင့်ရကြတယ်၊ ဂန္ဓာရီသမားဟာ အရာရာတိုင်းကို မတုန်မလှုပ် တတ်ဖို့လိုတယ်။

တုန်လှုပ်ခြင်း ချောက်ချားခြင်းကင်းမဲ့ရမယ်။ တုန်လှုပ်ခြင်း ချောက်ချားခြင်းကင်းမဲ့ဖို့အတွက် အမှန်ကို အမှန်အတိုင်း သိမြင်ရမယ်။ မေတ္တာတရားကို လက်ကိုင်ထားရမယ်။ မိမိရဲ့ ယုံကြည်ချက်၊ ရည်ရွယ်ချက်၊ ဦးတည်ချက်ကို သိရမယ်၊ အဲ့ဒီရည်ရွယ်ချက် ဦးတည်ချက်အတိုင်း မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲ လျှောက်လှမ်းမယ်ဆိုတဲ့ စိတ်ဓာတ်ရှိရပေလိမ့်မယ်. . ရသေ့ကြီး”

ကျွန်ုပ်အား ဘဇာယနတောင်ပေါ်မှ အဝေးဆီသို့ လှမ်းမျှော်ကြည့်နေမိသည်။ အဝေးဆီတွင် ပုပ္ပါးတောင် စိမ်းညိုညိုကြီးကို မြင်နေရသည်။ ကျွန်ုပ်၏ရင်မှာ တလှပ်လှပ်ခုန်လာမိသည်။

ကျွန်ုပ်ကား ဂန္ဓာရီသမားဖြစ်သော်လည်း ခံစားမှုတို့က တစ်ခါတစ်ရံ ရင်တွင်း၌ လှိုင်းထနေမိတတ်ပြန်သည်။

ပစ္စုပ္ပန်တည့်တည့်မှာပဲ နေရမယ်။

ဂန္ဓာရီသမားဟာ အနာ

www.burmeseclassic.com

www.burmeseclassic.com



ဂတ်မှာလည်း မနေရဘူး။ အတိတ်မှာလည်း မနေရဘူး။ အနာဂတ်ဟာ မရောက်သေးတဲ့ အတွက် အနာဂတ်ကာလကို မျှော်လင့်စောင့်စားနေခြင်းဟာ မိမိရဲ့ သမာဓိစရဏတရားတို့ကို ယုတ်လျော့အားနည်းစေတယ်။

ထို့အတူပဲ ပြီးဆုံးခဲ့ပြီဖြစ်တဲ့ အတိတ်ကာလကို ပြန်လည်တမ်းတသတိရနေခြင်းဟာ မိမိရဲ့ သမာဓိစရဏတရားတို့ကို အားနည်းပျက်ပြားစေတတ်တယ်။ ဒါ့ကြောင့် ဂန္ဓာရီသမားဟာ ပစ္စုပ္ပန်တည့်တည့်မှာပဲ နေရမယ်"

ကျွန်ုပ်ကား တောမှိုင်းမှိုင်း တောင်မှိုင်းမှိုင်း တောညိုညို တောင်ညိုညိုတို့ကို မြင်ရတိုင်း ရင်တွင်း၌ လှိုင်းထလာမိတတ်ပေသည်။ လွမ်းချင်သလိုလို ဆွေးချင်သလိုလို ငေးချင်သလိုလို. .

"ခံစားမှုဆိုတာ တောဆင်ရိုင်းကြီးနဲ့တူတယ်၊ တောဆင်ရိုင်းကြီးဆိုတာ သူရမ်းချင်ရာ ဝင်ရမ်းတတ်တယ်။ တားဆီးထိန်းချုပ်လို့ မရဘူး။ အဲ့ဒီလိုပဲ ခံစားမှုဆိုတာ လည်း တောဆင်ရိုင်းကြီးလို သူရမ်း ချင်ရာ ဝင်ရမ်းတတ်တယ်။ သာမ လူတွေဟာ ခံစားမှုအာရုံရဲ့ ရမ်းချ ရာရမ်းကားမှုကို စင်းစင်းကြီးခံ ကြရတယ်။

ဂန္ဓာရီသမားကတော့ အဲ့ လိုခံနေဖို့ မလိုဘူး။ ခံနေရင်လည်း ဂန္ဓာရီသမားမဟုတ်တော့ဘူး. . ရသေ့ကြီး။

ရသေ့ကြီးရဲ့ ရင်ထဲမှ အဲ့ဒီခံစားမှုဆိုတဲ့ တောဆင်ရိုင် ကြီးရှိနေသေးရင် အမြန်ဆုံ မောင်းထုတ်လိုက်ပါ ရသေ့ကြီး။

အဲ့ဒီလို မောင်းမထုတ်နိုင် ရင် တောဆင်ရိုင်းကြီးက ရသေ့ကြီး ရင်ထဲမှာ ရမ်းချင်တိုင်း ရမ်း တော့မှာပဲ။

အဲ့ဒီလို တောဆင်ရိုင်းကြီး ကို ရမ်းချင်တိုင်းရမ်းခွင့်ပေးထ မယ်ဆိုရင် အဲ့ဒီ ဂန္ဓာရီသမား ဘယ်မှာ သီလပြည့်ဝတော့မှာ ဘယ်မှာ သမထရတော့မှာ



အဲ့ဒီတောဆင်ရိုင်းကြီးကို ပထမဦးဆုံးနှိမ်နင်းရမှာက သီလဆိုတဲ့ ချွန်းနဲ့နှိမ်နင်းရမယ်။

သီလဆိုတဲ့ စောင့်ထိန်းခြင်းတရားဟာ တောဆင်ရိုင်းကြီးကို နှိမ်နင်းဖို့အတွက် ပထမဦးဆုံးသော ချွန်းပဲ ရသေ့ကြီး. . "

ဆရာမဟာသိဒ္ဓိက ခံစားမှုသည်-တောဆင်ရိုင်းကြီးဟု ဆိုခဲ့ပေသည်။ ကျွန်ုပ်ရင်ထဲ၌ကား တောဆင်ရိုင်းကြီး ရှိနေပေသေး၏။ တောဆင်ရိုင်းကြီး ထွက်ပြေးသွားအောင် ကျွန်ုပ်မောင်းမထုတ်နိုင်သေးပေ။ သို့သော် တောဆင်ရိုင်းကြီးကိုကား သူရမ်းချင်တိုင်း ရမ်းခွင့် မပေးနိုင်တော့ပေ။

ကျွန်ုပ်ရင်ထဲရှိ တောဆင်ရိုင်းကြီးကား ငြိမ်သက်သင့်သလောက်ငြိမ်သက်နေပြီဖြစ်၏။ သို့သော်. . တောမှိုင်းမှိုင်း တောင်မှိုင်းမှိုင်းတို့ကို မြင်ရသောအခါတွင်မူ. . ထိုတောဆင်ရိုင်းကြီးကမဟာစိတ်ဝင်ကာ ရုန်းကြွလာတတ်ပေသေးသည်။

ထို့အတူ ကာမဂုဏ်အာရုံတို့ကို မြင်ရတွေ့ရသောအခါတွင်လည်း စိတ်ဆင်ရိုင်းကြီးသည် ချွန်းအုပ်၍ မရနိုင်အောင် အရိုင်းစိတ်တို့တဖွားဖွားဝင်ရောက်လာတတ်ပေသည်။

"တဏှာဆိုတဲ့ လိုချင်တပ်မက်ခြင်းလောဘဟာလည်း တောဆင်ရိုင်းကြီးနဲ့တူတယ်၊ လူတွေရဲ့ ရင်ထဲမှာ စိတ်ထဲမှာ အဲ့ဒီတဏှာတောဆင်ရိုင်းကြီးဝင်မွှေနေတယ်။ အဲ့ဒီလို ဝင်မွှေခြင်းခံနေရတာကို လူတွေက သဘောကျနေကြတယ်။ နှစ်သက်ရွှင်မြူးဖြစ်နေကြတယ်။

သူတို့ဘဝတစ်လျှောက်လုံး တောဆင်ရိုင်းကြီးကို မွှေချင်သလောက်မွှေခွင့်ပေးထားတယ်။ ရမ်းချင်သလောက် ရမ်းခွင့်ပေးထားတယ်။ နောက်ဆုံးမှာ သူတို့ဟာအဲ့ဒီတောဆင်ရိုင်းကြီးသတ်လို့သေကြရရှာတယ်။

ဂန္ဓာရီသမားဆိုပြီး တောဆင်ရိုင်းကြီးကို မွှေချင်တိုင်းမွှေ ရမ်းချင်တိုင်းရမ်းခွင့်ပေးထားပြီး

www.burmeseclassic.com



နောက်ဆုံးမှာ တောဆင်ရိုင်းအသတ်ကို ခံရမှာလား။

ဂန္ဓာရီသမားဟာ တောဆင်ရိုင်းကြီးရဲ့ အသတ်ကို မခံရဘဲ မိခကသာ တောဆင်ရိုင်းကြီးကို ပြန်ပြီးသတ်နိုင်အောင် ကြိုးစားရလိမ့်မယ်။ အဲ့ဒါမှ ဂန္ဓာရီသမား ႇ သလိမ့်မယ်။ ဒီတော့ တောဆင်ရိုင်းကြီးကို သတ်နိုင်အောင် ကြိုးစားပါဦး။ သူ့ကို သောင်းကျန်းချင်တိုင်း သောင်းကျန်းခွင့်မပေးပါနဲ့တော့”

သို့သော် ကျွန်ုပ်ကား တောဆင်ရိုင်းကြီးကို အပြီးတိုင် သုတ်သင်နိုင်ခြင်း မရှိသေးပေ။ အနည်းငယ် ငြိမ်သက်အောင်သာ လုပ်နိုင်ပေသေးသည်။

ကျွန်ုပ်၏စိတ်သည် အတိတ်ကာလများဆီသို့ နောက်ကြောင်းပြန်မသွားလိုပေ။ သို့သော်လည်း တစ်ခါတစ်ရံတော့ အတိတ်ခရီးသည်မဟုတ်သလို အနာဂတ်ခရီးသည်လည်း မဟုတ်ပေ။ ပစ္စုပ္ပန်ခရီးသည် (သို့မဟုတ်) ဂန္ဓာရီခရီးသည်သာဖြစ်ပေသည်။

အတိတ်ကာလ ကျွန်ုပ်ဘဝ၌ သာမန်လူများကဲ့သို့ပင် ကြည်နူးချမ်းမြေ့ဖွယ်ရာ ပျော်ရွှင်ကြည်နူးဖွယ်ရာ၊ ဝမ်းနည်းကြေကွဲဖွယ်ရာများနှင့် ကြုံတွေ့ခဲ့ရဖူးပေသည်။

ကျွန်ုပ်သည် ဝမ်းနည်းစရာရှိလျှင် ဝမ်းနည်း၊ ပူဆွေးစရာရှိလျှင် ပူဆွေး၊ ပျော်ရွှင်စရာရှိလျှင် ပျော်ရွှင်၊ ကြေကွဲစရာရှိလျှင် ကြေကွဲ၊ ကြည်နူးစရာရှိလျှင် ကြည်နူးခဲ့ရသော ကာလများကို ဖြတ်သန်းခဲ့ရဖူးပေပြီ။

ထိုစဉ်က ကျွန်ုပ်သည် ခံစားမှုဖြင့် အသက်ရှင်သန်နေထိုင်ခဲ့ပြီး အရာရာကို ခံစားမှုဖြင့် တိုင်းတာကာ ခံစားမှုသက်သက်သမားဖြစ်ခဲ့ပေသည်။ ခံစားမှုပေတံသည် ကျွန်ုပ်၏ ဘဝပေတံဖြစ်ခဲ့သည်။ ကျွန်ုပ်သည် ဘဝကို ခံစးမှုအစုစုတို့ဖြင့် ထုံလွှမ်းခဲ့သည်။ ခံစားမှုဖြင့် မူးယစ်ရီဝေခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင်ခံစားမှု၊ ခံစားမှုသည်ပင် ကျွန်ုပ်ဖြစ်ခဲ့ပေသည်။





ဂန္ဓာရီသမားဘဝ၌ကား အရာရာကို ခံစားမှုပေတံဖြင့် တိုင်းတာခြင်းအား လက်လွှတ်လိုက်ရပေပြီ။

“ဂန္ဓာရီသမားမှာ လိုအပ်မက်မောမှုဆိုတာ မရှိသင့်တဲ့ အရာပဲ၊ လိုချင်မက်မောနေသေးသရွေ့ ဂန္ဓာရီသမား မဟုတ်ဘူး။

ဂန္ဓာရီသမားဟာ အရာရာကို စွန့်လွှတ်ထားတဲ့သူပဲ။ ဂန္ဓာရီသမားမှာ ရွှေမလိုဘူး။ ငွေမလိုဘူး။ တိုက်မလိုဘူး။ ကားမလိုဘူး။ ကြင်ယာဇနီးမယားမလိုဘူး။ အဲ့ဒါပကွလိုနေသေးရင် ဂန္ဓာရီသမား မဟုတ်ဘူး. . ”

ကျွန်ုပ်တွင် ပိုင်ဆိုင်သည်ဟူ၍ မည်သည့်အရာမှရှိမနေပေ။ ပိုင်ဆိုင်စရာမရှိခြင်းသည် ချမ်းသာခြင်းအစစ်အမှန် မဟုတ်ပါလော။ ကျွန်ုပ်၏ လက်တွင်း၌ တောင်ဝှေးတစ်ချောင်းနှင့် သပိတ်တစ်လုံးသာ ရှိပေသည်။ ဦးခေါင်းထက်တွင်မူ ဒေါက်ချာတစ်လုံးရှိပေသည်။ လည်ပင်းတွင်ကား စိတ်ပုတီးကြီးတစ်ကုံးရှိပေသည်။

ကျွန်ုပ်သည် တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း လျှောက်လှမ်းနေမိသည်။ တောင်ပေါ်လေက တဟူးဟူးတိုက်ခတ်လာသည်။ ကျွန်ုပ်သည် ဤဘဇာယနတောင်ပေါ်တွင် အဓိဋ္ဌာန်ဝင်ရောက်ရပေဦးမည်။

“ပထမဦး ရသေ့ကြီးအဓိဋ္ဌာန်ဝင်ရောက်ရမှာကဘဇာယနတောင်ပဲ၊ ရသေ့ကြီးပြီးရင် ကွမ်းတောင်ပေါ်မှာ အဓိဋ္ဌာန်ဝင်ပါ။ ပြီးရင် မျှော်တော်ဟောင်မှာ အဓိဋ္ဌာန်ဝင်ရမယ်။ ပြီးရင် ကျောက်တင်းတိမ်၊ ရသေ့တောင်၊ သမဲကျင်းရွှေလဝင်း၊ မှန်ကင်းတောင်၊ ဇေယျသီခကုန်းစတဲ့ အဲ့ဒီအောင်မြေကိုးဌာနမှာ အစဉ်အတိုင်း အဓိဋ္ဌာန်ဝင်ရောက်ရမယ်။ အဲဒီလို အဓိဋ္ဌာန်ဝင်ရောက်ပြီး သိဒ္ဓိမဟိဒ္ဓိယူရမယ် ရသေ့ကြီး”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကား ဘဇာယန တောင်ပေါ်ရှိ တောင်ပေါ်ကျောင်း စေတီတော်ရှေ့၌ထိုင်ကာ ပုတီးစိပ်နေမိလေသည်။

တောင်ထိပ်ပေါ်ဝယ် လပြည့်ဝန်းက ရွှန်းရွှန်းမြမြသာနေသည်။ ကျွန်ုပ်ပုတီးစိပ်၍ အတော်ကြာသောအချိန်၌ "ရှူးကနဲ. . ရှူးကနဲ" မြည်သံတစ်ခုကို ကြားရလေသည်။

ကျွန်ုပ်ကား အဓိဋ္ဌာန်အတိုင်း ဆက်လက်ပုတီးစိပ်နေမိ၏။ မကြာမီ အဓိဋ္ဌာန်ပြီးဆုံး၍ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိသောအခါ. .

ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင် ကျွန်ုပ်အား စူးစူးစိုက်စိုက်ကြည့်ရနေသော မြွေကြီးတစ်ကောင်ကိုမြင်လိုက်ရသည်။

မြွေကြီး၏ မျက်လုံးအစုံမှာ ရဲရဲနီနေပြီး ကိုယ်လုံးကြီးပေါ်၌ အဝါရောင်နှင့် အနက်ရောင်တို့ အကွက်. . အကွက်ထနေကြ၏။ သို့သော် ကျွန်ုပ်၏ စိတ်အတွင်း၌ကား. . ကြောက်လန့်တုန်လှုပ်ခြင်းတို့ဖြစ်ပေါ်လာမိခြင်း မရှိပေ။

မြွေကြီးမှာ ကျွန်ုပ်ကြည့်နေစဉ်မှာပင် ပါးစပ်ကို ဖြဲလိုက်လေရာ. . ပါးစပ်အတွင်းမှ ကြီးမားသော အစွယ်ကြီးမှာ ဖွေးကနဲ. . ပေါ်လာလေသည်။ မြွေကြီးမှာ ကျွန်ုပ်အား အစွယ်ကြီးနှင့် ပေါက်သတ်တော့မည့်ကဲ့သို့ရှိနေ၏။

ကျွန်ုပ်ကား နေရာမှ မရွေ့မိပေ။

"သီလ သမာဓိ သမထ စရဏ တရားတွေဟာ ဂန္ဓာရီသမားရဲ့သတ္တိတွေပဲ၊ မေတ္တာတရားကတော့ ဂန္ဓာရီသမားရဲ့ လက်နက်ဖြစ်ပေတယ်. ."

ဆြာမဟာသိဒ္ဓိ၏ ဩဝါဒစကားများက ကျွန်ုပ်၏ နားထဲ၌ စွဲနစ်၍နေသည်။ ကျွန်ုပ်၌ ထိုက်သင့်သော သီလ၊ သမာဓိ၊ စရဏ တရားများရှိ၏။ ဤသည်ပင် သတ္တိမဟုတ်ပါလော။ ကျွန်ုပ်တွင် ထိုက်သင့်သော မေတ္တာတရားများရှိ၏။ ဤသည်ပင် လက်နက်မဟုတ်ပါလော။

ကျွန်ုပ်ကား မြင်နေရသော မြွေကြီးကို မေတ္တာသွင်သွင်ပို့မိလေ၏။

"အသင်မြွေကြီး ကျွန်ုပ်သည်ကား အသင်၏ရန်သူမဟုတ်ပါ။ မိတ်ဆွေတစ်ဦးသာဖြစ်ပါမည်။ ကျွန်ုပ်ကား အသင့်ကို မေတ္တာပို့သအပ်ပါသည်။ အသင်မြွေကြီးချမ်းသာပါစေ။ အသင်မြွေကြီး ကျန်းမာပါစေ. ."

ကျွန်ုပ်၏ ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ မေတ္တာများ ပို့သလိုက်မိသည်။

ကျွန်ုပ်ကား မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခဲ့သူဖြစ်ပေရာ မြွေကြီးအား အလွယ်တကူပင် မေတ္တာပို့သနိုင်လေ၏။

မြွေကြီးက ကျွန်ုပ်ဆီသို့ တရွေ့ရွေ့တိုးကပ်လာလေ၏။ ကျွန်ုပ်အသေအချာ ကြည့်လိုက်မိသောအခါ မြွေကြီး၏ ကိုယ်လုံးကြီးမှာ လူကြီးတစ်ယောက်၏ ပေါင်လုံးလုံးလုံးစာခန့်မျှ ရှိနေသည်ကို တွေ့ရ၏။

မြွေကြီးက တရွေ့ရွေ့တိုးကပ်လာလေရာ မကြာမီ ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာလေ၏။ စောစောက ကျွန်ုပ်အား ပေါက်သတ်မည့်ဟန်ပြင်ထားသော ပါးစပ်ကြီးမှာ ယခုအခါ ပြန်လည်ပိတ်သွားပြီဖြစ်၏။ ရဲရဲနီသောမျက်လုံးအစုံကသာ ကျွန်ုပ်အားစူးစိုက်ကြည့်နေလေ၏။

ထိုသို့ကြည့်နေရင်းမှ ရုတ်တရက်သူ၏ ဦးခေါင်းကြီးကို ငုံ့ချလိုက်ကာ ကျွန်ုပ်၏ ရင်တွင်းသို့ လျှောကနဲ တိုးဝင်လာလေ၏။

ကျွန်ုပ်သည် အေးစက်စက်ပျော့စိစိနိုင်လှသော အတွေ့ကိုခံစားလိုက်ရ၏။ မြွေကြီးသည် ကျွန်ုပ်ရင်တွင်း၌ သူ့ခေါင်းကြီးကို ဝင်ကာ ငြိမ်သက်၍ နေလေရာ ကျွန်ုပ်က ပြောင်ချောချော သူ့ကိုယ်လုံးကြီးကို လက်ဝါးဖြင့် ပွတ်သပ်ပေးနေမိ၏။ ထိုစဉ် ကျွန်ုပ်၏ ရင်တွင်း၌ ခံစားမှုတစ်ခုပေါ်လာ၏။ မြွေကြီးသည် ကျွန်ုပ်နှင့် ရင်းနှီး




မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဝင်ဖူးသလိုလို ခံစားရခြင်း ဖြစ်၏။

သူ၏ ဦးခေါင်းကသာ ကျွန်ုပ်၏ ရင်ခွင်အတွင်းသို့ ရောက်ရှိနေပြီး ရှည်လျားကြီးမားသော သူ၏ ကိုယ်လုံးကြီးကမူ မြေကြီးပေါ်တွင်ပင် ရှိနေလေ၏။

လရောင်ဖွေးဖွေးအောက်တွင်မြင်နေရသော ကိုယ်လုံးကြီးမှာ အတော်ပင်ရှည်လျားလှပေသည်။

မကြာမီ မြွေကြီးသည်. . ကျွန်ုပ်၏ ရင်ခွင်တွင်းမှ သူ၏ ဦးခေါင်းကိုရုတ်ကာ မြေကြီးပေါ်သို့ပြန်လည်ဆင်းသက်သွားလေတော့သည်။ မြွေကြီးသည် ကျွန်ုပ်အားစူးစူးစိုက်စိုက်တစ်ချက်ကြည့်ကာခပ်လှမ်းလှမ်းရှိ သစ်ပင်ချုံနွယ်များအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

ဘဇာယနတောင်ခေါ် သီလတောင်သည် ကျွန်ုပ်အား မြွေကြီးဖြင့် ဦးစွာစမ်းသပ်ခဲ့ပြီလော။

ထိုတောင်ပေါ်၌ ကျွန်ုပ်အဓိဋ္ဌာန်ဝင်ရောက်၍ (၅)ရက်မြောက်သောနေ့တွင် ကျွန်ုပ်သည် တောင်ထွတ်ပေါ်သို့ အုတ်လှေကားအတိုင်း တက်နေမိလေ၏။ အုတ်လှေကား၏ အလယ်တစ်နေရာအရောက်တွင်မူ အုတ်လှေကား၏ ညာဘက်တစ်နေရာ ချုံပင်များကြား၌ ဝင်းဝင်းလက်တောက်ပနေသော ရွှေငွေရတနာပုံ တစ်ပုံကို ရုတ်တရက်တွေ့လိုက်ရလေသည်။

အချိန်မှာ မှောင်ရီပျိုးစအချိန်ဖြစ်ရာ ရတနာများမှာ ပြိုးပြိုးပြက်ပြက်တောက်ပနေလေ၏။ ပတ်ဝန်းကျင်တွင် ကျွန်ုပ်တစ်ယောက်တည်းမှလွဲ၍ မည်သူမှ မရှိပေ။

ဤမြင်တွေ့နေရသော ရတနာများကို ယူဆောင်ကာ ကျွန်ုပ်သည် လောကီစည်းစိမ်အဝဝတို့ကို ခံစားမည်ဆိုပါက ဆိုဖွယ်ရာမရှိ ခံစားနိုင်ပေပြီ။

"ရွှေ ငွေ ရတနာ ကျောက်သံပတ္တမြားတွေဟာ ဂန္ဓာရီသမားအတွက်တော့ သာမန်ကျောက်စရစ်ခဲတွေနဲ့ အတူတူပါပဲ။ ဘာမှ မထူးခြားဘူး။

တကယ်လို့ အဲဒီရွှေငွေကျောက်သံပတ္တမြားတွေဟာ သာမန်ကျောက်စရစ်ခဲတွေထက် ပိုပြီး တန်ဖိုးရှိတယ်ဆိုဦးတော့ ဂန္ဓာရီသမားမှာ အဲဒါတွေအပေါ် တပ်မက်တွယ်တာစွဲလမ်းမှုဆိုတာ မရှိပါဘူး။ အဲဒီလိုမရှိမှ ဂန္ဓာရီသမားပီသမယ်။ ရွှေ ငွေ ရတနာ ကျောက်သံပတ္တမြားတွေဟာ ဂန္ဓာရီ သမားကို ဆွဲဆောင်သိမ်းသွင်းလို့ မရနိုင်ပါဘူး. ."

ကျွန်ုပ်က ဆရာမဟာသိဒ္ဓိ၏ စကားများကို ပြန်လည်ကြားယောင်နေမိ၏။ ကျွန်ုပ်သည် ထိုမြင်တွေ့နေရသော အရာများကို လိုချင်မက်မောစိတ်မဖြစ်မိပေ။

"မြက်ဆိုတာ နွားဆိုတဲ့ တိရစ္ဆာန်စားတဲ့အရသာဖြစ်တယ်။ မြက်ကို လူကမစားဘူး။ အဲဒီလိုပဲ ရွှေငွေရတနာကျောက်သံပတ္တမြားဆိုတာ သာမန်လူတွေမက်မောတဲ့ အရသာဖြစ်တယ်။ ဂန္ဓာရီသမားတွေမက်မောတဲ့ အရာမဟုတ်ပေဘူး. . ရသေ့ကြီး"

ကျွန်ုပ်သည် ရတနာများဆီမှ အကြည့်ကိုခွာကာ အုတ်လှေကားထစ်ကလေးများအတိုင်း အပေါ်သို့ တစ်ထစ်ချင်း တက်ခဲ့ပေသည်။

ဤဘဇာယနတောင်ဟုခေါ်သည့် သီလတောင်သည် ကျွန်ုပ်အား ဤရွှေငွေရတနာကျောက်သံပတ္တမြားများဖြင့် စမ်းသပ်၍ နေလေပြီလော။

ထိုတောင်ပေါ်၌ ကျွန်ုပ် အဓိဋ္ဌာန်ဝင်ရောက်၍ ၁၂ ရက်မြောက်သောနေ့၌မူ ထူးဆန်းသော အဖြစ်တစ်ခုကို ကြုံရပြန်လေ၏။ ကျွန်ုပ်နားခိုနေရာ ဇရပ်အတွင်းသို့ လှပချောမောသော မိန်းမပျိုတစ်ဦး ဝင်ရောက်လာခြင်းပင်ဖြစ်၏။

အချိန်မှာ ညဦးပိုင်း







www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ မိန်းမပျိုသည် ဇရပ်အတွင်းသို့ မည်သို့မည်ပုံ ဝင်ရောက်လာသည် မသိပေ။ ဇရပ်အတွင်း၌ ကျွန်ုပ် တစ်ယောက်တည်းသာ ရှိနေသည်။

မိန်းမပျိုသည် ကျွန်ုပ်၏ ရှေ့၌ ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ကာ. .

"ဘရသေ့. . ဘရသေ့ထံ တပည့်တော်မကို လာခွင့်ပြုစေချင်ပါတယ်. ."

ဟု လျှောက်လေရာ. .

ကျွန်ုပ်က. .

"လာခွင့်ပြုပါတယ် ပြောဆိုစရာများရှိရင်လည်း ပြောဆိုပြီး ပြန်နိုင်ပါတယ် ဒကာမကြီး"

"ရသေ့ကြီး ဒီမှာ အမိဋ္ဌာန် မဝင်ပါနဲ့ တပည့်တော်မနဲ့ လိုက်ခဲ့ပါ"

"မိန်းကလေး သင်၏ နောက်သို့လိုက်ရန် ကျွန်ုပ်မှာ အကြောင်းမရှိပါ။ သင့်အကြောင်းနဲ့သင်။ ကျွန်ုပ်ကလည်း ကျွန်ုပ် အလုပ်နဲ့ ကျွန်ုပ် ကိုယ့်အလုပ်ကိုယ် လုပ်ကြတာ ကောင်းမယ်ထင်ပါတယ်. ."

"အိမ်ယာထူထောင် လူတို့ဘောင်ဆိုတာ အင်မတန် ပျော်ရွှင်စရာကောင်းပါတယ် ရသေ့ကြီး။ ဟော့ဒီမှာ တစ်ယောက်တည်း အထီးကျန်နေတာ အင်မတန် ပျင်းစရာကောင်းပါတယ်။ ဒီတော့ ရသေ့ကြီး ကျွန်မနဲ့ လိုက်ခဲ့ပါလား"

"မိန်းကလေး ကျွန်ုပ်မှာ ပျော်ရွှင်စရာလည်း မလိုပါ။ ပျင်းစရာလည်း မလိုပါ။ ပျော်ခြင်းပျင်းခြင်းဆိုတာ ကျွန်ုပ်ရဲ့အလုပ် မဟုတ်ပေဘူး။ ပျော်ခြင်းပျင်းခြင်းကင်းတဲ့ အလုပ်ကိုသာ ကျွန်ုပ် လုပ်နေပါတယ်။ သင်ပြောစရာဟာ. . ဒါပဲလား၊ ပြောပြီးရင် ပြန်နိုင်ပါပြီ. . မိန်းကလေး"

"ပျော်ခြင်း ပျင်းခြင်းမရှိတဲ့လူဟာ အလကားလူပဲ ရသေ့ကြီး။ လူဆိုတာ ပျော်ခြင်းပျင်းခြင်း ရှိရတယ်၊ ဒါကြောင့် လူဆိုတာ ပျင်းစရာကို မရှာရဘူး။ ပျော်စရာကိုရှာရတယ်။ လူ့ဘာဝဆိုတာ ပျော်စရာရှာပြီး ပျော်ပျော်နေတယ်။





ပျော်စရာဟာ လူ့ဘာဝရဲ့ အရသာပဲ။ ရသေ့ကြီး အခုရှာနေတာက ပျင်းစရာတွေကို ရှာနေတာပဲ။

လောကကြီးမှာ ပျင်းစရာတွေကိုရှာပြီး ပျင်းနေတာထက် ပြီးပျင်းစရာကောင်းတာ မရှိဘူး။ ကျွန်မနဲ့ လိုက်ခဲ့ရင် ရသေ့ကြီး ပျော်စရာတွေကို တွေ့ရလိမ့်မယ်"

"ကျွန်ုပ်မှာ ပျော်ခြင်း ပျင်းခြင်းမရှိဘူးလို့ ပြောခဲ့ပြီးပြီ. . မိန်းကလေး၊ ပျော်ခြင်းပျင်းခြင်းဟာလည်း ကျွန်ုပ်ရဲ့အလုပ်မဟုတ်ပေဘူး။ ပျော်တယ်ပျင်းတယ်ဆိုတာကိုလည်း ကျွန်ုပ်မသိဘူး။

တကယ်တော့ ပျော်ခြင်း ပျင်းခြင်းဆိုတာ ဆန္ဒစွဲ အတ္တစွဲနဲ့ ပျည့်မြှင်နေသူတွေရဲ့ အလုပ်ပဲ။

ကျွန်ုပ်မှာ ဆန္ဒစွဲမရှိတဲ့ အတွက် ပျော်ခြင်းပျင်းခြင်းဆိုတာလည်း မရှိပါဘူး။

မိမိကိုယ်ကို မိမိခွာကြည့်ရင် ပျော်ခြင်းပျင်းခြင်းဆိုတာ မရှိပေဘူး။

ဒါပေမယ့် လူတွေမှာ မိမိကိုယ်မိမိပူးကြည့်နေတဲ့အတွက် ပျော်ခြင်းဆိုတာတွေ ဖြစ်ပေါ်နေတာပဲ။ ဒီတော့ မိန်းကလေး ပြန်နိုင်ပါပြီ"

ကျွန်ုပ်က ထိုကဲ့သို့ ပြတ်သားစွာဆိုလိုက်ရာ မိန်းကလေးက-

"နောက်တော့ တွေ့ဦးမှာပေါ့. . ရသေ့ကြီးရယ်၊ အခုတစ်ခေါက်မလိုက်လည်း နောက်တစ်ခေါက်တော့ လိုက်အောင်ခေါ်ရမှာပေါ့. ."

ဟု မျက်နှာထားတင်းတင်း ဖြင့်ဆိုကာ ဇရပ်အတွင်းမှ ထွက်ခွာသွားလေတော့၏။

"ဂန္ဓာရီလမ်းမှာ အနှောင့်အယှက်အတားအဆီးတွေနဲ့တွေ့ရင် ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ရမယ်။ ဘာမဟုတ်တဲ့ အကြောင်းကိစ္စလေးတစ်ခုနဲ့ ဂန္ဓာရီလမ်းကို မတိမ်းမစောင်းစေပါနဲ့ ရသေ့ကြီး"

ကျွန်ုပ်ကား ဆရာသခင် ဆြာမဟာသိဒ္ဓိ၏ စကားများကို ကြားယောင်နေမိလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုတောင်ပေါ်၌ အမိဋ္ဌာန်ဝင်၍ အမိဋ္ဌာန်ဝင်ကာပြီးမြောက်ရန် သုံးရက်အလို၌ အမိဋ္ဌာန်ဝင်ရောက်မည့် စေတီတော်ရှေ့ဆီသို့ ကျွန်ုပ်လျှောက်လှမ်းသွားနေစဉ် ကျွန်ုပ်သွားမည့် လမ်းမြေပြင်ပြောင်ပြောင်ပေါ်၌ ဝင်းလက်တောက်ပနေသော အရာတစ်ခုကို မြင်လိုက်ရလေသည်။

ကျွန်ုပ်သည် ထိုနေရာသို့ လျှောက်လှမ်းသွားပြီး ဝင်းလက်တောက်ပနေသော ထိုအရာဝတ္ထုကို ကောက်ယူကြည့်လိုက်လေရာ ခတ်လုံးတစ်လုံးဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။

"ရဲသေ့ကြီး ခတ်လုံးဆိုတာ ဂန္ဓာရီလမ်းရဲ့ ထူးဆန်းတဲ့ သိဒ္ဓိဝင်ပစ္စည်းတစ်မျိုးဖြစ်တယ်။ အဲ့ဒီပစ္စည်းကို ဂန္ဓာရီလူသားတိုင်း ပိုင်ဆိုင်ခွင့်မရှိနိုင်ဘူး။

မြန်မာ့ဂန္ဓာရီသမိုင်းမှာ ရှင်အဓ္ဓဂေါဏဆိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါးဟာ ခတ်လုံးတစ်လုံးရဖို့အတွက် ဘယ်လောက်ကြိုးစားအား ထုတ်ခဲ့ရတယ်ဆိုတာ ဂန္ဓာရီသမားတိုင်းအသိပဲ မဟုတ်လား။

ဒါ့ကြောင့် မိမိရဲ့ ကြိုးစားအားထုတ်မှုမရှိဘဲနဲ့ ရရှိလာတဲ့ ခတ်လုံးဆိုရင် သတိထားပေတော့။ ဒါမှမဟုတ် အကြောင်းတစ်စုံတစ်ရာမရှိဘဲ အကျိုးဆက်အကြောင်းဆက်တစ်စုံတစ်ရာမရှိဘဲ ခတ်လုံးတစ်လုံးများရရှိလာပြီဆိုရင် သတိထားပေတော့ ရသေ့ကြီး။

အထူးသဖြင့် မိမိရဲ့ စရဏတရား၊ သမထအား သီလအား သမာဓိအား ပြည့်ဝကာနီးကာလမျိုးတွေမှာ မိမိရဲ့ အဲဒီအားတွေကြောင့် သိဒ္ဓိဝင်ခတ်လုံးဟာ မိမိရှေ့မှောက်ရောက်ရှိလာဟတ်တယ်။ အမှန်တော့ အဲ့ဒါဟာ စမ်းသပ်မှုတစ်ခုပဲ။ ဂန္ဓာရီလမ်းမှာ သိဒ္ဓိဝင်ခတ်လုံးကို ဘယ်တော့မှ လွယ်လွယ်နဲ့ မရနိုင်ဘူးဆိုတာ စွဲစွဲမြဲမြဲမှတ်ထားဖို့တော့ လိုတယ် ရသေ့ကြီး..."

ကျွန်ုပ်ကား ဆြာမဟာသိဒ္ဓိ ၏စကားများကို ကြားယောင်နေမိလေသည်။





ကျွန်ုပ်သည် ဤခတ်လုံးကို သူ့နေရာသို့ သူပြန်၍ ထားလိုက်မိသည်။

မကြာမီ ကျွန်ုပ်သည် အမိဋ္ဌာန်ကာလပြီးမြောက်ပြီဖြစ်၍ ဘဇာယနတောင်ပေါ်မှ ထွက်ခွာလာခဲ့လေ၏။

"ခရီးဟာ မဆုံးသေးဘူး ရသေ့ကြီး။ ရှေ့ဆက်ရမယ့် ခရီးတွေက ကျန်သေးတယ်။ အဲ့ဒီခရီးမှာ အောင်မြင်ဖို့ လိုသေးတယ်။

ဂန္ဓာရီအတွင်းစခန်း ဆီကို ရောက်ဖို့ဆိုတာ အင်မတန်ခက်ခဲလှပါတယ်။ ပါရမီရှင်တွေသာ ရောက်နိုင်ကြလိမ့်မယ်။

ရေကန်ကြီးတစ်ကန်ထဲမှာ ကြာပင်တွေရယ်၊ ဗေဒါပင်တွေရယ်.. ရှိနေတယ် ဆိုကြပါစို့။

ကြာပင်က ပွင့်လာတဲ့ ကြာနီပွင့်ဟာ ဂန္ဓာရီသမားနဲ့တူတယ်။ ဗေဒါပင်က ပွင့်လာတဲ့ ဗေဒါပွင့်ပြာပြာတွေကတော့ သာမန် လူသားတွေနဲ့တူတယ်။

ဗေဒါပွင့်ဆိုတာ မြစ်ချောင်းထဲမှာ စီးဆင်းနေတဲ့ ရေအလျဉ်ထဲ စုန်ချည် ဆန်ချည် မျောပါနေရတယ်။

အဲ့ဒီလိုပဲ သာမန်လူတွေဟာ ကာမဂုဏ်ရေစီးထဲမှာ ဗေဒါပွင့်တွေလို မျောပါနေရတယ်။

ကျွန်ုပ်သည်-ဆြာမဟာသိဒ္ဓိ၏ စကားများကို ကြားယောင်နေမိလေ၏။

"ဒါ့ကြောင့် ရသေ့ကြီးဟာ ဂန္ဓာရီကြာနီပွင့်ပဲဖြစ်ရမယ်"

ကျွန်ုပ်သည် ဘဇာယနတောင်မှ ကွမ်းတောင်ဆီသို့ ခရီးဆက်ခဲ့လေ၏။ ကွမ်းတောင်ပေါ်သို့ ရောက်သည့်ညမှာပင် အိပ်မက်တစ်ခုကို မြင်မက်မိ၏။

အိပ်မက်ထဲ၌ ဂန္ဓာရီအတွင်းစခန်းမှ ပုဂ္ဂိုလ်များကိုတွေ့ရလေ၏။

ထိုပုဂ္ဂိုလ်များထဲမှ မျက်စိတစ်ဖက်ကျဉ်း တစ်ဖက်ကျယ်နှင့် ပုဂ္ဂိုလ်က ကျွန်ုပ်အားစေ့စေ့ကြည့်




www.burmeseclassic.com

ကာ -

"ရသေ့ကြီးရွှေထီး အောင်မြင်ပါပေတယ်။ အောင်မြင်ပါပေတယ်။ ဘဇာယနတောင်ပေါ်မှာ အမိဋ္ဌာန်ဝင်ရင်း ရသေ့ကြီးဖြေခဲ့ရတဲ့ ဂန္ဓာရီစာမေးပွဲတွေကို ရသေ့ကြီး အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါတယ်။ ဆက်လက်ကြိုးပမ်းအားထုတ်ပေဦးတော့ ရသေ့ကြီး။ ရသေ့ကြီးဟာ နောင်တစ်ချိန်မှာ ဂန္ဓာရီခရီးလမ်းပန်းတိုင်ဆီကို မလွဲမသွေ ရောက်ရှိရမယ့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေတယ်။

ကျွန်ုပ်တို့ ဆရာသခင်တွေအားလုံး ရသေ့ကြီးကို ဂန္ဓာရီအတွင်း စခန်းဆီက စောင့်နေကြမယ်"

ဟုဆိုကာ အိပ်မက်အတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

## ရေမှုဆိုး အာဓဆေးထည့်ခြင်း

ကျွန်ုပ်သည် အမှတ်(၃၇)၊ ဗြိတိသျှရိုင်ဖယ်မင့်တပ်တွင် မြန်မာလူမျိုးများထဲမှ ဂျမဒါရာထူးရသည်အထိ ရဲဝံ့စွန့်စား တိုက်ခိုက်ခဲ့ဖူးရာ ဗြိတိသျှဘုရင့်အစိုးရ၏ စစ်မှုထမ်းကောင်းဆုကိုပင် ရရှိခဲ့သူဖြစ်လေသည်။

သို့သော် မက်ဆိုပိုတေးမီးယားစစ်မြေပြင်မှ အပြန်တွင် ကျန်းမာရေးကြောင့် ဦးခွင့်ပေး နလေ့မရှိ ချွန်နသန်

ဆွစ်နှင့်အတူ အာဖရိကသို့ လိုက်ပါသွားရန်အကြောင်းဖန်လာခဲ့လေသည်။

မေဂျာဂွျန်နသန်ဆွစ်သည် ကျွန်ုပ်ကဲ့သို့ပင် အမှတ်(၃၇)ရိုင်ဖယ်မင့်တပ်မှာ အနားယူခွင့်ရခဲ့သူဖြစ်ပြီး ကျွန်ုပ်၏အထက်အရာရှိတစ်ဦးဖြစ်ခဲ့လေသည်။ တပ်ထဲတွင် မေဂျာဂျွန်နသန်ဆွစ်နှင့် ကျွန်ုပ်သည် လွန်စွာခင်မင်ရင်းနှီးခဲ့ကြသူများဖြစ်ခဲ့ကြ၏။ မေဂျာဂျွန်နသန်ဆွစ်က ကျွန်ုပ်အား -

"ကဲ ဂျမဒါကြီးရေ ကျုပ်တို့တော့ ရိုင်ဖယ်မင့်တပ်က အနားယူခဲ့ကြပြီ။ ခင်ဗျားလည်း တစ်ကိုယ်ရေ တစ်ကာယသမား၊ ကျုပ်လည်း တစ်ကိုယ်ရေတစ်ကာယသမားဆိုတော့ ဘာမှ ကျုပ်တို့မှာ အနှောင်အဖွဲ့ဆိုတာမရှိဘူး -

အဲဒီတော့ ကျုပ်အာဖရိကကို ခရီးထွက်မလို့၊ ခင်ဗျား လိုက်ခဲ့မယ်မဟုတ်လား"

ဟုမေးလေရာ ကျွန်ုပ်က -

"လိုက်တာပေါ့မေဂျာ ကျုပ်ကလည်း မေဂျာသိတဲ့အတိုင်း



မြေထောက်မှာ ဖွဲ့ပါနေတဲ့သူဆိုတော့ တစ်နေရာရာကို ခရီးထွက်နေရမှ ကျေနပ်နေတဲ့သူဗျ"

ဟုဆိုလိုက်ရာ မေဂျာဂျွန်နသန်ဆွစ်က -

"ဟုတ်ပါ့ဗျာ - ကျုပ်ကလည်း ခင်ဗျားလိုပဲ တစ်နေရာရာကို အမြဲခရီးထွက်နေရမှ ကျေနပ်တတ်တဲ့လူမျိုးဗျ၊ လောကကြီးမှာ နေရာတစ်ခုတည်းမှာ ကျောက်ချပြီး နေရတာလောက် ပျင်းရိငြီးငွေ့စရာကောင်းတာဘယ်ရှိမှာလဲ ဂျမဒါ-

ကျုပ်တို့လို လူစားမျိုးတွေက ဘာနဲ့တူသလဲဆိုတော့ ပင်လယ်ပြင်ထဲ သွားနေတဲ့ သင်္ဘောတွေနဲ့တူတယ်၊ အခြေအနေအကြောင်းကြောင်းကြောင့် တစ်နေရာမှာ ကျောက်ချပြီးနေရင် ခဏပဲ၊ ပြီးရင် ကျောက်ကြိုးဆွဲနှုတ်ပြီး ခရီးဆက်တာပဲ"

ဟုဆိုလေရာ ကျွန်ုပ်က -

"ဒါဆိုရင် မေဂျာတို့ ကျုပ်တို့က သင်္ဘောနဲ့တူတဲ့ လူစားမျိုးတွေပေါ့"

ဟုဆိုလိုက်ရာ မေဂျာ ဂျွန်နသန်ဆွစ်က -

"ဟုတ်တယ် သင်္ဘောနဲ့တူတဲ့ ယောကျ်ားတွေပဲ၊ ဒါပေမယ့် တချို့ဆိုရင် လေယာဉ်ပျံနဲ့တူတဲ့ ယောကျ်ားတွေတောင် ရှိသေးသဗျ ဂျမဒါ၊ ဒါပေမဲ့ သူတို့က ကျုပ်တို့လို ကျောက်ချရပ်လို့တော့မရဘူးဗျို့၊ ကျောက်ချရပ်လိုက်တာနဲ့ တစ်ခါတည်းပျက်ကျရော ဟား. . ဟား. . ဟား"

ဟု သူစကားသူ သဘောကျစွာ ရယ်မောလိုက်လေသည်။ ပြီးမှ -

"အာဖရိကက ကိုလ်ဘေးရီးယားမှာ ကျုပ်မိတ်ဆွေ ဆရာဝန်တစ်ယောက်ရှိတယ်ဗျ၊ သူ့နာမည်က ဝါနာဂျွန်တဲ့၊ ဒေါက်တာ ဝါနာဂျွန်ပေါ့ဗျာ -

သူက အဲဒီမှာ တာဝန်ထမ်းဆောင်နေတာဗျ၊ အဲဒါ ကျုပ်က သူ့ဆီကိုသွားမှာ၊ ရေသစ်မြေသစ်မှာ အတွေ့အကြုံသစ်တွေရတာပေါ့ ဂျမဒါ၊ လိုက်မယ် မဟုတ်လား"

ဟုဆိုလိုက်ရာ ကျွန်ုပ်က-

"လိုက်တာပေါ့ မေဂျာရယ်"

www.burmeseclassic.com

ဟု ပြောလိုက်လေသည်။

ထို့နောက် ရက်ပေါင်း ၂၀ ခန့်အကြာတွင် ကျွန်ုပ်နှင့် မေဂျာဂျွန်သန်ဆွစ်တို့သည် အာဖရိကကိုလ်ဘေးရီးယားရှိ ဒေါက်တာ ဝါနာဂျွန်ထံသို့ ရောက်ရှိသွားခဲ့ကြလေတော့သည်။

ဒေါက်တာ ဝါနာဂျွန်သည် ကျွန်ုပ်တို့အား နွေးထွေးစွာ ဆီးကြိုလေသည်။ သူသည် "တော့ဆို" ရွာကလေး၏ ဆရာဝန်တစ်ဦးဖြစ်သည်။ "တော့ဆို" ရွာကလေးသည် ကျွန်းတန်းရှည်ကြီး၏ ထိပ်ဆိပ်တွင် တည်ရှိသည်။ ကမ်းခြေ၏ တစ်ဖက်တစ်ချက်၌ မက်ဆာတင်းနိမြို့ရှိသည်။ "တော့ဆိုရွာကလေး"နှင့် မက်ဆာတင်းနိမြို့ကို မြစ်က ကန့်လန့်ကာ ဆီးထား၏။

ဒေါက်တာဝါနာဂျွန်သည် ကျွန်ုပ်တို့ "တော့ဆိုရွာ"ကလေးသို့ ရောက်ရှိပြီး နောက်တစ်နေ့မှာပင် တော့ဆိုရွာနှင့် ပတ်ဝန်းကျင်သို့ လိုက်လံပြသလေသည်။ ကျွန်ုပ်နှင့် မေဂျာဂျွန်နသန်ဆွစ်မှာ ရေသစ်မြေသစ် အခြေအနေသစ်တို့ကြောင့် လန်းဆန်းတက်ကြွနေမိသည်။

"တော့ဆိုရွာကလေး"နှင့် မက်ဆာအင်းနိမြို့ကို လှိုင်းခြားထားသော "ဆိုပိုလို"မြစ်မှာ အတန်ပင်ကြီးမားကျယ်ပြန့်လှပြီး မြစ်ရေမှာ တသွင်သွင်စီးဆင်းလျက် ကြည်နူးသာယာဖွယ်ရာရှိလှကာ ကျွန်ုပ်တို့၏ စိတ်နှလုံးအား ဆွဲဆောင်လျက်ရှိပေတော့သည်။

'ကျွန်တော်ကတော့ဗျာ ဟောဒီ "ဆိုပိုလို"မြစ်ကြီးကို အမြဲတမ်းလူးလာခေါက်တုံ့ ဖြတ်ကူးသွားလာလုပ်နေတာ ခေါက်ရေကိုတောင် မမှတ်မိတော့ပါဘူး"

ဒေါက်တာဝါနာဂျွန်က တသွင်သွင်စီးဆင်းနေသော မြစ်ကြီးကို ကြည့်ပြီးပြောသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်၊ မေဂျာဂျွန်နသန်ဆွစ်၊ ဒေါက်တာဝါနာဂျွန်၊ အခြားခရီးသည်နှစ်ဦး၊ လှေသမားတစ်ဦးတို့နှင့် အတူ ဒေသသုံးကနူးလှေဖြင့် မြစ်ကို ဖြတ်ကူးခဲ့ကြသည်။





ကနူးလှေမှာ မြစ်ကို ဖြတ်ကူးခယူ၍ ပို့ဆောင်ပေးနေသော ဖယ်ရီလှေတစ်စင်းဖြစ်သည်။ ကနူးလှေလှော်သူမှာ လိုင်းမျိုးနွယ်စု နီဂရိုးကြီးဖြစ်သည်။ သူသည် ဒေါက်တာ ဝါနာဂျွန်နှင့်ခင်မင်နေသူဖြစ်ကြောင်းသိရသည်။ နီဂရိုးကြီးက ဒေါက်တာဝါနာဂျွန်အား -

"ဆရာ မက်ဆာတင်းနိကို ပဲလား"

ဟုမေးလိုက်သည်။ ဒေါက်တာဝါနာဂျွန်က -

"ဟုတ်တယ်ဗျာ - ကိစ္စပေါ်လာပြန်ပြီလေ၊ ပြီးတော့ ဟော့ဒီက ကျုပ်မိတ်ဆွေနှစ်ယောက်ကိုလည်း မက်ဆာတင်းနိမြို့ကို အလည်ခေါ်သွားရင်းပေါ့ဗျာ၊ သူတို့က ဟောဒီ "ဆိုပိုလို"မြစ်ကြီးကို သိပ်ပြီးသဘောကျနေကြတာဗျ"

ဟုပြောလိုက်ရာ နီဂရိုးကြီးက -

"တစ်ခါတစ်လေ အလည်အပတ်ရောက်လာတဲ့သူတွေအတွက် ဟော့မြစ်ကြီးက လှနေမှာပေါ့ဆရာ၊ ကျွန်တော်တို့လို နေ့စဉ်နေ့တိုင်း မြစ်ကြီးကို လှေနဲ့ဖြတ်ကူးပို့ဆောင်ပေးနေရတဲ့လူတစ်ယောက်အဖို့တော့ မြစ်ကြီးက ရိုးနေပါပြီ။ အင်း. . ဆရာလည်း ဒီမြစ်ကြီးကို အကြိမ်အများဆုံး ကူးရသူလို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် ဆရာ စက်လှေတစ်စင်းလောက်တော့ ဝယ်ထားပါလားဗျာ"

"ဝယ်ရမှာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်မှ ပိုက်ဆံက အလုံအလောက် မရှိသေးဘူး မဟုတ်လား"

"ဒါနဲ့ ဆရာ၊ ကျွန်တော့်မိန်းမ ညကဝမ်းသွားနေပြန်တယ်"

"ဒါဆို ဆားခါးတိုက်လိုက်ပေါ့. ."

"ဟား. . ဟား. . ဟား ဆရာကတော့ လုပ်ပြီ၊ ကျွန်တော်တို့ ဘာဖြစ်ဖြစ် ဆားခါးကြီးပဲ တိုက်နေတော့ပါလား၊ ကျွန်တော်လည်း ဆရာနဲ့ခင်မင်လာတာ ကြာတော့ အင်္ဂလိပ်ဆေးဝါးတွေအကြောင်းတောင်မှ အတော်သိလာပြီ. ."

ဒေါက်တာဝါနာဂျွန်နှင့် လှေသမားကြီးနီဂရိုးတို့ အချီအချ ပြောဆိုနေကြစဉ် ကျွန်ုပ်နှင့် မေဂျာ

www.burmeseclassic.com

www.burmeseclassic.com

ဂျွန်နသန်ဆွစ်တို့က. . မြစ်ရေပြင်ကိုငေးကြည့်၍ လာခဲ့ကြသည်။ မြစ်ရေပြင်မှ လှိုင်းလေကင်းစင်၍ တသွင်သွင်စီးဆင်းလျက်ရှိ၏။

"ဟုတ်တယ်ဗျို့. . နောက်သုံးလေးနှစ်ဆိုရင် ကျုပ်လည်းခင်ဗျားကို ဆရာဝန်ဘွဲ့ အပ်နှင်းရတော့မယ်ထင်တယ်. ."

"မနောက်ပါနဲ့ ဆရာရယ်၊ ကျွန်တော့် မိန်းမ အတွက်ဆေးပေးခဲ့ ပါဦးနော့. ."

"ပေးရမှာပေါ့ဗျာ. ."

"ဝုန်း"

"ဖြန်း"

ထိုအချိန်မှာပင် ရေအောက်မှတစ်စုံတစ်ခုနှင့် ရိုက်လိုက်သလိုဖြန်းကနဲ အရိုက်ခံမှုကြောင့် ကျွန်ုပ်တို့စီးလာသော လှေမှာ မှောက်သွားလေသည်။

ခရီးသည်အားလုံး ရေထဲကျကုန်တော့၏။ ဒေါက်တာဝါနာဂျွန်သည် ပလပ်စတစ်ဆေးထည့်သေတ္တာကို မိမိရရဆုပ်ကိုင်ထားလိုက်သဖြင့် ရေထဲနစ်မြုပ်သွားခြင်း မရှိသော်လည်း ကျန်လူများအားလုံးမှာ ဖြုံးကနဲ ရေထဲနစ်မြုပ်သွား၏။

ကျွန်ုပ်မှာလည်း ရေထဲနစ်မြုပ်သွားပြီး နှာခေါင်းနှင့်ပါးစပ်ထဲရေတွေဝင်လာ၏။ ကျွန်ုပ်ရေပေါ်သို့ ပြန်ပေါ်လာချိန်တွင် ကြီးမားလှသော မိကျောင်းကြီးတစ်ကောင်က လူတစ်ယောက်ကို ကိုက်စားဝါးမြိုပြီး ရေထဲငုပ်ဆင်းသွားသည်ကို တွေ့လိုက်ရ၏။

"အား - အား - အား. . . ဂူး - ဂူး. . ."

ကျွန်ုပ်ကြည့်လိုက်သောအခါ ဒေါက်တာဝါနာဂျွန်သည် ဆေးသေတ္တာကို ဖက်တွယ်ပြီး ကမ်းခြေသို့ကူးခတ်နေသည်ကို တွေ့လိုက်ရပြီး သူ့နောက်မှ မေဂျာဂျွန်နသန်ဆွစ် ကူးခတ်နေသည်ကို တွေ့လိုက်ရ၏။

ဒါဆိုလျှင် မိကျောင်းနောက်ပါသွားသူမှာ ကျွန်ုပ်တို့သုံးယောက်ထဲက မဟုတ်တော့။ တစ်ခြားခရီးသည်နှစ်ဦးနှင့် လှေသမားနိဂရိုးကြီးတို့အနက် တစ်ဦးဖြစ်ပေလိမ့်မည်။

ကျွန်ုပ်လည်း သူတို့နှစ်ဦးနောက်မှ ကမ်းခြေဆီသို့ လျှင်မြန်စွာကူးခတ်ခဲ့သည်။ ကမ်းခြေ ရောက်သောအခါ အားလုံးမှာ မောပန်းနေကြလေပြီ။ လူစစ်ကြည့်သောအခါ ကျွန်ုပ်တို့သုံးယောက် အပြင်ပါလာသော ခရီးသည်နှစ်ဦးအနက်မှ တစ်ဦးပျောက်ဆုံးနေသည်ကိုတွေ့ရ၏။ ထိုသူမှာ မိကျောင်းနောက်ပါသွားသူပင်ဖြစ်ပေမည်။

ကျွန်ုပ်တို့မှာ တော့ဆိုကမ်းခြေမှနေ၍ မြစ်ပြင်ကို ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်နေမိကြလေသည်။ ကျွန်ုပ်တို့နှင့်အတူ တစ်လှေကည်းစီး၊ တစ်ခရီးတည်းသွားခဲ့သောလူတစ်ဦးမှာ မြစ်ထဲမှာပင်သေဆုံးသွားခဲ့လေပြီ။

လှေသမားနိဂရိုးကြီးမှာ ဂဗျစ်တောက်တောက် ပြော၍ပဆုံးတော့။

"ဒီမြစ်ကြီးထဲမှာ မိကျောင်းရှိတယ်လို့တော့ ကြားဖူးတယ်။ ဒါပေမဲ့ ဒီလိုအဖြစ်မျိုးကိုတော့ တစ်ခါမှမကြုံဖူးဘူး၊ ဒါဟာ ကျွန်တော့်အတွက် ပထမဦးဆုံးကြုံဖူးရခြင်းပဲ။ ယုံနိုင်ယ့်ဗျာ - မိကျောင်းတစ်ကောင်က ရေအောက်ကနေပြီး ကျွန်တော်တို့လှေကို မှောက်ပစ်ရတယ်လို့၊ ကြုံ မကြုံဘူးပေါ်င်ဗျာ"

ဒေါက်တာဝါနာဂျွန် စီးနင်းလာသောလှေမှာ မြစ်လယ်တွင် မိကျောင်းတိုက်ခိုက်ခံရသည်ဆိုသော သတင်းကတော့ ထိုရွာကလေး၌သာမက အနီးပတ်ဝန်းကျင်ရွာများသို့ပါပျံ့နှံ့သွားပြီး မက်ဆာတင်းနိမြို့အထိပင် ပြန့်သွားလေသည်။

ဒေါက်တာဝါနာဂျွန်သည် ဤသတင်းကြောင့် သူ့ထံသို့လာရောက်မေးမြန်းသူများကို ဒိုင်ခံရှင်းလင်းပြောပြနေရသည်ကပင် အလုပ်တစ်ခုဖြစ်လာ၏။

ထိုနေ့ညက ညစာစားသောက်ကြပြီးသော ကျွန်ုပ်၊ မေဂျာဂျွန်နသန်ဆွစ်နှင့် ဒေါက်တာဝါနာဂျွန်တို့သုံးဦးသား စကားလက်ဆုံကျမိကြ၏။

ဒေါက်တာဝါနာဂျွန်က

"ကျုပ် - အဲဒီမြစ်ပြင်ကျယ်ကြီးကို ကနူးလှေနဲ့ ဖြတ်သန်းသွားလာနေခဲ့တာ အကြိမ်ပေါင်းမနည်းတော့ပါဘူး၊ ရိုးတောင် ရိုးအီနေပါပြီ။


www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းတစ်ကောင်က လှေကိုမှောက်ပစ်ပြီး လူတစ်ယောက်ကို ကိုက်ချီသွားတယ်ဆိုတာ တစ်ခါမှ မကြားဖူးပါဘူး၊ အံ့ရောဗျာ။ ဘယ်က မိကျောင်းက ဘယ်လို ထွက်ပေါ်လာပြီး ကျုပ်တို့ကို ရန်မူခဲ့တာလည်းမသိဘူး။ စောစောက ပါသွားတဲ့ ရွာသားတချို့ကတော့ ဒါ နတ်မိကျောင်းပဲလို့ ပြောသွားခဲ့တယ်။

ကျုပ်ကတော့ ဒါတွေကို အယုံအကြည်မရှိပါဘူး"

ဟုပြောသည်။ ထိုအခါ ကျွန်ုပ်က -

"ကျုပ်တို့ တိုင်းပြည်မှာတော့ မိကျောင်းတစ်ကောင်ဟာ အတောင် ၉တောင်ကျော်အရှည်ရှိရင် နတ်မိကျောင်းလို့ ယုံကြည်ကြတာတွေရှိတယ်။ ဒါပေမဲ့ ကျုပ်လည်း ဒေါက်တာပြောသလိုပါပဲ၊ အယုံအကြည်မရှိပါဘူး။ မိကျောင်းဆိုတာ ရေထဲမှာနေတဲ့ သတ္တဝါဖြစ်ပေမဲ့ သူ့ကို ရေသတ္တဝါသက်သက်လို့ ပြောလို့မရဘူး။ သူက လေကိုရှူပြီး ရေထဲမှာရော၊ ကုန်းပေါ်မှာပါ နေနိုင်တဲ့အကောင်မျိုးဗျ။

ကျုပ်တို့ တိုင်းပြည်မှာ မိကျောင်းကို သတ်ဖြတ်တတ်တဲ့အကောင်၊ ရေအိုးအသွင်နေတဲ့ အကောင်၊ ဖျက်ဆီးတတ်တဲ့အကောင်လို့ဆိုကြတယ်။

ကမ္ဘာပေါ်မှာ မိကျောင်းအမျိုးမျိုးရှိတဲ့အနက် ကျုပ်တို့ မြန်မာနိုင်ငံအပါအဝင်ဖြစ်တဲ့ အာရှတိုက်နဲ့ ပစိဖိတ်ဒေသတွေမှာရှိတဲ့ မိကျောင်းတွေဟာ အကြီးမားဆုံး အမျိုးအစားတွေဖြစ်တယ်။ တချို့မိကျောင်းတွေဆိုရင် ပေ ၃၀ကျော်အထိ ခန္ဓာကိုယ်အရှည်ရှိကြတယ်။ ဒီအာဖရိကက မိကျောင်းတွေကတော့ အရွယ်အစားအားဖြင့် အာရှတိုက်က မိကျောင်းတွေလောက် မကြီးမားကြပါဘူး"

ဟုပြောလိုက်ရာ မေဂျာဂျွန်နသန်ဆွစ်က -

"ဂျာမဒါကြီးက မိကျောင်းအကြောင်းကို တော်တော်လေ့လာထားတာပဲ"

ဟုဆိုလေ၏။ ကျွန်ုပ်က -

"ကျုပ်က ကျုပ်တို့တိုင်းပြည်ရဲ့ မိကျောင်းပေါ်များတဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာ နေထိုင်ကြီးပြင်းခဲ့တဲ့သူဆိုတော့ မိကျောင်းအကြောင်းကို သိနေသလို မိကျောင်းနဲ့လည်း ယဉ်ပါးနေတာပေါ့မေဂျာ"

ဟု ပြောလိုက်ရာ ဒေါက်တာဝါနာဂျွန်က -

"ပြောပြစမ်းပါဦး ဂျမဒါ"

ဟုဆိုလေ၏။ ကျွန်ုပ်က -

"မိကျောင်းဟာ ကမ္ဘာပေါ်မှာ ရက်စက်ကြမ်းကြုတ်မှုအရှိဆုံးနဲ့ ကြောက်စရာအကောင်းဆုံးသတ္တဝါတွေထဲမှာ ထိပ်ဆုံးကပါတယ်။ ဒါ့ကြောင့် တချို့မှဆိုတွေက မိကျောင်းကို 'ရေကျား'လို့ခေါ်တယ်။ မိကျောင်းဟာ ကုန်းပေါ်က ကျားတွေလို ကြောက်စရာကောင်းတဲ့အတွက် ပါပဲ

မိကျောင်းတစ်ကောင်ဟာ သားကောင်ဖမ်းတော့မယ်ဆိုရင် သူ့ကစ်ကိုယ်လုံးကို ရေထဲမြှုပ်ထားပြီး မျက်လုံးနှစ်လုံးကိုပဲ ရေပေါ် ဖော်ထားတတ်တယ်။ သားကောင်ကို စိတ်ရှည်လက်ရှည်နဲ့ အချိန်အကြာကြီး စောင့်နေတတ်လေ့ရှိတယ်။ အနားရောက်လာပေမယ့် မပိုင်ရင် သစ်တုံးတစ်တုံးလို ငြိမ်နေတတ်တယ်၊ ဒါ့ကြောင့် ကျုပ်တို့ ကနူးလှေနားရောက်လာမှန်း မသိလိုက်ကြရတာပေါ့. .

ပိုဆိုးတာက ဒီကောင်ကြီးက ရေအောက်ကနေပြီး ရောက်လာတာပဲ၊ ပြီးတော့ မိကျောင်းဟာ သူ့ခန္ဓာကိုယ်ဖွဲ့စည်းအရ ထူးခြားနေတာက ရေအောက်မှာပဲဖြစ်ဖြစ် ရေပေါ်မှာပဲဖြစ်ဖြစ် ရပ်နေနိုင်တာပဲ ဒေါက်တာ ရေစီးဘယ်လောက်သန်သန် လှိုင်းလေဘယ်လောက်ထန်ထန် တစ်နေရာတည်းမှာ ငြိမ်ပြီး အချိန်အကြာကြီးနေနိုင်တယ်"

ဟု ဆိုလိုက်ရာ ဒေါက်တာဝါနာဂျွန်က-

"တော်တော်ထူးဆန်းပါလား ဂျမဒါ"

ဟုဆိုလိုက်၏။ ကျွန်ုပ်က

"မိကျောင်းဟာ ရေပေါ်ကက်လာရင် သူ့ရဲ့မျက်စိ၊ နှာခေါင်း အာခေါင်တွေအားလုံးကို ဖွင့်ထားပြီး ရေအောက်ကို ငုတ်လျှိုးသွားတဲ့အခါ အဲဒါတွေအားလုံးပိတ်ထား







www.burmeseclassic.com

www.burmeseclassic.com



လိုက်တတ်တယ်။

သူ့ရဲ့မျက်လုံးစွမ်းအား ဟာ တောက်ပတဲ့ကျောက်ကလေးတွေ ရာထောင်ချီပြီး ဝိုင်းရံထားတဲ့အတွက် နေ့ညမရွေး အဝေးကို လှမ်းမြင်နိုင်တယ်။

ရေပေါ်ဖော်နေတဲ့ မိကျောင်းတစ်ကောင်ရဲ့ မျက်လုံးဟာ ဘယ်လောက်စူးရှ တောက်ပသလဲဆိုရင် ညဘက်မီးရောင်နဲ့ လှမ်းထိုးရင် ပြဒါးခဲလို ရဲရဲနီနေတယ်၊ မိကျောင်းမုဆိုးတွေက အဲ့ဒါကို အခွင့်ကောင်းယူပြီး အသုံးချ အမိဖမ်းတတ်ကြတယ်"

ဟု ဆိုလိုက်ရာ ဒေါက်တာဝါနာဂျွန်က

"မိကျောင်းအနားကို ကပ်လာရင် သိနိုင်တဲ့အချက်တွေ ရှိသလား"

ဟုမေး၏။ ကျွန်ုပ်က

"သိနိုင်တာပေါ့ ဒေါက်တာ ဒါပေမယ့် ကျုပ်တို့ ဟိုနေ့ကဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကတော့ တကယ် အံ့ဩဖို့ကောင်းတယ်"

"ဘယ်လို အံ့ဩဖို့ကောင်းတာလဲ ဂျွမဒါ"

"ဒီလိုဗျ မိကျောင်းကပ်...ရင် ရေပြင်တစ်ဝိုက်ဟာ အ... စူးစူးဝါးဝါးပေါ်လာတတ်တ... ဒါပေမဲ့ အဲဒီနေ့က ကျုပ်တို့စီး... တဲ့လှေ မှောက်သာသွားရော... ရေပြင်တစ်ဝိုက်က ဘာအညွှ... မရတာပဲ။

ပြီးတော့ နေ့ဘက်... ကျောင်းကပ်လာရင် လှိုင်းကြက်... ကလေးတွေ စိပ်လာတယ်"

"လှိုင်းကြက်ခွပ် စိပ်တ... တော့ သိနိုင်ဖို့မလွယ်ဘူးထင်... ဂျွမဒါ"

"သေသေချာချာ ဂရု... ပြီး ကြည့်မယ်ဆိုရင်တော့ သိ... ပါတယ်။ လှိုင်းကြက်ခွပ်ဆိုတာ ... တိုင်းမှာ ရှိပေမဲ့ မိကျောင်းကြေ... ပေါ်လာတဲ့ လှိုင်းကြက်ခွပ်... နေရာရွှေ့ပြီး ပေါ်တက်တယ်...

ဒါပေမယ့် အဲဒီနေ့က... လို လှိုင်းကြက်ခွပ်မျိုးကို ... ပြင်တစ်ဝိုက်မှာ ကျုပ်မတွေ့ ... အဲဒါတွေဟာ အံ့ဩဖို့ ... တဲ့အချက်တွေပေါ့"

ဟုပြောလိုက်ရာ၊ မေဂျာ ...ျွန်နသန်ဆွစ်က -

"ဒါဆို ဒေသခံတွေ ပြော ...နေကြသလို နတ်မိကျောင်းကြီးများ ...လား ဂျွမဒါ"

ဟုဆို၏။ ကျွန်ုပ်က -

"အင်း-ဒီမိကျောင်းကြီးက ...ူးတော့ ထူးဆန်းတာအမှန်ပဲ၊ ...ရက်တရက်လှေအောက်ရောက်လာ ...ပြီး လှေကိုမှောက်ပစ်လိုက်တာက ...တော့ တော်တော်အံ့ဩဖို့ကောင်း ...တယ်။

နောက်ပြီး မိကျောင်းရဲ့ ...အားနည်းချက်က ရေအောက်မှာ ...ကြာကြာမနေနိုင်တာပဲ။ ဒါ့ကြောင့် ...မိကျောင်းအဆွဲခံရလို့ ရေအောက် ...ရောက်သွားတဲ့သူဟာ ရုတ်တရက် ...သတိမလွတ်ဘဲ မိကျောင်းရဲ့ ဒုတိယ ...မျက်လုံးလို့ခေါ်တဲ့ လေရှူပေါက်နဲ့ ...မျက်လုံးကို မိမိလက်နဲ့အမြဲအရ ...ကုပ်နိုင်ရင် မိကျောင်းဟာ ရေ ...အောက်မှာ ကြာကြာမနေနိုင်ဘဲ ...ရေပေါ်ကိုပေါ်ပြီး သားကောင်ကို ...လွှတ်ပေးရတယ်။

လူလိုပဲပေါ့ဗျာ၊ အသက်ရှူ တဲ့နှာခေါင်းကိုပိတ်ထားရင် ပါးစပ် ဟပြီး အသက်ရှူရသလိုပဲပေါ့၊ နှာ ခေါင်းကို အပိတ်ခံလိုက်ရတော့ အသက်မရှူနိုင်တော့ဘူး။ အဲဒီ တော့ ပါးစပ်နဲ့အသက်ရှူဖို့အတွက် ပါးစပ်ထဲကိုက်ထားတဲ့သားကောင် ကို လွှတ်ပေးလိုက်ရတော့တာပဲ"

ဒေါက်တာဂျွန်နသန် စီး နင်းလာသော ကနူးလှေမိကျောင်း တိုက်ခိုက်ခံရပြီး ရက်ပိုင်းအတော အတွင်းမှာပင် မက်ဆာတင်းနှ် ဆေးရုံမှ ဒေါက်တာဝါနာဂျွန်အတွက် ဗက်လှေတစ်စင်းစီစဉ်ပေးလေသည်။

ထိုအချိန်၌ပင် ဒေါက်တာ ဝါနာဂျွန်ထံသို့ ကနူးလှေသမား နီ ဂရိုးကြီးရောက်လာသည်။

"ဘယ်လိုလဲဆရာ ကျွန်တော် မပြောလား၊ ဆရာ စက်တပ်လှေ တစ်စီးရဦးမှာပါလို့၊ အခု ဘယ် လောက်ဟန်ကျသလဲဆရာ၊ ဗိုက်အပြည့် သွားမလား၊ နိုင်းမြစ်ကို ဆန်မလား၊ ကြိုက်တာလုပ်လို့ပြီ"

www.burmeseclassic.com



“အင်း ဒါတော့ ဒါပေါ့ကွာ၊ ငါတော့ ဒီအချိန်မှာ ဒီမြစ်ကို ဖြတ်တဲ့သင်္ဘောရှိရင်တောင် မဖြတ်ရဲတော့ဘူး”

“ဟား . . ဟား . . ဟား ဆရာရယ် ဒီလောက်တောင်လည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့မြစ်ဟာ မိကျောင်းမနေပါဘူး”

“တော်ပြီဗျာ၊ အခု ကျုပ်ရတဲ့စက်တပ်လှေကို ခင်ဗျားပဲမောင်းပြီးတော့ လိုအပ်တဲ့ရိက္ခာနဲ့ ဆေးဝါးတွေ ကျုပ်ရဲ့ရီပို့တွေကို ခင်ဗျားပဲ ပို့ပေး ဟုတ်လား”

“ဒီလောက်တောင်လည်း မဟုတ်ပါဘူးဆရာရယ်၊ ဆရာ ဒီကို စရောက်လာတဲ့ အချိန်ကစပြီး ကျွန်တော်တို့မြစ်ထဲမှာ မိကျောင်းရန် ကြုံဖူးလို့လား”

“အခုလို ကြုံရတာကလည်း မသေတာ ကံကောင်းတယ်မဟုတ်လား”

“ဒါဆို ဆရာလိုက်ခဲ့လေ၊ စက်တပ်လှေနဲ့ ပထမဆုံးခရီးထွက်မယ်၊ ကမ်းနားအခြေကနေပဲ ကျွန်တော်မောင်းပို့ပါ့မယ်၊ ဒီကနေ ဇိုဝီ
အထိသွားမယ်။ ဆရာမိတ်ဆွေ နှ…
ယောက်လည်း ခေါ်ခဲ့ပေါ့ ပတ်ဝန်း…
ကျင်ရေမြေသဘာဝ လေ့လာရတာ…
ပေါ့ဆရာ၊ အဲဒီမှာလည်း မိကျောင်း…
အန္တရာယ်မရှိစေရပါဘူး”

နိုင်းလ်မြစ် မိကျောင်းများ…
သည် ဇိုဝီဒေသတွင် အုံလိုက်ကျင်…
လိုက်နေသည်ကို ဒေါက်တာဝါနာ…
ဂျွန်မကြာခဏ ကြားဖူး၏။ အခုပင်…
ဒေါက်တာဝါနာဂျွန်၏ လေ့သူကြီး…
ဖြစ်သွားသော နီဂရိုးကြီး ဇိုဝီသွား…
ရန်တိုက်တွန်းနေ၏။

သို့သော် ဒေါက်တာဝါနာ…
ဂျွန်က လောလောဆယ် ဘယ်မှ…
သွားဝံ့သေးဟန်မပေါ်၊ သူ…
မောင်းပြန်သေနတ်ကိုတော့ တသသ…
လုပ်နေသည်။ ပြီးမှ ကျွန်ုပ်နှင့် မေ…
ဂျွန်နသန်ဆွစ်ဘက်သို့လှည့်ကာ

“ဘယ့်နှယ့်လဲ ခင်ဗျားတ…
နှစ်ယောက်ကပါ ကျုပ်ကို သ…
နည်းနေပြီထင်သလား၊ မထင်နဲ့ဗျ…
အခုလောလောဆယ် ဟိုတစ်နေ့က…
တင် လူသားစားသွားတဲ့ မိကျောင်း…
ကို အသေဖမ်းဆီးနိုင်ကြရင် ကျု…
တော့ မြစ်ထဲ ပြန်ဆင်းဝံ့ပါရဲ့”





ဟု အရွှန်းဖောက်လိုက်ရာ နီဂရိုးကြီးက တဟားဟားရယ်လေတော့သည်။ ပြီးမှ -

“ဆရာ မိကျောင်းရန်ကို မကြောက်ပါနဲ့၊ ဒီအကြောင်းကို ဆရာ့ကိုကျွန်တော် အခုလာပြောတာပဲ ဒီလိုဆရာ ဂါရင်နာရွာမှာ မိကျောင်း အာစေးထည့်တဲ့သူရှိတယ်”

“ဘာရယ် မိကျောင်းအာစေး ထည့်တယ်ဟုတ်လား”

နီဂရိုးကြီး၏စကားကြောင့် ဒေါက်တာဝါနာဂျွန်သာမက ကျွန်ုပ်နှင့် မေဂျာဂျွန်နသန်ဆွစ်တို့ပါ တုံ့ဩသွားကြရပါသည်။

“ဟုတ်ပါတယ်ဆရာ၊ ဂါရင်နာရွာဟာ တစ်ရွာလုံးနီးပါး ကလေးလူကြီးမကျန် မိကျောင်းကို မကြောက်ကြဘူး ဆရာရဲ့၊ သူတို့ဟာ မိကျောင်းကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသလိုမဖြစ်အောင် ကာကွယ်နိုင်တဲ့ စွမ်းအင်ထူးတွေရှိကြတယ်”

“ဟုတ်ရဲ့လားဗျာ၊ ကျုပ်တော့ တစ်ခါမှမကြားဖူးပါဘူး”

“ဟုတ်ပါတယ်ဆရာရဲ့၊ အခုဂါရင်နာရွာက လူကြီးတစ်ယောက် ရောက်လာပါတယ်၊ အဲဒါ ဆရာ မိကျောင်းရန်မူခံရတယ်ဆိုလို့ မိကျောင်းကို အာစေးထည့်ပေးမယ်တဲ့”

“ဒါတွေကို ကျုပ်နားမလည်ဘူးဗျ”

“ဒီလိုဆရာရဲ့ မိကျောင်းကို အာစေးထည့်လိုက်ရင် အဲဒီမိကျောင်းဟာ ဒီမြစ်ထဲမှာ မနေဝံ့တော့ဘူး၊ နေခဲ့ရင်လည်း ဒီမြစ်ထဲမှာ နေရသမျှ ပါးစပ်ဟာမရလို့ ဘယ်သူ့ကိုမှ ရန်မူလို့မရတော့ဘူး။

ရန်မူဖို့နေနေသာသာ အစာတောင်မှ စားသောက်လို့မရတာကြောင့် နောက်ဆုံး ဇိုဝီကိုပြေးတာပဲ”

“ဇိုဝီဆိုတာ မိကျောင်းတွေ အများကြီးရှိတဲ့အရပ်မဟုတ်လား”

“ဟုတ်တယ်ဆရာ”

“ဇိုဝီရောက်တော့ အစာမှ စားလို့မရတဲ့မိကျောင်း မသေဘူးလား”

“မသေဘူးဆရာရဲ့၊ သူတို့ အသိုက်ပြန်ရောက်ရင် အစာပြန်စားနိုင်သတဲ့”



www.burmeseclassic.com

www.burmeseclassic.com

"မင်းဟာက ဟုတ်မှဟုတ်ရဲ့လားကွာ"

"ဆရာက လူဖြူမို့လို့ မယုံကြည်တာနေမှာပါ။ ကျွန်တော်တို့ဒေသက နီဂရိုးတွေအားလုံး ဒါကို ယုံကြည်ကြပါတယ်"

"ကောင်းပြီလေ ဒါဆိုရင်လည်း စမ်းသပ်ကြည့်တာပေါ့ မဟုတ်ဘူးလား"

"စမ်းသပ်တာပေါ့ ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်မှာ ပိုက်ဆံမရှိလို့"

"ဟေ - ငါတို့ဆရာဝန်တွေလို သူတို့က စမ်းသပ်ခယူဖို့လား"

"ဒီလိုဆရာရဲ့၊ ကျွန်တော်တို့ဓလေ့က အခုကျွန်တော်တို့ ခြောက်ယောက်ရေလယ်မှာ မိကျောင်းတိုက်ခိုက်ခံရတယ်မဟုတ်လား၊ အဲဒီမိကျောင်းကို အာစေးထည့်ချင်ရင် ရန်မူခံရတဲ့လူတစ်ဦးဦးက အာစေးထည့်ဖို့ ကြက်ဖြူနှစ်ကောင်၊ ရမ်အရက်တစ်လုံးနဲ့ အခွံမာသီးကိုလာ နှစ်ပြည်ကိုပေးရတယ်။ ဒါမှ အာစေးထည့်လို့ရတယ်။

ဒါပေမဲ့ အဲဒီပစ္စည်းတွေဝယ်ဖို့ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးဆရာရဲ့"

"အင်း - ခင်ဗျားဥစ္စာက စျေးကြီးလှချည်လား"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့ဒေသမှာ ကြက်ဆိုတာ အင်မတန်စျေးကြီးပေးဝယ်ရတဲ့ပစ္စည်းပါ။ အရက်ဆိုတာကလည်း အင်မတန်စျေးကြီးတာပဲ မဟုတ်လား၊ အခွံမာကိုလာသီးကတော့ ပြောမနေပါနဲ့တော့ဆရာရယ် စျေးက ခေါင်ခိုက်နေတာပဲ"

"အင်း-အဲဒါတွေပေါင်းလိုက်ရင် ကျုပ်လစာတစ်ဝက်လောက်တော့ ပြုတ်သွားလိမ့်မယ်ထင်တယ်"

"ဟုတ်တယ်ဆရာ"

"ဒါဆိုရင် ဒီလိုလုပ်ဗျာ ကျုပ်မှာစားဖို့ မွေးထားတဲ့ ကြက်တွေရှိတယ်။ အဲဒီထဲက ကြက်ဖြူနှစ်ကောင်ယူသွား၊ ပြီးတော့ ကျုပ်မှာ ကျုပ်အတွက် ကိုယ်တာရ ရမ်လေးငါးလုံးလောက်ရှိတယ်။ အဲဒီထဲက ရမ်တစ်လုံးယူသွားပေါ့





ကိုလာ အခွံမာသီးဖိုးကိုတော့ ကျုပ်ပေးလိုက်ပါ့မယ်။ ဒီအသီးကတော့ ကျုပ်ဆီမှာလည်း မရှိဘူး။ အဲဒါဆိုရင် ခင်ဗျားလုပ်လို့ရပြီမဟုတ်လား"

"ရပါပြီဆရာ - ကျွန်တော်တို့ လူမျိုးတွေရဲ့အစွမ်းကို ဆရာမကြာ ခင်မြင်ရတော့မှာပါ"

ဒေါက်တာ ဝါနာဂျွန်ပေးလိုက်သော ကြက်၊ အရက်နှင့် အခွံမာကိုလာသီးဖိုးယူသွားသော နီဂရိုးကြီး၏ ကျောပြင်ကိုကြည့်ရင်း သူ့အရပ်နှင့်သူ့ဇာတ်ကတော့ ဟုတ်နေကာပဲဟု ကျွန်ုပ်က တွေးနေမိလေသည်။

မိကျောင်းအာစေးထည့်မည့်နေ့သို့ ရောက်ရှိလာ၏။ ဒေါက်တာဝါနာဂျွန်သည် အလုပ်မအားလပ်သည့်ကြားက ကျွန်ုပ်တို့နှစ်ယောက်ကို အဖော်ခေါ်ကာ မိကျောင်းအာစေးထည့်မည့်နေရာသို့ သွားရောက်၏။

ကျွန်ုပ်တို့မြစ်ထဲမှ သေပြေး ရှင်ပြေးပြေးတက်ခဲ့ရသော ကမ်းခြေ တွင် နီဂရိုးကလေးငယ်လေးဦးခန့် နှင့် လူကြီးနှစ်ဦးသည် ကြက်တစ်ကောင်စီကိုင်ရင်း ကမ်းစပ်၌ မတ်တပ်ရပ်နေကြ၏။

ကြက်များကို ခြေထောက်မှ တစ်ယောက်တစ်ကောင်စီ ကိုင်စွဲထားကြပြီး ခေါင်းဆောင်ဖြစ်ဟန်တူသူ၏လက်၌ အရက်တစ်လုံးကိုင်ထား၏။

ကျွန်ုပ်တို့နှင့် ဒေါက်တာဝါနာဂျွန်၊ လှေသမားကြီးတို့သည် မြင်ကွင်းကို ထင်ရှားစွာမြင်နိုင်သော သစ်ပင်တစ်ပင်ပေးမှ အခြေအနေကို လှမ်းကြည့်နေ၏။ ခေါင်းဆောင်ဖြစ်သူ၏ ရုပ်ရည်မှာ အရက်အလွန်အကျွံသောက်လေ့ရှိသော လူတစ်ဦး၏ မျက်နှာမှန်းအတိုင်းသားပေါ်လွင်နေသည်။ ကျွန်ုပ်တို့နှင့် ဒေါက်တာဝါနာဂျွန်သည် သူတို့ဘာလုပ်မည်ဆိုသည်ကိုသာ မမှိတ်မသုန်သော မျက်လုံးများနှင့် ကြည့်ရှုနေမိကြ၏။

အချိန်အတော်ကြာသွားသည်။ မိကျောင်းကား လုံးဝပေါ်



www.burmeseclassic.com

www.burmeseclassic.com



မလာ။ ထိုအခါ ခေါင်းဆောင်သည် အရက်ပုလင်းကို တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်၏။ ထို့နောက် ကြက်နှစ်ကောင်ကိုဆွဲယူပြီး မြစ်ဆိပ်မှပြန်သွားလေ၏။

ထိုအခါ ဒေါက်တာဝါနာဂွန်က -

"ဒါဟာ ဘာသဘောလဲဗျ၊ မိကျောင်းလည်း ပေါ်မလာပါလားဗျာ၊ ပြီးတော့ အရက်ကို သူက သောက်ပစ်လိုက်ပြီး ကြက်နှစ်ကောင်လည်း ယူသွားပြီ"

ဟုပြောလိုက်ရာ နီဂရိုးကြီးက -

"အင်း-ခက်တာပဲဆရာ၊ ဒါဆိုရင် မိကျောင်းဟာ ကျွန်တော်တို့ကို ရန်မူဖို့စောင့်နေတာမဟုတ်ဘဲ သူ့ခရီးသွားလမ်းကြောင်းကို ကျွန်တော်တို့ရောက်သွားလို့ ခရီးဟန့်လွဲတိုက်ခိုက်တာပဲဖြစ်ရမယ်"

"ကျုပ် မရှင်းဘူးဗျ"

ဒေါက်တာဝါနာဂွန်၏ အမေးကြောင့် လှေသမားကြီးက ထပ်မံရှင်းပြ၏။

"ဟုတ်တယ်ဆရာ၊ အာစေးထည့်တယ်ဆိုတာ မိကျောင်းတ မြစ်ထဲက လာပြီးမှလုပ်လို့ရတယ်"

"ဒါဆိုရင်လည်း အရက်နဲ့ ကြက်ကို ပြန်ပေးပေါ့ဗျာ"

"မဟုတ်ဘူးဆရာရဲ့၊ အဲဒီလိုပစ္စည်းကိုပြန်ပေးရင် မိကျောင်းဟာ ပိုပြီးအတင့်ရဲတတ်သတဲ့၊ နောက်ပြီး နတ်တင်ပြီးတဲ့ပစ္စည်းကို အခြားလူပြန်ယူခွင့်မရှိတော့ဘူး"

"အင်း-ခင်ဗျားတို့ မလှေ ထုံးစံကလည်း ခင်ဗျားတို့ အသာချည်းပါပဲလားကွာ"

ကျွန်ုပ်ကမူ နီဂရိုးကြီး၏ စကားကြောင့် အာစေးထည့်မည့်ကိစ္စအပေါ် သံသယဝင်လာမိ၏။ နတ်ဆရာများက အကြံအဖန်လုပ်နေခြင်းပင်လော။

သို့သော် -

သိပ်မကြာပေ။ သတင်းတစ်ခုထွက်ပေါ်လာပြန်၏။ မြစ်ထဲ၌ အခြားလှေနှစ်စီး မိကျောင်းအကိုက်ခံရပြီး လူနှစ်ဦးသေဆုံးသွားပြန်ပြီဟူသောသတင်းဖြစ်၏။ ထိုသတင်းနှင့်အတူ လှေသမား နီဂရိုးကြီးဒေါက်တာဝါနာဂွန်ထံသို့



ရောက်ရှိလာပြန်၏။

"ဗျို့ - ဘယ်လိုလဲဗျ၊ လာပုံထူးတော့ မိကျောင်းကိုက်ခံရတဲ့သတင်းကြောင့်လား"

"အစစ်ပေါ့ဆရာရယ်"

"ဘာလဲ ခင်ဗျားမိကျောင်းအာစေးထည့်ဦးမလို့လား"

"ဟုတ်ပါတယ်ဆရာ"

ထိုစကားကို လှေသမားကြီး ရိုးသားစွာပြောခြင်းဖြစ်ကြောင်း ကျွန်ုပ်ရော ဒေါက်တာဝါနာဂွန်ပါ သိလေသည်။

"ကောင်းပြီဗျာ၊ ကျုပ်တော့ မထည့်နိုင်တော့ဘူး၊ ထည့်နိုင်တဲ့သူ ထည့်ဗျာ"

ဒေါက်တာဝါနာဂွန်စကားကြောင့် လှေသမားကြီးတစ်ချက်မျက်နှာပျက်သွား၏။

"ဟုတ်ပါတယ်ဆရာ - ကျွန်တော်တို့မလှေထုံးစံအရ ဒီအမှုကို စတင်ရင်ဆိုင်ရသူကသာ မိကျောင်းအာစေးထည့်တဲ့အလုပ်ကို ပေးချေရပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါဆရာ မကုန်ရပါဘူး၊ ကျွန်တော်တို့ပေးပါမယ်"

နီဂရိုးကြီးစကားကြောင့် ကျွန်ုပ်ပင် သူ့ကိုသနားသွားမိ၏။ ထိုစဉ် ဒေါက်တာဝါနာဂွန်က -

"ခင်ဗျားက ဘယ်လိုလုပ်ချင်လို့လဲ"

ဟုဆိုလိုက်ရာ နီဂရိုးကြီးက -

"အင်း-ဒီလောက်ကြီးတော့ ကျွန်တော်မတတ်နိုင်သေးဘူး၊ ဒီလိုလုပ်ပါလားဆရာ၊ ဒီတစ်ခါ ဆရာအရက်ပုလင်းတစ်လုံးစိုက်ပါ၊ ကျွန်တော်တို့မှာရှိတဲ့ပိုက်ဆံနဲ့ ဆရာ့ဆီကကြက်နှစ်ကောင်လက်ငင်းဝယ်ပါ့မယ်၊ ကိုလာအခွံမာသီးကတော့ ကျွန်တော်တို့စားနေတဲ့အထဲက တစ်ပြည်ကျန်တာ နတ်ဆရာကို တောင်းပန်ပြီးပေးလိုက်မယ်။ အရက်ဖိုးကို ကျွန်တော်လှေလှော်တဲ့လခ ထဲက ဆရာနှုတ်ယူပါ"

သူ့အမူအရာကြောင့် ဒေါက်တာဝါနာဂွန်က နီဂရိုးကြီးကို သနားသွားဟန်ပေါ်ပေါက်လာ၏။ ထို့အပြင် သူ့မျက်နှာအမူအရာကြောင့် သူတို့အာဖရိကထုံးစံများ

www.burmeseclassic.com



သည် ဤအတိုင်း အမှန်ဖြစ်လိမ့်မည်ဟူ၍ ကျွန်ုပ်ပင် ယုံကြည်လိုက်မိလေ၏။

ဒေါက်တာဝါနာဂျွန် က နီဂရိုးကြီးကို သနားသွားဟန်ဖြင့် -

"ဒါဆိုရင်လည်း ခင်ဗျား ကြက်နဲ့အရက်ယူသွား၊ ဒီပိုက်ဆံကိုလည်း ပြန်ယူသွားပါ၊ ကိုလာအခွံမာသီးကိုသာ နှစ်ပြည်ပြည့်အောင် ဝယ်ပေးလိုက် ဟုတ်လား၊ ဒါပေမဲ့ ကြက်နဲ့အရက်ဖိုးငွေကိုတော့ မိကျောင်းကို တကယ်ဖမ်းမိရင် ကျုပ်မယူဘူး၊ အရင်တစ်ခါကလို မမိရင်တော့ ခင်ဗျားကတိအတိုင်း ဆပ်ပေတော့"

"စိတ်ချပါဆရာ"

လှေသမား နီဂရိုးကြီးသည် ပျော်ရွှင်စွာထွက်သွားလေသည်။

နောက်တစ်နေ့ နံနက်တွင် ဒေါက်တာဝါနာဂျွန်ထံသို့ နီဂရိုးကြီး ရောက်ရှိလာ၏။

"ဆရာ - ဆရာ"

"ဟေ"

"အိပ်ရာက မထသေးဘူးလားဆရာ၊ ဒီနေ့စောစော မိကျောင်းကို အစေးထည့်ကြမလို့တဲ့၊ လိုက်ကြည့်ပါလားဆရာ"

"အီး - ဝါး"

ဒေါက်တာဝါနာဂျွန်က သမ်းဝေလိုက်ရင်း အရင်တစ်ခေါက်ကလောက် တက်ကြွဟန်မရှိဘဲ -

"မင်းခေါ်တော့လည်း လိုက်ရတာပေါ့ကွာ"

ထို့နောက် ဒေါက်တာဝါနဂျွန်က ကျွန်ုပ်နှင့်မေဂျာဂျွန်နသန် ဆွဲအား -

"ကဲ-ခင်ဗျားတို့နှစ်ယောက်လည်း မိကျောင်းအစေးထည့်ပွဲကို လိုက်ခဲ့ကြဗျာ"

ဟုဆိုလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် မြစ်ဆိပ်သို့သွားရောက်ကြလေ၏။ မြစ်ဆိပ်ရောက်လေလျှင် ကျွန်ုပ်တို့အားလုံး ယခင်က တက်ကြည့်ခဲ့သော သစ်ပင်ထက်သို့ တက်ကြည့်လိုက်ကြ၏။ ဤတစ်ကြိမ်တွင် သစ်ပင်ပတ်ပတ်





လည်၌ လူအတော်များများ မိကျောင်းအစေးထည့်ပွဲကို လာရောက်ကြည့်နေကြသည်ကိုတွေ့ရ၏။

အရင်တစ်ခါကလိုပင် နတ်ဆရာနှစ်ဦးက အရက်နှင့်ကြက်ကို ကိုင်ပြီး ကမ်းစပ်မှ မြစ်ဖက်သို့မျက်နှာမူကာ မိကျောင်းကိုခေါ်နေ၏။ သူတို့ ၂ဦးအနီးကလေး လေးယောက်က မတ်တပ်ရပ်နေကြ၏။

နတ်ဆရာနှစ်ယောက်က နှုတ်မှလည်း တတွတ်တွတ်ရွတ်ဆိုကာ လက်တစ်ဖက်စီဖြင့် မြစ်ဆီသို့ ဆန့်တန်းပြီး မိကျောင်းကို ခေါ်နေပုံမှာ ပဥ္စလက်ဆန်လှပေတော့၏။

သို့ဖြင့် နာရီဝက်ခန့်အကြာတွင် မြစ်ထဲမှ ဝုန်းကနဲရေပွက်သံကြားရပြီး -

"ဟော ဆရာ သေသေချာချာကြည့်၊ ပြေးမလွတ်ပါဘူးဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ မိကျောင်းဟာ ခရီးသွားဟန်လွှဲရဲတာ မဟုတ်ဘဲ တကယ့်ကို လူသားကောင်းမှန်းသိသွားပြီး ဂင်းမလာလို့ မရတော့ဘူးလေ"

လှေသမားနီဂရိုးကြီးက ထိုသို့ပြောဆိုနေစဉ်မှာပင် မိကျောင်းကြီးသည် ကမ်းစပ်သို့ ခေါင်းတင်လာ၏။ ထိုအခါ နတ်ဆရာနှစ်ဦးက မိကျောင်းနှင့်ဝါးတစ်ရိုက်အကွာမှ ကြက်ဖြူနှစ်ကောင်နှင့်အရက်ပုလင်းကိုပြနေ၏။ မိကျောင်းနှင့်ကလေးလေးဦးမှာ ဝါးတရိုက်အကွာအဝေးပင်မရှိပေ။

ထိုအခါ ကျွန်ုပ်က ကလေးများအတွက် စိုးရိမ်စိတ်ဖြင့် -

"ဟာ ဒီကလေးတွေ သေတော့မှာပဲ"

ဟုပြောလိုက်မိရာ နီဂရိုးကြီးက -

"မစိုးရိမ်ပါနဲ့ဆရာ၊ ဒါဟာ ဒီရွာက ကလေးတွေမဟုတ်ပါဘူး၊ မိကျောင်းနိုင်တဲ့ ဂါရင်နာရွာက ကလေးတွေပါ"

ဟုဆို၏။ ဒေါက်တာဝါနာဂျွန်က -

"ဘာပဲဖြစ်ဖြစ် မိကျောင်းကိုက်ရင် သေကုန်မှာပေါ့"

"စိတ်ချပြီးကြည့်နေပါ ဆရာ၊ ဒီမိကျောင်းဟာ နတ်ဆရာရဲ့အမိန့်အောက်ရောက်နေပြီ။ ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ရှိမှန်းတောင်သတိမရတော့ပါဘူး"

ဟုတ်ပေသည်။ မိကျောင်းသည် ကြက်ဖြူနှစ်ကောင်ကို မမှိတ်မသုန်ကြည့်နေ၏။ ထိုစဉ် နတ်ဆရာနောက်လိုက်က ကြက်ဖြူတစ်ကောင်ကို ပစ်ကျွေးလိုက်၏။ မိကျောင်းသည် ကြက်ကို ကိုက်ဝါးလိုက်ပြီးနောက် ထပ်မံပြီးကြည့်နေပြန်၏။ ဤတစ်ကြိမ်တွင် နတ်ဆရာက ကြက်ကိုပစ်မကျွေးဘဲ အရက်ပုလင်းကို လှမ်းပစ်ပေးလိုက်၏။ မိကျောင်းက အရက်ပုလင်းကို ဝါးမျိုလိုက်ပြန်၏။

ထိုအခါ နတ်ဆရာက ကျန်သောကြက်ဖြူတစ်ကောင်ကို ကိုင်ထားပြီး -

"ဟေး - - -ငါတို့အောင်ပြီကွ"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ သူ၏ အော်သံက မြစ်ယံပဲ့တင်ထပ်သွား၏။ ထို့နောက် နတ်ဆရာက ကျန်သောကြက်တစ်ကောင်ကို ပစ်ပေးလိုက်၏။ ကြက်မှာ ကြိုးတုပ်ထားသဖြင့် ထွက်ပြေး၍မရ။ အတောင်ပံခတ်ပြီး ရုန်းကန်၍သာနေ၏။ မိကျောင်းသည် ကြက်ကို လိုက်လံဟပ်ဖမ်းသော်လည်း ပါးစပ်ဖွင့်လို့မရဘဲဖြစ်နေ၏။ ထူးဆန်းလှပတော့၏။

သူ၏အနေအထားကို သိသွားသော မိကျောင်းသည် ရေထဲသို့ နောက်ကျွမ်းပစ်ပြီး ထိုးစင်းငုပ်လျှိုးသွားလေသည်။

ကျွန်ုပ်တို့သည် အံ့သြဘနန်းမြင်ကွင်းကြောင့် မယုံကြည်၍မရတော့ပေ။ မိကျောင်းမှာ အမှန်ပင်အာစေးဝင်သွားပြီး ပါးစပ်ဖွင့်၍မရဘဲ ရေထဲသို့ပြန်လည်ထွက်ပြေးသွားခြင်းဖြစ်ပေ၏။

ကျွန်ုပ်တို့ သစ်ပင်ထက်မှ ဆင်းသက်လာသောအခါ နတ်ဆရာက ဒေါက်တာဝါနာဂျွန်ကို မြစ်ထဲရဲဝံ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း ပြောဆိုပြီးပြန်သွားလေသည်။

ဒေါက်တာဝါနာဂျွန်သည် နောက်ထပ် သူနေခဲ့သော တော့ဆိုနှင့် မက်ဆာတင်းနိမြို့ကြားရှိ ဆိုက်ဗိုမြစ်ပြင်ကြီးထဲတွင် ထိုအချိန်မှစတင်ပြီး မိကျောင်းအန္တရာယ်ကို မကြုံတွေ့ခဲ့ရတော့ပေ။





ကျွန်ုပ်ကိုယ်တိုင်ပင် အာဖရိကလူမျိုးတို့၏ အံ့သြဖွယ်ရာ မိကျောင်းအာစေးထည့်ခြင်းကို မယုံဝံ့ဝံ့ဖြင့် လက်တွေ့မို့ ယုံကြည်လိုက်ရပေတော့သည်။

ကျွန်ုပ်သည် မိကျောင်းအာစေးထည့်ခြင်းကို လေ့လာကြည့်ရာ ကြက်ဖြူ အရက်နှင့် အခွံမာကိုလာသီးတို့ကို အသုံးပြုကြောင်း ထူးခြားစွာတွေ့ရလေ၏။

ကျွန်ုပ်တို့မြန်မာလူမျိုးများ၏ ကက်ကင်းနည်းအရ ကြက်ဖြူနှင့်မိကျောင်းသည် ကက်ကင်းအသေဓါတ်မိနေသည်ကို ထူးခြားစွာတွေ့ရလေသည်။

"ဓါတ်တူနံ့တူ ဆေးဖက်ယူ၊ နံ့တူသတ်က အသေရ"ဟူသော စကားအတိုင်း ကက်ကင်းနံ့တူ သတ်ထားခြင်းဖြစ်ပါသည်။

ကျွန်ုပ်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ မိကျောင်းပေါများသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ သောင်းကျန်းနေသော မိကျောင်းတစ်ချို့ကို ဤအာစေးထည့်နည်းအတိုင်း အာစေးထည့်ကြည့်ရာ အောင်မြင်မှုရရှိကြောင်း ထူးခြားစွာတွေ့ရှိရပါသည်။

ကြက်ဖြူနှစ်ကောင်၊ အရက်တစ်ပုလင်းနှင့် အခွံမာကိုလာသီး မရရှိပါက တစ်ခြားအခွံမာသီး (ဥပမာ သစ်ကြားသီး)ကို အသုံးပြုနိုင်ပါသည်။ ဂါထာမန္တန်ရွတ်ဆိုရန် မလိုပါ။



www.burmeseclassic.com

www.burmeseclassic.com






## ဂမ္ဘီရမြေ

ယခုဖော်ပြမည့် ထူးခြားဆန်းကြယ် အံ့ဩဖွယ်ရာ ကောင်းလှသော အဖြစ်အပျက်မှာ ဒုတိယကမ္ဘာစစ်မတိုင်မီက စစ်ကိုင်းခရိုင်အတွင်းရှိ ရွာတစ်ရွာတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန်တစ်ခုဖြစ်ပေသည်။

သို့သော် ထိုအချိန်က ထိုအရပ်ဒေသသည် သဘာင်းစာနယ်ဇင်းများနှင့်အလှမ်းကွာဝေးသောအရပ်ဒေသဖြစ်သဖြင့် ထိုအဖြစ်အပျက်အကြောင်းကို မည်သူမျှ မသိလိုက်ကြပေ။ ထိုရွာကလေးအတွင်းရှိ လူများသာ သိလိုက်ကြပေသည်။

ထို့နောက် မကြာမီ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာပြီး ထိုရွာကလေးမှာ စစ်လမ်းကြောင်းတစ်ခုပေါ် ကျရောက်သွားရာ ရွာသူရွာသားများမှာ စစ်ဘေးဒဏ်ကို ခံစားလိုက်ကြရသဖြင့် ထိုအဖြစ်အပျက်အကြောင်းကို မေ့လျော့သွားကြလေတော့သည်။

ကလောင်အိုင်ရွာ. .

ထိုရွာကလေးမှာ ပေပေါင်းငါးထောင်ကျော်မြင့်သော တောင်ကြီးတစ်တောင်၏ ခြေရင်းတွင် ဝပ်ဆင်းလျက်ရှိနေသော ရွာကလေးတစ်ရွာဖြစ်သည်။

ရွာ၏အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ကြီးမား ကျယ်ပြန့်သောတောကြီးက နက်ရှိုင်းစွာတည်ရှိနေသည်။

ထိုရွာကလေးရှိ လူများမှာ တောင်ယာစိုက်ပျိုးလုပ်ကိုင်ခြင်း၊

www.burmeseclassic.com

အမဲလိုက်ခြင်း၊ ထင်းခုတ်၊ ဝါးခုတ်ခြင်းတို့ဖြင့် အသက်မွေးမှုပြုကြသူများဖြစ်သည်။

ထိုရွာသားတစ်ဦးကဖြစ်သူ အောင်မောင်းမှာလည်း အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦးဖြစ်သည်။ သို့သော် သူကရွာတွင်းရှိ အခြားသောမုဆိုးများနှင့်မတူ တမူထူးခြားသည်။

အခြားသော ရွာသားမုဆိုးများက တောထဲသို့ဝင်ပြီဆိုလျှင် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ တောဝက်တို့ကို ပစ်ခတ်သတ်ဖြတ် အမဲလိုက်ကြသည်။

အောင်မောင်းကမူ ထိုသို့မဟုတ်။ သူတို့နှင့်မတူ။ သူက သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ တောဝက်တို့ကို အမဲလိုက်ခြင်းမပြု။ သူ အမဲလိုက်ခြင်းပြုသည်က မြွေ. . မြွေမှလွဲ၍ မည်သည့်သားကောင်တိုမှ သူအမဲမလိုက်. . မလွဲသာ မရှောင်သာသည့် သားကောင်ကြီးများက သူ့ကို အန္တရာယ်ပြုလာမှသာ သူကပစ်ခတ်သတ်ဖြတ်တတ်သည်။ နို့မို့ဆိုလျှင် သူကမသတ်ဖြတ်တတ်၊ သူ့လက်နက်က တူမီးသေနတ်တစ်လက်နှင့် ဒူးလေးတစ်လက်၊ ပြီးတော့ ဓားတစ်စင်း။ တကယ်တော့လည်း သူက မြွေဖမ်းသမားမဟုတ်၊ မြွေသတ်သမား။ သူ့ရဲ့ အမဲလိုက်စရာ သတ္တဝါသည် မြွေ။ အောင်မောင်းက မြွေဆိုလျှင် ရက်ရက်စက်စက် သတ်တတ်သလို မြွေသားဆိုလျှင် ပက်ပက်စက်စက် စားတတ်သူဖြစ်သည်။

ထို့ကြောင့် သူ့ကိုတစ်ရွာလုံးက မြွေမုဆိုးဟုခေါ်သည်။ တချို့ကမူ မြွေအောင်မောင်းဟုခေါ်သည်။ သူကလည်း သည်နာမည်တွေကို မြတ်မြတ်နိုးနိုးနှစ်နှစ်ခြိုက်ခြိုက် ခံယူသည်။

ဘယ်မြွေဖြစ်ဖြစ် သူစားသည်။ မြွေသားဟင်းမပါသော နေ့သည် သူ့ထမင်းစားမကောင်းသော နေ့။ ခံတွင်းပျက်သောနေ့ဖြစ်သည်။ ရွာထဲမှ သူ့လို ပုလင်းတူ ဖူးဆိုများနှင့် ဝိုင်းဖွဲ့ကာ သောက်ကြစားကြလျှင် မြွေသားဟင်းသည် အဓိက မြည်းစရာပင်ဖြစ်တော့သည်။





သူနှင့်အပေါင်းအသင်း လုပ်နေကြသော ရွာထဲမှ ချက်ကြီး၊ ဗိုက်ပူ၊ မဲတူ၊ နက်ကျုတ်နှင့် ဗျိုက်တောတို့မှာလည်း အောင်မောင်းလိုပင် မြွေသားဆိုလျှင် လွန်စွာကြိုက်ကြသူများဖြစ်သည်။

"အရက်ကလေးတစ်ကျိုက်"

မြွေသားကလေး တစ်ကိုက်နှင့် ဆက်ရက်မင်းစည်းစိမ် ခံစားနေရလျှင် အိမ်ကသားသမီးနှင့်သားမယားကို မေ့ထားနိုင်ကြသူများလည်းဖြစ်သည်။

အောင်မောင်းတို့ရွာထဲတွင် မြွေသားစားသူ အတော်များများ ရှိနေသည်။ ထိုသို့ရှိနေခြင်းသည်ပင် အောင်မောင်းအတွက် အတော်အဆင်ပြေနေသည်။ အောင်မောင်း မြွေရပြီဆိုလျှင် ခုတ်ထစ်လှီးဖြတ်ပြီး သူတို့ကိုရောင်းလိုက်ရုံသာ. . ဒါပေမယ့် သူစားဖို့ကိုတော့ များများ ချန်ထားရမည်။

မြွေတစ်ကောင်ကိုတစ်ဝက်ဝက်လျှင် တစ်ဝက်ကိုသာရောင်းချပြီး တစ်ဝက်ကိုသူစားဖို့ ချန်ထားတတ်သော အောင်မောင်းပါပေ၊ စားလို့မကုန်လျှင် ကျန်တာတွေကို အောင်မောင်းက နေလှန်းထားတတ်သည်။ မြွေသားခြောက်ပေါ့။

မြွေသားခြောက်က အင်မတန်စားလို့ကောင်းသည်။ မြွေသားခြောက်ကို ငရုတ်ကျည်ပွေ့နှင့်ထုပြီး အမှုန်ကလေးတွေဖြစ်အောင်လုပ်ကာ မြေပဲဆီကလေးဆမ်း၍ အရက်နှင့်မြည်းလိုက်ရလျှင် အောင်မောင်းတို့ဆွေမျိုးပင်မက အိမ်ကမိန်းမကိုပင် မေ့သွားတတ်လေသည်။

အောင်မောင်းအဖေက မသေခင်အောင်မောင်းကို ဆုံးမစကားပြောခဲ့ဖူးသည်။

"ငါ့သားရယ်၊ မင်းက မြွေကိုပဲရွေးပြီး အမဲလိုက်နေတယ်၊ သတ်နေတယ်၊ တောထဲမှာ ဒီ့ပြင်အကောင်တွေလည်း အများကြီးရှိနေတာပဲ၊ အဲဒီသားကောင်တွေကိုလည်း အမဲလိုက်ပါဦးကွာ၊ မင်းဥစ္စာက မြွေမှမြွေဖြစ်နေတယ်။

မြွေသားကို လူတွေသိပ်မစားကြပါဘူးကွာ၊ ဒီ့ပြင်အသားတွေကိုသာ လူတွေအစားများကြ

www.burmeseclassic.com

www.burmeseclassic.com

တာပါ၊ ငါလည်း မင်းလို မုဆိုး အလုပ်နဲ့အသက်မွေးခဲ့တဲ့သူပဲကွာ၊ ဒါပေမယ့် မင်းလိုတော့ မဟုတ်ပ်ါဘူး၊ မြွေကို တစ်ခါမှ အမဲမလိုက်ဖူးဘူး။

အမှန်တော့ မြွေဆိုတာ မုဆိုးတစ်ယောက်အမဲလိုက်ရတဲ့ သားကောင်မဟုတ်ဘူးကွ၊ မတော်တဆကိုယ့်ကို အန္တရာယ်ပြုလာမှသာ သတ်ဖြတ်ရတာ။

အမှန်တော့ မြွေဆိုတာ သူ့ဘာသာသူနေတဲ့ သတ္တဝါပါ။ လူကိုအလကားနေရင်း အန္တရာယ်မပြုတတ်ပါဘူး၊ လူနဲ့မလွဲသာမရှောင်သာတွေ့မှသာ အန္တရာယ်ပြုတတ်တာပါ။

ပြီးတော့ အချို့မြွေကြီးတွေဟာ လူတွေလိုပဲ အသိတရားရှိတယ်လို့ အဖေကြားဖူးတယ်၊ အထူးသဖြင့် စပါးကြီးလို စပါးအုံးလို မြွေကြီးတွေပေါ့"

အောင်မောင်းက အဖေ့စကားကို ကြားဖြတ်ပြောလိုက်သည်။

"မြွေပဲဗျာ၊ လူလိုအသိတရားဘယ်ရှိမှာလဲ၊ မြွေကတိရစ္ဆာန်ပဲဥစ္စာ၊ အဖေပဲ စဉ်းစားကြည့်လေ၊ တိရစ္ဆာန်ဆိုတာ လူလို အသိတရားရှိပါ့မလားဗျ၊ လူလို အသိတရားရှိနေရင် တိရစ္ဆာန်ဘယ်ဖြစ်တော့မှာလဲ၊ လူဖြစ်နေတော့မှာပေါ့"

"တော်ပြီ အောင်မောင်း၊ မင်းဘာမှ မပြောနဲ့တော့၊ မင်းက မြွေသတ်သမားပဲ၊ မြွေသတ်ဖို့ လူဖြစ်လာတဲ့အကောင်"

"အဖေ ဒီလိုမပြောနဲ့ အဖေလည်း မုဆိုးပဲမဟုတ်လား၊ မုဆိုးဆိုတာ သားကောင်ကို သတ်တာဘာဆန်းသလဲ၊ အဖေလည်း သားကောင်တွေကို သတ်နေတာပဲမဟုတ်လား၊ ဒီတော့ မြွေမုဆိုးအောင်မောင်း မြွေသတ်တာ ဘာဆန်းသလဲ အဖေ"

"ဟေ့ကောင် မင်းငါ့ကို စကားနိုင်လုပြီး ပြောမနေနဲ့"

"ဒါကျွန်တော် အမှန်ပြောနေတာအဖေ၊ တံငါသည် ငါးဖမ်းတယ်၊ မုဆိုးက အမဲလိုက်တယ်၊ အဲဒီမှာ မြွေသတ်တာ၊ ကျားသတ်တာ၊ သမင်သတ်တာ၊ ဒရယ်သတ်တာတွေပြောမနေနဲ့၊ သတ်တာပဲ သတ်တာပဲမဟုတ်လား"

"တော်တော့ အောင်မောင်း၊ မင်းငါပြောတာကို ဘယ်တော့မှ နားလည်မှာမဟုတ်ဘူး၊ မင်းဘာသာမင်း သတ်ချင်သတ် မသတ်ချင်နေ၊ ငါဘာမှ မပြောတော့ဘူး"

အောင်မောင်းအဖေက အောင်မောင်းကို လက်လျှော့လိုက်သည်။

"အဖေ. . ကျွန်တော် မြွေသားကြိုက်တာ အဖေလည်းသိသားနဲ့၊ တချို့အမဲသား၊ ဝက်သားကြိုက်ကြသလိုပေါ့၊ အမဲသား၊ ဝက်သားမပါရင် အချို့လူတွေ ထမင်းမစားနိုင်ကြသလိုပေါ့၊ ကျွန်တော်လည်း မြွေသားဟင်းမပါရင် ထမင်းစားလို့မဝင်တာ အဖေလည်း သိသားနဲ့"

"အေး. . မင်းဒီလောက် မြွေသားကြိုက်နေတာ မြွေနဲ့ပတ်သက်ပြီး တစ်နေ့ မင်းဒုက္ခရောက်လိမ့်မယ်"

"အဖေ့ပါးစပ်ပုတ်ကြီးနဲ့ မပြောပါနဲ့အဖေ၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ တော်ပြီဗျာ အဖေ အဲတာ မျိုး မပြောနဲ့တော့"

ဘာကြောင့်မှန်းတော့ မသိ၊ အဖေ့စကားကြောင့် အောင်မောင်းရင်ထဲ ထိတ်ခနဲတော့ဖြစ်သွားမိသည်။

အမှန်တော့ အောင်မောင်းသည် ငယ်ငယ်ကတည်းက မြွေဆိုလျှင် သတ်ချင်သူ၊ မြွေမြင်လျှင် တုတ်နှင့်ရိုက်သည်။ ခဲနှင့်ထုသည်။ ဒါကို အောင်မောင်းအဖေ သိပြီးသား၊ အောင်မောင်းက မြွေကို မျက်မုန်းကျိုးနေသူ။

"မင်းနှယ်ကွာ. . မြွေတွေ သူ့ဟာသာသူနေပါစေ၊ မင်းအဲဒီလို သွားမလုပ်ပါနဲ့"

"မဟုတ်ဘူးအဖေရ၊ မြွေဆိုတာ သူတို့ကို ကိုယ်က ဦးအောင်အရင်သတ်ထားမှ နို့မဟုတ်ရင် သူတို့က ကိုယ့်ကို အရင်ကိုက်သတ်မှာ"

အောင်မောင်းမှာ ငယ်ငယ်ကတည်းက သူ့ဗီဇနှင့်သူ လာသူဖြစ်ပေသည်။

အောင်မောင်းတို့ရွာမှာ တောင်နှင့်နီးသည်။ တောနှင့်နီး



www.burmeseclassic.com

www.burmeseclassic.com


သည်။ သို့သော် ရွာထဲတွင် မြွေက မရှိသလောက် ရှားသည်။ မြွေက အောင်မောင်းကို မြင်သည်နှင့်ပြေး သည်။ အောင်မောင်းကို မြွေတွေ ရင်မဆိုင်ရဲကြ။ အောင်မောင်း မြွေ သတ်သမားမှန်း မြွေမုဆိုးမှန်း သိ သည်ထင်သည်။

ထို့ကြောင့် အကြောင်းသိသူ တချို့က အောင်မောင်းကို မြွေ အောင်မောင်းဟုပင် မခေါ်တော့၊ မြွေနိုင်အောင်မောင်းဟု ခေါ်ကြ သည်။

တချို့ကတော့ အောင် မောင်းသည် မြွေကိုနိုင်ခြင်းမဟုတ်။ မြွေက ပြေးခြင်းသာဖြစ်သည်။ ထို့ ကြောင့် မြွေပြေးအောင်မောင်းဟု ခေါ်ကြပြန်သည်။ ဘယ်သူတွေ ဘယ်လိုပဲခေါ်ခေါ် အောင်မောင်း ကတော့ ကျေနပ်နေသည်။

တစ်ခါက ရွာလယ်လမ်းမ တွင် မြွေဟောက်တစ်ကောင် ချုံ ပုတ်တစ်ခုထဲမှ ထွက်လာသည်။ ထို မြွေကံဆိုးချင်တော့ အောင်မောင်း အလာနှင့်ပက်ပင်းတိုးသည်။ မြွေ ဟောက်က အောင်မောင်းကို တည့်

တည့်ရင်မဆိုင်ရဲဘဲ နောက်သို့ လှည့်ကာပြေးသည်။ အောင်မောင်း က နောက်ကလိုက်သည်။ အောင် မောင်းလက်ထဲမှာ ကျောက်ခဲတစ်လုံး လှမ်းထုလိုက်သည်။ လက်ဆ... မှန်သည်။

မြွေဟောက်ခေါင်းကို တိုက် ရိုက်ထိကာ ခေါင်းကြေသွားသည်။ ထိုအချိန်မှစ၍ အောင်မောင်းကို မြွေတွေကြောက်ကြမှန်း ရွာထဲ... လူတွေသိကုန်ကြသည်။

ထို့ကြောင့် တချို့... အောင်မောင်းကို မြွေလမှာယ်ပြ... ဖို့ပြောကြသည်။ ထိုအခါ အော... မောင်းက. . .

"ကျုပ်က မြွေလမှာ... ဆရာ မလုပ်ချင်ပါဘူး၊ မြွေမုဆိုး... လုပ်ချင်တာ၊ ဘာကြောင့်လဲ... တော့ မြွေလမှာယ်ဆရာဟာ ... သားမစားရဘူးလေ။

မြွေလမှာယ်ဆရာ မြွေသ... စားတဲ့နေ့ဟာ သူသေတဲ့နေ့ပဲ၊ ... မုဆိုးကတော့ မြွေသားစားဖို့... မြွေမုဆိုးလုပ်နေတာ"ဟု တုန့်... ပြောဆိုတတ်သည်။

အောင်မောင်းက မြွေမုဆိုး ပီပီ မြွေနှင့်ပတ်သက်လျှင် အတော် စုံလင်စွာ သိရှိထားသူဖြစ်သည်။

"ကိုအောင်မောင်းလုပ်ပါ ဦးဗျ၊ မြွေအကြောင်း ပြောပြပါဦး၊ ခင်ဗျားက မြွေမုဆိုးဆိုတော့ မြွေ အကြောင်း တော်တော်သိမှာပေါ့"

ရွာထဲမှာ ကာလသားခေါင်း ဆောင်လှဆောင်က မေးရာ အောင်မောင်းက. . .

"အင်း. . ကျုပ်က ခင်ဗျား တို့ ထင်သလောက်လည်း မဟုတ် ပါဘူး ကိုလှဆောင်ရာ၊ မြွေဆိုတာ ထူးဆန်းတဲ့ သတ္တဝါဗျ၊ ထူးဆန်း တယ်လို့ ပြောရတာက မြွေဆိုတာ ခြေထောက်မပါလို့ပဲဗျ၊ ခြေထောက် မပါပေမဲ့ လျှပ်ရှားသွားလာတဲ့နေရာ မှာတော့ ခြေထောက်ပါတဲ့ သတ္တဝါ တွေထက်တောင် မြန်သေးတယ်ဗျ"

ကျုပ်တို့ မြန်မာပြည်မှာ မြွေအမျိုးအစားပေါင်း (၁၂၀)ကျော် လောက်ရှိတယ်၊ ဒါပေမယ့် တကယ် အဆိပ်ရှိတဲ့ မြွေအမျိုးအစားကတော့ (၁၀)မျိုးကျော်လောက်ပဲရှိပါတယ်။

အဆိုးဆုံးနဲ့ အဆိပ်အပြင်း ဆုံး မြွေတွေကတော့ မြွေပွေး၊ မြွေ ဟောက်၊ ငန်းတော်ကျား၊ ငန်းပုပ်၊ ငန်းစောင်း၊ ဆင်ပစ်မြွေ၊ တောကြီး မြွေဟောက်၊ ငါးစောင်းကြီးမြွေ၊ ပါး စပ်စောင်းကြီးမြွေ၊ ဂျတ်မြွေစသည့် မြွေတွေပဲဗျ"

"စပါးကြီး၊ စပါးအုံးလို မြွေ ကြီးမျိုးတွေမှာရော အဆိပ်ရှိသလား ကိုအောင်မောင်း"

"သူတို့မှာတော့ အဆိပ် မရှိဘူးဗျ၊ ဒါပေမဲ့ သူတို့မှာ ထူးခြား ဆန်းကြယ်တဲ့ 'ညွှတ်'ဆိုတာရှိတယ်။ 'ညွှတ်'ဟာ သူတို့ရဲ့ အမြီးဖျားမှာ ရှိတယ်။ ချထားတဲ့ 'ညွှတ်'ကွင်းထဲ ကို ဝင်လာတဲ့ သားကောင်တွေကို မလွှတ်တမ်း ဖမ်းယူစားသောက် တတ်ကြတယ်။

သူတို့ 'ညွှတ်'ကွင်းထဲဝင် လာမိတဲ့ သားကောင်ဟာ ပြန်ထွက် လို့မရတော့ဘူး။ သူတို့ 'ညွှတ်'ချ ထားတဲ့ နေရာမှာပဲ တဝဲဝဲလည် လည်ဖြစ်နေတယ်။ အဲဒီအခါကျမှ တစ်နေရာကနေပြီး သူတို့က ရောက် လာကြတယ်။ သူတို့ချထားတဲ့ 'ညွှတ်'ထဲ သားကောင်မိနေပြီဆို

www.burmeseclassic.com



တာ သူတို့အလိုလိုသိတယ်။

အဲဒီအခါကျမှ သူတို့ ရောက်လာပြီး သားကောင်ကို စားမျိုတတ်ကြတယ်။ အကောင်ငယ်တဲ့ သားကောင်တွေကို အကောင်လိုက်၊ အရှင်လိုက် မျိုတတ်ကြတယ်၊ အကောင်ကြီးမားတဲ့ သားကောင်တွေကိုကျတော့ သားကောင်ရဲ့ တစ်ကိုယ်လုံးကို စိစိညက်ညက်ကြေအောင် လိမ်ပတ်မွှေ့ချေပြီး အရိုးတွေကြေပျက်ကုန်မှ တဖြည်းဖြည်းချင်း မျိုတတ်ကြတယ်"

အောင်မောင်းပြောသမျှကို ရွာကာလသားခေါင်းဆောင် လှဆောင်နှင့်အဖွဲ့ စိတ်ဝင်စားစွာ နားထောင်နေကြသည်။ အောင်မောင်းက ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပြီးမှ ဆက်ပြောသည်။

"ကျုပ်မိတ်ဆွေ မုဆိုးတစ်ဦးပေါ့၊ အဲဒီ စပါးကြီးမြွေကြီးတစ်ကောင်ဆီက 'ကြောင်အမတေ' တစ်ခုကို ရခဲ့ဘူးတယ်"

"ဗျာ. . ဘယ်လို ကြောင်အမတေဟုတ်လား"

"ဟုတ်တယ် ကိုလှဆောင်၊ ကျုပ်မိတ်ဆွေ ဟိုဘက်ရွာက မုဆိုးတစ်ယောက် ကြောင်အမတေတစ်ခုကို ရခဲ့ဖူးတယ်"

"ကြောင်အမတေဆိုတာက ပုလဲလုံးကလေးလိုပါပဲ၊ ငွေရောင်ပုလဲလုံးကလေးပေါ့ဗျာ၊ ခင်ဗျားတို့ ကျီးအမတေဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးပါတယ်"

"အေး. . အဲဒီလိုပေါ့ဗျာ၊ ဒါပေမယ့် သူက ကျီးအမတေလောက်မကြီးဘူးဗျ၊ ကျီးအမတေထက်စာရင် သေးတယ်၊ ကျီးအမတေဆိုတာက ဥကဖြစ်တာ၊ ကျီးဥကဖြစ်တာပေါ့၊ ဒါပေမယ့် ကြောင်အမတေဆိုတာကတော့ ကြောင်ရဲ့ ရင်ဘတ်ထဲမှာ ဒါမှမဟုတ် ဦးခေါင်းထဲမှာ ဖြစ်ပေါ်နေတဲ့ ပုလဲလုံးကလေး သဏ္ဍာန်အလုံးလေးပဲ"

"ဒါနဲ့ အဲဒီကြောင်အမတေကို စပါးကြီးမြွေတစ်ကောင်ဆီက ဘယ်လိုလုပ်ပြီး ရခဲ့တာလဲဗျ"

"အဲဒါလည်း ကျုပ်ပြောမလို့ ကိုလှဆောင်၊ စပါးကြီးမြွေဟာ သူချထား ညွှတ်ထဲဝင်လာတဲ့ ကြောင်တစ်ကောင်ကို စောစောက ပြောသလို စိစိညက်ညက်ကြေအောင် လိမ်ပတ်မွှေ့ချေပြီး အရိုးတွေ ကြေပြတ်ကုန်တဲ့အခါ တဖြည်းဖြည်းမျိုချသွားလိမ့်မယ်၊ အဲဒီလိုမျိုချပြီး အကာအကွယ်ကောင်းတဲ့ တစ်နေရာရာမှာ မလှုပ်မရှားဘဲ ငြိမ်သက်စွာနေလိမ့်မယ်။

ဒါပေမယ့် သူ့ဝမ်းထဲမှာ ကြောင်ကြီးကို မျိုထားတဲ့အတွက် ရက်အတော်ကြာတဲ့အခါ ကြောင်ကြီးဟာ ပုပ်ပွလာတယ်၊ အဲဒီလို ပုပ်ပွလာတဲ့အတွက် စပါးကြီးမြွေကြီးဟာ ငြိမ်ငြိမ်မနေနိုင်တော့ဘဲ ရင်ပူလာတယ်၊ အဲဒီတော့ နီးစပ်ရာ ရေအိုင်ကြီးတွေနဲ့ ရေတိမ်၊ ချောင်းကွေ့တွေရှာပြီး သူတို့ရဲ့ ကိုယ်ခန္ဓာကို အလျားလိုက်တန်းလို့ ရေစိမ်လိုက်၊ ရေသောက်လိုက် လုပ်နေကြရတယ်။

အဲဒီလို တစ်လလောက် ရေစိမ်လိုက်တဲ့အခါ သူ့ဝမ်းဗိုက်ထဲမှာ ရှိနေတဲ့ ကြောင်ကြီးဟာ အရိုးကျသွားတယ်။

အဲဒီကျသွားတဲ့ အရိုးတွေကို ပြန်ပြီး အန်ချဖို့အတွက် စပါးကြီးမြွေကြီးဟာ အလွန်မြင့်မားတဲ့ တောင်ထိပ်ကိုတက်တယ်၊ ပြီးတော့ တောင်ထိပ်ပေါ်မှာရှိတဲ့ လက်ပံပင်ကြီးတစ်ပင် ဒါမှမဟုတ် တောဆိုးထိန်ပင်ကြီးတစ်ပင်ရဲ့ ထိပ်ဖျားကိုင်းမှာ သူ့အမြီးပိုင်းကို လေးငါးပတ် ရစ်ပတ်ပြီး သူ့ဝမ်းဗိုက်ထဲမှာရှိတဲ့ ကြောင်ကြီးရဲ့ အရိုးတွေကို အန်ချလိုက်ပါတယ်။

အဲဒီအရိုးတွေကတော့ မကြေညက်နိုင်တဲ့ အရိုးတွေနဲ့ ပေါင်ဆစ်ရိုး၊ ခြေထောက်ရိုးတွေပါပဲ၊ တကယ်လို့ အဝေးက ကြည့်မယ်ဆိုရင် မြွေကြီးဟာ အမြီးကို သစ်ကိုင်းမှာချိတ်၊ ပါးစပ်ကို အောက်မှာ တန်းလန်းချပြီး သူ့ကိုယ်ခန္ဓာကြီးကို လှုပ်ခါလို့ အန်ချနေတာကို ထူးထူးဆန်းဆန်းမြင်ရပါလိမ့်မယ်"

"ကြောင်အမတေကကော. ."

"ကြောင်အမတေက အဲဒီ မြွေကြီးအန်ချလိုက်တဲ့ အထဲက ထွက်ကျလာတာပေါ့ဗျာ. . ."

www.burmeseclassic.com

"ဩော် . . ဩော် . . ဒီလိုကိုး ကြောင်ကြီးတစ်ကောင်လုံး သူ့ဗိုက်ထဲရောက်နေမှတော့ ကြောင်အမတေကလည်း သူ့ကိုယ်ထဲရောက်နေပြီပေါ့"

"ဟုတ်တာပေါ့ . . ကိုလှဆောင်"

"အမတေဆိုတာ စွမ်းတယ်လို့ကြားဖူးတယ် ကိုအောင်မောင်း၊ ဒီကြောင်အမတေကတော့ ဘာတွေစွမ်းသလဲ"

"အင်း . . ကျွန်တော် ကြားဖူးသလောက်တော့ ကာယသိဒ္ဓိဘက်မှာ စွမ်းတယ်လို့ဆိုတာပဲ"

အောင်မောင်းတောထဲသို့ ဝင်လာခဲ့သည်။ တောက နေပြောက်မထိုးနိုင်အောင်ပင် သစ်ပင်ကြီးတို့က အုပ်ဆိုင်းနေသည်။ တောထဲ ရောက်လျှင်အောင်မောင်းအဖို့ ထူးခြားမှုတစ်ခုနှင့်အမြဲကြုံရသည်။

ထိုထူးခြားမှုမှာအခြားမဟုတ်၊ တောထဲရှိမြွေများမှာ အောင်မောင်းကိုမြင်သော်လည်း မပြေးကြခြင်းပင်ဖြစ်သည်။

ရွာထဲတွင်ရှိသော မြွေများမှာ အောင်မောင်းကိုမြင်လျှင် ပြေးကြသော်လည်း တောထဲရှိ မြွေများကား မပြေးကြပေ။ ထူးခြားလှပေသည်။

အခါတိုင်း အောင်မောင်းတစ်ယောက် တောထဲဝင်၍ နာရီဝက် မကြာမီ မြွေတစ်ကောင်လောက်ရတတ်သော်လည်း သည်ကနေ့တစ်နာရီခန့်အချိန်ကုန်လွန်လာသည့်တိုင် မည်သည့်မြွေတစ်ကောင်တစ်မြီးကိုမှ မရသေးပေ။ အောင်မောင်းကျွဲမြီးတိုချင်လာသည်။

ထို့ကြောင့် တောနက်ရာသို့ တိုးသည်။ မြွေများ ခိုအောင်းနိုင်သည့်နေရာများကိုရှာသည်။ သို့သော် မြွေကိုသူမတွေ့။ အောင်မောင်းမှာ ဇောဖြင့်ရှေ့သို့သာ တိုးသွားနေလေရာ တောမှာနက်မှန်းမသိ နက်နက်လာသည်။ တဖြည်းဖြည်းဖြင့် တောမှာ အောက်ခြေရှုပ်ထွေးလာသည်။ ရှေ့တိုးဖို့မလွယ်တော့။ အောင်မောင်းတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေသည်။

နေမှာလည်း မွန်းတည့်ချိန်သို့ပင်ရောက်လာလေပြီ။ ထိုအချိန်တွင် တဖျစ်ဖျစ်မြည်နေသော အသံကို အောင်မောင်းကြားလိုက်ရသည်။ အသံက ထူးဆန်းနေသည်။ သူတစ်ခါမှမကြားဖူးသော အသံမျိုးဖြစ်သည်။ ဤအသံသည် ဘယ်နေရာက ထွက်ပေါ်နေသနည်း။ အောင်မောင်း အသံကို နားစွင့်ကြည့်သည်။

သူ့နား၊ကပါးလှပ်သည်။ မှဆိုး'နား'၊ သူ့မျက်စိကလျှင်သည်။ မှဆိုး'မျက်စိ'၊ ထူးဆန်းသောအသံသည် သူ့ရှေ့ဆီမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ အသံက သူ့ကို ဆွဲခေါ်နေသကဲ့သို့ရှိသည်။ သူရှေ့သို့သတိနှင့်တိုးသွားသည်။ ဒူးလေးကို အသင့်ပြင်ထားသည်။ သူ့ရှေ့တွင် ချုံနွယ်ပင်များ အောင်မောင်းက ချုံနွယ်ပင်များကြားထဲ သတိဖြင့် တိုးဝင်လိုက်သည်။ ချုံနွယ်ပင်များမှာ သိပ်ပြီးထူထပ်ခြင်းမရှိသော်လည်း လက်တစ်ဖောင်ကျော်ကျော်မျှအမြင့်ရှိနေသည်။

သူက ရှေ့ကို တိုးရင်း တိုးရင်း ချုံနွယ်ပင်များအဆုံးသို့ ရောက် လာသည်။ ရှေ့မှမြင်ကွင်းက ဘွားခနဲပေါ်လာသည်။

"ဟာ"

ရှေ့ဆီတွင် ကွင်းပြောင်ပြောင်ကလေးတစ်ခု အောင်မောင်း မြင်ကွင်းကြောင့် မျက်လုံးပြူးပြီး အံ့အားသင့်သွားသည်။ ကွင်းပြောင်ပြောင်ထဲတွင် လူကြီးတစ်ယောက်၏ ပေါင်လုံးလောက် အရွယ်ခန့်ရှိမည့် မြွေကြီးတစ်ကောင်။

အောင်မောင်းပစ်သတ်ရန် အသင့်ချိန်ရွယ်ထားသော ဒူးလေးက အောက်သို့စိုက်ကျသွားသည်။ မြင်ကွင်းကား မယုံနိုင်စရာ။ မြွေကြီးကား သူ့အမြီးကိုသူ ပြန်မြိုထားသည်။ ဘယ်လိုဖြစ်တာပါလိမ့် အောင်မောင်းအံ့ဩနေသည်။

သူ့အမြီးက သူ့ပါးစပ်ထဲ ပြန်ရောက်နေတော့သည်။ ဘယ်အချိန်စမြိုနေသည်မသိ၊ သူ့အမြီးက သူ့ပါးစပ်ထဲ အတော်ပင် မြိုမိနေပုံရသည်။

ထို့ကြောင့် မြွေကြီး၏ ပုံသဏ္ဌာန်မှာ မြေပြင်ပေါ်တွင် 'ဝ'လုံး





www.burmeseclassic.com

www.burmeseclassic.com

သဏ္ဍာန်ဖြစ်ပေါ်နေသည်။ သူသည် ရပ်နေရာမှ ရှေ့သို့မတိုးရဲဘဲ မြွေကြီးကို စူးစူးစိုက်စိုက်ကြည့်နေသည်။ မြွေကြီးမှာ အောင်မောင်းကို မြင်ပုံမပေါ် သူ့အမြီးကိုသာသူ အာသာငမ်းငမ်းမျိုနေသည်။

"ဘုရားရေ. . တစ်ခုခုတော့ အမှားအယွင်းရှိနေပြီထင်တာပဲ"

အောင်မောင်းတစ်ယောက်တည်း ဘုရားတလိုက်မိသည်။ ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲ၊ မြွေကြီးမှာ သူ့အမြီးကိုသူ တဖြည်းဖြည်းချင်းမြိုသွားရာ မြွေစက်ဝိုင်းကြီး အသွင်ပေါ်နေသည်။ ထိုစက်ဝိုင်းလုံးကြီးအသွင်မှာလည်း တဖြည်းဖြည်းသေး၍သေး၍ လာနေသည်ကို အောင်မောင်းမြင်နေရ၏။

ထို့အပြင် မြွေကြီး၏ မျက်လုံးမှာလည်း စားပိုးနင့်ထားသကဲ့သို့ ပြူးကျယ်၍နေသည်ကို တွေ့ရပြန်သည်။ မြွေကြီးမှာ သူ့အမြီးကိုသူ ဆက်လက်မြိုနေပြန်ရာ မျက်လုံးမှာလည်း ပို၍ပို၍ ပြူးကျယ်လာနေသည်။ အောင်မောင်း သေသေချာချာကြည့်လိုက်မိသောအခါ မြွေကြီး၏မျက်လုံးများမှာ ပန်းနုရောင်တောက်နေသည်ကို တွေ့ရသည်။

မျိုရင်း မျိုရင်းဖြင့် မြွေကြီးမှာ ဆက်လက်၍မမျိုနိုင်တော့သည့် အနေအထားသို့ရောက်လာပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်လာသည်။ မြွေကြီးမှာ သေလုလုသေခင်ခင်ဝေဒနာကို မချိမဆန့်ခံစားနေရသကဲ့သို့ဖြစ်နေလေသည်။

အောင်မောင်းက တိတ်ဆိတ်ငြိမ်သက်စွာကြည့်နေစဉ်မှာ မြွေကြီးက မရမက ဆက်၍ဆက်၍မျိုနေရာ၊ မြွေကြီး၏မျက်လုံးများသည် ပန်းနုရောင်မဟုတ်တော့ဘဲ ရဲရဲနီလာသည်။ မကြာမီ နီရဲလာရာမှ ဟသ်ာပြဒါးရောင် ရဲရဲတောက်လာပြီး အခိုးအငွေ့များပမာ တရိပ်ရိပ်နှင့် ထွက်လာသည်။

အောင်မောင်းမှာ အံ့အားသင့်စွာဖြင့် ကြည့်နေမိရာ မြွေကြီး၏ ကိုယ်လုံးအရောင်မှာလည်း သူ၏ အရောင်မဟုတ်တော့ဘဲ၊ ပန်းနုရောင်သို့ပြောင်းလာသည်ကို တွေ့ရသည်။ အချိန်အတော်ကြာကြာမျှ ရှေ့မတိုးသာ နောက်မဆုတ်သာဘဲ ရှိနေပြီးနောက် ရုတ်တရက်မြွေကိုယ်လုံးကြီးမှာ ရဲရဲနီလာသည်။

အောင်မောင်းက တစ်သက်နှင့်တစ်ကိုယ် ဒီလိုတစ်ခါမှ မမြင်ဘူးခဲ့။ မြွေကြီး၏ အနေအထားမှာ ပေါက်ကွဲထွက်သွားတော့မည့်အလား မီးကျီခဲ အလုံးကြီးကဲ့သို့ ရဲရဲနီနေလေသည်။

ထိုစဉ် 'ဒိန်း'ခနဲ အသံကြီးမြည်ဟည်းထွက်ပေါ်လာသည်။ မြေပြင်တစ်ခုလုံး လျှင်တုန်လှုပ်လိုက်သည့်အလား တုန်ခါသွားလေသည်။ အောင်မောင်းတစ်ကိုယ်လုံး ရမ်းခါသွားသည်။ တစ်တောလုံး တစ်တောင်လုံး လျှင်လှုပ်သကဲ့သို့ တုန်ခါနေသည်။ သို့သော် အောင်မောင်းမှာ စိတ်ကိုခိုင်ခိုင်ထားလျက် ရှေ့ဆီမှ မြွေကြီးကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"ဟာ"

ကြည့်နေစဉ်မှာပင် ဟသ်ာပြဒါးရောင်ရဲရဲနီနေသည့် မြွေမျက်လုံးကြီးနှင့် ရဲရဲနီနေသော မြွေကိုယ်လုံးကြီးမှာ အခိုးအငွေ့များဖြစ်ကာ အောင်မောင်း၏မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့သည်။

မြွေကြီးပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် တစ်တောလုံး တစ်တောင်လုံး ပွက်လောရိုက်သကဲ့သို့ ဆူညံသွားလေသည်။ တောငှက်များလန့်ပြီး ပျံထွက်ကုန်ကြသည်။ ကောင်းကင်တစ်ပြင် တစ်ခွင်လုံးမှာ ရုတ်တရက်မိုးသားတိမ်လိပ်များ အုံ့ဆိုင်းလာရာ တစ်တောလုံးမှောင်အတိကျသွားသည်။ လေကြမ်းများက တောင်နှင့်မြောက် အရပ်တို့မှ ပြင်းထန်စွာ တိုက်ခိုက်လာသည်။ အောင်မောင်းဘာမှမစဉ်းစားတော့။ နေရာဟွင် ထိုင်ချလိုက်သည်။

အချိန်အတန်ကြာသောအခါ တိုက်ခတ်နေသော လေများ တဖြည်းဖြည်းငြိမ်သက်သွားသည်။ ကောင်းကင်မှာ မိုးသားတိမ်လိပ်များလည်း လွင့်စင်သွားပြီ။ စောစောကအတိုင်း ပြန်လည်လင်းလာသည်။

အောင်မောင်းက ရှေ့






www.burmeseclassic.com

www.burmeseclassic.com



ကွင်းပြင်မြင်ကွင်းကိုကြည့်လိုက်သည်။ မြွေကြီးမရှိတော့၊ အောင်မောင်းရှေ့ကိုတိုးလာသည်။ စောစောက မြွေကြီးပျောက်ကွယ်သွားသောနေရာသို့ ရောက်သောအခါ ထိုနေရာမှ မြေပြင်မှာ ပူနွေးနေသည်ကို ထူးခြားစွာတွေ့လိုက်ရသည်။ ထူးဆန်းသော အနံ့တစ်မျိုးလည်း ထွက်ပေါ်နေသည်။ အနံ့မှာ ဘယ်လိုအနံ့မှန်းမသိ။

အောင်မောင်းထိုနေရာမှ အမြန်ဆုံးထွက်လာခဲ့မိသည်။

အောင်မောင်းတောထဲတွင် လမ်းပျောက်နေလေပြီ။ သူ့ကိုသူ ဘယ်နေရာရောက်လို့ ရောက်နေမှန်းမသိတော့။ မျက်စိလည်နေသည်တောကြီးတစ်တောလုံးထဲတွင် သူတစ်ယောက်တည်း -

ပထမတော့ သူ့မှာ မြွေသတ်လိုသော ဇောတစ်ခုသာရှိသည်။ အခုတော့ ထိုဇောက ရုတ်တရက်ပျောက်ကွယ်သွားသလိုရှိသဖြင့် စိုးရိမ်စိတ်တွေက ဝင်လာ
သည်။ ရှေ့ကိုတိုးသည် လမ်းရှာ
သည်မတွေ့။ ရှေ့ကိုပဲတိုးတိုး၊ နောက်
ကိုပဲ ဆုတ်ဆုတ် လမ်းကို မတွေ့
တော့။ လမ်းက ပျောက်နေသည်။
သူမှတ်သားထားခဲ့သော အမှတ်
အသားများကိုလည်း မတွေ့ရတော့။

"အို . . မထူးတော့ပါဘူး
ရှေ့ကိုပဲ ဆက်လျှောက်တော့မယ်"

အောင်မောင်းစိတ်နှလုံးကို
ဒုံးဒုံးချကာ ရှေ့ကိုဆက်တိုးသည်။
သူတစ်ကိုယ်လုံးမှာ ခြစ်ရာရှရာတွေ
ဗလပွဖြစ်နေသည်။ သူမည်မျှကြာ
ကြာ ရှေ့ကိုတိုးသွားနေမိသည်မသိ
ရှေ့ဆီတွင်ဂူတစ်ခုကို ဘွားခနဲမြင်
လိုက်ရသည်။ သူသည် သတိကြီး
စွာထား၍ ဂူအနီးသို့ ချဉ်းကပ်
သွားသည်။

ဂူမှာတိတ်ဆိတ်နေသည်
အခြေအနေကို အတန်ကြာအော
စောင့်ကြည့်ပြီး ဘာမှထူးခြား
မတွေ့ရသဖြင့် ဂူအတွင်းသို့
လာခဲ့သည်။

ဂူမှာ ကျောက်သားဂူဖြစ်
ဂူအတွင်း၌ ထူးခြားစွာအလ



ရောင်ရနေသည်။ ဂူအမိုးပေါ် မော့ကြည့်လိုက်သောအခါ အလင်းရောင်ဝင်ရောက်နိုင်သည့် အပေါက်များကို တွေ့ရလေသည်။

ထို့အပြင် ဂူ၏ကျောက်မျက်နှာကျက်တွင် ကျောက်ခက်၊ ကျောက်ဆူးကြီးများမှာ မှိုစိုကြီးများကဲ့သို့ အဆုပ်ဆုပ်အသီးသီးထနေသည်ကို အောင်မောင်းတွေ့ရသည်။

အောင်မောင်းသည် ဂူကြီးအတွင်းဝင်သွားလေရာ ဝင်၍မဆုံးနိုင်အောင်ကို ကျယ်ဝန်းလှပေသည်။

အောင်မောင်းရှေ့သို့ဆက်လက်သွားပြန်ရာ ဂူကြီး၏တစ်နေရာသို့ ရောက်ရှိလာပြန်သည်။ ထိုနေရာမှာ အတော်လေးကို ကျယ်ဝန်းသော ခန်းမကြီးကဲ့သို့ရှိနေပြီး နန်းတော်တိုင်လုံးကြီးများကဲ့သို့ အထက်အမိုးနှင့်အောက်မြေကြီးကို ထိုလှနီးပါးဖြစ်နေသည်။

အောင်မောင်းတစ်ယောက် ကျောက်စို့တိုင်ကြီးများကို ငေးကြည့်နမိစဉ် ကျောက်စို့တိုင်ကြီးတစ်တိုင်၏ နောက်ဘက်မှ မြွေဖြူကြီးတစ်ကောင်ဘွားခနဲပေါ်လာသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရသည်။

အလွန်ကြီးမားသော မြွေဖြူကြီးသည် အောင်မောင်းဆီသို့ တရွေ့ရွေ့လာနေသည်။ အောင်မောင်းက လက်ထဲမှ ဒူးလေးဖြင့် ပစ်သတ်ရန်မြွေဖြူကြီးအား ချိန်ရွယ်လိုက်သည်။

အောင်မောင်းတစ်သက်တာတွင် ဤကဲ့သို့အလွန်ကြီးမားပြီး ဖွေးဖွေးဆွတ်မျှ ဖြူဖွေးနေသော မြွေကြီးမျိုးကို တစ်ကြိမ်တစ်ခါမျှပင် တွေ့ဖူးခြင်းမရှိပေ။

မြွေဖြူကြီးက တရွေ့ရွေ့တိုးလာနေရာမှ ရုတ်တရက် ရပ်တန့်သွားသည်။ အောင်မောင်းလက်တွေထူးခြားစွာတုန်ယင်နေသည်။ သို့သော် တုန်ယင်နေသောလက်ကို တည်ငြိမ်အောင် ကြိုးစားအားယူပစ်ခတ်ရန် ဟန်ပြင်လိုက်စဉ် . . .

"လူကလေး မြွေသူဌေး ကြီးကိုမပစ်ပါနဲ့၊ လူကလေးမှားမယ် . . မှားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ခန့်ညားသော အသံတစ်ခုက အောင်မောင်းနောက်ဘက်မှထွက်ပေါ်လာသည်။ ဘာကြောင့်မှန်းမသိ အောင်မောင်း လက်ထဲမှ ဒူးလေးက အောက်သို့ စိုက်ကျသွားသည်။ ပြီးတော့ အောင်မောင်းနောက်သို့ လှည့်ကြည့်လိုက်မိရာ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦးကိုတွေ့လိုက်ရသည်။ အဘိုးအိုက အောင်မောင်း၏ မျက်လုံးများကို စူးစိုက်ကြည့်သည်။ အောင်မောင်းက အဘိုးအို၏ စူးရှတောက်ပြောင်သော မျက်လုံးများကို ရင်မဆိုင်ရဲသလို မျက်လွှာချသွားသည်။

အဘိုးအိုက. . .

"လူကလေးဟာ ပါဏာတိပါတာကံကို နေ့စဉ်နဲ့အမျှ ကျူးလွန်နေတဲ့ မြွေသတ်သမားပဲ၊ ဒီအလုပ်တွေကို စွန့်လွှတ်ချိန်တန်ပါပြီ"ဟု ဆိုလိုက်ရာ အောင်မောင်းက အဘိုးအိုအား မျက်လွှာလှန်ကြည့်ရင်းက -

"ကျွန်တော် မြွေသတ်သမားမှန်း အဘိုးဘယ်လိုသိသလဲ"

ဟုမေးလိုက်သည်။

"သိတာပေါ့ လူကလေး၊ လူကလေးကိုယ်က မြွေနံ့တွေ ထွက်နေတယ်၊ လူကလေးဟာ မြွေသားကို မက်မက်စက်စက် စားသုံးသူတစ်ယောက်လည်းဖြစ်နေတယ်၊ ဒါကြောင့် လူကလေးကိုယ်က မြွေနံ့တွေ ထွက်နေတာပေါ့၊ ပြီးတော့ လူကလေးကိုယ်က ထွက်ပေါ်နေတဲ့ အရောင်တွေ. . ."

"ကျွန်တော့် ကိုယ်က အရောင်တွေ ထွက်နေတယ် ဟုတ်လား"

အောင်မောင်းအံ့ အား သင့်စွာ မေးလိုက်မိသည်။

"ဟုတ်တယ် လူကလေး လူတွေရဲ့ ကိုယ်ဟာ အနံ့နဲ့အရောင် တွေ ထွက်ပေါ်နေကြတယ်၊ အဲဒီလို ထွက်ပေါ်နေတဲ့ အနံ့တွေကို လူ တိုင်းရဲ့ ဂန္ဓအာရုံမှာမရနိုင်သလို ထွက်ပေါ်နေတဲ့ အရောင်တွေကို လည်း လူတိုင်းရဲ့စက္ခုအာရုံမှာ မမြင် နိုင်ဘူး၊ ဒါပေမယ့် အဘိုးမှာတော့ လူတွေရဲ့ ကိုယ်က ထွက်ပေါ်နေတဲ့ အနံ့တွေနဲ့ အရောင်တွေကို ရှုမြင်နိုင်တဲ့ အစွမ်းတွေရှိတယ်၊ အဲဒီလိုရအောင်လည်း အဘိုးက နှစ်ရှည်လများ ကျင့်ကြံအားထုတ်ခဲ့ရတယ်။

အခု လူကလေးရဲ့ ကိုယ်ပေါ်က ထွက်ပေါ်နေတဲ့ အရောင်တွေဟာ မည်းမည်းညစ်ညစ်အရောင်တွေနဲ့ ရဲရဲနီနေတဲ့အရောင်တွေဖြစ်တယ်၊ ဒီအရောင်တွေဟာ မောဟနဲ့ ဒေါသကြီးမားပြင်းထန်ခြင်းကို ဖော်ကျူးနေတယ်"

အဘိုးအိုဆီမှ ထူးခြားသောစကားဆန်းတွေကို အောင်မောင်းကြားနေရသည်။

"လူကလေး၊ မြွေတွေကိုသတ်တဲ့အလုပ်ကို စွန့်လွှတ်လိုက်ပါတော့၊ မြွေသတ်သမားဘဝကို စွန့်လွှတ်လိုက်ပါတော့၊ မြွေသားစားနေတဲ့ဘဝကို စွန့်လွှတ်လိုက်ပါတော့။

လူကလေး ဒီအလုပ်တွေကို မစွန့်လွှတ်ဘဲ ဒီအတိုင်းသွားနေမယ်ဆိုရင် လူကလေးမကြာခင်မှာ ဒုက္ခတွေ့တော့မယ်ဆိုတာ အဘိုးသိနေတယ်။

စောစောကပဲ လူကလေးရှေ့မှာ မြွေကြီးတစ်ကောင် ပေါက်ကွဲပျောက်ဆုံးသွားခဲ့တယ်မဟုတ်လား၊ ဒီအလုပ်တွေကို မစွန့်လွှတ်ရင် လူကလေးဘဝဟာလည်း စောစောကမြွေကြီးလို ပျောက်ကွယ်ပျောက်ဆုံးသွားလိမ့်မယ်"

အဘိုးအိုက စောစောကမြွေကြီး၏အဖြစ်အပျက်ကို သိနေသဖြင့် အောင်မောင်းအံ့သြနေသည်။

"သူ့အသက်ကိုသတ်ပြီး ကိုယ့်အသက်ကို ရှင်နေရတဲ့ ဘဝဟာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အသက်ရှင်နေမှုဖြစ်တယ် လူကလေး၊ သူ့ရုပ်နာမ်ကို သတ်ပြီးမှ ကိုယ့်ရုပ်နာမ်ကို ရှင်သန်နေရတဲ့ အဖြစ်ဟာ ကြောက်မက်စက်ဆုတ်ဖွယ်ရာကောင်းတဲ့ ရှင်သန်နေမှုဖြစ်တယ် လူကလေး။

သူ့ရဲ့ဇီဝိန်ကို ချုပ်ငြိမ်းစေပြီးမှ ကိုယ့်ရဲ့ဇီဝိန်ကို ရှင်သန်နေရတဲ့လုပ်ရပ်ဟာ ကြောက်လန့်ခါးသီးဖွယ်ရာကောင်းတဲ့ အသက်ရှင်နေမှုပဲလူကလေး။

အောင်မောင်းမှာ အဘိုး



www.burmeseclassic.com

www.burmeseclassic.com

အဘိုးအို၏ထူးဆန်းသောစကားတွေကို နားလည်သလိုလို နားမလည်သလိုလိုဖြစ်နေမိသည်။

ထိုအခိုက်မှာပင် လျှောက်လာသောအသံများကို ကြားလိုက်ရသဖြင့် အောင်မောင်းဂူကြီးအတွင်းသို့ ကြည့်လိုက်မိရာ အဘယ်နေရာက ဘယ်လိုထွက်ပေါ်လာသည်မသိသော မြွေများကို တွေ့လိုက်ရသည်။

မကြာမီ ကြီးမားကျယ်ဝန်းသော ဂူခန်းမကြီးတစ်ခုမြွေများဖြင့် ပြည့်နေသည်ကို အောင်မောင်းမြင်လိုက်ရသည်။

မြွေများမှာ အဖြူ၊ အနီ၊ အနက်၊ အဝါ၊ အစိမ်းကြား၊ အဖြူကြားစသဖြင့် အရောင်စုံလှသလို အရွယ်အစားမှာလည်း လက်သန်းလုံးအရွယ်မှသည် လူကြီးတစ်ယောက်၏ပေါင်လုံးသုံးလေးလုံးစာလောက် အရွယ်အထိရှိသော မြွေကြီးများအထိ ပါဝင်လေသည်။

"လာ. . ကြည့်စမ်း၊ များလိုက်တဲ့မြွေတွေ၊ သတ်လိုက်ရရင်တော့လား၊ သတ်လို့တောင် နိုင်မှာမဟုတ်ဘူး"

အောင်မောင်းက စိတ်ထဲမှ တွေးလိုက်သည်။ ထိုအခါ အဘိုးအိုက အောင်မောင်း၏စိတ်တွေးကို ကြိုတင်သိနေသည့်အလား. . .

"မသတ်ပါနဲ့ လူကလေး၊ မသတ်ချင်ပါနဲ့. . လူကလေး သူတို့ကို မသတ်နိုင်ခင်မှာ သူတို့က လူကလေးကို သတ်သွားပါလိမ့်မယ်။ ဒါပေမယ့် လူကလေးမစိုးရိမ်ပါနဲ့၊ လူကလေးကို သူတို့က ဘယ်တော့မှ သတ်မှာမဟုတ်ပါဘူး"

"ဒီလို ကိုက်ချင်၊ ပေါက်ချင်၊ သတ်ချင်၊ ဖြတ်ချင်တဲ့စိတ်တွေမရှိအောင် အဘိုးက သူတို့ကို သင်ကြားလေ့ကျင့်ပေးထားတယ်၊ သူတို့အားလုံးဟာ အဘိုးရဲ့မေတ္တာရိပ်အောက်မှာ နေထိုင်ကြသူတွေပါ"

အဘိုးအို၏စကားဆန်းများကြောင့် အောင်မောင်းအံ့အားသင့်ရပြန်သည်။

"မြွေတွေကို ကိုက်ချင်၊ ပေါက်ချင်၊ သတ်ချင်၊ ဖြတ်ချင်တဲ့စိတ်တွေမရှိအောင် လေ့ကျင့် သင်ကြားပေးလို့ရသလား အဘိုး"



အောင်မောင်း စိတ်ဝင်တစားမေးမိသည်။

"ရတာပေါ့ လူကလေး. . သူတို့ဟာ စိတ်ရှိတဲ့ သတ္တဝါတွေပဲ၊ စိတ်ရှိတဲ့ သတ္တဝါတိုင်းကို လေ့ကျင့်သင်ကြားပေးလို့ရတယ်၊ ဒါပေမယ့် သူတို့ကို သင်ကြားတဲ့နေရာမှာတော့ စိတ်ကိုစိတ်နဲ့ပဲ သင်ကြားပေးရတယ်၊ သင်ကြားလေ့ကျင့်ပေးတဲ့အခါမှာလည်း အဓိကက မေတ္တာဓာတ်နဲ့ မေတ္တာအကြောင်းကို လေ့ကျင့်သင်ကြားပေးရတယ်"

မြွေတွေမှာ စိတ်ရှိကြောင်း မြွေတွေကို မေတ္တာဓာတ်နှင့် မေတ္တာအကြောင်းကို လေ့ကျင့်သင်ကြားပေး၍ရကြောင်းတို့ကို အောင်မောင်းတစ်ခါမှ မစဉ်းစားဖူးခဲ့။

"မြွေတွေမှာ စိတ်ရှိသလား အဘိုး"

"ရှိတာပေါ့ လူကလေး၊ အသက်ရှိတဲ့ သတ္တဝါတိုင်းမှာ စိတ်ဆိုတာရှိတယ်၊ စိတ်ရှိတဲ့ သတ္တဝါတိုင်းကို မေတ္တာအကြောင်းသင်ကြားလေ့ကျင့်ပေးလို့ရတယ်။

သူတို့ဟာ အဘိုးတို့လူတွေနဲ့ ရုပ်ကတော့ သဘာဝအရ မတူတဲ့အတွက် ရုပ်နဲ့ရုပ်ချင်း သင့်လို့မရဘူး၊ ဒါကြောင့် စိတ်နဲ့စိတ်ချင်းပဲ သင်ကြားပေးရတယ်၊ ပထမတော့ သင်ကြားရတာခက်တာပေါ့၊ နောက်မှ သူတို့တဖြည်းဖြည်း နားလည်သွားကြတယ်။

မြွေအလမ္ပာယ်ဆရာတစ်ယောက်ရဲ့ မြွေတစ်ကောင်ပေါ် သင်ကြားမှုဟာ စိတ်ကို စိတ်နဲ့ သင်ကြားတာမဟုတ်ဘဲ ရုပ်ကိုရုပ်နဲ့ သင်ကြားတာသာဖြစ်တယ်။

ဒါကြောင့် မြွေတစ်ကောင်ဟာ မြွေအလမ္ပာယ်ဆရာကို အချိန်မရွေးပေါက်နိုင်တာပေါ့။ ရုပ်ကိုရုပ်နဲ့ သင်ကြားထားတဲ့အတွက် စိတ်နဲ့စိတ်ချင်းလဲတာ နားလည်မှုမရှိတော့ဘူး။ အဘိုးကတော့ သူတို့ကို စိတ်နဲ့စိတ်ချင်းပဲ သင်ကြားပေးတယ်။ တကယ်တော့ မေတ္တာဓာတ်ဆိုတာ ရုပ်မှာမရှိဘူး၊ စိတ်မှာပဲရှိတယ်၊ ဒါကြောင့် စိတ်နဲ့သင်ကြားပေးခြင်းဟာ အင်မတန်ခရီးရှည်ပါတယ်"

အဘိုးအို၏စကားတွေက

www.burmeseclassic.com

www.burmeseclassic.com

ဆန်းပြီးရင်းဆန်းနေသည်။ အောင်မောင်းနားမလည်တော့၊ အောင်မောင်းမှာ မြွေတွေကို ကြည့်ပြီး အရက်နှင့်မြည်းချင်သည့်စိတ်တွေ ပေါ်လာသည်။ မြွေတွေက ရစ်ခွေကာ ငြိမ်သက်နေကြသည်။

"မတော်မတည့် စိတ်ကူးတွေကို တွေးမနေပါနဲ့တော့ လူကလေး၊ မတော်မတည့်စိတ်ကူးတွေဟာ မတော်မတည့်ဖြစ်ရပ်တွေ၊ မတော်မတည့်အကျိုးဆက်တော်ကို ဖြစ်ပွားစေတတ်ပါတယ်။ ကဲ. . . ဒီတစ်ညတော့ လူကလေး ဒီဂူထဲမှာ ပဲ အိပ်စက်ပြီး မနက်မိုးလင်းမှပဲ ပြန်ပေတော့"

ထို့နောက် အဘိုးအိုက အောင်မောင်းအား ညစာဖြင့် တည်ခင်းဧည့်ခံတော့သည်။

အဘိုးအိုကျွေးမွေးသော ညစာမှာ သစ်ဥ၊ သစ်ဖုများ၊ သစ်သီးများနှင့် အသီးအနှံများသာဖြစ်နေသဖြင့် အောင်မောင်းဘယ်လိုမှ စား၍မရပေ။ ထိုအခါ အဘိုးအိုက အောင်မောင်းအား ကြည့်ကာ. . .

"လျှာကိုအလိုမလိုက်နဲ့ လူကလေး၊ လျှာဆိုတာအသွေးအသာ ကိုပဲ မက်မောတောင့်တတတ်တယ် အရသာခံတယ်ဆိုတာလည်း လျှာ ပေါ်တခဏလေး ခံလိုက်ရတာပါ ဘာမှမကြာဘူး၊ အဲဒီတခဏလေး အရသာခံတတ်တဲ့ လျှာကြောင့် အကုသိုလ်မဖြစ်စေနဲ့ လူကလေး၊

အဘိုးကတော့ သူတစ်ပါး အသွေးသားတွေကို မစားတာ နှစ် ပေါင်းအတော်ကြာခဲ့ပြီ။ စိတ်စွမ်း အားနဲ့ စိတ်တန်ခိုးတွေအတွက် လေ့ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ စိတ် တစ်ခု မှီတွယ်ခဲ့ဖူးတဲ့ ရုပ်တစ်ခုရဲ့ အသားကို ဘယ်တော့မှ မစားဘူး"

ဟုဆိုလေသည်။ အောင် မောင်းမှာ အဘိုးအိုစကားကြောင့် အံ့သြနေမိပြန်သည်။ သို့သော် သူ မှာ မြွေသားဟင်းမပါ၍ ဘာကို စားလို့ မဝင်တော့။

မနက်မိုးလင်းတော့ အဘိုး အိုက အောင်မောင်းကို -

"ကဲ လူကလေး ပြန်ပေ





တော့၊ လူကလေးရွာကို လူကလေး ပြန်ရောက်အောင် အဘိုးရဲ့မြွေဖြူသူတော်နှစ်ကောင်က ရှေ့ကနေ လမ်းပြပေးပါလိမ့်မယ်။ သူတို့ နောက်ကသာ လူကလေး လိုက်သွားပေတော့။ အဲဒီ မြွေသူတော် မြွေဖြူနှစ်ကောင်ဟာ အဘိုးအထူးလေ့ကျင့်သင်ကြားပေးထားတဲ့ မြွေတွေပါ"

"ကောင်းပါပြီ အဘိုး"

အောင်မောင်းက သူ့လက်နက်ဖြစ်သော ဒူးလေး၊ တူမီး၊ သေနတ်နှင့် ဓားတို့ကို ယူလိုက်သည်။

အဘိုးအိုက မြွေဖြူကြီးနှစ်ကောင်ကို စိုက်ကြည့်နေစဉ်မြွေဖြူကြီးနှစ်ကောင်က ရှေ့သို့ ရှောခနဲ ထွက်သွားသည်။

"ဒီဂူကြီးထဲမှာ မြွေတွေဟာ အဘိုးအိုရဲ့မေတ္တာရိပ်အောက်မှာ နိုလှုံနေထိုင်နေကြတယ်။ အဘိုး လူကလေးကို မှာချင်တာကတော့ လူကလေး မြွေတွေကို မသတ်ပါနဲ့၊ မေတ္တာပို့ပေးပါ. . ."

အဘိုးအိုက အောင်မောင်းကို မှာကြားနေသည်။ အောင်မောင်းက အဘိုးအိုကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ပြီးလျှင် ရှေ့မှသွားနေသော မြွေဖြူကြီးနှစ်ကောင်နောက်သို့ လိုက်သွားလေသည်။

အဘိုးအိုက ဂူဝတွင်ရပ်ပြီး သူ့မြွေဖြူကြီးနှစ်ကောင်ကို မျှော်နေသည်။ အချိန်တွေသာ တဖြည်းဖြည်းကုန်လွန်လာသည်။ မြွေဖြူကြီးနှစ်ကောင်ကား ပေါ်မလာတော့ပေ။

အောင်မောင်းတစ်ယောက် တောထဲမှ မြွေဖြူကြီးနှစ်ကောင် ရလာသည်ဆိုသော သတင်းက ရွာထဲတွင် ချက်ချင်းပျံ့နှံ့သွားသည်။ ရွာထဲမှ လူများက မြွေဖြူကြီးကို အထူးအဆန်းသဖွယ် လာရောက်ကြည့်ရှုကြသည်။

မြွေဖြူကြီးနှစ်ကောင်မှာ အောင်မောင်းလက်ချက်ဖြင့် မရှိမလှသေပွဲဝင်နေသည်။ မြွေဖြူကြီး



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကောင်၏ မျက်လုံးများက ပြူး
ကျယ်နေပြီး နီရဲနေသည်။ အောင်
မောင်းကို ဘာစ်စုံတစ်ရာ အဓိပ္ပါယ်
ဖြင့် ကြည့်နေသယောင် -

ထူးခြားဆန်းပြားလှစွာ
တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေသည့်
မြွေဖြူကြီးနှစ်ကောင်ကိုကြည့်ပြီး
ဝသစ်လုံးက အမျိုးမျိုးထင်မြင်ချက်
ပေးနေကြသည်။

"ဒီမြွေဖြူကြီးနှစ်ကောင်ဟာ
ရိုးရိုးမြွေတော့ ဟုတ်မယ်မထင်ဘူး၊
နတ်မြွေဖြူကြီးတွေပဲဖြစ်လိမ့်မယ်"

"ဟုတ်တယ်၊ နတ်မြွေကြီး
တွေ အောင်မောင်းတော့ ဒုက္ခပဲ"

"တောထဲမှာနေတဲ့ အစောင့်
အရှောက်မြွေကြီးတွေပဲဖြစ်မှာပေါ့"

"ဟုတ်တယ် . . ဒီမြွေကြီး
နှစ်ကောင် ရိုးရိုးမြွေတော့ မဟုတ်တာ
သေချာတယ်"

မည်သူတွေက မည်ကဲ့သို့
ထင်မြင်ချက်တွေပေးပေး၊ အောင်
မောင်းကတော့ ဂရုလည်းမစိုက်၊
မြွေဖြူကြီးနှစ်ကောင်စလုံးကို ခုတ်
ထစ်ပြီးဖြတ်နေရာမှာ သွေးရဲရဲ
သံရဲရဲ -

သို့သော် တစ်ရွာလုံးက
အောင်မောင်း၏ မြွေဖြူကြီးအသား
ကို မစားရဲ။

ရွာထဲရှိ မြွေသားကြိုက်
သည့် သူများပင် မစားရဲကြ။ ကုန်
ကုန်ပြောရလျှင် အောင်မောင်း၏
သောက်ဖော်သောက်ဖက် ဗိုက်ပူ
ချက်ကြီးတို့အုပ်စုပင် မစားရဲကြပေ။

"ဟေ့ . . မင်းတို့ မစားရဲ
လည်းနေကြ၊ ငါ့ဖာသာ ငါပဲ စား
မယ်၊ မင်းတို့မစားတော့ ငါတစ်
ယောက်တည်း ဝဝလင်လင်စားရ
တာပေါ့"

အောင်မောင်းက မြွေဖြူ
သားဟင်းကို အရက်နဲ့မြည်းသည်။
ထမင်းနှင့်စားသည်။ အခြောက်
လှန်းပြီးစားသည်။ အမျိုးမျိုးလုပ်
စားသည်။ ရွာထဲရှိ မည်သူမှမစား
ရဲသော အသားကို သူကစားသည်။

တစ်လခန့်ကြာသောအခါ
မြွေဖြူကြီးအသားများလည်း ကုန်
သွားတော့သည်။ မြွေသားများ ကုန်
သွားသည်နှင့် အောင်မောင်း၏
တစ်ကိုယ်လုံးမှာ အခါတိုင်းလို ပေါ့
ပါးသွက်လက်လာခြင်းမရှိတော့ဘဲ





လေးလံလာသလိုလို ခံစားလာရ
သည်။

သို့သော် သူ့စိတ်ထဲက
တောနက်ကြီးထဲသို့ သွားကာ မြွေဂူ
ကြီးကို ရှာဖွေပြီး မြွေတွေကို သတ်
ဖြတ်ချင်နေသည်။

အောင်မောင်းမှာ သူ့ကိုယ်
သူ လေးလံလာသလို ခံစားမိရာမှ
သူ့ဝမ်းဗိုက်ကိုသူ အမှတ်မထင်
သတိထားမိလာသည်။ သူ့ဝမ်းဗိုက်
မှာ တဖြည်းဖြည်းဖောင်းလာသလို
ထင်နေမိသည်။

"အို . . ဒါဟာ ထမင်းစား
များသွားလို့နေမှာပါ"

အောင်မောင်းတွေးမိသည်။ သို့သော်
ဝမ်းဗိုက်မှာ ထမင်းမစား လည်း
ပူဖောင်းနေပြန်သည်။ မကြာမီ
ပူဖောင်းနေရာမှပုတုတုဖြစ်လာ
သည်။ပြောရလျှင် အဖုကလေးတစ်ခု
ဗိုက်ပေါ်မှ ထွက်လာသည်။ ပထမ
တော့ အကျိတ်ဖုကလေးဟု ထင်နေ
သည်။

နောက်တော့ ထိုဖုတုတု
အရာကလေးမှာ တဖြည်းဖြည်းနှင့်
ကြီးလာသည်။

အောင်မောင်းဝမ်းဗိုက်မှာ
တဖြည်းဖြည်းဖောင်းလာပြီး ဖောင်း
နေသော နေရာမှ အဖုကလေး
ထွက်လာသော်လည်း နာကျင်မှု
မရှိပေ။

ထို့ကြောင့် အောင်မောင်း
တစ်ယောက် ဘာမှမဖြစ်သလိုပင်
နေခဲ့သည်။

ထိုသို့နေလာခဲ့ရာမကြာမီ
ထိုဖုတုတုအရာကလေးမှာ အသား
ပိုတစ်ခုရှေ့သို့ရှည်ထွက်လာသည်။
ထိုအသားပိုလေးမှာ တဖြည်းဖြည်း
ရှည်ထွက်လာပြီးနောက် မကြာမီ
အသက်ဝင်သကဲ့သို့ လှုပ်ရှားလာ
သည်ကို အောင်မောင်းမြင်ရသည်။

အောင်မောင်းမှာ ထူးဆန်း
စွာအသက်ဝင်လှုပ်ရှားလာသော
သူ့ဝမ်းဗိုက်မှ အသားပိုလေးကို
မည်သူ့ကိုမှ မပြမိပေ။ တစ်ယောက်
တည်းကြိတ်မှိတ်ကာ အံ့ဩနေမိ
သည်။

နောက်တော့ ချက်ကြီး၊
ဗိုက်ပူတို့အုပ်စုနှင့်အရက်သောက်
ကြရင်း ထိုအသားပိုလေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလွှတ်ခနဲပြောလိုက်မိတော့သည်။

ချက်ကြီးတို့လူစုက အောင်မောင်း၏ဗိုက်ပေါ်တွင် ထူးဆန်းစွာ ထွက်ပေါ်လှုပ်ရှားသက်ဝင်နေသော အသားပိုကိုကြည့်ပြီး အံ့သြနေကြသည်။

"ဘုရားရေ. . အောင်မောင်းဘယ်လိုဖြစ်နေတာလဲ၊ အဲဒီအသားပိုကနာသလား"

ချက်ကြီးက အောင်မောင်း၏ ဗိုက်ပေါ်မှ ဖောင်းထွက်နေသော အသားပိုကိုလက်ဖြင့်ကိုင်ကြည့်ရင်းမေးသည်။

"နာတော့ မနာဘူး၊ ဒါပေမယ့်. . နေရတာတော့ တစ်မျိုးပဲ"

"အေး. . မင်းအသားပိုက ထူးခြားတယ်ကွ၊ အထဲကနေပြီး လှုပ်နေတယ်၊ မင်းဗိုက်ထဲတစ်ခုခု ဝင်နေသလိုပဲ"

"မင်းနှယ်. . မဟုတ်တာကွာ၊ ငါ့ဗိုက်ထဲ ဘာဝင်နေရမှာလဲကွ"

"မသိဘူးလေကွာ၊ မင်းအသားပိုက လှုပ်နေတာတော့ အမှန်ပဲ"

"ငါလည်း. . အဲဒါကို[illegible] အံ့သြနေတာ၊ ပြီးတော့ အဲဒီအသား[illegible] ပိုကြီးကြောင့် တောထဲဝင်ပြီး [illegible] မလိုက်ဖြစ်ပါဘူးကွာ"

"ဟုတ်တယ်၊ မင်း ဟိုမြေ[illegible] မြွေကြီးနှစ်ကောင် ရလာပြီးကတည်[illegible] က အမဲမလိုက်တော့တာကြာပြီ"

"အေးကွာ. . ငါအခုတ[illegible] လော ဘာတွေဖြစ်နေမှန်းတောင် မပြောတတ်တော့ဘူး၊ အိပ်မက်တွေ[illegible] ကလည်း ခဏခဏမက်တယ်၊ မက်[illegible] လိုက်တဲ့ အိပ်မက်တိုင်းဟာလည်[illegible] မြွေတွေချည်းပဲ တွေ့နေရတယ်"

"မင်း မြွေတွေကို စိတ်စွ[illegible] နေလို့ဖြစ်မှာပေါ့ကွာ"

"အေး. . ဟုတ်တယ် ထ[illegible] ထာပဲ၊ ဒါပေမယ့် မနေ့ညက မ[illegible] တဲ့အိပ်မက်ကတော့ တော်တော်[illegible] ထူးခြားတယ်ကွ၊ ရွာအပြင်ဘက်မှ[illegible] လေးတိုင်စင်တစ်ခုနဲ့ အလော[illegible] တစ်လောင်းပြင်ထားတယ်တဲ့၊ ငါ[illegible] အဲဒီအလောင်း ဘယ်သူ့အလော[illegible] လဲလို့ သိချင်တာနဲ့ သွားကြည့်လို[illegible] မိတော့ ငါ့အလောင်းဖြစ်နေတ[illegible] . . ဘုရားရေ၊ ငါလည်း လန့်သွ[illegible]





တာပဲ"

ရွာထဲကလူတွေက ငါ့အလောင်းကို အလောတကြီးကြည့်နေကြတယ်၊ ငါကတော့ လေးတိုင်စင်ဘေးမှာ ရပ်နေပြီး စင်ပေါ်က ငါ့အလောင်းကိုကြည့်နေမိတယ်။ လူတွေက ငါ့ကိုမမြင်ကြဘူး၊ ငါ့အနားက ဖြတ်ဖြတ်သွားပြီး လေးတိုင်စင်ပေါ်က အလောင်းကို ကြည့်ကြည့်သွားကြတယ်။ သူတို့မျက်နှာတွေက အံ့သြထိတ်လန့်နေကြတဲ့ပုံပဲ။

နောက်တော့ ငါလည်း လန့်ပြီး အိပ်ယာက နိုးလာတယ်"

"မင်းအိပ်မက်က အဆန်းပါလား အောင်မောင်းရ၊ ငါတောင် လန့်လာပြီ"

ချက်ကြီးက ပြောပြီး အောင်မောင်းအိပ်မက်ကို ကြက်သီးထနေသည်။

အောင်မောင်း နေမကောင်းဖြစ်ပြီး အိပ်ယာထဲလဲနေသည်မှာ တစ်ပတ်ခန့်ပင်ရှိပေပြီ။ သူ့ဝမ်းဗိုက်မှ အသားပိုမှာလည်း [illegible]

တဖြည်းဖြည်း တိုး၍တိုး၍ထွက်လာနေသည်။ လှုပ်ရှားပုံမှာလည်း အခါတိုင်းနှင့်မတူ ပို၍လှုပ်ရှားလာသည်။

အောင်မောင်းအိပ်ခန်းထဲကလည်း ဖျာတစ်ချပ်ပေးတွင် ပက်လက်လှန်ကာ အိပ်ပျော်နေသည်။ ထိုစဉ် စူးစူးရှရှနာကျင်သလို ခံစားလိုက်ရသည်။

"ဖောက်ခနဲ"မြည်သံနှင့် အတူ သူ့အသားပိုနေရာမှ တစ်စုံတစ်ခု ဖောက်ထွက်သွားသလို ထင်လိုက်မိသည်။

အောင်မောင်းအကျီကိုလှန်ကာ သူ့အသားပိုကို ကြည့်လိုက်ရာ. .

"ဟာ. ."

အောင်မောင်းမျက်လုံးပြူးသွားသည်။ မြင်လိုက်ရသည့် မြင်ကွင်းကို အောင်မောင်းမယုံကြည်နိုင်။

သူ့ဝမ်းဗိုက်မှ အသားပိုသည် ပေါက်နေပြီး ထိုပေါက်ထွက်နေသောအထဲမှ မြွေခေါင်းကလေးတစ်ခုမှာ အပြင်ဘက်သို့ထွက်နေခြင်းပင်တည်း။ မြွေ[illegible]ပြူတစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နေသော မြွေခေါင်းကလေးကို ကြည့်ကာ မြွေမုဆိုးအောင်မောင်း၏ ရင်ထဲတွင် ကြောက်ရွံ့ထိတ်လန့်လာသည်။ မြွေခေါင်းကလေးမှာ လက်သန်းလုံးအရွယ်ခန့်ရှိပြီး မည်းနက်ပြောင်ချောနေကာအပြင်ဘက်သို့ လက်နှစ်ဆစ်စာခန့် ထွက်ပြူနေလေသည်။

အောင်မောင်းက ကြောက်ရွံ့စိတ်ကို ဖယ်ရှားကာ မြွေခေါင်းကလေးအား လက်ဖြင့် ဖမ်းကိုင်လိုက်ရကောင်းနိုးနိုးစဉ်းစားနေသည်။ သို့သော် သူမကိုင်ရဲ၊ လက်ကို ဖမ်းကိုက်လိုက်မှဖြင့်. . .

"ဘုရား. . ဘုရား. . ကယ်တော်မူပါ"

အောင်မောင်းညည်းတွားရင်း သူ့ဝမ်းဗိုက်ကိုသူ မယုံကြည်နိုင်သလို ငုံ့ကြည့်နေသည်။

မြွေခေါင်းကလေးက ပါးစပ်ကို ဖြဲလိုက်ပြီး အောင်မောင်းကို ကြည့်လိုက်ရာ မြွေပါးစပ်တွင်းမှ ထက်ရှနေသော မြွေစွယ်ကို အောင်မောင်းမြင်လိုက်ရသည်။

မြွေခေါင်းကလေးက နက်မှောင်ပြောင်ချောနေရာ ၎င်းမြွေမျိုးမှာ မြွေနက်ခေါ် မဟာရာမြွေမျိုးဖြစ်ကြောင်း အောင်မောင်းသိလိုက်ရသည်။

သူ့အဖေမသေခင်က မဟာရာမြွေမျိုးအကြောင်း အောင်မောင်းအား ပြောပြခဲ့ဘူးသည်။

"မြွေအလိမ္မာယ်ဆရာတွေဟာ မြွေနဲ့ပတ်သက်လာရင် မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေစတဲ့ မြွေဆိုးတွေမှန်သမျှကို မကြောက်မရွံ့ဘဲ မြွေအလိမ္မာယ်ပြတတ်ကြပေသည်။

ခေါင်းပိုင်းအစွယ်များကနေပြီး အမြီးဖျားအထိ အနက်ရောင်အမည်းစင်းတန်းများပါတဲ့ မြွေမျိုးကိုတော့ ဘယ်မြွေအလိမ္မာယ်ဆရာမျိုးမှ မကိုင်တွယ်မပြသရဲကြဘူး။

အဲဒီလို မဟာရာမြွေမျိုးဟာ အင်မတန်အဆိပ်ပြင်းတဲ့အပြင် တကယ်လို့ မြွေအလိမ္မာယ်ဆရာရဲ့ ကိုယ်ပေါ်မှ လက်ပေါ်မှာ ခြေထောက်ပေါ်မှာ အမည်းစက်၊ အနက်ကွက်တစ်ခုခုကို တွေ့လိုက်တာနဲ့ တစ်ပြိုက်နက်တစ်ခုခုကို သူ့ရှိရှိ





သမျှ အဆိပ်ရည်တွေ အကုန်ညှစ်ထုတ်ပြီး အားရပါးရ နှစ်ကြိမ်တိုင်တိုင်ပေါက်တတ်တယ်။

တကယ်တော့ မြွေတစ်ကောင်ဟာ သတ္တဝါတစ်ကောင်ကောင် ဒါမှမဟုတ် လူတစ်ယောက်ယောက်ကို နှစ်ကြိမ်အလွန်ပေါက်ခဲပါတယ်"

ယခုတော့ သည်မျှ အဆိပ် ပြင်းထန်လွန်းသော မြွေ၊ မဟာရာ မြွေက သူ့ဝမ်းဗိုက်ထဲက ထွက်လာနေသည်။

အောင်မောင်းဘာလုပ်ရမည်လဲ။

ချက်ကြီးက အောင်မောင်းဗိုက်ထဲမှ မြွေကိုမြင်တော့ နောက်သို့ အလန့်တကြားဆုတ်သွားသည်။

"မကြောက်ပါနဲ့ချက်ကြီး၊ ဒီမြွေက ဘယ်သူ့ကိုမှ ကိုက်မယ့်မြွေမဟုတ်ပါဘူး၊ ငါ့ကိုပဲ ကိုက်မယ့်မြွေပါ၊ ငါကလည်း ဒီမြွေငါ့ကို မြန်မြန်ကိုက်ပါစေလို့ပဲ ဆုတောင်းနေပါတယ်"

အောင်မောင်းအသံက ကြေကွဲဖျော့တော့နေသည်။

ချက်ကြီးက မယုံကြည်နိုင်သလို အောင်မောင်းဗိုက်မှ အပြင်ဘက်သို့ ထိုးထွက်နေသော မြွေကို ကြည့်နေသည်။ မြွေမှာ အောင်မောင်းဝမ်းဗိုက်ရှိ အသားပိုနေရာမှနေ၍ အပြင်ဘက်သို့ လက်ညှိုးတစ်ချောင်းအရှည်မျှအထိ ထွက်နေလေပြီ။

မြွေက ဦးခေါင်းနှင့် ခန္ဓာကိုယ်ကို လေထဲတွင် ဝှေ့ယမ်းလှုပ်ရှားနေသည်။ ချက်ကြီးက မြွေကို ကြည့်ရင်း အသည်းယားအူတုန်ဖြစ်လာသည်။ ချက်ကြီးကြည့်နေစဉ် အောင်မောင်းက မြွေ၏ဦးခေါင်းကို လက်ဖြင့် ဖမ်းကိုင်လိုက်ကာ သူ့ရင်ဘတ်ကို ကိုက်ခိုင်းနေသည်။

"ကိုက်စမ်း. . ကိုက်စမ်း. . ကိုက်စမ်းပါကွာ၊ မင်း ကိုက်လိုက်လို့ ငါမြန်မြန်သေလည်း အေးတာပဲ"

မြွေက အောင်မောင်းကို မကိုက်ဘဲ ငြိမ်နေသည်။

"ကိုက်စမ်းပါကွာ၊ ကိုက်လိုက်စမ်းပါ၊ ဘာလို့ မကိုက်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက ဒေါသထွက်လာသည်။ ထိုစဉ် မြွေက အောင်မောင်းလက်ထဲမှ လျှောခနဲ ထွက်သွားပြီး လေထဲတွင် ဝှေ့ရမ်းလှုပ်ရှားနေသည်။

ချက်ကြီးက မြွေကို ကြည့်ပြီး အောင်မောင်းကို လှမ်းပြောသည်။

"ငါ. . ဒီမြွေကို ဓားနဲ့ ခုတ်လိုက်ရမလား အောင်မောင်း"

"မခုတ်နဲ့ ချက်ကြီး၊ မင်းဒီမြွေကို ခုတ်လို့ရမှာမဟုတ်ပါဘူး၊ မင်း တကယ်လို့ သူ့ကိုခုတ်လိုက်လို့ သူသေသွားရင် ငါလည်းသေမှာပဲ၊ သူ့အသက်နဲ့ ငါ့အသက်နဲ့ ဆက်နေပြီ"

ချက်ကြီးငြိမ်နေသည်။ အောင်မောင်းဗိုက်ထဲမှ မြွေက လေထဲတွင် အသည်းယားစဖွယ် ဝှေ့ယမ်းလှုပ်ရှားနေသည်။

"အောင်မောင်း. . မင်းမြွေဖြူအသားကို စားမိလို့များ ဒီလိုဖြစ်ရတာလားကွာ"

ချက်ကြီးက စိတ်မကောင်းသည့်အသံဖြင့် မေးသည်။

"ငါတစ်သက်လုံး မြွေသားမျိုးစုံစားခဲ့တာပဲကွာ၊ ဒီမြွေဖြူသားတွေစားပြီးမှ ဒီလိုဖြစ်လာတာဆိုတော့ မင်းပြောတဲ့အတိုင်းပဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"အေးကွာ. . မင်းအဖြစ်က တော်တော်တော့ ထူးဆန်းတာပဲ၊ ငါဖြင့် ဒါမျိုးတစ်ခါမှ မမြင်ဘူးဖူး"

"အေး. . မင်းအခု မြင်ဖူးပြီမဟုတ်လား"

အောင်မောင်းက ကြေကွဲသံဖြင့် ပြောသည်။ ပြီးမှ -

"ငါ့အဖေ ငါ့ကိုပြောခဲ့ဖူးတဲ့ စကားတွေဟာ အခုတော့ တကယ့်ကို မှန်နေပါပြီကွာ"

"မင်းအဖေက ဘာပြောခဲ့လို့လဲကွ"

"ငါဟာ မြွေကြောင့် တစ်နေ့ဒုက္ခရောက်ရလိမ့်မယ်တဲ့၊ အခုတော့မင်းမြင်တဲ့အတိုင်းပဲ၊ သေမင်းခေါ်မည့်ရက်ကို ငါစောင့်နေရပြီလေ"

ပြောပြီးနောက် အောင်မောင်းက အားလျှော့သလို အိပ်ရာထဲ





လှဲချလိုက်သည်။ မျက်လုံးကို မှိတ်ထားသော်လည်း တောနက်ကြီးထဲမှ ထူးဆန်းသော မြွေဂူကြီးမြွေများနှင့် အဘိုးအိုကိုမြင်ယောင်နေသည်။ ပြီးတော့ သူ့ကို လိုက်ပြီးလမ်းပြသည့် မြွေဖြူကြီးနှစ်ကောင် -

မြွေဖြူကြီးနှစ်ကောင်က အောင်မောင်းနောက်သို့ လိုက်လာနေသည်။ ပါးစပ်ကြီးတွေကို ဖြဲထားသည်။ အောင်မောင်းပြေးလို့လွတ်တော့။ မြွေကြီးတစ်ကောင်က အောင်မောင်းကို အနောက်မှ လှမ်းဆွဲလိုက်သည်။

"အား. . ."

အောင်မောင်း လန့်အော်ပြီး နိုးလာသည်။ သူအိပ်မက်မက်နေခြင်းဖြစ်သည်။ သူ့နောက်မှာ ဘာမြွေကြီးမှမရှိ. . .

သူ့အနားမှာ ချက်ကြီးလည်းမရှိ။ အောင်မောင်း သူ့အင်္ကျီကို လှန်ကာ ဗိုက်ကို ငုံ့ကြည့်လိုက်သည်။ ဗိုက်မှ အသားပိုက မူလအတိုင်းရှိနေသည်။ ဘယ်မြွေမှလည်း သူ့ဗိုက်ထဲက ဖောက်ထွက်မလာ။ သူအိပ်မက်မက်နေခြင်းဖြစ်သည်။

"ဟူး. . တော်ပါသေးရဲ့"

အောင်မောင်းလည်း ထူးဆန်းလှသော သူ၏အိပ်မက်အကြောင်းကို ချက်ကြီးအား ပြောပြရန် စဉ်းစားနေမိလေသည်။

ညက မှောင်နေသည်။ တစ်ရွာလုံး အိပ်မောကျနေသည်။ အောင်မောင်းအိမ်သာတက်ရန် အိပ်ယာမှအထ အိမ်သာဘက်သို့ ထွက်ခဲ့သည်။ နောက်ဖေးကပြင်မှ အောက်သို့ဆင်းကာ အိမ်သာဆီသို့ သွားသည်။

ခြေတစ်လှမ်း. . နှစ်လှမ်း. . သုံးလှမ်း. . လေးလှမ်း လှမ်းသည်။ သူ့ခြေလှမ်း ရှစ်လှမ်းခန့် လှမ်းအပြီးတွင်. . .

တစ်စုံတစ်ခုကို တက်နင်းလိုက်မိသလို ဖြစ်သွားပြီး သူ့ခြေထောက်မှာ ပူခနဲတစ်ချက်ဖြစ်သွားသည်။

"အား. . ."

www.burmeseclassic.com

"အောင်မောင်းရင့်ထဲ ထိတ်ခနဲဖြစ်သွားကာ ထိုင်ချလိုက်မိသည်။

❧ ❧

အောင်မောင်းတစ်ယောက် သေပြီဆိုသော သတင်းက မနက် ‌ေ ‌:စောမှာပင် တစ်ရွာလုံး ပျံ့နှံ့သွားသည်။

အောင်မောင်းသည် အိမ် သ ၁ဆီသို့သွားရာ မြေပြင်ပေါ်တွင် လဲကျသေဆုံးနေပြီး တစ်တောင် နီးပါးခန့် အရှည်ရှိမည့် မည်းနက်တောက်ပြောင်နေသော မဟူရာမြွေတစ်ကောင်က အောင်မောင်းခြေဖမိုးနေရာကို မိမိရရ မလွှတ်တမ်းကိုက်ခဲထားသော မြွေမှာလည်း သေဆုံးလျက်ရှိနေပေသည်။

ရွာသူရွာသားများကမူ မြွေ ဖြူကြီးနှစ်ကောင်အား သတ်ဖြတ် စားသောက်ခဲ့သော အောင်မောင်းကို မဟူရာမြွေ စ်ကောင်က လက်စားချေခြင်းပင် ဖြစ်နိုင်ကြောင်း ထင်မြင်ချက်ပေးကြ လေသည်။

အောင်မောင်း၏အလောင်းကို ရွာအပြင်ထုတ်၍ လေးတိုင်စင်ပေါ်တွင် ပြင်ဆင်ထားသည်မှာ ချက်ကြီးကို အောင်မောင်းပြောပြခဲ့သည့် အောင်မောင်းမြင်မက်ခဲ့ရသောအိပ်မက်ထဲကအတိုင်း ဖြစ်နေပေသည်။

ရွာထဲမှ လူများသည် မဟူရာမြွေကိုက်ခံရ၍ သေဆုံးသွားသော အောင်မောင်း၏အလောင်းအား လာရောက်ကြည့်ရှုနေကြ၏။

အောင်မောင်းအလောင်းပြင်ဆင်ထားရာ လေးတိုင်စင်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်နေသော ချက်ကြီးကမူ အောင်မောင်းတစ်ယောက် သူ့အိပ်မက်ထဲကအတိုင်း သူ့အလောင်းတင်ထားရာ လေးတိုင်စင်နံဘေးတွင်ရပ်ကာ သူ့အလောင်းကို သူကြည့်နေလေသည်လားဟု အံ့သြစွာတွေးနေမိလေသည်။

❧ ❧




www.burmeseclassic.com

# လူတစ်ယောက်နှင့် ဂျို(ချေ)တစ်ကောင်

ကျွန်တော်က ကျွန်တော့်ရှေ့မှ ချေငယ်ကလေးကို အံ့သြသလိုငေးကြည့်နေမိသည်။ ချေငယ်ကလေး၏ မျက်လုံးထဲတွင် အရည်ကြည်များ လဲ့နေသည်ဟုထင်သည်။ ကျွန်တော်က ချေငယ်ကလေး၏ မျက်လုံးများကို ကျွန်တော့်မျက်လုံးများနှင့် စူးစိုက်ကြည့်နေလိုက်သည်။

သူမျက်လုံးများက ကျွန်တော့်ကို တစ်စုံတစ်ရာစကားပြောချင်နေပုံပေါ်နေမှန်း ကျွန်တော် ရိပ်မိလာသည်။

“ချေကလေးရေ မင်း ဘာပြောမှာလဲ ပြောချင်တာရှိရင် ပြောလေ မင်းပြောတာကို ငါနားထောင်ပေးပါ့မယ်”

ကျွန်တော်ပြောလိုက်သည့်စကားသံက လည်ချောင်းဝမှာပင် တစ်ဆို့ပျောက်ကွယ်သွားသည်။

ချေငယ်ကလေးက ကျွန်တော့်ကိုကြည့်နေရာမှ ခေါင်းငုံ့သွားသည်။ ကျွန်တော်က ချေငယ်ကလေး၏ ဦးခေါင်းကို လက်ဖြင့်ပွတ်သပ်ပေးလိုက်သောအခါ ပွတ်သပ်ခြင်းမခံဘဲ ကျွန်တော့်လက်မှ ရုန်းထွက်ရှောင်ရှားသွားသည်။

ပြီးတော့ သူ့မျက်လုံးကြီးများနှင့် ကျွန်တော့်ကို ပြန်ကြည့်နေသည်။ သူ့အကြည့်က သူ့ခေါင်းအား ကျွန်တော်က ပွတ်သပ်ပေးသည်ကို မကျေနပ်ဟန်၊ မနှစ်သက်ဟန်ပေါ်နေသည်။

“ချေကလေးရေ. . . တကယ်တော့ မင်းဟာ ချေကလေးတစ်ကောင်ပါပဲ၊ ချေတစ်ကောင်ဆိုတာ လူတစ်ယောက်လိုတော့ ဘယ်နေလို့ရမှာလဲ၊ ချေကချေ၊ လူကလူပဲ မဟုတ်လား၊ ဒါပေမယ့်”

ကျွန်တော့်စကားသံတွေက. . အသံအဖြစ် ထွက်ပေါ်မလာ လည်ချောင်းဝမှာပင် ပျောက်ကွယ်သွားကြပြန်သည်။

ကျွန်တော် အပြင်ထွက်သည့်အခါတိုင်း ချေကလေးက ကျွန်တော့်နောက်မှ တကောက်ကောက်လိုက်နေတတ်သည်။

ပတ်ဝန်းကျင်မှ လူတွေက လမ်းပေါ်သို့ ကျွန်တော်ထွက်လာလျှင်. .

“ဟာ - ဟိုမှာ ချေမုဆိုးထွက်လာပြီဟေ့၊ ချေမုဆိုးထွက်လာပြီ”

ဟု မကြားတကြား လှောင်ပြောင်ကဲ့ရဲ့တတ်ကြသည်။ တကယ်တော့ ကျွန်တော်က ချေမုဆိုးလည်း မဟုတ်ပါ။ ဘာမုဆိုးမှလည်းမဟုတ်ပါ။ မုဆိုးအလုပ်ကိုလည်း ကျွန်တော် ဝါသနာမပါပါ။

ချေငယ်ကလေးသည် အိပ်သည့်အခါ ကျွန်တော့်အိပ်ရာအနီးတွင်သာ အိပ်လေ့ရှိသည်။ ဘယ်သူ့အနားတွင်မှ သူမအိပ်တတ်။

“ချေကလေးက မင်းကိုချစ်လို့ မင်းအနားမှာ အိပ်တာပေါ့ကွာ၊ အိပ်ပါစေသားရယ်၊ သူစိတ်ချမ်းသာတဲ့နေရာမှာအိပ်ပါစေ”

အဖေက ထိုသို့ပြောနေရင်းမှအဖေ့မျက်လုံးအိမ်ထဲတွင် အရည်ကြည်များလဲ့လာတတ်သည်ကို ကျွန်တော်က မြင်နေရပြန်သည်။

“ကံတရားဆိုတာ ဆန်းကြယ်လှတယ်သား - လူတွေ၊ သတ္တဝါတွေဆိုတာ ကံတရားပေါ်မှာ လုံ့ဖျားပုဇဉ်းနားသလို သွားနေကြရတယ်၊ ဘယ်အချိန်မှာ လုံ့ဖျားပေါ်က ချော်ကျမလဲဆိုတာ ပြောလို့မရဘူး”

အဖေ့စကားဆုံးတော့ ကျွန်တော့်မျက်လုံးထဲတွင် လုံ့ဖျားပေါ်နားနေသော ပုဇဉ်းတစ်ကောင်ကို မြင်လာမိသည်။

“ဘုရားရေ”





www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်းမှ ထိုလှံဖျားပေါ်တွင် နားနေသော ပုရွက်တစ်ကောင်မှာ ကျွန်တော့်အဘိုးဖြစ်သွားသည်။ ကျွန်တော်ကြည့်နေစဉ်မှာပင် ကျွန်တော့်အဘိုးမှာ ထိုလှံဖျားပေးမှ အောက်သို့ ဘုံးကနဲ ပြုတ်ကျသွားလေသည်။

"ဟာ - အဘိုး လှံဖျားပေါ်က ပြုတ်ကျသွားပြီ"

ကျွန်တော်က ထိတ်လန့်တကြားအော်လိုက်မိသည်။

"ဟုတ်တယ် သား၊ မင်းအဘိုး လှံဖျားပေါ်က ပြုတ်ကျသွားတာကြာပြီ"

လွန်ခဲ့သော လေးနှစ်ကျော်လောက်က ကျွန်တော့်အဖိုး ဦးမြတ်ထွန်းကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အဘိုးမှာ အသက် ၇၃-နှစ်ရှိပြီဖြစ်သည်။ အဘိုးသည် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

အဘိုးသေဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့ ဆွေမျိုးစုထဲ မှတ်မှတ်ရရဖြစ်စရာတစ်ခု ကျန်ရစ်ခဲ့သည်။

လူတိုင်းလူတိုင်းသည် တစ်သက်တစ်ဘဝတွင် သေခြင်းတရားသည် တစ်ကြိမ်တော့ ကြုံကြရစမြဲဖြစ်သည်။ ထိုသို့ သေခြင်းတရားနှင့် ကြုံကြရသောအခါတချို့မှာ ညင်ညင်သာသာဖြင့် သေဆုံးသွားကြသည်။

တချို့မှာမူ မွန်းမြိုမဆန့်ဝေဒနာကို ခံစားရင်းသေဆုံးသွားကြရသည်။ တချို့မှာ သေလို့ပင် သေမှန်းမသိအောင် သေဆုံးသွားကြသည်။ တချို့မှာ ဖျူးကနဲ၊ ဖျတ်ကနဲ အသက်ထွက်သွားတတ်ကြသည်။ တချို့မှာမူ အသက်တစ်ချောင်းထွက်ဖို့အရေး မောကြီးပန်းကြီးနှင့် ဝေဒနာကို နာကျင်ပြင်းထန်စွာ ခံစားနေကြရရှာသည်။

ကျွန်တော့်အဘိုး သေဆုံးပုံကမူ အများတကာနှင့်မတူ တမူထူးခြားနေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်အဘိုး သေဆုံးရပုံကို ကျွန်တော်တို့ ဆွေမျိုး





စုဝင်များသည် အပြင်တစ်မိန်းလူများကို ပြောပြခြင်းမရှိဘဲ တိတ်တိတ်ဆိတ်ဆိတ်မြိုသိပ်နေခဲ့ကြလေသည်။

အဘယ့်ကြောင့်ဆိုသော် အဘိုးသေဆုံးရပုံမှာ ရှက်စရာကောင်းသည်ဟု ကျွန်တော်တို့ မိသားစုဝင်များက ခံယူထားသောကြောင့်ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်ကမူ အဘိုးသေဆုံးရပုံမှာ ရှက်စရာကောင်းလှသည်ဟု ခံယူထားမိသော်လည်း အခြားတစ်ဖက်တွင်မူ အဘိုးသေဆုံးရပုံမှာ သနားစရာကောင်းလှသည်ဟု ထင်နေမိလေသည်။

ကျွန်တော်တို့ ဆွေမျိုးစုဝင်အားလုံးသည် အဘိုးသေဆုံးရပုံမှာ ရှက်စရာကောင်းလှသည်ဟု ခံယူထားမိသော်လည်း အဘိုးအား အပြစ်မတင်ရက်ကြပါ။ အပြစ်မတင်လိုကြပါ။

စင်စစ်တော့ အဘိုးသေဆုံးရပုံမှာ ကြေကွဲစရာကောင်းလှပါသည်။ ကျွန်တော်တို့အားလုံးသည် အဘိုးသေဆုံးရပုံကိုကြည့်ကာ ကြေကွဲနာကျင်စိတ်ဖြင့် ယူကျုံးမရဖြစ်ခဲ့ကြရသည်။

အဖေသည် အဘိုး၏သေဆုံးရပုံကိုကြည့်ကာ စိတ်မကောင်းခြင်း၊ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့နှင့်အတူ သံဝေဂတရားများ ရနေပုံပေါ်ပါသည်။

"ငါ့အဖေ - ဒီလိုသေဆုံးသွားခဲ့ရတယ်ဆိုတာ လူပုံအလယ်မှာ ငါဘယ်လိုပြောပြရမှာလဲ သားရယ်"

အဖေက ကျွန်တော့်ကို တိုးတိုးသက်သက်ပြောသည်။ အဖေ့အသံသည် လေထုထဲတွင် တုန်ခါနေသည်ဟု ကျွန်တော်ထင်သည်။

ထိုအခါ ကျွန်တော်က -

"ဘယ်တတ်နိုင်မလဲ အဖေ၊ အဖေ ကျွန်တော်တို့ကို မကြာခဏ ပြောနေသလိုပေါ့၊ (ကိုယ်ကြိုက်တာ ကိုယ်လုပ်၊ ကိုယ်ဖြစ်ရင် ကိုယ်ခံ) ဆိုတဲ့ စကားလိုပေါ့၊ အဘိုးလည်း သူကြိုက်တာ သူလုပ်ခဲ့တာပဲ၊ အခုတော့ သူဖြစ်သူခံရတာပေါ့၊ ဒါပေမဲ့ ကျန်တဲ့ သူတွေအားလုံးကတော့

www.burmeseclassic.com



အဘိုးရဲ့အဖြစ်ကြောင့် ကြေကွဲထိခိုက်ခဲ့ကြရတယ်"

ဟု ပြောလိုက်မိသည်။ အဖေက ခေါင်းတဆတ်ဆတ်လုပ်နေသည်။ ပြီးမှ အဖေက -

"ဟုတ်တယ်သား၊ လောကကြီးမှာ ကိုယ်လုပ်ရင် ကိုယ်ခံရမယ်၊ ကောင်းတာလုပ်ရင် ကောင်းတာခံရသလို မကောင်းတာလုပ်ရင် မကောင်းတာခံရမယ်၊ အခု မင်းအဘိုးလည်း မကောင်းတာလုပ်ခဲ့လို့မကောင်းတာခံရတာပဲ"

ပြောရင်းမှ အဖေ့အသံက တိမ်ဝင်သွားသည်။ အဖေသည် အဘိုးအတွက် ရင်ထဲတွင် ခံစားနေရပုံပေါ်လေသည်။

အဘိုးသည် မသေဆုံးမီ တစ်လကျော်ကျော်လောက်ကတည်းက ဝေဒနာကို အလူးအလဲခံနေရရှာသည်။ မအိပ်နိုင် မစားနိုင်ဘဲ အိပ်ရာထဲ လဲနေခဲ့သည်။ လေသံပျော့ပျော့ကလေးဖြင့် စကားပြောသည်။

ရေကို ဇွန်းနှင့်ခပ်တိုက်ရသည်။ အစာဆို၍ ဆန်ပြုတ်ကလေးတစ်ဇွန်းနှစ်ဇွန်းမျှလောက်ကိုပင် ဝင်အောင်အနိုင်နိုင်တိုက်ရသည်။ အလေးအပေါ့ကို အိပ်ရာထဲတွင်ပင် ခွက်ဖြင့် သွားရပါသည်။ အဘိုးမှာ ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရသလို ဝေဒနာကို ခံစားနေရရှာပါသည်။

ကျွန်တော်တို့အားလုံးမှာ အဘိုးကို မကြည့်ရက်ကြတော့ပါ။ အဘိုးအား ကျွန်တော်တို့က တရားတိတ်ခွေကို ဖွင့်၍နာကြားစေပါသည်။ အဘိုး၏နောက်ဆုံးအချိန်တွင် နာကြားလိုက်ရသော တရားကို နှလုံးရှုမှတ်ကာ ဘဝကူးကောင်းသွားစေချင်သောကြောင့်ဖြစ်ပါသည်။

အဘိုး၏သမီးဖြစ်သူ ကျွန်တော်၏အဒေါ်က အဘိုးအား -

"အဖေ တရားနာရတယ် မဟုတ်လား၊ အဲဒီနာရတဲ့တရားကိုပဲ အာရုံပြုပြီးနေနော်၊ တခြား ဘာကိုမှ အာရုံထဲမှာ မထားနဲ့"

ဟုပြောလိုက်သောအခါ အဘိုးက ခေါင်းကို ဖြည်းဖြည်းသာသာ ညိတ်ပြသည်။ အဘိုး၏သားသမီးများက အဘိုးအား တရားတိတ်ခွေ တစ်ခွေပြီးတစ်ခွေ ဖွင့်ပြကာ တရားနာစေသည်။

အတန်ကြာသောအခါ အဘိုးက ဝေဒနာလျော့ပါးသွားသောဟန်ဖြင့် မှိန်းနေသည်။ ကိုအခါ အဘိုး၏သားသမီးများက -

"အဖေ - တရားနာနေကယ်၊ တိတ်တိတ်နေကြ"

ဟုပြောသည်။ ကျွန်တော်က အဘိုးကိုကြည့်လိုက်သောအခါ အဘိုးမှာ မှိန်းနေသော်လည်း မျက်နှာက မဲ့နေသကဲ့သို့ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ကျွန်တော်က အဖေ့နားသို့ကပ်ကာ ခပ်တိုးတိုးပြောလိုက်သည်။

"အဖေ အဘိုးမျက်နှာမဲ့နေပါလား"

"ဝေဒနာကြောင့် မဲ့နေတာဖြစ်မှာပေါ့သားရယ်"

အဖေ့အသံက ဖျော့တော့ဟိုးလျနေသည်။

"ဖွင့်ထားတဲ့ တရားခွေက တရားသံတွက အဘိုးနားထဲ ဝင်မှဝင်ရဲ့လားမသိဘူးလေ။ ပြီးတော့ တရားသံတွေကို အဘိုးနှလုံးသွင်းနိုင်ရန် ဒီလိုမျက်နှာမဲ့နေမှာမဟုတ်ဘူးထင်တယ်အဖေ"

ကျွန်တော့်အမေးကို အဖေမဖြေတော့၊ အဘိုးကိုသာ အဖေငေးကြည့်နေသည်။

တရားခွေထဲမှ တရားဟောဆရာတော်၏အသံက အေးအေးမှန်မှန်ထွက်ပေါ်နေသည်။

ဆရာတော်၏တရားသံသည် အဘိုး၏နားထဲမှတစ်ဆင့် နှလုံးသားထဲသို့ ရောက်ရှိသွားခဲ့လျှင် အဘိုးသည် ယခုကဲ့သို့ မဲ့မနေလိမ့်မည်မဟုတ်ဟု ကျွန်တော်ထင်သည်။

"ချေ - ချေ - ချေတွေ - ပစ် - ပစ် - ဒိုင်း - ဒိုင်း"

အဘိုးပါးစပ်မှ ရုတ်တရက်ကျယ်လောင်အော်ဟစ်လိုက်သောအသံထွက်ပေါ်လာသဖြင့် ကျွန်တော်တို့အားလုံး ထိတ်လန့်တကြားဖြစ်သွားကြပါသည်။

စောစောက အိပ်ရာထက်ဝယ် မှိန်းနေသောအဘိုးမှာ မျက်







www.burmeseclassic.com

www.burmeseclassic.com


လုံးများပွင့်ဟလာလျက် အော်ဟစ်လိုက်ခြင်းဖြစ်သည်။

"အဖေ - အဖေ - သတိထား အဖေ"

အဘိုး၏သမီးအကြီးက အဘိုး၏ ရင်ဘတ်ပေါ် သူ့လက်ကို အသာတင်ရင်းပြောလိုက်သည်။

"မဟုတ်ဘူး သမီး၊ အ. . အဖေ. တော. . တောထဲမှာ ချေ . . ချေတွေပစ်နေတာ"

အဘိုးပြောလိုက်သော စကားကြောင့် ကျွန်တော်တို့အားလုံး အံ့အားသင့်သွားကြပါသည်။ သားသမီးများ၊ မြေးများက အဘိုးကို တရားနာစေချင်၍ တရားခွေနားထဲမဝင်၊ အဘိုးအာရုံက တရားဆီမရောက်။

တောထဲရောက်ပြီး အမဲကောင်တွေကို ပစ်နေသည်။ ကျွန်တော်တို့အားလုံးက အဘိုးကို ဝိုင်းဝန်းကြည့်နေကြစဉ်မှာပင် အဘိုးမျက်လုံးများက အိမ်တွင်းရှိ ပတ်ဝတ်လည်၌ ချိတ်ဆွဲထားသော သမင်ချို၊ ဆတ်ချို၊ ဒရယ်ချို၊ ကြောင်ချို၊ ကျားအရိုးခေါင်းကြီးများနှင့် တစ်ခြားသော တောကောင်များ၏ အင်္ဂါအစိတအပိုင်းများကို လိုက်လံ ကြည့်ရှုနေသည်။

"ပေး - ပေးစမ်း၊ သေနတ် ဟို. . ဟိုမှာ. . ချေ. . ချေမကြီး တစ်ကောင်၊ ပစ်မယ်. . ငါပစ်မယ် ဟောကောင်တွေ သေနတ်ပေးစမ်း

အဘိုးက ရုတ်တရက်အော် လိုက်ပြန်သည်။ အဘိုး၏ ရုတ်တ ရက်ပြောင်းလဲသွားသော အမူ အရာတို့က ကျွန်တော်တို့အားလုံး၏ နှလုံးသားကို တုန်လှုပ်သွားစေ သည်။

"ဘာကြည့်နေကြတာလဲ ပေးစမ်းပါ သေနတ်၊ သေနတ် ငါ့ကို ပေးကြစမ်း၊ ချေမကြီး. . ချေမကြီး ဟိုမှာ ငါပစ်မယ်. . ပစ်မယ်၊ ပေး ကြ. . ပေးကြ သေနတ်"

အဘိုးက ကျယ်လောင်စွာ အော်ဟစ်ရင်း ငေါက်ကနဲထထိုင် လိုက်သည်။

"ဟာ"

"ဟင်"

ကျွန်တော်တို့အားလုံး မယုံ ကြည်နိုင်အောင် အံ့ဩသွားမိကြ သည်။ ထိုအခိုက် ကျွန်တော့်ဦးလေးဖြစ်သူ ဦးအောင်ထွန်းက အနီးရှိကလေးကစားစရာ ကော်သေနတ်တစ်လက်ကို အဘိုး၏လက်ထဲသို့ ရုတ်တရက်ကောက်ထည့်ပေးလိုက်သည်။

အဘိုးသည် ကော်သေနတ်ကို ကိုင်ရင်း နံရံပတ်လည်၌ရှိ ချိတ်ဆွဲထားသော တိရစ္ဆာန်အင်္ဂါအစိတ်အပိုင်းများကို ပါးစပ်မှ တဒိုင်းဒိုင်း အော်ဟစ်လျက် ပစ်ခတ်နေပါတော့သည်။

ကျွန်တော်တို့အားလုံး အဘိုးကို ငေးကြောင်ကြည့်နေမိစဉ်မှာပင် အဘိုးသည် သေနတ်ကို ပစ်ချကာ တိရစ္ဆာန်များကဲ့သို့ လေးဘက်ထောက်လိုက်ပါသည်။

ထို့နောက် ပါးစပ်မှ တစ်စုံတစ်ရာကို စူးစူးဝါးဝါးအော်လိုက်သည်။ အဘိုး၏အပြုအမူနှင့် အော်လိုက်သံကြောင့် အားလုံးထိတ်လန့်တကြားဖြစ်သွားကြသည်။ မျက်စိပျက် မျက်နာပျက်ဖြစ်ကုန်ကြသည်။

အဘိုးသည် ချေတစ်ကောင်ကဲ့သို့ သုံးကြိမ်သုံးခါတိဘိဟောက်ပြီးနောက် ရုတ်တရက်လဲကျကာ အသက်ထွက်သွားလေတော့သည်။

"ဟာ"

"ဟင်"

"အို"

"ဘုရား. . ဘုရား"

အဖြစ်အပျက်မှာ မြန်ဆန်စွာ ဖြစ်ပျက်သွားခဲ့ခြင်းဖြစ်သဖြင့် ကျွန်တော်တို့အားလုံးမှာ မင်သက်တုန်လှုပ်နေမိကြတော့သည်။

နောက်မှ မှောက်လျက်ကြီးလဲကျသေဆုံးနေသောအဘိုးအား သွားရောက်ပွေ့ထူမိကြတော့သည်။ အဘိုး၏မျက်လုံးများကား ကြောက်ရွံ့သောအသွင်ကိုဆောင်လျက် ပွင့်ဟ၍နေသည်။

အဘိုး၏လျှာက ထူးခြားစွာ အပြင်သို့ ရှည်ထွက်လျက်ရှိပြီး မျက်နှာက ရှုံ့မဲ့၍နေသည်။ အဘိုးကို ကြည့်ပြီး အားလုံး စိတ်မကောင်းကြ။

"မင်းအဘိုး ချေတစ်ကောင်လို သုံးကြိမ်တိတိဟောက်ပြီးမှ ဆုံးသွားတာ မင်းသိတယ်မဟုတ်လား"

"ကျွန်တော်သိတယ်အဖေ"

www.burmeseclassic.com

www.burmeseclassic.com

အဖေ့မျက်လုံးထဲတွင် မျက်ရည်စများကို တွေ့နေရသည်။

တကယ်တော့ အဘိုးမှာ တောအုပ်ကြီးတစ်ယောက်ဖြစ်သည်။ တောအုပ်ကြီးဘဝက အဘိုးသည် တောထဲတွင် အဖော်နှစ်ယောက်နှင့်အတူ အမဲပစ်ထွက်ခဲ့ကြသည်။ ထိုကဲ့သို့ အမဲပစ်ထွက်ရင်း တောတွင်းတစ်နေရာအရောက်တွင် ခပ်လှမ်းလှမ်းချုံစပ်နား၌ ချေမကြီးတစ်ကောင် အစာစားနေသည်ကို တွေ့လိုက်ရသည်။

အဘိုးသည် ချေမကြီးကို သေနတ်နှင့် အသေအချာချိန်ပြီး ပစ်ထည့်လိုက်သည်။ ကျည်ဆံက ချေမကြီးကို တည့်တည့်ကြီးထိမှန်ပြီး လဲကျသွားလေသည်။

ထိုအချိန်မှာပင် ချေပေါက်ကလေးသုံးကောင်က ချုံပုတ်တွေထဲမှထွက်လာပြီး လဲကျနေသော ချေမကြီးကို သူတို့၏နှာခေါင်းများဖြင့် ဟိုနမ်း ဒီနမ်းလုပ်နေကြလေသည်။

ထိုစဉ် ချေမကြီးမှာ ရုတ်တရက်ထရပ်လိုက်ပြီး သုံးကြိမ်တိတိ ကျယ်ကျယ်လောင်လောင် ဟောက်လိုက်သည်ကို အဖိုးတွေ့လိုက်ရသည်။ ထို့နောက် ချေမကြီးမှာ အသက်ထွက်သွားတော့သည်။ ဘာမှမသိရှာသော ချေငယ်ကလေး သုံးကောင်ကမူ ချေမကြီး၏နို့ကို တပြွတ်ပြွတ်စို့နေကြဆဲ။

ထိုမြင်ကွင်းကြောင့် အဘိုးမှာ စိတ်ထဲတွင် အတော်ထိခိုက်သွားမိသည်။ နောင်ဘယ်သောအခါမှ အမဲမပစ်တော့ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် အဘိုး၏ဆုံးဖြတ်ချက်မှာ ကြာကြာမခံ။ နောင်မကြာမီမှာပင် အဘိုးသည် ထုံးစံအတိုင်း အမဲပစ်နေပြန်လေသည်။ အဘိုးကား အမဲပစ်ခြင်းကို ဝါသနာပ လွန်းရုံမျှမက အစွဲကြီးစွဲနေသူ ဖြစ်လေသည်။

အဘိုးသည် တောခေါ် ဘဝ၊ တောအုပ်ကြီးဘဝနှင့် အ ပေါင်းများစွာကို ပစ်ခတ်ခဲ့သူ





ပေသည်။ အိမ်၌ ချိတ်ဆွဲထားသော တိရစ္ဆာန်များ၏ ဦးချိုများနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများမှာ အဘိုးပစ်ခဲ့သော သားကောင်များ၏ အစိတ်အပိုင်းများပင် ဖြစ်ပေသည်။

အဘိုးသည် တောအုပ်ကြီးဘဝနှင့် အငြိမ်းစားယူလာခဲ့သည်အထိ အမဲပစ်ခြင်းကို စွန့်လွှတ်နိုင်ခဲ့ခြင်းမရှိပေ။

ယခုတော့ အဘိုးသည် သူပစ်လိုက်၍ သေသွားသော ချေမကြီးကဲ့သို့ သေဆုံးသွားရလေပြီ။

အဖေက ကျွန်တော့်အား စိတ်ထိခိုက်သောမျက်နှာဖြင့် ပြောနေသည်။

"အဖေ မင်းကို မကြာမကြာပြောဖူးတယ်မဟုတ်လား၊ ကိုယ်ကြိုက်တာကိုယ်လုပ်၊ ကိုယ်ဖြစ်ရင် ကိုယ်ခံဆိုတာလေ၊ မင်းအဘိုးအဲဒီလိုဖြစ်သွားရတာလည်း သူကြိုက်တာ သူလုပ်ပြီး သူဖြစ်တာ သူခံသွားရတာပဲ၊ အဖေတို့ ဘာတတ်နိုင်မှာလဲ၊ မင်းတို့အဘိုးဟာ အမဲပစ်တဲ့အလုပ်ကို ဝါသနာကြီးကို ကြီးလွန်းပါတယ်လေ။

အဲဒီလို အမဲပစ်တာနဲ့ပတ်သက်ပြီး မင်းတို့အဘွားနဲ့ ခဏခဏ စကားများကြရတယ်။ မင်းအဘွားက မင်းအဘိုးပစ်လို့ရတဲ့အမဲတွေကို ဘယ်တော့မှမစားဘူး။ မင်းအဘိုးနဲ့ သူ့တပည့်တွေပဲစားတယ်။

အခု အဖေတို့မြင်ရတဲ့ အတိုင်းဆိုရင် မင်းအဘိုး ဘဝကူး မကောင်းဘူးလို့ဆိုရမှာပဲ"

အဖေက စိတ်ထိခိုက်စွာ ပြောနေလေသည်။ ကျွန်တော်က အဘိုး၏ သေဆုံးရပုံအကြောင်းကို စဉ်းစားမိသည့်အခါတိုင်း ထိတ်လန့်တုန်လှုပ်နေမိပါသည်။

မှန်ပါသည်။ အဘိုးသည် ဘဝကူးမကောင်းနိုင်ပါ။ အဘိုး၏ သားသမီးများက အဘိုးအား တရားကို နှလုံးသွင်းစေလို၍ တရားခွေများ ဖွင့်ကြသော်လည်း အဘိုးမှာ တရားကို နှလုံးသွင်းနိုင်ဟန်မတူပါ။

သူပြုလုပ်ခဲ့ဖူးသော အမဲ


www.burmeseclassic.com

www.burmeseclassic.com

ပစ်ခြင်းအလုပ်ကိုသာ သူ့အာရုံထဲတွင် ထင်နေပုံရပါသည်။ တရားကို နှလုံးမသွင်းဘဲ အမဲလိုက်ခြင်းကိုသာ နှလုံးသွင်းနေဟန်တူပါသည်။

ထို့ကြောင့်လည်း နောက်ဆုံးသေခါနီးအချိန်တွင် သူသတ်ခဲ့သော ချေမကြီးတစ်ကောင်ကဲ့သို့ ဟောက်သံပြုကာ သေဆုံးသွားခဲ့ရလေသည်။

"လူတစ်ယောက်သေတဲ့အခါ ပြုံးသေ-မဲ့သေဆိုတာရှိတယ်။ ဒီလူဟာ ပြုံးပြီးသေသလား၊ မဲ့ပြီးသေသလားဆိုတာ သေသေချာချာကြည့်. . ပြုံးပြီးသေရင် ဒီလူဟာ လားရာဂတိကောင်းပြီလို့မှတ်၊ မဲ့ပြီးသေရင်တော့ အပါယ်လေးဘုံ တစ်ဘုံဘုံ ကျပြီလို့သာ မှတ်ပေတော့. ."

ကျွန်တော်က တရားဟောဆရာ မမှုကထိကပုဂ္ဂိုလ်တစ်ဦး၏ တရားကို နားထဲတွင် ကြားယောင်နေမိလေသည်။

အဘိုးကွယ်လွန်ပြီး နှစ်နှစ်ခန့်ကြာသောအခါ သစ်တောဘက်မှ အဘိုး၏ တပည့်တစ်ဦး ကျွန်တော်တို့အိမ်သို့ ရောက်ရှိလာပါသည်။

အဘိုးဆုံးတုန်းကလည်း ထိုသူမှာ အဘိုး၏အသုဘကို လာရောက်ပို့ဆောင်သွားခဲ့ပါသေးသည်။ အဘိုးတောအုပ်ကြီးဖြစ်စဉ်က အဘိုး၏တပည့်ဖြစ်ခဲ့သူ ဦးအောင်သိုက်မှာ ကျွန်တော့်အဖေနှင့်လည်း ခင်မင်နေပါသည်။

ဦးအောင်သိုက်မှာ ယခုအခါ တောအုပ်ကြီးဖြစ်နေပါပြီ။ သူက အဖေ့အားမြင်သောအခါ ပြောရမည်ကို အားနာနေဟန်တူပါသည်။

နောက်ဆုံးတွင် သူက အဖေ့အား -

"ကျွန်တော်အခု ( )သစ်တောမှာ တာဝန်ကျနေပါတယ် ကိုမင်းအောင်၊ အရင်တုန်းက ခင်ဗျားအဖေဟာ ကျွန်တော့်ဆရာဆိုလည်းဟုတ်ပါတယ်၊ ကျွန်တော်ရဲ့ဆရာဟာ အရက်သောက်ကြရင် လည်းအတူတူ၊ အမဲပစ်ကြရင်လည်း အတူတူပေါ့ဗျာ၊ အင်မတန်ကို ရင်းနှီးခဲ့ကြပါတယ်"

ဟုဆိုကာ အောက်ပါအတိုင်းပြောပြလေသည်။

ဦးအောင်သိုက်မှာ သူ့မိသားစုနှင့်အတူ ( )သစ်တောအနီး ဝန်ထမ်းများအိမ်ရာတွင် နေထိုင်သူဖြစ်သည်။ သူက သစ်တောအုပ်ကြီးဖြစ်သဖြင့် သီးသန့်အိမ်ပိုင်းကလေးဖြင့် နေရသည်။

တစ်နေ့ ညနေခင်း သူခြံထဲလမ်းလျှောက်နေခိုက် ချေငယ်ကလေးတစ်ကောင် ခြံထဲပြေးဝင်လာပြီး သူ့ခြေထောက်ကြားသို့ ခေါင်းဖြင့် အတင်းတိုးဝှေ့လာသည်။

(ဂျီ)ချေဆိုသည့်သတ္တဝါမှာ လူကိုအင်မတန်ကြောက်ရွံ့တတ်ပြီး လူရိပ်မြင်သည်နှင့် ချက်ချင်း ထွက်ပြေးတတ်သည့် သတ္တဝါဖြစ်သည်။

အခုတော့ ချေတစ်ကောင် သူ့ခြေထောက်ကြားထဲ အတင်းတိုးဝှေ့ဝင်ရောက်နေသဖြင့် အံ့သြနေမိသည်။ မောင်းထုတ်လို့လည်းမရ။ သူက ချေငယ်ကို ငုံ့ကြည့်လိုက်မိသောအခါ ချေငယ်၏မျက်လုံးများမှ မျက်ရည်များစီးကျနေသည်ကို တွေ့လိုက်ရသဖြင့် နားမလည်နိုင်အောင်ဖြစ်သွားမိသည်။

ချေငယ်သည် ထိုနေ့မှစ၍ ဦးအောင်သိုက်တို့အိမ်တွင်သာ နေတော့သည်။

ဦးအောင်သိုက်က ချေငယ်ကို အစာရေစာ ရှာဖွေကျွေးမွေးရသည်။ ချေငယ်က ခြံအပြင်သို့မထွက်။ ခြံထဲမှာသာ နေသည်။ ဦးအောင်သိုက်အပြင်သို့ ထွက်လျှင် နောက်မှ တကောက်ကောက်လိုက်နေတတ်သည်။

ဦးအောင်သိုက်ကို ပတ်ဝန်းကျင်မှလူတွေက အံ့သြနေကြသည်။ ချေဆိုသော သတ္တဝါမှာ အိမ်၌မွေး၍ရသော သတ္တဝါမဟုတ်၊ ယခု ဦးအောင်သိုက်နှင့်ကျတော့ ချေငယ်က ယဉ်ပါးနေသည်။

တစ်နေ့တွင် ဦးအောင်သိုက်သည် ချေငယ်ကိုကြည့်ရင်း




www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ၌ ထူးထူးခြားခြားဖြစ်လာမိသည်။ ချေငယ်ကို ကြည့်ရင်း ဦးအောင်သိုက်သည် ဆရာဖြစ်သူ သစ်တောအုပ်ကြီး ဦးမြတ်ထွန်း၏ မျက်နှာကို မြင်ယောင်လာသည်။

ချေငယ်ကလည်း သူ့ကို စိုက်ကြည့်နေသည်။ ဦးအောင်သိုက်သည် ချေငယ်၏မျက်နှာကို ကြည့်ရင်း ဦးမြတ်ထွန်း၏ မျက်နှာကို မြင်လာသည်။

“ဘုရား . . ဘုရား . . ချေကလေးရဲ့မျက်နှာပေါ်မှာ ဆရာ့ရဲ့ မျက်နှာကြီးက ထင်းထင်းကြီးကို ပေါ်လာ့ပါလား”

သူစိတ်ထင်လို့ဖြစ်မှာပါဟု ထင်ကာ မျက်လုံးကို ပွတ်သပ်ကြည့်မိသည်။ သူ့ဆရာမျက်နှာက ပျောက်မသွား၊ ဦးအောင်သိုက် အလွန်အံ့သြနေသည်။

တစ်ချိန်တည်းမှာပင် လွန်ခဲ့သောအတိတ်ပုံရိပ်က သူ့အာရုံထဲပေါ်လာသည်။ ထိုပုံရိပ်က အခြားမဟုတ်။ တစ်နေ့အမဲပစ်ထွက်ရင်း သူ့ဆရာဦးမြတ်ထွန်းက ချေမကြီးတစ်ကောင်ကို သေနတ်နှင့်ပစ်သတ်ခဲ့သောမြင်ကွင်းဖြစ်သည်။

ချေမကြီးဒဏ်ရာဖြင့် လဲကျနေစဉ် ခြုံပုတ်တစ်ခုထဲမှာ ချေကလေးသုံးကောင် ထွက်လာကာ ချေမကြီး၏ နို့တပြွတ်ပြွတ်စို့နေကြခြင်းဖြစ်သည်။

ချေမကြီးသည် သေလုမျောပါးဖြစ်နေရာမှ ရုတ်တရက်လေးဘက်ထောက်ရပ်လိုက်ကာ ဦးမြတ်ထွန်းအား နာကျည်းမုန်းတီးသောအကြည့်များဖြင့် စူးစူးဝါးဝါးကြည့်လိုက်ပြီး သုံးကြိမ်သုံးခါတိတိကျယ်လောင်စွာ ဟောက်ရင်းမှ လဲကျသေဆုံးသွားလေသည်။

ချေမကြီးသည် ရိုးရိုးတန်းတန်းဟောက်လိုက်ခြင်းမဟုတ်ဘဲ သူ့အား ပစ်သတ်ခဲ့သော ဦးမြတ်ထွန်းအား ကျိန်စာတိုက်သွားခြင်းပေလောဟု ဦးအောင်သိုက်တွေးနေမိလေသည်။ သူကိုယ်တိုင် ထိုစဉ်က ချေမကြီး၏မျက်နှာကို ကြည့်ကာ ကြက်သီးတဖြန်းဖြန်းထခဲ့ရသည်။

ယခုတော့ သူ့ထံသို့ မထင်မှတ်သည် ချေငယ်၏မျက်နှာကို ကြည့်မိတိုင်း ကြည့်မိတိုင်း သူ့ဆရာ ဦးမြတ်ထွန်း၏ မျက်နှာကြီးက ပေါ်ပေါ်လာနေသည်။

တစ်နေ့တွင် ဦးအောင်သိုက်သည် ရုတ်တရက်စိတ်ကူးပေါ်လာသဖြင့် ခြံထဲတွင် အစာစားနေသော ချေငယ်အား အိမ်ပေါ်မှနေ၍ -

“ဆရာ - ဆရာဦးမြတ်ထွန်း ဒီဘက်ကိုလာပါဦး”

ဟုလှမ်းခေါ်လိုက်ရာ ချေငယ်သည် အစာစားနေရာမှ ရုတ်တရက်ထရပ်လိုက်ပြီး ဦးအောင်သိုက်ဘက်သို့ လှည့်ကြည့်ကာ လျှောက်လာလေသည်။

ပြီးတော့ အိမ်ပေါ်တက်ရန် ကြိုးစားသည်။ ထိုအခါ ဦးအောင်သိုက်က -

“ဆရာဦးမြတ်ထွန်း အစာကို ကုန်အောင်သွားစားလိုက်ပါဦး”

ဟုပြောလိုက်သောအခါ ချေငယ်ကလေးက အစာရှိရာဘက်သို့ ပြန်လှည့်သွားကာ အစာပြန်စား လေသည်။

“ကျွန်တော့်ဆရာ ဦးမြတ်ထွန်းဟာ အဲဒီချေငယ်ကလေးများ ဖြစ်နေမလားလို့ ကျွန်တော်ထင်နေမိပါတယ်။ ကျွန်တော်ပြောတာကို စိတ်မဆိုးပါနဲ့”

ဟု ဦးအောင်သိုက်က ပြောသည်။

အဖေက ရုတ်ဆွဲအသွားသူတစ်ယောက်လို ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ငေးငိုင်နေသည်။

အတန်ကြာမှ -

“အဲဒီ ချေငယ်ကလေးကို ကျွန်တော့်ဆီ ခေါ်လာခဲ့ရောပေါ့ဗျာ”

ဟု ပြောလိုက်ရာ ဦးအောင်သိုက်က -

“နောက်တစ်ခေါက် ကျွန်တော်လာခဲ့ရင် ခေါ်လာခဲ့ပါ့မယ်”

ဟုပြောလေသည်။

ယခုတော့ ထိုချေငယ်ကလေးမှာ ကျွန်တော်တို့ အိမ်သို့ ရောက်၍နေလေပြီ။

www.burmeseclassic.com

ကျွန်တော်အပြင်ထွက်လျှင် ကျွန်တော့်နောက်မှ တကောက်ကောက်လိုက်ပါနေတတ်ပြီး ကျွန်တော်အိပ်လျှင် သူက ကျွန်တော့်နံဘေး၌ အိပ်တတ်လေသည်။

တစ်ခါတစ်လေ ကျွန်တော်က သူ့ကို -

"အဘိုးရယ် အဘိုးဘယ်လိုဖြစ်သွားရတာလဲ၊ အဘိုးဖြစ်ရပုံတွေကို ကျွန်တော့်ကို ပြောပြပါဦး"

ဟုပြောလိုက်လျှင် ချေငယ်ကလေးက ကျွန်တော့်ကို စူးစူးစိုက်စိုက် ပြန်လည်ကြည့်နေတတ်သည်။

ကြည့်နေရင်းမှပင် သူ့မျက်လုံးအိမ်တွင်းမှ မျက်ရည်များ စီးကျလာတတ်သည်။

ထိုအခါ ကျွန်တော်က -

"တိတ်ပါအဘိုးရယ် - တိတ်ပါ၊ ကံမကောင်းအကြောင်းမလှလို့ ဒီလိုဖြစ်သွားခဲ့ရတာပဲ၊ ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့"

ဟုပြောလိုက်မိသောအခါ ချေငယ်ကလေး၏ မျက်လုံးအိမ်တွင်းမှစီးကျနေသော မျက်ရည်များမှာလည်း ချက်ချင်းပင် ရပ်တန့်သွားလေသည်။

တစ်ခါတစ်လေ ကျွန်တော်က ညည့်ခန်းအတွင်း မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားသော အဘိုး၏ဓါတ်ပုံကြီးအား ဖြုတ်ချယူဆောင်ကာ ချေငယ်ကလေး၏ ရှေ့၌ ချပြတတ်သည်။

ချေငယ်ကလေးသည် အဘိုး၏ဓါတ်ပုံကြီးကို တွေတွေကြီး ကြည့်ကာ မျက်ရည်များ ဒလဟော ကျဆင်းလာတတ်လေသည်။

ထိုအခါမျိုးတွင် အဖေက ကျွန်တော့်အား -

"မင်းလုပ်ရပ်က သူ့ကို စိတ်ထိခိုက်အောင် လုပ်နေသလို ဖြစ်နေပြီထင်တယ်၊ မလုပ်ပါနဲ့ သားရယ်"

ဟု တားမြစ်တတ်သေးသည်။ ပြီးမှ အဖေက -

"မင်းက မင်းအဘိုး ဟုတ်မဟုတ်သေချာအောင် စမ်းသပ်တာနဲ့တူတယ်၊ စမ်းသပ်မနေပါနဲ့ တော့သားရယ်၊ သံသရာဆိုတာ ဆန်းကြယ်လှပါတယ်"

ဟုပြောလေသည်။

တစ်ညနေခင်းတွင် ကျွန်တော်အိမ်အပေါ်ထပ်၌ စာရေးနေရာမှ ညောင်းညာလာသဖြင့် မတ်တပ်ရပ်လိုက်ပြီး ခြေဆန့်လက်ဆန့်လုပ်ကာ ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။

ကျွန်တော်တို့ခြံရှေ့ ခပ်လှမ်းလှမ်းရှိ မြက်ခင်းပေါ်တွင် ချေငယ်ကလေး မြက်စားနေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်က မြက်စားနေသော ချေငယ်ကလေးကို သေသေချာချာ စိုက်ကြည့်နေမိသည်။

ကြည့်နေရင်းမှာပင် ချေငယ်ကလေးသည် ကျွန်တော့်အဘိုးဖြစ်သွားသည်။ အဘိုးသည် မတ်တပ်ရပ်လျက်မှ ကျွန်တော့်ကို လှမ်းကြည့်နေသည်။ ကျွန်တော်ကလည်း အဘိုးအိုလှမ်းကြည့်နေသည်။

ထိုအခိုက် အဘိုးသည် ရပ်နေရာမှ ရုတ်တရက်လေးဘက်ထောက်လိုက်ကာ ချေလိုဟောက်ပြီးနောက် လဲကျသွားလေသည်။

ကျွန်တော်က မျက်လုံးများကို ပွတ်သပ်ကာ မြင်ကွင်းကို ထပ်မံကြည့်လိုက်မိသောအခါ အဘိုးမှာ ပျောက်ကွယ်သွားပြီး ချေတစ်ကောင် မြက်စားနေသည်ကိုသာ တွေ့ရတော့သည်။







www.burmeseclassic.com

www.burmeseclassic.com






## "အကြောင်းတူရင် ခေါင်းတူမှာ ဆုံမယ်"

ကျွန်ုပ်သည် ကေလာသ တောင်ပေါ်၌ အဓိဋ္ဌာန်ဝင်ပုတီးစိပ်လျက်ရှိလေ၏။ ထိုသို့ အဓိဋ္ဌာန်ဝင်လျက်ရှိနေစဉ် တစ်ညသ၌ ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်ခလေ၏။

အိပ်မက်ထဲ၌ ဝတ်ဖြူမင်ကြယ်ဝတ်သူတော်စင်ကြီးတစ်ပါးသည် ကျွန်ုပ်၏ရှေ့၌ ခန့်ခန့်ညားညားကြီးထွက်ပေါ်လာလေ၏။

ထို့နောက် ကျွန်ုပ်အား စေ့စေ့ကြည့်ကာ အောင်မြင်ခန့်ညားသော အသံကြီးဖြင့်. . .

"လူကလေး. . မင်း နာမည်က မင်းဝိဇ္ဇာတဲ့ ဟုတ်လား၊ ကောင်းလိုက်တဲ့နာမည်ကွယ်. . ဒါပေမယ့် မင်းဝိဇ္ဇာဆိုတဲ့အတိုင်း မင်း. . ဝိဇ္ဇာဖြစ်အောင်တော့ ကြိုးစားပေါ့ကွယ်"

ဒါပေမယ့် ဝိဇ္ဇာဖြစ်အောင် လုပ်ဖို့ဆိုတာကတော့ လွယ်တဲ့ အလုပ်မဟုတ်ဘူးကွယ့်. . . လူတစ်သိန်းမှာတစ်ယောက်၊ လူတစ်သန်းမှာတစ်ယောက်ဖြစ်နိုင်ဖို့ဆိုတာ အင်မတန်မှခဲယဉ်းနေတဲ့ အလုပ်ကြီးပဲ. .

ဒါပေမယ့် ခက်တာက အခုခေတ်လူတွေက မိမိကိုယ်တိုင်ဝိဇ္ဇာဖြစ်အောင်မလုပ်ချင်ကြတော့ဘဲ ဝိဇ္ဇာမတာကို မျှော်လင့်နေကြတယ် . . အင်မတန်သနားဖို့ ကောင်းပါတယ်. .

အမှန်တကယ်တော့ ဝိဇ္ဇာမတာကို စောင့်နေဖို့မလိုဘူး. . မိမိကိုယ်တိုင် ဝိဇ္ဇာဖြစ်အောင် လုပ်ကြဖို့ပဲလိုတယ်. .



www.burmeseclassic.com

www.burmeseclassic.com

အိမ်း.. ဒါနဲ့ဝိဇ္ဇာဆိုတာ ကိုရော မင်းသိရဲ့လား.. မသိရင် မှတ်ထား.. ဝိဇ္ဇာဆိုတာ သိတာကို ခေါ်တာ မင်းသိရင်ဝိဇ္ဇာဖြစ်ပြီ.. ဘာကိုသိရမလဲဆိုတော့ ဝိဇ္ဇာကို သိရမယ်..

ဝိဇ္ဇာကိုသိရင် ဝိဇ္ဇာဖြစ်ပြီ.. ဒါပေမယ့် အခုခေတ်လူတွေ သိချင်နေတဲ့ ဝိဇ္ဇာကတစ်မျိုးဖြစ်နေတယ်..

အမှန်တော့ ဝိဇ္ဇာသိပြီးသား ဝိဇ္ဇာကိုသိဖို့မလိုဘူး.. မိမိကိုယ်တိုင် ဝိဇ္ဇာကိုသိရမှာ..

ဝိဇ္ဇာကိုမသိရင်တော့ ဝိဇ္ဇာဖြစ်နိုင်မှာမဟုတ်ဘူး.. အဝိဇ္ဇာပဲဖြစ်နေလိမ့်မယ်.. အဝိဇ္ဇာကိုရော မင်းသိသလား၊ အိမ်း.. မသိရင်လည်း မှတထား.. အဝိဇ္ဇာဆိုတာ မသိတာကိုခေါ်တာ..

ဒါကြောင့် အဝိဇ္ဇာဆိုတာ ဝိဇ္ဇာကိုမသိတဲ့သူပဲ.. မသိရင် အဝိဇ္ဇာဖြစ်တယ်.. ဝိဇ္ဇာကိုမသိရင် အဝိဇ္ဇာဖြစ်တယ်.. ဘာကိုမသိလို့ အဝိဇ္ဇာဖြစ်နေရတယ်..

ဒီတော့ ဝိဇ္ဇာဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဝိဇ္ဇာကိုသိရမယ်.. ဝိဇ္ဇာကိုမသိဘဲ ဝိဇ္ဇာဖြစ်ချင်တဲ့ သူဟာ အရူးပဲ..

အဲဒါကို မင်းတစ်သက်လုံး စွဲစွဲမြဲမြဲမှတ်ထား..

အဲ.. ပြီးတော့ အဝိဇ္ဇာကနေ ပြိတ္တာဖြစ်သွားတတ်တယ်.. အဝိဇ္ဇာ ကြာကြာဖြစ်နေတဲ့သူဟာ ပြိတ္တာဖြစ်သွားတဲ့ သူဟာတိရစ္ဆာန်လည်း ဖြစ်ဦးမှာပဲ..

အဲဒီလိုအဝိဇ္ဇာကနေ ပြိတ္တာဖြစ်သွားတဲ့သူဟာ ဝိဇ္ဇာကို မသိတော့ဘူး.. ဒါကြောင့် အဝိဇ္ဇာကို ကြာကြာဖြစ်ခွင့်မပေးနဲ့.. အဝိဇ္ဇာ ကြာကြာဖြစ်နေရင် ပြိတ္တာဖြစ်ဖို့ ကျိန်းသေနေပြီ...

ဒါကြောင့် "ဝိဇ္ဇာစကား ပြိတ္တာနားမလည်"လို့ ပြောတာပေါ့ ပြိတ္တာတွေဟာ ဝိဇ္ဇာစကားကို နားမလည်ကြဘူး.. အမှန်တော့ ဝိဇ္ဇာနဲ့ ပြိတ္တာဆိုတာဟာ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ.. အရှေ့တစ်လမ်း၊ အနောက်တစ်လမ်းပဲ.. ဝိဇ္ဇာလမ်း





က သိတဲ့လမ်း.. ပြိတ္တာလမ်းက မသိတဲ့လမ်းပဲ.."

ဟုကျွန်ုပ်အား ဆုံးမစကား မိန့်ကြားလေ၏။ ပြီးမှ...

"လူကလေး.. မင်းအခု မိုးလင်းတာနဲ့ နာဂလှိုဏ်ဂူကို ချက်ချင်းသွားပါ.. အဲဒီမှာ အဓိဋ္ဌာန်ဝင်ပုတီးစိပ်ပါ..

စိပ်ရမယ့် ပုတီးစိပ်ကိုတော့.. အဲဒီရောက်မှ သိရလိမ့်မယ်.. ရော့.. ဟောဒီမှာ အဘရဲ့ သိဒ္ဓိဝင်နံ့သာဖြူ စိပ်ပုတီးလေးကို ယူသွား..

ဝိဇ္ဇာစခန်းမှာ အိပ်ရာထမ်းသွားစရာမလိုဘူးကွယ့်.. ကဲ.. ဒီတော့ မိုးလင်းတာနဲ့ ဒီက ချက်ချင်းသွားပေတော့.."

ဟုဆိုကာ ပျောက်ကွယ်သွားလေတော့၏။

မနက်မိုးလင်းသောအခါ ကျွန်ုပ်သည် ကေလာသတောင်ပေါ်မှ တရွေ့ရွေ့ဆင်းလာမိလေ၏။

ထိုသို့ ဆင်းလာရင်း တောင်ခြေတစ်နေရာအရောက်တွင် မမျှော်လင့်ပဲ နံ့သာဖြူစိပ်ပုတီးကလေးတစ်ကုံးကို ချုံပုတ်များ နံဘေးမှ ထူးဆန်းစွာ ကောက်ယူရရှိခဲ့လေ၏။ ကျွန်ုပ်မှာ လွန်စွာ အံ့သြသွားမိလေ၏။

အိပ်မက်ထဲမှ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးသည် သူ၏ကတိအတိုင်း သိဒ္ဓိဝင်နံ့သာဖြူစိပ်ပုတီးကလေးကို ကျွန်ုပ်ကောက်ရလေအောင် ဤနေရာ၌ လာရောက်ချထားခြင်းပင်ဖြစ်ရပေလိမ့်မည်ဟု စိတ်ထဲတွင် ထင်လိုက်မိလေ၏။

ထို့နောက်တွင် ကျွန်ုပ်သည် နာဂလှိုဏ်ဂူရှိရာ ရန်ကုန်မြို့ဆီသို့ ထွက်ခွာလာခဲ့မိလေတော့၏။

နာဂလှိုဏ်ဂူဘုရားကုန်းမြေသည် ထူးခြားသော နယ်မြေတစ်ခုဖြစ်၏။ ဘဒ္ဒကပ်ကမ္ဘာ၌ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဘူရိဒတ်နဂါးမင်းဘဝ၌ဖြစ်စဉ် နဂါးပြည်မှလာရောက်ကာ.. ဤနာဂလှိုဏ်ဂူကုန်းမြေ၌ ဥပုသ်သီတင်း စောင့်သုံးခဲ့ဖူးလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကလေးဝအဘိုးဆရာတော်ကြီးကမူ ဤနာဂလှိုဏ်ဂူကုန်းမြေ၌ လွန်ခဲ့ပြီးသော ဟစ်ချိန်ကမဇ္ဈိမဒေသမှ သူတော်စင်ကြီးများလာရောက် တရားကျင့်သုံးနေထိုင်သွားခဲ့ကြဖူးသည်ဟု မိန့်ကြားဖူးလေ၏။

ထို့အပြင် နာဂလှိုဏ်ဂူကုန်းမြေသည် အဖေကြီး ဦးအောင်ချမ်းသာ၏ ဘူမိနက်သန်နယ်မြေထူးလည်းဖြစ်၏။

အဖေကြီး ဦးအောင်ချမ်းသာကို သူ၏တပည့်သားမြေးများက နာဂလှိုဏ်ဂူဘုရားကို တည်ရန် တောင်းပန်ကြသောအခါ အဖေကြီး ဦးအောင်ချမ်းသာက. .

"ဒီဘုရား. . ငါတည်ဖို့မဟုတ်ဘူးကွယ့်၊ တည်ရင်လည်းပြီးမှာ မဟုတ်ဘူး၊ အနောက်မြောက်အရပ်က မဇ္ဈိမအဆက်ရှိတဲ့ ဘုန်းကြီးတစ်ပါး ကြွလာပြီးတည်မှပြီးမယ့်ဘုရားကွယ့်. . "

ဟု မိန့်ကြားလေသည်။

ထိုကဲ့သို့ အဖေကြီး ဦးအောင်ချမ်းသာက မိန့်ကြားသည့်အတိုင်းပင် မကြာမီ ကလေးဝဆရာတော် ဘုရားကြီးသည် အနောက်မြောက်အရပ်မှ ကြွလာပြီး နာဂလှိုဏ်ဂူနေရာ၌ ဘုရားတည်လေရာ အောင်မြင်ချောမောစွာပြီးစီးတော်မူလေသည်။

ကျွန်ုပ်သည် နာဂလှိုဏ်ဂူဘုရားသို့ သွားရောက်အဓိဋ္ဌာန်ဝင်ရောက်ရန် အိပ်မက်ထဲ၌ ညွှန်ကြားခြင်းခံခဲ့ရလေရာ ကျွန်ုပ်သည် ကလေးဝဆရာတော်ဘုရားကြီးနှင့်လည်းကောင်း၊ အဖေကြီး ဦးအောင်ချမ်းသာနှင့်လည်းကောင်း၊ မဇ္ဈိမအရပ်မှ သူတော်စင်ကြီးများနှင့်လည်းကောင်း ပဋ္ဌာန်းဆက်ရှိသူဟု ကျွန်ုပ်ကိုယ် ကျွန်ုပ်ယူဆမိလေသည်။

နာဂလှိုဏ်ဂူဘုရားသို့ ရောက်သောအခါ ကျွန်ုပ်သည် ဘုရားရှိခိုးကန်တော့ပြီး ပြုဖွယ်ကိစ္စများကို ပြုလေ၏။





ထို့နောက် ဂုဏ်တော်ကိုးပါးကို ရှေ့မှသောဘဂဝါကွတိပိခံ၍ ပုတီးစိပ်လေ၏။

ထိုကဲ့သို့ ပုတီးစိပ်၍ ပုတီးပတ်ရေ ၉ပတ်တိတိပြည့်ပြီးသောအခါတွင် ကျွန်ုပ်၏ နံဘေးမှ စကားသံတစ်သံ ထွက်ပေါ်လာသည်ကို ရုတ်တရက်ကြားလိုက်ရလေ၏။

"စိပ်ပါ. . စိပ်ပါ. . ဂုဏ်တော်ကိုးဖြာ. . လောကီ. . လောကုတ္တရာ နှစ်ဖြာ. . ပြည့်ဝချမ်းသာစေမှာ. . "

ထူးဆန်းသော အသံကသြဇာသံပါပြီး တည်ကြည်လေးနက်၍နေသည်ဟု ကျွန်ုပ်စိတ်တွင် ခံစားရလေရာ ကျွန်ုပ်သည် အသံလာရာဆီသို့ စောင်းငဲ့၍ ကြည့်လိုက်မိလေ၏။

သစ်ခေါက်ဆိုးသင်္ကန်းဖြင့် ဒေါက်ချာညိုကြီး ဆောင်းထားသော ရသေ့ကြီးတစ်ပါးကို မမျှော်လင့်ဘဲ တွေ့လိုက်သဖြင့် ကျွန်ုပ်မှာ လွန်စွာအံ့ဩသင့်သွားမိလေ၏။

ရသေ့ကြီး၏လက်ထဲတွင် တောင်ဝှေးကြီးတစ်ချောင်းကို ကိုင်ထားလျှက်ရှိ၏။ တောင်ဝှေး၏ထိပ်ပိုင်းလက်ကိုင်နေရာ၌ နဂါးခေါင်းပုံကြီးထုလုပ်ထားသည်ကိုတွေ့ရ၏။

ထူးဆန်းလှသည်မှာ ရသေ့ကြီး၏ ရုပ်သွင်သည် ကျွန်ုပ်၏အိပ်မက်ထဲမှ ဝတ်ဖြူစင်ကြယ်သူတော်စင်ကြီး၏ ရုပ်သွင်နှင့် ဆင်ဆင်တူနေခြင်းပင်ဖြစ်၏။

ထိုစဉ် ရသေ့ကြီးက. .

"အံ့ဩနေသလား လူကလေး၊ ဘာမှ အံ့ဩစရာမရှိပါဘူး သူတော်ချင်းချင်းသတင်းလွှေလွှေ့ပေါင်းဖက်တွေ့တာ ဘာမှ အံ့ဩစရာမဟုတ်ပါဘူးကွယ်. .

လူကလေး စောစောက ပုတီးစိပ်နေတဲ့ ဂုဏ်တော်ကိုးပါး ဂါထာတော်ဟာဟားမဲ့ ဆရာတော်ကြီးရဲ့ဂါထာတော်ကြီးပဲကွယ့်. . "

"မှန်ပါ့ ဘရသေ့"

"ဟားမဲ့ဆရာတော်ကြီးရောသိသလား. . . "

"ကြားဖူးပါ ကြားဖူးပါ


www.burmeseclassic.com

www.burmeseclassic.com

တယ်ဘရသေ့. . .”

“ကလေးဝ ဆရာတော်ဘုရားကြီးနဲ့ အဖေကြီးဦးအောင်ချမ်းသာကိုရော ကြားဖူးသလား”

“ကြားဖူးပါတယ် ဘရသေ့”

“အိမ်း. . မသိရင်မှတ်ထား ဗားမဲ့ဆရာတော်ကြီး. . အဖေကြီး ဦးအောင်ချမ်းသာနဲ့ ကလေးဝ ဆရာတော်ဘုရားကြီးတို့ဟာ တစ်ပါးနဲ့တစ်ပါး ပဋ္ဌာန်းဆက်ရှိခဲ့ကြတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေပဲကွယ့်. . .

ကလေးဝ ဆရာတော်ဘုရားကြီးဟာ တစ်ကြိမ်မှာ ပဲခူးမြို့ အနောက်တောကို သာသနာပြုဖို့ ရည်ရွယ်ပြီး ကြွရောက်တော်မူခဲ့တယ်. .

အဲဒီမှာ အကျွတ်အလွတ်စေတီ၊ အောင်စည်လွှမ်းစေတီ. . ဒေဝမာရဇိန်စေတီ. . ပြမ္မနရဇိန်စေတီ. . သတ္တမာရဇိန်စေတီ၊ လောကမာရဇိန်စေတီ. . မျှော်ယောင်တော်စေတီနဲ့ ရေဇူလေးစေတီတော်တွေကို ပြုပြင်မွမ်းမံတည်ထားတော်မူခဲ့တယ်. .

အဲဒီလို မွမ်းမံတည်ထားရင်းနဲ့ အကျွတ်အလွတ်စေတီတော်ရဲ့ မြောက်ဘက်မှာရှိတဲ့ ဆီလျောင်းကုန်းက ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းကြရာမှာ မိကျောင်းရုပ်ကြီးရဲ့ အောက်တည့်တည့်က ဗားမဲ့ဆရာတော်ကြီးရဲ့ ရှေးဟောင်းပစ္စည်းတွေကို တွေ့ရှိခဲ့ကြရတယ်”

ထိုအခါကျွန်ုပ်မှာ လွန်စွာစိတ်ဝင်စားလာသဖြင့်. .

“အဲဒီရှေးဟောင်းပစ္စည်းတွေက ဘာပစ္စည်းတွေပါလဲ ဘရသေ့”

ဟုမေးလိုက်ရာ ရသေ့ကြီးက. .

“အိမ်း. . ရွှေပျံခရားနဲ့ ရေစင်ဖလားတစ်စုံ. . ကြေးပုရပိုက်သုံးချပ် အောင်သိဒ္ဓိစကြာတောင်ဝှေးကြီးတစ်ချောင်း. . သံသေဒယ်အိုးတစ်လုံးနဲ့ သိဒ္ဓိဝင်လှံတစ်ချောင်းတို့ပဲကွယ့်. . .”

ဟုမိန့်ကြားလေရာ ကျွန်ုပ်က. .

“စိတ်ဝင်စားစရာပါပဲ ဘရသေ့ဆက်ပြီး မိန့်ကြားပါဦး”

ဟုဆိုလိုက်မိ၏။ ထိုအခါ ရသေ့ကြီးက. .

“ဘာကို စိတ်ဝင်စားတာလဲကွယ့်. . .”ဟုမေးမြန်းလေရာ ကျွန်ုပ်က. .

“ဗားမဲ့ဆရာတော်ကြီး ကျန်ရစ်ခဲ့တဲ့ အဲဒီပစ္စည်းတွေကို စိတ်ဝင်စားတာပါ ဘရသေ့”

ဟုပြောလိုက်မိလေ၏။

ထိုအခါ ရသေ့ကြီးက. .

“အဲဒီပစ္စည်းတွေ အခုချိန်ခါမှာ ဘယ်မှာရောက်နေတယ်ဆိုတာကိုရော မသိချင်ဘူးလား လူကလေး”

ဟုမေးလိုက်ရာ ကျွန်ုပ်က

“သိချင်ပါတယ် ဘရသေ့”

ဟု ဖြေလိုက်မိလေ၏။

“အင်း. . ရွှေပျံခရားနဲ့ ရေစင်ဖလားဟာ အခုကလေးဝ တောရကျောင်းက ဆရာတော် ဦးဇာဂရဆီမှာရှိနေတယ်. . သံသေဒယ်အိုးတစ်လုံးနဲ့ သိဒ္ဓိဝင်လှံတစ်ချောင်းကတော့ ဘယ်ဆီရောက်နေမှန်းမသိဘူး. . ပြဒါးသေတစ်ဆွဲဝ. . သံသေတစ်ပြည်ဝတဲ့ လူကလေး ကြားဖူးမှာပေါ့. . .”

“ကြားဖူးပါတယ် ဘရသေ့”

“အဓိပ္ပါယ်ကိုရော နားလည်ရဲ့လား. .”

“နားလည်ပါတယ် ဘရသေ့၊ ပြဒါးကို သေအောင်သတ်နိုင်ရင်တစ်ဆွဲလုံးတစ်မျိုးလုံးကို ဝလင်အောင် ကျွေးမွေးထားနိုင်မယ့် သိဒ္ဓိမျိုးကို ရရှိမယ်. . သံကို သေအောင်သတ်နိုင်ရင် တစ်ပြည်လုံးမှာရှိတဲ့ လူတွေကို ဝအောင်ကျွေးမွေးထားနိုင်တဲ့ သိဒ္ဓိတွေကိုရမယ်. . အဲဒီလို နားလည်ပါတယ် ဘရသေ့. .”

“မှန်ပါတယ် လူကလေး. . အဲဒီတော့ လူကလေးသာဆိုရင် ပြဒါးကိုသတ်မလား. . သံကို သတ်မလား”

“သံကိုပဲ သတ်ပါ့မယ် ဘရသေ့”

“အိမ်း. . မှန်ပါပေတယ်. . ဗားမဲ့ဆရာတော်ကြီးရဲ့ အဲဒီ





မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သံသေဒယ်အိုးဟာ သံကို သတ်ထားတဲ့ သံသေဒယ်အိုးပဲ. . အခုတော့ အဲဒီ သံသေဒယ်အိုးဟာ ပျောက်ဆုံးနေပြီ လူကလေး. .

ဒါပေမယ့် ပဋ္ဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်မျိုးကတော့ အဲဒီ သံသေတစ်ပြည်ဝ ဆိုတဲ့ သံသေဒယ်အိုးကို ရမှာပဲ လူကလေး"

ဟုဆိုကာ စကားကို ရပ်ထားလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က. .

"ဒါဆိုရင် ကြေးပုရပိုဒ်သုံးချပ်နဲ့ အောင်သိဒ္ဓိစကြာတောင်ဝှေးကရော ပျောက်နေတာပဲလား ဘရသေ့"

ဟု မေးလိုက်မိလေ၏။ ထိုအခါ ရသေ့ကြီးက. .

"အိမ်း. . အဲဒါကို ပြောမလို့ပဲကွယ့်. . ကြေးပုရပိုက်သုံးချပ်ကတော့ ကေလာသတောင်ထိပ်ပေါ်မှာ လူကလေးအိပ်မက်မက်ခဲ့တဲ့ အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်ဘိုးဘိုးဆီမှာ ရှိနေတယ်ကွယ့်. ."

"အလို"

ကျွန်ုပ်မှာ ဘရသေ့ကြီး၏ စကားကြောင့် လွန်စွာအံ့ဩသင့်သွားမိ၏။ ထိုအခါ ရသေ့ကြီးက. .

"ဟုတ်တယ်ကွယ့်. . အဲဒီ ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးဘိုးက အိပ်မက်ထဲကနေပြီး လူကလေးကို ဒီကို လွှတ်လိုက်တာမဟုတ်လား"

"အို. . ဟုတ်ပါတယ် ဘရသေ့"

ထို့နောက် ရသေ့ကြီးက. .

"အဲဒီ ကြေးပုရပိုက်သုံးချပ်ဟာ ဘားမဲ့ဆရာတော်ကြီးရဲ့ ဂမ္ဘီရကျမ်းသုံးဆူပဲ. . ဆရာတော်ကြီးကျင့်ကြံခဲ့တဲ့ နည်းတွေအားလုံး အဲဒီ ကြေးပုရပိုက်သုံးထပ်ထဲမှာပါရှိတယ်. .

လူကလေး ပါရမီပြည့်လာတဲ့ အခါကျရင် အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးဘိုးက အဲဒီ ကြေးပုရပိုက်သုံးချပ်ထဲက နည်းတွေကို တစ်ဆင့်ချင်းတစ်ဆင့်ချင်း လူကလေးကို ပို့ချသင်ကြားပေးလိမ့်မယ်. . လူကလေးဘက်က တိတိကျကျလိုက်နာကျင့်သုံးအားထုတ်ရလိမ့်မယ်. ."

ဟုဆိုလေရာ ကျွန်ုပ်မှာ လွန်စွာအံ့ဩသင့်သွားရပြန်လေ၏။

ထို့နောက်ရသေ့ကြီးက. .

"ဟောဒီမှာကြည့်ကွယ့် ဘားမဲ့ဆရာတော်ကြီးရဲ့ အောင်သိဒ္ဓိစကြာတောင်ဝှေးဆိုတာ ဟောဒီတောင်ဝှေးပဲ. . ."

ဟုဆိုကာ လက်ထဲတွင်ကိုင်ဆောင်ထားသော တောင်ဝှေးကို ကျွန်ုပ်ရှေ့သို့ ထိုးပြလိုက်လေ၏။

တောင်ဝှေးမှာ နက်ပြောင်တောက်ပနေသော တောင်ဝှေးကြီးတစ်ချောင်းဖြစ်ပြီး လကကိုင်ရိုးမှာ နဂါးပုံသဏ္ဌာန်ပေါ်နေလေ၏။ ထိုတောင်ဝှေးကြီးမှာ ခန့်ညားဝင့်ထယ်သလောက် မည်သည့်အစွမ်းသတ္တိများရှိနေကြောင်း ကျွန်ုပ်မခန့်မှန်းတတ်ပါချေ။

ထို့နောက်ရသေ့ကြီးက

"မသိသူ ကျော်သွား. . သူဖော်စားတဲ့၊ ဒီစကားဟာ ဂမ္ဘီရစေ ရက်ဆက်ပြီး အဓိဋ္ဌာန်ဝင်ပါ၊ ရွှေတိဂုံဘုရားဟာ တန်ခိုးအကြီးဆုံးဘုရားပဲ၊ ဒါ့ကြောင့် ရွှေတိဂုံဘုရားမှာ အဓိဋ္ဌာန်ဝင်ရမယ်. .

ရွှေတိဂုံဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီးရင် နောက်ဆုံးမှာ 'ဇောင်းတူ' ကိုသွားရမယ်. . အကြောင်းတူရင် ဇောင်းတူကိုလာရမယ်. . .

ဇောင်းတူဘုရားမှာ အဓိဋ္ဌာန်ဝင်ရမယ်. . "ဝိဇ္ဇာအစ ဇောင်းတူက"တဲ့. . ဝိဇ္ဇာနဲ့ ဂန္ဓာရီလမ်းလိုက်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဇောင်းတူကို မသွားလို့မဖြစ်ဘူး. . ဇောင်းတူမှာ အဓိဋ္ဌာန်မဝင်လို့မဖြစ်ဘူး. . သွားကိုသွားရမယ်. . ဝင်ကို ပင်ရမယ်"

"အကြောင်းတူတဲ့သူတွေ ဇောင်းတူမှာဆုံကြမယ်" ဆိုတဲ့ စကားကို လူကလေးမကြားဖူးဘူးလား. .

အဲဒီစကားရဲ့အဓိပ္ပါယ်ကတော့ ဂန္ဓာရီလမ်းမှာ ပဋ္ဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဇောင်းတူမှာလာရောက်ဆုံကြပြီး တစ်ဦးနဲ့

www.burmeseclassic.com



သံသေဒယ်အိုးဟာ သံကို သတ်ထားတဲ့ သံသေဒယ်အိုးပဲ. . အခုတော့ အဲဒီ သံသေဒယ်အိုးဟာ ပျောက်ဆုံးနေပြီ လူကလေး. .

ဒါပေမယ့် ပဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်မျိုးကတော့ အဲဒီ သံသေတစ်ပြည်ဝဆိုတဲ့ သံသေဒယ်အိုးကို ရမှာပဲ လူကလေး"

ဟုဆိုကာ စကားကို ရပ်ထားလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က. .

"ဒါဆိုရင် ကြေးပုရပိုဒ်သုံးချပ်နဲ့ အောင်သိဒ္ဓိစကြာတောင်ဝှေးကရော ပျောက်နေတာပဲလား ဘရသေ့"

ဟု မေးလိုက်မိလေ၏။ ထိုအခါ ရသေ့ကြီးက. .

"အိမ်း. . အဲဒါကို ပြောမလို့ပဲကွယ့်. . ကြေးပုရပိုက်သုံးချပ်ကတော့ ကေလာသတောင်ထိပ်ပေါ်မှာ လူကလေးအိပ်မက်မက်ခဲ့တဲ့ အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ် ဘိုးဘိုးဆီမှာ ရှိနေတယ်ကွယ့်. . "

လိုစိပ်ပြီးတာနဲ့ပြီးပြီ. .

အောင်ခြင်းရှစ်ပါး သိဒ္ဓိတွေဟာ လူကလေးဆီကို မှချရောက်ရှိနေကြပြီဆိုတာ လူကလေးကိုယ်တိုင် ထူးခြားအံ့ဩဘွယ်ရာတွေ့လာရလိမ့်မယ်. .

လူကလေးတို့ကို ဂမ္ဘီရလမ်းလျှောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်မျိုးတွေအဖို့ ဒီအဓိဋ္ဌာန်ကိုပို့ပြီး ဝင်ရောက်အားထုတ်ကြဖို့လိုတယ်. . .

ဟုမိန့်ကြားလေ၏။

ထိုအခါ ကျွန်ုပ်က ရသေ့ကြီးအား ဦးချကန်တော့လိုက်ပြီးနောက်. . .

"ဘရသေ့ မိန့်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်ဖို့ ကတိပြုပါတယ်"

ဟုပြောလိုက်မိလေ၏။

ရသေ့ကြီးက. .

"ဒါဟာ လူကလေးအတွက် ပြောနေတာတွေချည်းပဲ၊ ဂန္ဓာရီစခန်းလျှောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီကျင့်စဉ်ကို မကျင့်လို့မရဘူး. . အဲဒီအဓိဋ္ဌာန်ကို မဝင်





ရောက်လို့ မရဘူး"

ဟုဆိုလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ဝတ်ဖြူစင်ကြယ် ဘိုးဘိုးဆီမှာရှိတဲ့ ကြေးပုရပိုက်သုံးချပ်ကို လေ့လာကြည့်ပါရစေဘရသေ့"

ဟုတောင်းဆိုလိုက်မိလေ၏။ ရသေ့ကြီးက. .

"အခု ဘရသေ့ပြောတဲ့ ကျင့်စဉ် အဓိဋ္ဌာန်ကို ပြီးမြောက်အောင်ဝင်ရောက်ပြီးရင် အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်ဘိုးဘိုးက လူကလေးကို အဲဒီကြေးပုရပိုက်သုံးချပ်ထဲက နည်းတွေနဲ့အဆင့်တတ်ပေးပါလိမ့်မယ်. . အခုတော့ အချိန်မကျသေးဘူး. . .

ဂန္ဓာရီလမ်းမှာ အချိန်အခါဆိုတာရှိတယ်. . အချိန်ကျလာရင် ရသင့်ရထိုက်တာမှန်သမျှ ရလာပါလိမ့်မယ်. . . "

ဟု မိန့်ကြားလေ၏။

ထို့နောက် ရသေ့ကြီးက

"လူကလေး. . ဒီမှာ ၈၈ ရက် အဓိဋ္ဌာန်ဝင်ပြီးရင် ရွှေတိဂုံမှာ ၈၈ ရက်ဆက်ပြီး အဓိဋ္ဌာန်ဝင်ပါ၊ ရွှေတိဂုံဘုရားဟာ တန်ခိုးအကြီးဆုံးဘုရားပဲ၊ ဒါကြောင့် ရွှေတိဂုံဘုရားမှာ အဓိဋ္ဌာန်ဝင်ရမယ်. .

ရွှေတိဂုံဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီးရင် နောက်ဆုံးမှာ 'ဇောင်းတူ' ကိုသွားရမယ်. . အကြောင်းတူရင် ဇောင်းတူကိုလာရမယ်. . .

ဇောင်းတူဘုရားမှာ အဓိဋ္ဌာန်ဝင်ရမယ်. . "ဝိဇ္ဇာအစ ဇောင်းတူက"တဲ့. . ဝိဇ္ဇာနဲ့ ဂန္ဓာရီလမ်းလိုက်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဇောင်းတူကို မသွားလို့မဖြစ်ဘူး. . ဇောင်းတူမှာ အဓိဋ္ဌာန်မဝင်လို့မဖြစ်ဘူး. . သွားကိုသွားရမယ်. . ဝင်ကို ပင်ရမယ်"

"အကြောင်းတူတဲ့သူတွေ ဇောင်းတူမှာဆုံကြမယ်" ဆိုတဲ့ စကားကို လူကလေးမကြားဖူးဘူးလား. .

အဲဒီစကားရဲ့အဓိပ္ပါယ်ကတော့ ဂန္ဓာရီလမ်းမှာ ပဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဇောင်းတူမှာလာရောက်ဆုံကြပြီး တစ်ဦးနဲ့

www.burmeseclassic.com

တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ဝိဇ္ဇာပညာရပ်တွေ ဂန္ဓာရီပညာရပ်တွေ ဆွေးနွေးညှိနှိုင်းဖလှယ်ခြင်းပြုကြပြီး ရှေ့ကို အဆင့်တက်လှမ်းကြမယ်ဆိုတဲ့ အစီအစဉ်ပဲ. . .

"ဇောင်းတူ"ကို အရင်က 'ဇျုံ-ဇိုင်း'လို့ခေါ်တယ်. . ဇောင်းတူနဲ့ ဇျုံဇိုင်းက ကက်ကင်းခေတ်ပဲ. .

ရာဇဝင်အရ ပြောမယ်ဆိုရင် ၁၄၃ ခုနှစ်မှာ ဇောင်းတူဘုရားဌာပနာမယ့် ဆံတော်ဓာတနဲ့ ရွှေမော်ဓောဘုရားဌာပနာဆံတော်ဓာတ်ကို စူဠသာလနဲ့ မဟာသာလကုန်သည်ညီနောင်ကို ဘုရားရှင်ပေးအပ်ချီးမြှင့်ခဲ့တယ်. .

အဲဒီကနေ ဒီဘုရားတွေမှာ ပရမီပဋ္ဌာန်း ဆက်ရင့်မာသူတွေရောက်ရှိလာကြပြီး တရားအားထုတ်ကျင့်ကြံကြတယ်. . အဲဒီလို အားထုတ်သူတွေဟာ ပါရမီဆိုင်ရာအရ သိဒ္ဓိထူးတွေ. . သိဒ္ဓိဝင်ပစ္စည်းတွေ ရရှိကြတယ်. .

လူကလေး. . အဲဒီမှာ သွားရောက်အားထုတ်ခဲ့လို့ရှိရင် လူကလေးရဲ့ ပါရမီဆိုင်ရာအရ သိဒ္ဓိထူးတွေ. . သိဒ္ဓိဝင်ပစ္စည်းတွေ ရရှိပါလိမ့်မယ်. . . . ဒါ့ကြောင့် အကြောင်းတူရင် ဇောင်းတူမှာဆုံမယ်"လို့ ပြောတာပေါ့. . တစ်နည်းအားဖြင့်. .

"အကြောင်းတူရင်" ဆိုတာကတော့ "အကျိုးအကြောင်းချင်းတူရင်" "ပါရမီချင်းတူရင်" "ပညာဉာဏ်ချင်းတူရင်" "သီလသမာဓိချင်းတူရင်"ဆိုတဲ့ အဓိပ္ပါယ်ကိုဆောင်တယ်. . ."

ဟု မိန့်ကြားလေ၏။

ထို့နောက် ဘရသေ့ကြီးသည် တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း ကျွန်ုပ်၏ နံဘေးမှ တရွေ့ရွေ့ထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်သည် ဘရသေ့ကြီး ချီးမြှင့်ခဲ့သော အောင်ခြင်းရှစ်ပါး အနှစ်ချုပ်ဂါထာတော်ဖြင့် နာဂ





လှိုဏ်ဂူဘုရား၌ ၈၈ရက်တိတိ အဓိဋ္ဌာန်ဝင်ခဲ့လေ၏။

မှန်ပေ၏။ ဘရသေ့ကြီး မိန့်ကြားခဲ့သလိုပင် ထိုဂါထာတော်၏ အကျိုးကျေးဇူးကြောင့် ကျွန်ုပ်၏ ဘဝတွင် ထူးခြားသော ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရ၏။ အံ့မခန်းသော အကျိုးများကို ရရှိခဲ့လေ၏။ တွေ့ကြုံရသော ဖြစ်ရပ်များအားလုံးသည် ကျွန်ုပ်ဘဝ၏ အနာဂတ်အတွက် လွန်စွာကောင်းလှသော ဖြစ်ရပ်များပင်ဖြစ်ကြလေသည်။

ထို့နောက် ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၈၈ ရက်အဓိဋ္ဌာန်ဝင်ရောက်လေ၏။

ထိုကဲ့သို့ အဓိဋ္ဌာန်ဝင်ရောက်နေစဉ် တစ်ညတွင် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်မိလေ၏။

အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးနှင့် ဘရသေ့ကြီးတို့သည် တောင်ထိပ်တစ်ခုပေါ်၌ အတူ ယှဉ်တွဲကာ ရယ်နေကြလေ၏။

တောင်ပေါ်လေက တဟူးဟူးတိုက်ခတ်လျက်ရှိရာ ပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ဝတ်စုံများမှာ လေတွင် တဖျတ်ဖျတ် လူးလွန့်နေကြလေ၏။

ပုဂ္ဂိုလ်ကြီးနှစ်ဦးသည် ဘည်ကြည်လေးနက်သော မျက်နှာဖြင့် ကျွန်ုပ်အား စူးစိုက်ကြည့်နေလေ၏။

ထို့နောက် ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးက ကျွန်ုပ်အား. . .

"လူကလေး . . မင်းဝိဇ္ဇာဝိဇ္ဇာဖြစ်ချင်တဲ့သူဟာ အများတကာထက် စိတ်ရှည်သည်းခံရတယ်၊ ဖွဲ့ရှုံ့လ ဝိရိယရှိတယ်၊ လူကလေး အနေနဲ့ ဒီလမ်းကို လျှောက်လှမ်းတဲ့နေရာမှာ အဖြေခံလိုအပ်တဲ့ လုပ်ဆောင်ရန်ရှိတာတွေကိုတော့ ပြီးဆုံးအောင် လုပ်ဆောင်ရလိမ့်မယ်။

ရွှေတိဂုံမှာနေ့ကုန်အောင် အဓိဋ္ဌာန်ပင်ပြီးရင် အကြောင်းတူတဲ့ ဇောင်းတူမှာ ဘဘတို့နဲ့ လူကလေးနဲ့ ဆုံကြရဦးမယ်။

လူကလေး ဇောင်းတူမှာ